
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com





# လမင်းမိုမို



## ရင်ခွင်
## လက်တစ်ကမ်းမှာ

စီစဉ်သူ
မောင်ကျော်ရှိန်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







# ၁

ဘတ်စ်ကားဂိတ် ရောက်ကတည်းက သူ့ကို နွယ်ပင်စတင်သတိပြုမိတာဖြစ်သည်။ မိုးလည်း တဖွဲဖွဲရွာနေသေး၍ ကားစောင့်သူရော မိုးခိုသူပါပေါင်းကာ လူတွေကျပ်တောက်နေတဲ့ကားဂိတ်အမိုးလေးအောက်မှာ သူက ထိုင်စရာတစ်နေရာ ရထားတာဖြစ်သည်။

ပေပေရေရေဖိုင်ဘာခုံအနိမ့်ရဲ့ကလေးတွေမှာ ဒီလောက်လူကျပ်ကျပ်ကြောင့် နေရာအလွတ် မရှိနိုင်တာသိပေမယ့် နွယ်ပင်က နေရာရှိလိုရှိငြား မျှော်လင့်ချက်တော့ ထားမိဖြစ်သည်။

တစ်နေကုန် စက်ခုံမှာ ထိုင်ရက်အနေအထားပဲ ထိုင်နေခဲ့ရပေမယ့် အခုလည်း မတ်တတ်မရပ်ချင်ဘဲ ထိုင်ချင်သည်မှာ ညောင်းလို့တော့ မဟုတ်ဘဲ ခြေပစ်လက်ပစ် ကိုယ်ကိုစုပုံပြီး ချထားလိုလို့ဖြစ်သည်။ တစ်ချိန်လုံး စက်ခြေနင်းကို နင်းနေခဲ့ရ၍



www.burmeseclassic.com

www.burmeseclassic.com



၍ ခြေဖဝါးလေးတွေနှင့် ခြေသလုံးကြွက်သားက နာကျင်တင်း တောင့်နေသည်။

ခေါင်းကိုင့်ချကာ အထည်နှင့် ချည်ကြောင်းကို အာရုံစိုက်ကြည့်ခဲ့ရ၍ လည်ပင်းဇက်ကြောတွေက တင်းတောင့် မာကျောနေသည်။ ခုနေများ ပခုံးသားကို ရေနွေးဝတ်နွေးနွေးက လေးနှင့်အုပ်ပြီး တစ်စုံတစ်ယောက်က နှိပ်နယ်ပေးလျှင် ဘယ် လောက်ကောင်းမလဲ။

ထိုင်ခုံတွေမှာ နေရာပိုမရှိတာ မြင်တာနှင့် တစ်ပြိုင် နက်တည်းပင် သူ့ကိုလည်း နွယ်ပင် မြင်တာ။ အမျိုးအစားကောင်း သော်လည်း နည်းနည်းဟောင်းသည့် အနက်ရောင်ဂျာကင်အကျႌ ကို ရင်ဘတ်ဆွဲစေ့ကာ ဖွာဆန်ကျဲနေတဲ့ ဆံပင်တွေနှင့် ရုပ်ရည် က သနားကမား သန့်ပြန့်လှသောသူက နွယ်ပင့်ကို ပြန်စိုက်ကြည့် နေလို့ပင်။

သူ့ နွယ်ပင့်ထံ လှမ်းအကြည့်ဟာ သာမန် ဘာရယ် မဟုတ် လှမ်းကြည့်လိုက်တာမျိုး မဟုတ်ဘဲ သူ့မျက်လုံးများက သူ စောင့်မျှော်ရှာဖွေနေတဲ့သူကို ဖျတ်ခနဲ တွေ့လိုက်ရသလို တောက်ပအသက်ဝင်လာတာ။ မျက်ခုံးမွေးမည်းမည်းနှင့် သူ့ရုပ် ကလေးက ဘယ်လိုမှန်းမသိ၊ ခပ်တည်တည် အေးစက်စက် မထိ တထိလိုလိုနှင့် ခုမှ တွေ့ဖူးသလို မဟုတ်ဘဲ နွယ်ပင့်ကို တစ်စုံ





တစ်ရာသော မသိစိတ်ရဲ့ရင်းနှီးမှု အမှတ်မထင်ပေးသလို ခံစားရ စေသော်လည်း ...။

နွယ်ပင်က မျက်နှာလွှဲလိုက်ပါသည်။

စိတ်တွေဟာ ခုတလော အားကိုးစရာ အတွယ်အတာ ရှာချင်သလိုလို ဘာကြောင့် တစ်ချိန်လုံး ပျော့ညံ့နေတာပဲ။

သည်းလာသောမိုးကို ငေးကြည့်နေဆဲ ဘတ်စ်ကား တစင်း စောင်းတောင်းတောင်းလာနေတာ မြင်ရပါသည်။ မှတ် တိုင်ကလူအားလုံး ကားပေါ်ရောက်နိုင်ဖို့ ဘယ်လိုမှ မဖြစ်နိုင်ပါ။ မရမကတိုးဖို့တက်ဖို့ အားအင်ကုန်ခန်းနေသလို ဖြစ်နေ၍ နောက် တစ်စီးမှပဲတက်တော့မည်လို့ နွယ်ပင် ဆုံးဖြတ်လိုက်ပါသည်။

ထိုဘတ်စ်ကား ထွက်ခွာသွားတဲ့အခါ မှတ်တိုင် အမိုးလေးအောက် ကျန်ရစ်သူမှာ ဆယ်ယောက်လောက်သာကျန် ပါတော့သည်။ နွယ်ပင်က စိတ်ထဲ ဖျတ်ခနဲ သတိရကာ နောက် ကထိုင်ခုံလေးတွေဆီ လှည့်ကြည့်လိုက်မိသည်။

ဟင် ...။

သူက နွယ်ပင့်ကို တစ်ချိန်လုံး စိုက်ကြည့်နေသလို ပဲ။ နွယ်ပင်က ဆတ်ခနဲ မျက်နှာလွှဲလိုက်ကာ ကိုယ့်ရဲ့ကိုယ်နေ ဟန်ထားကို အခုထက်ပိုပြီး ကြော့ကြော့မော့မော့ရှိအောင် ပြုပြင် လိုက်ပါသည်။ သူကြည့်ပုံက တစ်မျိုးကြီး။ ဒီလူ ရိုးသားရဲ့လား။



www.burmeseclassic.com

www.burmeseclassic.com



နှယ်ပင်ရဲ့အတွေးသည် ထိုးဆိုက်လာတဲ့ ဘတ်စ်ကားနောက်တစ်စီးပေါ် နှယ်ပင်ရောသူပါ နှစ်ယောက်လုံးပါလာတဲ့အချိန်မှာ ပိုပြီးသေချာခိုင်မာလာသလိုပင်။ သူက နှယ်ပင့်ကို တစ်ချိန်လုံး စိုက်ကြည့်နေတယ်တော့ မဟုတ်ပေမယ့် မကြာမကြာ ဖျတ်ခနဲ လှမ်းလှမ်းကြည့်သည်။ တစ်ခါတစ်ရံ ဆယ်စက္ကန့်လောက် မျက်လုံးချင်းဆုံ စိုက်ကြည့်နေကြပြီးမှ အသီးသီး မျက်လုံးလွှဲပစ်လိုက်ကြပါသည်။

နှယ်ပင်ဆင်းမည့်မှတ်တိုင်မှာ သူပါလိုက်ဆင်းလာလျှင်တော့ နှယ်ပင်သည် အနည်းငယ်ပင် ချောက်ချားသလိုရှိကာ ကျောလည်းမလုံတော့သလို ဒေါသလည်းနည်းနည်းထွက်လာပါသည်။ ရှေ့က ခပ်သုတ်သုတ်လျှောက်ကာ လမ်းထဲဝင်လာရင်း တစ်ချက်လှည့်အကြည့်မှာ သူ နောက်ကတောက်လျှောက်ပါလာတာမြင်လျှင် နှယ်ပင်က စိတ်ကိုမထိန်းနိုင်တော့ဘဲ ခြေလှမ်းတွေကိုရပ်၍ သူ့ဘက် ဆတ်ခနဲလှည့်လိုက်သည်။

"ဒီမှာ ..."

"........."

"ရှင် ကျွန်မနောက်က လိုက်နေတာလား"

သူကပခုံးတစ်ချက်တွန့်လိုက်ရင်း ...

"အင်း ..."





"ဘာ ... ဘာဖြစ်လို့ ကျွန်မနောက်က လိုက်နေရတာလဲ"

"ဒါတော့ ခင်ဗျားသွားမယ့်လမ်းနဲ့ ခရီးချင်းတူနေလို့လေ"

"ရှေ့မှာ လမ်းတောင်ဆုံးတော့မယ်၊ ရှင်က ဘယ်သွားမှာမို့လဲ"

"မင်းနဲ့ တစ်ခရီးတည်းပါပဲဆို"

နှယ်ပင်တို့လမ်းကလေးဟာ ခြံဝင်းမကျဉ်းမကျယ်လေးတွေနှင့် တိတ်ဆိတ်သောလမ်းသွယ်လေးဖြစ်သည်။ ညနေမှောင်ရီပျိုးပြီမို့လည်း တစ်ခုခုဆို သူ့ကိုလွှဲရိုက်နိုင်ရန် လက်တစ်ဖက်ထဲက စတီးထမင်းချိုင့် နှစ်ဆင့်ချိုင့်ကို နှယ်ပင်က အသင့်ပြင်သလို တင်းတင်းဆုပ်ကိုင်ထားလိုက်သည်။

နှယ်ပင့်မှာ ထီးပါ၍ ထီးဆောင်းထားသော်လည်း သူ့မှာထီးမပါ။ သူ့တစ်ကိုယ်လုံး၌ မိုးရွှဲနေပါသည်။

"ရှင် ဝေ့လည်ကြောင်ပတ် ပြောမနေပါနဲ့၊ ဒီလမ်းထဲမှာ ဘယ်သူ့အိမ်ကို ရှင်လာတာလဲ ပြော"

"ကျွတ်"

သူက မျက်နှာကမိုးရေတွေကို လက်နှစ်ဖက်နှင့် တစ်ချက်ပွတ်ကာ သုတ်ခါလိုက်ရင်း ...

"တယ်ခက်ပါလား၊ မင်းနဲ့ တစ်ခရီးတည်းပါဆိုမှ"

"ရှင် ဘာကိုပြောနေတာလဲ၊ နားမလည်ဘူး ရှင်းရှင်းပြော"

"မင်းတို့အိမ်ကို"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

"………"

နှယ်ပင်က သူ့ကိုသေချာစေ့စေ့ကြည့်ရင်း …

"ရှင်က ဘယ်သူလဲ"

"………"

"ရှင် ရှတ်ရှတ် ရှတ်ရှတ် မလုပ်နဲ့နော်၊ ရှင့်ကို ကျွန်မ မသိပါလား"

"မင်းအမေတော့ သိပါလိမ့်မယ်"

"ဟင် … ရှင်က မေမေ့မိတ်ဆွေလား"

"မိတ်ဆွေတော့ မဟုတ်ပါဘူး၊ ကဲပါလေ … သွားမှာသာ သွားပါ၊ ဟိုရောက်တော့ မင်းတွေ့လိမ့်မပေါ့၊ မင်းအမေ ငါ့ကို သိ,မသိဆိုတာ"

စကားပြောတာကလည်း "မင်း" "ငါ"တဲ့။ ရိုင်းလိုက်တာလို့ နှယ်ပင်က တွေးရင်း နှုတ်ခမ်းလေးကို တင်းတင်း မဲ့လိုက်မိပါသည်။ ရှေ့မှာရောက်နေပြီဖြစ်သော ခြံဝင်းထဲ နှယ်ပင်က ချိုးကွေ့လိုက်ရင်း သစ်သားခြံတံခါးအိုလေးကို ပြန်ဆွဲစေ့လိုက်သည်။

လိုက်ဝင်ရန် ဟန်ပြင်နေသော သူက တုံ့ခနဲဖြစ်သွားပါသည်။

"ရှင် နေခဲ့ဦး၊ လိုက်မဝင်နဲ့"





"မင်းအမေနဲ့တွေ့ဖို့ လာတာလေ"

"မေမေနဲ့တွေ့ဖို့ဆိုတိုင်း တံခါးတန်းဖွင့်ပေးလို့ရမလား။ နေခဲ့ … ဒီမှာ၊ မေမေ့ကို မေးကြည့်ဦးမှာ"

"မြန်မြန်မေးကွာ၊ လူလည်းပင်ပန်းလှပြီ၊ မိုးတွေလည်းရွဲပြီးချမ်းနေပြီ၊ မင်းတောင် အိမ်ပြန်ရောက်ပြီ၊ ငါလည်းငါ့ အိမ်ငါ ပြန်ရောက်ချင်ပြီပေါ့"

"ရှင့်နာမည် ဘယ်သူလဲ"

"ဒေါင်းမင်း"

ဟွန်း … နာမည်ကိုက။ မုန်းစရာ။

နှယ်ပင်က မျက်ခုံးလေးတွန့်ကာ မျက်စောင်းတစ်ချက်ချိတ်ရင်း အိမ်ဘက်ဆီ ခပ်သုတ်သုတ် ဝင်လာခဲ့ပါသည်။

"မေမေ … မေမေ"

"အေး … လာပြီ … လာပြီ"

မေမေက ကမန်းကတန်း တံခါးသော့ခလောက် လာဖွင့်ပါသည်။

"မေမေ ခြံဝမှာ လူတစ်ယောက် ရောက်နေတယ်၊ မေမေနဲ့တွေ့ချင်တာတဲ့၊ သမီးမသိလို့ ခြံဝမှာပဲ ထားခဲ့တယ်၊ ဒေါင်းမင်းတဲ့"

"ဒေါင်းမင်း … ဩော်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူလဲ မေမေ၊ ဒေါင်းမင်း ဆိုတာ"

မေမေ့မျက်နှာက ပျက်နေပါသည်။ မေမေသည် သူ့မှာ မလုံမလဲ အပြစ်တစ်စုံတစ်ရာရှိတဲ့ အခါမျိုးမှာ ထိုသို့ မျက်နှာပြောင်းလဲ ပျက်ယွင်းတတ်ပါသည်။

"မေမေ"

"အင်း ... အင်း ... ခေါ်လိုက်ပါ သမီးရယ်၊ ခေါ်လိုက်ပါ၊ မိုးရွာထဲ ရပ်နေရမှာပေါ့"

"သူက ဘယ်သူလဲ"

"ကဲပါ ... ခေါ်လိုက်ပါဆို သမီးရယ်၊ ဒီကောင်လေးက လည်းနော်၊ ဘာဖြစ်လို့ ဒီအချိန်လာရတာလဲ၊ နေ့လယ် ဘက်လာပါဆိုတာ"

ဇဝေဇဝါဖြစ်ကာ ဂနာမငြိမ် ဖြစ်နေသော မေမေ့ကို နွယ်ပင် က ဆက်မေးမနေတော့ပါ။ ဟိုလူဝင်လာရင် သိရမှာပဲဟာ။ ခြံ တံခါးနား မရောက်တရောက်အထိ နွယ်ပင်က လှည့်လျှောက်လာ ရင်း ...

"ရှင် ဝင်နိုင်ပြီ"

"........."

"အို ... တံခါးကို စွတ်တွန်းမနေနဲ့လေ၊ အပေါ်ကချိတ် လေးကိုဖြုတ်ဦးလေ၊ တကယ်ပဲ ဘယ်လိုလူပါလိမ့်"





သူက အထိန်းချိတ်ကလေးကိုဖြုတ်ကာ ခြံထဲဝင်လာ ပါသည်။ နွယ်ပင်က တံခါးပြန်ပိတ်မနေဘဲ သူ့ခြေလှမ်းကျဲနောက် က အပြေးပြန်လိုက်လာခဲ့သည်။

"လာ ... လာ ... အို ... မိုးတွေရွှဲနစ်လို့ပါလား ကလေး ရဲ့"

သူက ဖိနပ်ချွတ်တဲ့နေရာကနေ ဧည့်ခန်းဆီ တစ်ဆင့် မြင့်တက်သွားတဲ့အဆင့်မှာ ထိုင်ချလိုက်ပါသည်။

"အို ... ဒီမှာမထိုင်ပါနဲ့၊ အိမ်ထဲဝင်ပါ ... လာ ... လာ"

"ရေတွေရွှဲနေလို့ ကျွန်တော် ဝင်မထိုင်တော့ဘူး"

နွယ်ပင်က သူ့ကိုတစ်လှည့် မေမေ့ကိုတစ်လှည့် ကြည့်နေပါသည်။ မေမေ့ပုံစံက နွယ်ပင်ရှေ့မှောက်၌ အပြစ်မကင်း သလိုဖြစ်နေသည် မဟုတ်လား။ ဟိုလူကတော့ အေးအေးလူလူ ပါပင်။ သူတစ်ပါးအိမ်ကို ဝင်လာပြီး ဧည့်ခန်းထဲလည်း မိုးရွှဲလို့ ဆိုပြီးမဝင်၊ မဝင်ရင်လည်း သိက္ခာရှိရှိ မတ်မတ်ရပ်ရပ်လေးမနေ၊ ခြေနင်းဖတ်သာသာနေရာမှာ ဝင်ထိုင်ချလိုက်တယ်ဆိုကတည်းက နွယ်ပင်က ဘယ်အဆင့်က ဘယ်လိုလူစားပါလိမ့်ရယ်လို့ နှာခေါင်း ရှုံ့သွားရပါသည်။

"နေ့လယ်ဘက် လာတာမဟုတ်ဘူး"

မေမေက မနှစ်သက်သလိုလေး တစ်ခွန်းပြောလိုက် ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အန်တီ ကျွန်တော် နေ့လယ်ဘက်တွေပဲ လာတယ်လေ၊ ဘယ်နေ့ခေါက်ရှိပြီလဲ၊ တစ်ခါမှမရတော့ အခု ဦးလေးက ညနေဘက်ပဲသွား ဆိုလို့"

"ညနေဘက်မှာ အန်တီ့သမီးရှိလို့ အန်တီကမလာစေချင်တာ သိသားနဲ့ကွယ်"

"ဟုတ်ကဲ့ ... တမင်တကာပဲ အန်တီ့သမီးရှိတဲ့အချိန် အန်တီ့သမီးရှေ့မှာပဲ ပြောဖြစ်အောင်ကို ဦးလေးက သူ့အလုပ်ရှိတဲ့လမ်းထိပ်က သွားစောင့်ခိုင်းပြီး သူနဲ့အတူတူ တစ်ခါတည်း လိုက်လာခိုင်းတာပဲ အန်တီ"

မေမေ့မျက်နှာက ပိုပျက်သွားပါသည်။ သမီးရှေ့မှာ စကားဆင်ခြင်ပြောစေလိုလို့ မေမေလမ်းကြောင်းပေးတာကို တမင်တကာ သမီးရှေ့မှာပဲပြောမလို့ဆိုတဲ့ အဓိပ္ပာယ်မျိုး တုံ့ပြန်လိုက်တာဆိုတာ နွယ်ပင် ရိပ်မိကာ သိချင်စိတ် ပြင်းပြသွားရပါ ည်။ အလောသုံးဆယ်လေး ကြားဖြတ်ကာ ...

"မေမေ ဘာတွေလဲ၊ ဘာကိစ္စတွေလဲ"

"ဘာမှမဟုတ်ပါဘူး"

"မေမေနော်"

နွယ်ပင် စိတ်ပူလာပါသည်။ မေမေဟာ ဟိုးအရင် ဖေဖေရှိစဉ်ကတည်းက ဘာမှမသိနားမလည် ကလေးဆိုးကြီးလို





နေခဲ့တာ။ သူလုပ်ချင်ရာ လုပ်တဲ့သူပါ။ လူလေးကြည့်လိုက်ရင် စိတ်သဘောထားကောင်းကာ လူလေးက အိညက် အိညက်နှင့် သနားကမား။ ပြီးတော့ မေမေ့လောက် လုပ်ချင်ရာလုပ်တာ မေမေပဲရှိသည်။

ခုလောလောဆယ်လည်း သားအမိနှစ်ယောက်ဘဝမှာ အမေဖြစ်သူက ဦးစီးဦးဆောင်မဖြစ်ဘဲ သမီးဖြစ်တဲ့ နွယ်ပင်ကပင် စားဝတ်နေရေးကအစ ကိစ္စအဝဝမှာ ဦးဆောင်ဦးရွက်ပြုရတာပါ။ ဘာလေးမှ မျက်နှာလွှဲစိတ်ချလို့မရတဲ့ မေမေ့အကြောင်း နွယ်ပင် အသိဆုံး။

"မေမေ ပြောနော်၊ ဘာတွေဖြစ်နေတာလဲ၊ ဘာကိစ္စတွေရှိနေတာလဲ"

"ဘာမှမဟုတ်ပါဘူးဆိုအေ၊ ကဲ ... ကဲ ... ကလေ ... မင်းလည်းပြန်၊ နက်ဖြန်နေ့လယ်လောက်မှ ပြန်လာခဲ့"

"ပြန်လို့မရဘူး အန်တီ"

နွယ်ပင်က မျက်နှာထားကို တင်းလိုက်ပြီး ...

"ကဲ ... ဒီမှာ ကိုအဌာ၊ အခု ဘာကိစ္စတွေ ဖြစ်နေတာလဲ၊ ဘာပြဿနာရှိနေတာလဲ၊ ကျွန်မအမေက မပြောဘူး ရှင်ပဲပြောပြ"

"နွယ်ပင်"



www.burmeseclassic.com

www.burmeseclassic.com



"မေမေ ... မေမေ ဘာမှမပြောနဲ့တော့၊ မေမေ တစ်ခုခုကော့ ရှုပ်ထားပြီ၊ သမီး သိတယ်၊ ကဲ ... ရှင် ပြောမှာလား ပြန်မှာလား"

"ပြောမှာလေ၊ ငါလည်း ပြန်ချင်နေပြီ၊ ငါ့ဆရာကလည်း မင်းရှေ့မှာပဲ မင်းသိအောင် ပြောခဲ့တော့လို့ မှာလိုက်တာပဲ"

"ရှင့်ဆရာက ဘယ်သူလဲ"

"ဦးထူး"

"သူက ဘာလဲ၊ မေမေနဲ့ ဘယ်လိုပတ်သက်လဲ"

မေမေက သူ ဝင်တားလို့ မရလောက်တော့ဘူးဟု သိလိုက်လျှင် ဘာမှပြောမနေတော့ဘဲ မလှမ်းမကမ်းက ညှော့ခန်းဆက်တီတစ်ခုမှာ ခပ်ကုပ်ကုပ်နှင့် ငြိမ်ငြိမ်သက်သက် သွားထိုင်နေပါတော့သည်။

"ဦးလေး ဦးထူးက ... အင်း ... မင်းအမေနဲ့ပတ်သက်တဲ့ကိစ္စပဲ ပြောရမယ်ဆိုရင် သူက ငွေတိုးချေးတယ်"

"ဟင် ... မေ ... မေမေက ..."

"မင်းအမေက ချေးထားတဲ့ငွေ မဆပ်တဲ့အပြင် ငွေတိုးတောင် မှန်မှန်မပေးတာ ကြာနေပြီ၊ ပြီးခဲ့တဲ့လ၊ ဟိုးရှေ့တစ်လ မပေးဘူး၊ အခုက ငွေရင်းပြန်ဆပ်ဖို့တောင်းနေတာတောင် မဟုတ်ဘူး၊ အတိုးပဲပေးဖို့ လာတောင်းတာ"





နှယ်ပင်သည် မျက်နှာဖြန်းခနဲ နီရဲသွားကာ အံကလေးကြိတ်ပြီး မေမေ့ကို လှမ်းကြည့်လိုက်မိပါသည်။ မေမေက သူ မဟုတ်သလို ဟိုငေးဒီငေး ငေးနေသည်။ နှယ်ပင်သည် ဒေါသစိတ်နှင့် မေမေ့ကို ဒလစပ်ပြောချလိုက်ချင်သော်လည်း ဒါဟာ လူတစ်မ်းရှေ့မှာပြောဖို့မသင့် သူပြန်မှ သားအမိချင်းဖြစ်ရမယ့်ကိစ္စလို့ ချက်ချင်းစိတ်ထိန်းလိုက်ကာ လေသံမှန်နှင့်ပင် ...

"မေမေ သူပြောတာ ဟုတ်လား"

"အင်း"

နှယ်ပင်သည် ရှက်လည်းရှက်၊ ဒေါသလည်းထွက် အသားလေးတွေပင် တုန်ချင်လာတာကိုထိန်းရင်း ဟိုလူ့ထံကို သာ ...

"ဒီမှာ ... မေမေက ဘယ်လောက်ချေးထားတာလဲ"

ထိုလူက နှယ်ပင့်ကို စိတ်ရှုပ်သလို တစ်ချက်ကြည့်လိုက်ရင်း ...

"များတယ်"

"ပြောပါ၊ ဘယ်လောက်များလဲ"

"ပထမတော့ ဒီလောက်မဟုတ်ဘူး၊ ဒါပေမဲ့ အတိုးမပေးလို့ တိုးရင်းပေါင်းတွက်လာတာတွေရော နောက်ထပ်ယူတာတွေရော သုံးဆယ်လောက်ရှိပြီ"

"ဘယ်လောက် !!"



www.burmeseclassic.com

www.burmeseclassic.com



နွယ်ပင်သည် ကိုယ့်နားကိုယ် မယုံနိုင်သလို မျက်လုံးပြူးမျက်ဆန်ပြူးနှင့် လွှတ်ခနဲ အော်မေးလိုက်မိပါသည်။ ဒေါင်းမင်းက မွေးခနဲ ပျက်သွားတဲ့ ကောင်မလေးမျက်နှာကို ဆက်မကြည့်ဘဲ မျက်နှာလွှဲလိုက်သည်။

ဒီအလုပ်မျိုးလုပ်ရတာ တစ်ခါတစ်ရံတော့ စိတ်ပျက်စရာ ကောင်းလှသည်။ ဒါပေမဲ့လည်း သူဟာ ဦးထူးရဲ့ကျေးမွေးစောင့်ရှောက်မှုအောက်မှာ ဦးထူးခိုင်းသမျှ ကူညီဆောင်ရွက်ပေးခြင်းအားဖြင့် ဦးထူး ကျေးဇူးဆပ်ရမည်သာ။

"ရှင် ... ရှင် ... ရှင် ဘယ်လောက်လို့ ပြောလိုက်တာလဲ"

"သုံးဆယ်၊ သိန်း သုံးဆယ်"

"မေမေ"

နွယ်ပင်က စူးရဲပေါက်ကွဲသောအသံနှင့် မေမေ့ကိုလှမ်းအော်လိုက်ကာ တစ်ကိုယ်လုံး တခိုက်ခိုက် တုန်လာပါသည်။ လူစိမ်းရှေ့မှာ ရှပ်ပျက်ဆင်းပျက် မဖြစ်လိုပါဘူး ဆိုတာတောင် ဘယ်လိုမှ ထိန်းလို့မရနိုင်တော့အောင် နွယ်ပင်သည် သွေးပျက်ကာ အရူးတစ်ပိုင်းမျှ ဖြစ်သွားပါသည်။

"မေမေ ဘယ် ... ဘယ်လိုလုပ်ပြီး ... သိန်း ... သုံးဆယ်"

"........."

"မေမေ ဘာလုပ်ပစ်လိုက်တာလဲ၊ ဘာဝယ်တာလဲ"

"........."





"မေမေ"

"ကဲ ... ကဲဗျာ၊ ခင်ဗျားတို့သားအမိ ပြီးမှဖြစ်ကြဗျာ၊ ခုလောလောဆယ် အန်တီအတိုးပေးလိုက်ပါ၊ ဒီအတိုးရဖို့လာရတာတင် အကြိမ်ကြိမ် ဖြစ်နေပြီဗျာ"

နွယ်ပင်သည် ခေါင်းမာမာလေး ပေတေပြီး နှုတ်ကိုပိတ်ကာ မလှုပ်မယှက် ငြိမ်ထိုင်နေတဲ့ မေမေ့ကို တစ်ချက်တင်းတင်းကြည့်ကာ ဟိုလူ့ဘက်ပြန်လှည့်ရင်း ...

"အတိုးက ဘယ်လောက်လဲ"

"ခြောက်သိန်း"

"ဘာ ... အတိုးက များလှချည်လားရှင့်"

"ဒါတောင် ..."

"ကဲ ... ဒီမှာကလေး၊ သမီးကို အန်တီပြောထားပါ့မယ်၊ သူလည်း အခု ဒီငွေခြောက်သိန်းကို မပေးနိုင်သေးဘူး၊ သေချာတယ်၊ ဒီတော့ ပြန်လိုက်ပါတော့ ကလေးရယ်၊ အန်တီ ပြော့ပြထားမယ်"

သူ့စကားကိုဖြတ်၍ ဝင်ပြောလိုက်သော အမျိုးသမီးကြီးကို ဒေါင်းစိမ်းက စိတ်ပျက်ပျက် ငေးကြည့်ရင်း သက်ပြင်းရှည်ကြီးတစ်ချက် ချလိုက်ပါသည်။ ရလိမ့်မယ် မဟုတ်ဘူးလို့တော့ သူ သိပြီးသားပါ။ ဒီလိုပဲတွေးထားပြီးသားပါ။ သူ့တာဝန်က တောင်းဖို့မို့လို့သာ တောင်းနေရတာ။ စိတ်လည်းပျက်လှသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ဘယ်နေ့လာရမလဲ"

"တစ်ပတ်လောက်နေမှ"

"တစ်ပတ်တော့ မရနိုင်ဘူး အန်တီ၊ ဦးလေးအကြောင်းလည်း သိသားပဲ၊ ကျွန်တော် နှစ်ရက်နေရင် ပြန်လာခဲ့မယ်"

"အင်း ... အင်း ... ပြီးရော"

ပြီး ... ပြီးရော ပြောလိုက်မှန်း သိပေမယ့် ဒေါင်းစိမ်းက ဆက်လည်းမနေချင်တော့တာကြောင့် လေးတိလေးကန် ထရပ်လိုက်ပါသည်။ သူ့ ဗိုက်လည်းဆာနေပြီ။ ပင်လည်းပင်ပန်းနေပြီ ချမ်းလည်းချမ်းနေပြီ၊ တစ်ကိုယ်လုံးလည်း ရွှဲလို့လေ။

"ကဲ ... သွားမယ် အန်တီ"

ဒေါင်းစိမ်းက အမျိုးသမီးကြီးကို လှည့်နှုတ်ဆက်လိုက်သော်လည်း မျက်နှာထား တင်းမာစွာ အတွင်းကတုန်လှုပ်ပြိုကွဲနေပုံရတဲ့ ကောင်မလေးကိုတော့ နှုတ်ဆက်မနေလိုတဲ့အတွက် နှုတ်မဆက်တော့ဘဲ လှည့်ထွက်လာခဲ့ပါသည်။

နွယ်ပင်သည် ထိုလူ မြင်ကွင်းက ပျောက်သွားသည်နှင့် အရုပ်ကြိုးပြတ်မတတ်ဖြစ်ကာ ဟိုလူထိုင်သွားတဲ့ အခန်းကျူးအဆင့်လေးမှာပင် ခြေပစ်လက်ပစ် ဘုတ်ခနဲ ထိုင်ချပစ်လိုက်မိပါသည်။ အပြစ်မကင်းတဲ့ မျက်နှာနှင့် သူ့ကို မျက်နှာချင်းမဆိုင်ရဲတဲ့ မေမေ့ကို ဒေါသတကြီး ပြောဆိုဖို့ပင် ရတ်တရက် ခွန်အားပြတ်သွားသလို ဖြစ်နေပါသည်။





"ရက်စက်လိုက်တာ မေမေရယ်"

"........."

"သမီးကို မသနားတော့ဘူးလား၊ နည်းနည်းကလေးတောင် အားမနာတော့ဘူးလား"

မချိတင်ကဲလေးသာ ညည်းညူသလိုပြောမိကာ မငိုပါဘဲ တလိမ့်လိမ့်ကျလာသော မျက်ရည်ပေါက်ကြီးတွေကို အားပြတ်တဲ့လက်အစုံနှင့် ဖြည်းဖြည်းသုတ်နေမိလေသည်။

❤ ✧ ❤



www.burmeseclassic.com

www.burmeseclassic.com



## ၂

"ဖိုးတွတ်ရေ ... ဖိုးတွတ်"

ပေါ်တီကိုအောက်က မင်းခေါင်မိုးရဲ့ခေါ်သံ ထွက်ပေါ်လာလျှင် ခေါင်းစိမ်းက ရေပိုက်တစ်ချောင်းနှင့် ခြံဘေးဘက်တစ်နေရာမှာ ပန်းပင်တွေ ရေလောင်းနေရာမှ ကမန်းကတန်း အပြေးထွက်လာခဲ့ရင်း ...

"ဖိုးတွတ် မရှိဘူး ကိုခေါင်"

"ဖိုးတွတ် ဘယ်သွားလို့လဲ ခေါင်းစိမ်း"

"ဦးလေးနိုင်းလိုက်လို့ လက်ဖက်ရည်နဲ့ ပဲပလာတာ လမ်းထိပ်ထွက်ဝယ်တယ် ကိုခေါင်၊ ကိုခေါင် ဘာလိုချင်လို့လဲ"

"မလိုချင်ပါဘူးကွာ၊ ဒီမှာ ကြည့်ဦးလေ၊ ကားက ဖုန်နဲ့ ကြေးနဲ့ မနေ့က မိုးရွာထားတော့ ကားတစ်စီးလုံး ကြေး





စင်းကြောင်း ဖြစ်နေတာ၊ ဒီကောင် မနက်စောစောစီးစီး လေး ထဆေးမထားဘူး၊ သူပြန်လာရင် ကားဆေးခိုင်းလိုက်စမ်းပါ ခေါင်းစိမ်းရာ"

"ကျွန်တော် ဆေးပေးလိုက်မယ် ကိုခေါင်၊ ကိုခေါင်သွားကာနီးနေပြီ မဟုတ်လား"

"နေပါစေ မင်းမဆေးပါနဲ့၊ ဖိုးတွတ်လာမှ ဆေးခိုင်းလိုက်ပါ"

"ရပါတယ် ကိုခေါင်ရဲ့၊ ကျွန်တော် အားနေပါတယ်၊ အားနေလို့ အပင်တွေရေလောင်းနေတာပါ၊ ရေပိုက်အဆင်သင့်ပဲ၊ ကျွန်တော် ဆေးလိုက်ပါမယ်"

ခေါင်းစိမ်းက ရေပိုက်ကို ခပ်သွက်သွက်ပြေးဆွဲကာ မင်းခေါင်မိုးရဲ့ကားကို စိတ်ပါလက်ပါ ရေဆေးပေးနေလိုက်ပါသည်။ စိတ်သဘောကောင်းတဲ့ မင်းခေါင်မိုးကို ခေါင်းစိမ်း ခင်သည်။ မင်းခေါင်မိုးဟာ ခေါင်းစိမ်းရဲ့ဆရာလည်းဟုတ်၊ ကျေးဇူးရှင် အလုပ်ရှင်လည်းဟုတ်သည့် ဦးထူးရဲ့တူအရင်းပါ။

ဒီခြံကြီးထဲမှာ မြေကိုတစ်ဝက်စီ ခွဲခြမ်းသတ်မှတ်ထားသော်လည်း ခြံစည်းရိုးတော့ ခြားထားခြင်းမရှိဘဲ မင်းခေါင်မိုးတို့မိသားစုကတစ်ခြမ်း၊ ဦးထူးကတစ်ခြမ်း နေကြပါသည်။ မင်းခေါင်မိုးတို့တိုက်ကြီးက ဟိုဘက်မြေတစ်ခြမ်းရဲ့ ရှေ့ဘက်ကျကျမှာ ဆောက်ထားပြီး ဦးထူးကတော့ ဒီဘက်မြေတစ်ခြမ်းရဲ့နောက်



www.burmeseclassic.com

www.burmeseclassic.com



နားကျကျမှာ နဂိုမူလ တစ်ထပ်တိုက်ဟောင်းလေးတွင် တစ်ကိုယ်တည်းနေပါသည်။

ဦးထူးဆိုတဲ့သူဟာ နာမည်နှင့်လိုက်အောင် လူထူးလူဆန်း စရိုက်ထူး စရိုက်ဆန်းဖြစ်သည်။ နဂိုမူလ မိဘအမွေအနှစ်ကလည်း ရှိပြီးသားဖြစ်၍ သူဌေးသားလက်ဟောင်းလို့ ဆိုရမည်။ ကိုခေါင်အဖေ သူ့အစ်ကိုဖြစ်သူကတော့ မိသားစုရှိသူဖြစ်၍ စီးပွားရေးလုပ်ငန်းတွေ ကျယ်ကျယ်ပြန့်ပြန့် လုပ်သော်ငြား ဦးထူးကတော့ တစ်ကိုယ်တည်းသမားလည်းဖြစ်ရာ ဘာအလုပ်မှလုပ်ငန်းပြလို့ရအောင် မယ်မယ်ရရမလုပ်။

အခိက သူ့အလုပ်ကတော့ ကိုယ့်အိမ်ကကိုယ်ထိုင်ရာမထ ငွေတိုးချေးစားခြင်းပင်။ ကြုံရင်ကြုံသလို ကားဝယ်ရောင်းလိုလို ပွဲစားလိုလိုလည်း ယောင်ခြောက်ဆယ် လုပ်တတ်သေးသည်။ ကုန်ပစ္စည်းတစ်ခုခုကို တစ်ဆင့်ခံ လက်လွှဲခြင်းမျိုးနှင့်လည်း ငွေရှာတတ်သေးသည်။

သူကိုယ်တိုင်က အင်မတန် အပျင်းကြီးကြီးလူတစ်ယောက်ဖြစ်ကာ အစားအသောက်အတွက်ကလွဲလျှင် ကပ်စေးကလည်းနည်းလှပါသည်။ စကားပြောလျှင် ရိုက်ပေါက်နှင့် လူမိုက်လိုလို ဘာလိုလိုလဲ မာရေကျောရေ နေဟာတတ်တဲ့သူ။ အထူးသဖြင့်တော့ သူ့ ငွေတိုးချေးပုံက လုပ်ငန်းကြီးတွေ ဘာတွေထဲ အတိုး





နည်းနည်းနှင့် ထည့်ထားတာမျိုးမဟုတ်ဘဲ လက်သင့်ရာ ပတ်သက်ရာကို အတိုးနှုန်းမတန်တဆနှင့် ငွေတိုးချေးတာဖြစ်၍ ဝင်ငွေကတော့ ကောင်းပါသည်။

ဒေါင်းစိမ်းနှင့် ဦးထူးရဲ့အဆက်အစပ်ကလည်း တစ်မျိုးဆန်းကြယ်တယ် ဆိုရမှာပင်။ ဒေါင်းစိမ်းရဲ့အမေကို ဦးထူးက ငယ်ငယ်လေးကတည်းက အသေအလဲကြိုက်ခဲ့ပိုးခဲ့သူပါ။ ဒေါင်းစိမ်းအမေက ဦးထူးကိုမကြိုက်၍ သူနှစ်သက်သူနှင့် အိမ်ထောင်ကျခဲ့သည်။ ဒေါင်းစိမ်းအဖေနှင့် ဦးထူးက သူငယ်ချင်းတွေဖြစ်၍ ဒေါင်းစိမ်း ငယ်ငယ်ကတည်းက ဦးထူးကိုတော့ ရှံဖန်ရံခါဆိုသလို (တစ်နှစ်တစ်ကြိမ်လောက်)တော့ ခပ်ကျဲကျဲ တွေ့မြင်သိကျွမ်းနေခဲ့တာပင်။

ဒေါင်းစိမ်း ကိုးတန်းနှစ်မှာ ဖေဖေဆုံးပါသည်။ ဖေဖေရှိစဉ်က စီးပွားရေး အတန်အသင့် အဆင်ပြေသော ဒေါင်းစိမ်းတို့ ဖေဖေမရှိတဲ့အခါ အခက်အခဲကြုံရပါသည်။ မေမေက ဘာမှလုပ်တတ်ကိုင်တတ်သူ မဟုတ်။ ဒေါင်းစိမ်းက ကျောင်းသား။

ရှိတာလေး ထိုင်စားနေကြစဉ်၊ ဆယ်တန်းနှစ်မှာ မမျှော်လင့်ဘဲ ဒေါင်းစိမ်းတစ်ယောက် လူငယ်ချင်း ရန်ပွဲတစ်ခုမှာ ပါဝင်ငြိစွန်းမိရာက သူ့လက်ချက်နှင့် တစ်ဖက်ကလူတစ်ယောက် မတော်တဆ သေဆုံးသွားခဲ့သောအမှုနှင့် ထောင်ကျခဲ့ရတာပါ။



www.burmeseclassic.com

www.burmeseclassic.com



ခင်ပွန်းသည်ဆုံးပြီး နောက်တစ်နှစ်မှာ တစ်ဦးတည်းသောသားဖြစ်သူက ထောင်ကျသွားတဲ့အခါ မေမေ ပရာဇမြလူးသလို ဖြစ်ခဲ့ရသည်။ နဂိုက နှလုံးရောဂါသည်ဖြစ်တဲ့ မေမေဟာ ဒေါင်းစိမ်း ထောင်ကျအပြီး တစ်နှစ်လောက်မှာ စိတ်ထောင်းကိုယ်ကြေနှင့် နှလုံးရောဂါနှင့်ပင် ကွယ်လွန်ပါသည်။

မေမေမဆုံးခင် အတော်မကျန်းမာချိန်ကတည်းက ဆေးရုံတက်ရပြုရ ဆေးကုရ ကိစ္စအဝဝအတွက် ဖြူဖြူစင်စင် ကူညီခဲ့သူဟာ ကပ်စေးနည်းကြီး ဦးထူးပင်။ အခြားသော မေမေ့မိတ်ဆွေအချို့နှင့်အတူ မေမေ့ကျန်းမာရေးကို ကူညီစောင့်ရှောက်ခဲ့ပါသည်။ ငွေကြေးကိစ္စ အဝဝကိုတော့ ဦးထူးသာလျှင် ကုန်ကျခံ စိုက်ထုတ်ခဲ့တာပါ။

မေမေဆုံးသွားတဲ့အခါ ဒေါင်းစိမ်းကို ထောင်ဝင်စာတိုင်း မပျက်မကွက် လာတွေ့ပြီး လိုအပ်သမျှ ပံ့ပိုးခဲ့သူဟာလည်း ဦးထူးပင်။ ဦးထူးဟာ ကျေးဇူးရှင်တစ်ပိုင်း ဦးလေးသားချင်းတစ်ပိုင်းလိုပါ။

ထောင်ထဲမှာ ဂျစ်ကန်ကန် ကြွပ်ဆတ်ဆတ် မှုန်တေတေပုံစံ ဝင်နေတဲ့ ဒေါင်းစိမ်းဟာ ဦးထူး တစ်ယောက်ကိုတော့ ကျေးဇူးရှင်အဖြစ် ရိုရိုသေသေ အမြဲရှိခဲ့သည်။ သူ့အပေါ် မေတ္တာစေတနာရှိတဲ့သူ တစ်ယောက်လို့လည်း သူ အလိုလို ယုံကြည်ခံစားခဲ့ရသည်။





"ကောင်လေး ... မင်း ထောင်လွတ်ရက်နီးလာပြီ၊ ထွက်ရင် မဝိုး တခြား ဟိုဟိုဒီဒီ သွားမနေနဲ့၊ ငါ့ဆီပဲလာခဲ့ကြားလား"

"ဟုတ်ကဲ့"

"မင်းအိမ်ကို ငါ ဒီကြားထဲ ငှားပေးထားတာ၊ မင်း အပြင်ရောက်လာလည်း ဒီအတိုင်းဆက်ငှားထား၊ မင်း ငါနဲ့လာနေပေါ့"

"နေတာတော့ ကျွန်တော့်အိမ် ကျွန်တော်ပဲ နေချင်တယ်ဗျ"

"ဘာဖြစ်လို့တုန်း"

"အဲဒီအိမ်က မခွာရခင်အထိ အဖေနဲ့အမေနဲ့ နေခဲ့တာကကျွန်တော့်စိတ်ထဲမှာ မနေ့တစ်နေ့ကကို နေနေသလိုပဲ၊ အဲဒီအိမ်မှာ ပြန်နေရင် အဖေနဲ့အမေရဲ့ အငွေ့အသက်နဲ့ ကျွန်တော့်စိတ် လုံခြုံမယ်လို့ ထင်လို့ပါ"

"ဟာ ... မင်းဟာက မဟုတ်သေးပါဘူး၊ မင်း ပိုတောင်အထီးကျန်စရာ ဖြစ်မှာပေါ့"

"ကျွန်တော် အဲဒီအိမ်မှာပဲ ပြန်နေချင်တယ်"

"ငါ့အိမ်လာနေပါ ဆိုနေတာကို"

"မိုးလင်းကမိုးချုပ် ဦးလေးအိမ်မှာ နေပါ့မယ်၊ ဒါပေမဲ့ ကျွန်တော်ပြန်စရာ ကျွန်တော့်အိမ်လေး ဆိုတာတော့ ရှိနေပြီး အဲဒီကို မိုးချုပ်ရင် ပြန်တယ်ဆိုတဲ့ ခံစားချက် ရှိချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ငါလွှေး၊ တကယ့် ကဗျာကောင်နဲ့ လာတွေ့နေတော့ တာပဲ၊ လှူကြည့်တော့ ဂျစ်ကန်ကန် ပေတေတေလိုလိုနဲ့"

ဦးထူး သူ့ကို ချော့ချော့ချောက်ချောက် ဒေါင်းစိမ်းရဲ့ဆုံးဖြတ်ချက်က မပြောင်းလဲ။ နောက်ဆုံးတော့ ဒေါင်းစိမ်းလွှတ်မလာခင် သုံးလေးလလောက်ကစပြီး အိမ်ကို လူသစ်ထပ်မငှားဘဲ ဦးထူးက ဒေါင်းစိမ်းပြန်နေနိုင်အောင် အအားထားထားပါသည်။

ဒေါင်းစိမ်းဟာ မနက်မိုးလင်းတာနှင့် အစောကြီးထ,ကာ ဦးထူးအိမ်လာမြဲ။ ဦးထူးရဲ့အလုပ်ကိစ္စဝိစ္စတွေမှာ ကူစရာရှိတာကူ လုပ်စရာရှိတာလုပ် တစ်နေကုန်နေ၊ မနက်စာညစာကို ဦးထူးနှင့်အတူတကွစား။ ညကျအိမ်ပြန်။ ဒေါင်းစိမ်းဟာ ဦးထူးရဲ့ တပည့်လား အလုပ်သမားလား မွေးစားတူလား ကိုယ်ရေးအရာရှိလား ကိုယ်ရံတော်လား ခိုင်းဖတ်လား ဘာလားညာလား ခွဲခြားမရ။

ဦးထူးအတွက် သပ္ပဒန်ပေါင်း လိုတာအကုန်လုပ်ပြီး ဦးထူး မြှောက်စားထားတဲ့ လက်ရုံးတစ်ဆူတော့ သေချာလေသည်။ သူ့အတွက် ဦးထူး ပေးထားတဲ့လခက ဘာမှသုံးစရာမရှိတဲ့ သူ့အတွက် အသားတင်စုမိသေးသည်။

အမှန်အတိုင်း ဝန်ခံရရင်တော့ ဒေါင်းစိမ်းသည် ထောင်ကထွက်လာပြီးကတည်းက ကိုယ့်ကိုယ်ကိုယ် အားငယ်





လူတောမတိုးသည့် အင့်စိတ်တစ်ခုနှင့် ဘယ်နေရာမှာမှ လူလူသူသူ ဝင်ဝင်ဆန့်ဆန့် မဖြစ်ပါ။ ပညာအရည်အချင်းကလည်း တစ်ပိုင်းတစ်စ။ အသက်အစိတ်ကျော်ပြီဆိုတဲ့ အချိန်မှာ ဆယ်တန်းကိုလည်း သူ ပြန်မဖြေလိုတော့။

ရွှယ်တူတန်းတူ သူငယ်ချင်းအပေါင်းအသင်းတွေက ဘွဲ့ရပညာတတ်တွေ ဖြစ်နေပြီ။ အလုပ်အကိုင် အတည်တကျနှင့် အခြေတကျဖြစ်သူကဖြစ်ပြီ။ သူက ဆယ်တန်းပညာ တစ်ပိုင်းတစ်စ။ အဲဒီအပြင် ထောင်ထွက်ဆိုတဲ့ ဂုဏ်ပုဒ်က သူ့မျက်နှာကို ရဲရဲဝင့်ဝင့် ဖွင့်မထားရဲအောင် သူ့ကို သိမ်ငယ်စေပါသည်။

သူ့အဖို့ ဦးထူးလို သူ့အထက်က ဦးဆောင်ခေါင်းဆောင်တစ်ယောက်ယောက်ရှိမှ စိတ်လုံခြုံသလို ဖြစ်နေပါသည်။ သူ့ရှေ့က အကာအကွယ် အရံအတား တစ်ခုသဖွယ်လည်း ဦးထူးကို သူက အားကိုးတာဖြစ်သည်။ သူ့မှာ တခြားဘယ်သူမှ ရှိတာမှမဟုတ်ဘဲ။

"ဒေါင်းစိမ်း"

"........."

လှမ်းအော်လိုက်သည့် အသံကျယ်ကြီးနှင့် အတူ ရတ်တရက် ဦးထူးက အနားရောက်လာပါသည်။

"ဟော့ကောင် ... မင်း ဘာလုပ်နေတာတုံး"



www.burmeseclassic.com

www.burmeseclassic.com



"ကိုခေါင့်ကား ဆေးပေးနေတာ ဦးလေး၊ ဦးလေး ဘာ နိုင်းမလို့လဲ"

"ငါဘာမှမခိုင်းပါဘူး"

ဦးထူးက တိုက်အိမ်ကြီးရဲ့တံခါးပေါက်ဝကို သွား ရပ်ကာ ...

"မောင်ခေါင် ... မောင်ခေါင်"

"ဗျာ ... ဦးလေး"

မင်းခေါင်မိုးက ထွက်လာပါသည်။

"ကျွန်တော် ဘရိတ်ဖတ်စ်စားနေတာ၊ ဦးလေးစားပြီးပြီ လား၊ လာစားပါဦးလား"

"ငါ စားပြီးပါပြီ မောင်ခေါင်၊ မင်း ဒေါင်းစိမ်းကို ကား ရေဆေးခိုင်းတာလား ... ဟုတ်လား"

"ဗျာ"

"မောင်ခေါင် ... ဒေါင်းစိမ်းက ကားရေးဆေးခိုင်းရမယ့်သူ မဟုတ်ဘူးကွ၊ ဒေါင်းစိမ်းကို မင်းကားခေါ်ဆေးခိုင်းလို့ မရဘူးလေ မောင်ခေါင်၊ ဒေါင်းစိမ်းက ငါ့အလုပ်တွေက ဝန်ထမ်းတပည့်ကွ၊ ဒရိုင်ဘာမဟုတ်ဘူး၊ မာလီမဟုတ်ဘူး၊ အလုပ်သမား မဟုတ်ဘူးကွ"

ဦးထူး အသံက ခပ်အေးအေးနှင့်ပင် လုံးဝသဘော မကျမှုကို ပေါ်လွင်စေကာ ခပ်တင်းတင်းဖြစ်သည်။





"ဟာ ... ဦးလေး၊ ကိုခေါင်က ဆေးခိုင်းတာမဟုတ်ဘူး၊ ကိုခေါင်က ဖိုးတွတ်ကိုရှာနေတာ ဦးလေး၊ အဲဒါ ကျွန်တော် အားနေတာနဲ့ ကျွန်တော်ဆေးပေးမယ်ဆိုပြီး ဆေးလိုက် တာပါ"

"မင်းကလည်း အားနေတာက အားနေတာပေါ့၊ ကိုယ့် အလုပ် ကိုယ်လုပ်လေကွာ၊ ကိုယ့်အလုပ်မဟုတ်တာ မလုပ် နဲ့လေ၊ ဟိုမှာ ဖိုးတွတ်ကို ငါခိုင်းလိုက်တာ ပြန်ရောက် လာပြီ၊ လာ ... ဖိုးတွတ် ကားဆက်ဆေးလိုက်"

"ဟုတ်ကဲ့"

"ဒေါင်းစိမ်း ... မင်းကို ဒီနေ့လုပ်စရာအလုပ်စာရင်း ငါ ပေးမယ် လာခဲ့"

မင်းခေါင်မိုးက ဦးလေးဖြစ်သူကို ပခုံးလှုပ်အောင် ပင် တဟက်ဟက်ရယ်ရင်း ...

"ဦးလေးကတော့ စပါပဲ၊ ဒေါင်းစိမ်းကိုထိလို့ မရဘူး၊ ကျွန်တော်က ခေါ်ခိုင်းတာ မဟုတ်ပါဘူး၊ ဒါပေမဲ့ ဦးလေး ရာ တကယ်လို့များ ကျွန်တော် တစ်ခုခုလေး ဒေါင်းစိမ်း ကိုလုပ်ခိုင်းစေချင်တာ ရှိလာပြီဆိုပါတော့ ကျွန်တော်နိုင်း ခွင့် မရှိဘူးလား၊ ခေါ်မခိုင်းရဘူးလား လုံးဝ"

"ရပါတယ်ကွ ခိုင်းလို့၊ တန်တန်ရာရာလေးပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"အကြွေးတွေ ဘာတွေပဲ လိုက်တောင်းခိုင်းရမှာလား ... အဟင်း ဟင်း"

"ဟော့ကောင် မောင်ခေါင်၊ ငွေချေးစားတာ ငါ့အလုပ်လေကွာ၊ ခေါင်းစိမ်းက ငါ့ကိုယ်စားလုပ်ယ်ကွ၊ အကြွေးတောင်းတာကို မင်းက နှယ်နှယ်ရရ မထင်နဲ့"

"ဟား ဟား ဟား ... ဟုတ်ကဲ့ပါ ဦးလေးရာ"

ခေါင်းစိမ်းက ရေပိုက်ကို ဖိုးတွတ်လက်ထဲ လှမ်းပေးလိုက်ပါသည်။

"ကျေးဇူးပဲကွာ ခေါင်းစိမ်း"

"ဟုတ် ... ရပါတယ် ကိုခေါင်"

ခေါင်းလေးညွတ်ကာ ရိုရိုကျိုးကျိုးလေး ပြန်ပြောလိုက်တဲ့ ခေါင်းစိမ်းကို မင်းခေါင်မိုးက ပြုံးပြီးခေါင်းညိတ်ပြလိုက်ပါသည်။ မှုန်ကုပ်ကုပ်နှင့် စကားနည်းသော်လည်း ရိုရိုကျိုးကျိုးရှိလှတဲ့ ခေါင်းစိမ်းကို မင်းခေါင်မိုးက သဘောကျ ခင်မင်ပါသည်။ သူ့ဘဝဇာတ်လမ်းကိုလည်း သိနေ၍ ကရုဏာလည်းသက်သည်။

သူ့ဦးလေး ဦးထူးဟာ ခေါင်းစိမ်းကို အရေးပေးတာ ချစ်ခင်တာလည်း မှန်ပါရဲ့။ တစ်ခါတစ်ရံကျ ဘယ်လောက်မညှာမတာ ခိုင်းရက်တယ်ဆိုတာလည်း သိနေသည်ဖြစ်၍ တစ်ခါတစ်ခါ သနားမိသည်။

❤ ✧ ❤





## ၃

"ခေါင်းစိမ်း"

"ဗျာ"

"ဘယ်လိုမှတော့ သဘောမထားနဲ့ကွာ သိလား"

"ဟုတ်ကဲ့ပါ"

"ဒါမျိုးကလည်း အမြဲတမ်းတော့ ဒီလိုလုပ်ရတာမှမဟုတ်ဘဲ"

"ဟုတ်ကဲ့"

"တစ်ခါတစ်ရံတော့လည်း မင်းလည်း သိတယ်မဟုတ်လား"

"ဟုတ်ကဲ့ ဦးလေး"

"အမျိုးသမီးတွေကိုကျတော့ လန့်ဖျပ်သွားအောင် ခြောက်ရတယ်ကွ၊ သူတို့ကို ကိုယ်ထိလက်ရောက် သွားလုပ်လို့ကလည်း မဖြစ်ပြန်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ... ကျွန်တော် သိပါတယ်"

"အေးကွာ၊ ယောကျ်ားပဲကွာ ဟုတ်တယ်မို့လား"

"ဟုတ်ကဲ့"

"နည်းနည်းပါးပါး ဖြဲခြောက်ရုံပဲဟာ၊ မနာလှပါဘူးကွာ သိလား"

"ဟုတ်ကဲ့"

"မင်းလည်း ဒီထက်မက အသားနာခဲ့ဖူးတာပဲ"

"ဟုတ်ကဲ့"

"ငါက မင်းကို မညှာတာတော့ မဟုတ်ဘူးလေ နော်၊ ဒါကတော့ အလုပ်သဘောအရ နည်းလမ်းစုံသုံးရတဲ့ သဘောပေါ့ကွာ၊ သိတယ် မဟုတ်လား"

"ဟုတ်ကဲ့ သိပါတယ်"

"အဲဒီကပြန်တော့ ငါတို့ တရုတ်တန်းမှာ အူစုံကြော်တို့ ဘဲခေါင်းသုပ်တို့ သွားစားရအောင် ကြားလား၊ ဟိုတစ်ခါ ဆိုင်ပဲလေ"

"ဟုတ်ကဲ့"

"မင်းကိုလည်း ငါ သောက်ဆူးကောင်းကောင်း ပေးမှာပါ"

"ဟုတ်ကဲ့ ဦးလေး"





ဟင့်အင်း တစ်လုံးမှမပါ။ တစ်ခွန်းမကျန် ဟုတ်ကဲ့။ စိတ်ထဲကလည်း တကယ် ဟုတ်ကဲ့ချင်စိတ်ပဲ ရှိပါသည်။ ဒါမျိုးတွေက အသစ်အဆန်း ခုမှကြားဖူးတာ မဟုတ်ဘဲ အရင်ကတည်းကလည်း ကြားဖူးပြီးသားဖြစ်သော စကားတွေဖြစ်လို့လည်းပါပါသည်။ ခေါင်းက ညိတ်ကိုပဲညိတ်ရမည်လို့ စိတ်နှလုံး ဒုံးဒုံးချထားလည် လက်ခံထားလိုက်ကာ ကားပြတင်းမှ ဟိုငေးဒီငေးနှင့်ပင် ခေါင်းစိမ်းက "ဟုတ်ကဲ့"လိုက်နေတော့တာ။

❤ ✧ ❤



www.burmeseclassic.com

www.burmeseclassic.com



ကားဂိတ်ကတည်းက နွယ်ပင် ဟိုလူကိုရှာသည်။ ပထမဆုံး စမြင်ဖူးတဲ့နေ့တုန်းကလိုပဲမျှား သူ့ကိုတွေ့မလားလို့။

ပထမဆုံးနေ့က နောက်နှစ်ရက်နေရင် လာမည်ပြော သွားတဲ့အတွက် အဲဒီနောက်နှစ်ရက်မြောက်နေ့မှာလည်း ခုလိုပဲ နွယ်ပင် အိမ်အပြန်ကားဂိတ်မှာ ဒေါင်းစိမ်းကိုရှာသည်။ မတွေ့ပါ။ အိမ်ပြန်ရောက်တော့မှ အိမ်ခြံဝင်းလေးရဲ့အပြင်ဘက် အုတ်ခုံ သေးသေးကလေးမှာ သူ့ကိုတွေ့သည်။

အဲဒီနေ့အထိ မေမေနှင့် နွယ်ပင် စကားများထားကာ မေမေ့ကို စကားမပြောဘဲ ရှောင်နေမိတာပါ။ သူ့ကိုထပ်တွေ့လိုက် တော့ ဒေါသတွေ ငယ်ထိပ်ပြန်ထိုးတက်လာကာ ...

"ရှင် ဘာလာလုပ်ပြန်ပြီလဲ"

"မေးစရာမှ မဟုတ်ဘူး ထင်တယ်၊ ငါ ဒီကိုလာစရာအကြောင်း ရင်းကိစ္စက တစ်ခုတည်းပဲရှိတယ်၊ ဟိုတစ်နေ့ကတည်းက နှစ်ရက်နေလာခဲ့မယ်လို့ ငါပြောခဲ့တာပဲ"





"ရှင့်ဟာရှင် ပြောတာ၊ ဘယ်သူကမှ ရှင့်ကို ဟုတ်ကဲ့လာ ပါ၊ အဲဒီနေ့ ပေးပါ့မယ်လို့ အာမဘာန္တွေမခံဘူး"

"အာမခံတာ မခံတာ မင်းတို့ကိစ္စ၊ ငါ့တာဝန်က လာဖို့"

"ရှင်ပြန်တော့၊ ပိုက်ဆံမရှိဘူး၊ မပေးနိုင်ဘူး"

"သူများပိုက်ဆံ ယူထားပြီးရင် ပြန်ပေးရတယ် ဆိုတာ လောက်တော့ မင်း နားလည်မှာပါ၊ မပေးချင်ရင် အစက တည်းက မယူနဲ့ပေါ့"

"ကျွန်မယူတာမှ မဟုတ်တာ"

"ဒီလိုမပြောနဲ့လေ၊ ယူတာ မင်းအမေလေ၊ သူစိမ်းကြီး မဟုတ်ပါဘူး"

"ရှင်တို့ ဘာဖြစ်လို့ သူချေးတိုင်း ထုတ်ပေးသေးလဲ"

ဒေါင်းစိမ်းက သူ့ကို စိတ်ပျက်သလို ခါးထောက် ကာ ခေါင်းယမ်းပြီးကြည့်သည်။ မေမေ့လုပ်ရပ်ကြောင့် သူ့အကြည့် အောက်မှာ သိမ်ငယ်ခါးသီးလှကာ ကိုယ်တွေသားအမိကို ကလေ ကချေ အပေအတေတွေထင်မှာလည်း စိုးရိမ်မိသည်။

"ဒီမှာ ... မပေးနိုင်တာ မဟုတ်ဘူး မပေးချင်တာ၊ မွဲပြာ ကျနေလို့ မပေးတာ မဟုတ်ဘူး၊ ဒီလောက် အတိုးကြီးနဲ့ ငွေချေးစားနေတာ ရွံလို့ အမြင်ကတ်လို့ မပေးတာ"

"မင်း အဲဒါတွေ တောမှာသွားပြောပါကွာ"

"ဘာရှင့်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီတစ်ခါမှ ပိုက်ဆံရမလာရင် နောက်တစ်ခါဆိုရင် ငါ့ဆရာ ပါလာတော့မယ်"

"ပါလာတော့လည်း တွေ့ရတာပေါ့"

"မင်း အဲဒီလောက် စကားအလွယ် မပြောပါနဲ့၊ ငါက ဒီအလုပ်ကို တာဝန်ယူပြီး လုပ်ရတာ၊ မအောင်မြင်ခဲ့တာ ချည်းပဲ အကြိမ်ကြိမ် အခါခါဆိုရင် ငါပါ ငါ့ဆရာရဲ့ ဒေါသကို ခံရတော့မယ်"

"အဲဒါ ရှင့်ကိစ္စပဲ၊ ကျွန်မကိစ္စ မဟုတ်ဘူး"

"မင်း ဘယ်လိုမိန်းကလေးလဲ၊ ကိုယ်လွတ်ရန်းလှချည်လား"

"ဒီမှာ ... ရှင်က ကျွန်မကို ကိုယ်လွတ်ရန်းတယ် ပြောရအောင် ကျွန်မက ဒီငွေချေးတဲ့ကိစ္စကို သိတောင်မသိတာ၊ ခုမှ စသိတာ နှစ်ရက်ပဲ ရှိသေးတာ၊ ကိုယ်နဲ့မဆိုင်လို့ မဆိုင်ဘူး ပြောတာလေ"

"မင်းအမေလေ"

"အမေတော့ ဟုတ်တယ်၊ ဒါပေမဲ့ မိဘယူတဲ့ကြွေးတိုင်း နောက်ကနေ သားသမီးက လိုက်ဆပ်ပါ့မယ်လို့လည်း ကျွန်မ သစ္စာဆိုမထားဘူး၊ ခုဟာက နည်းနည်းနောနော လည်း မဟုတ်ဘူး၊ အများကြီးပဲ၊ ဒီငွေပမာဏကြီးကို ဘာလိုင်းကြီး ဆပ်လိုက်ဖို့ မပြောနဲ့ အတိုးပေးဖို့တောင် အမိပ္ပာယ်မရှိဘူး၊ မေမေကလည်းပြောတယ်၊ ယူတုန်းက





နည်းနည်း နည်းနည်းနဲ့ ဘယ်လိုလုပ်ပြီး ခုလောက် အစုအပုံ ဖြစ်သွားမှန်း သူတောင် သေချာမတွက်တတ်ဘူး"

"ကဲ ... ဒီတော့ မင်း ဒီနေ့ ပိုက်ဆံမပေးဘူးပေါ့"

"မပေးဘူး"

"ငါ နောက်နှစ်ရက်နေရင် ပြန်လာမယ်"

"ရှင့်ဟာရှင် လာချင်လာ မလာချင်နေ"

"ငါ့ဆရာ ဒေါသတကြီး ရမ်းကားရင် မင်းတို့အဆိုးမဆိုနဲ့"

"မင်းမဲ့တိုင်းပြည်မှ မဟုတ်တာရှင့်"

"ပြီးတာပဲ"

အဲဒီနေ့ကပဲ ဒေါင်းစိမ်းက နှစ်ရက်နေ ပြန်လာမယ် ဆိုပြီး ပြန်သွားခဲ့ပြန်တာပင်။ ဒီနေ့က နှစ်ရက်မြောက်။ တတိယ အကြိမ်။

ကားဂိတ်မှာ သူ့ကိုမတွေ့တဲ့အခါ ဟိုတစ်ရက်ကလိုပဲ ခြံရှေ့အုတ်ခုံလေးမှာ ထိုင်နေနိုင်ကောင်းတယ် ထင်မိတာပင်။

ထိုစိတ်မောနှင့် ဘတ်စ်ကားပေါ်ကဆင်းတော့ အိမ်ကို ခပ်သုတ်သုတ် လျှောက်လာမိသည်။ မလှမ်းမကမ်းကနေ အုတ်ခုံဆီ လှမ်းမြင်ရတဲ့အခါမှာတော့ အုတ်ခုံပေါ်မှာ လူရှိမနေတာကို တွေ့လိုက်ရပြီး နွယ်ပင်က နောက်ကျောမလုံသလို နောက်ဘက်ကိုပင် ပြန်ငဲ့ကြည့်လိုက်မိပါသေးသည်။ နောက်ကများ ပါလာမလားလို့။



www.burmeseclassic.com

www.burmeseclassic.com



ဒီလူပုံစံကြည့်ရတာ မလာဘဲနဲ့တော့နေမယ်မထင်။ ခြံတံခါးဖွင့်ကာ ဝင်လာတဲ့အထိ နွယ်ပင်က နောက်ဘက်လှည့်ကြည့်တုန်း။ လူရိပ်လူယောင် မမြင်ရပါ။ မဝေးလှတဲ့ အကွာအဝေးလေးက အိမ်ရဲ့တံခါးဝဆီ နွယ်ပင် ရောက်တဲ့အခါမှာတော့ ခြံဝင်းတံခါးလေးရှေ့မှာ ကားတစ်စီးဆိုက်ရပ်လိုက်တာ မြင်လိုက်ရပါသည်။

ဇဝေဇဝါနှင့် နွယ်ပင်က အိမ်ထဲမဝင်သေးဘဲ ကားဆီ ရပ်ကြည့်နေမိစဉ် ကားရှေ့ခန်းတံခါး တစ်ဖက်တစ်ချက်ပွင့်ကာ လူနှစ်ယောက် ဆင်းလာပါသည်။ အသက်ကြီးကြီး လူတစ်ယောက်နှင့် နောက်တစ်ယောက်က ဒေါင်းစိမ်း။ သူ့ဆရာဆိုသူ ပါလာပြီပေါ့။ နွယ်ပင်က ရုတ်တရက် အနည်းငယ် တုန်လှုပ်သွားသော်လည်း စိတ်ကိုထိန်းလိုက်ပါသည်။ မိန်းမနှစ်ယောက်တည်းရှိသည့် အိမ်မှာ သူတို့ ဥပဒေမဲ့ မင်းမဲ့စရိုက်တော့ ဝင်ရမ်းကားလို့ ဘယ်ရမလဲ။

သူတို့နှစ်ယောက်က ခြံတံခါးရဲ့ချိတ်ကောက်ကလေးကိုဖြုတ်ကာ ခြံထဲဝင်လာသည်။ နွယ်ပင်က မျက်နှာလေးကို ခပ်တင်းတင်း ထားလိုက်ကာ မျက်နှာစိမ်းလူကြီးကို ဦးတည်၍ ...

"ဘာကိစ္စရှိလို့လဲ"

"ကိစ္စလေးရှိလို့ပါ သမီးရယ်၊ အိမ်ထဲခဏဝင်ထိုင်ပါရစေ"





ပြုံးချိုနူးညံ့သော မျက်နှာနှင့် ခေါင်းလေးညွှတ်ပြီး ပြောသော လူကြီးကို နွယ်ပင်က ဘာပြန်ပြောရမည်မသိဘဲ ခဏကြောင်ကြည့်နေမိပြီးမှ ...

"မေမေ"

ဒီလူကြီးဟာ မေမေပိုက်ဆံချေးထားတဲ့သူဆိုတော့ မေမေ့အသိပဲပေါ့။ အိမ်ထဲဝင်ခွင့်ပြုသင့် မပြုသင့် မေမေ့ကိုပဲဆန္ဒတောင်းသလို လှမ်းခေါ်လိုက်တာပါ။

"ဟင် ... ဦးထူး"

"ဟုတ်ကဲ့ ... ဒေါ်နှင်းမြတ်"

"ဟင် ... ကိုယ်တိုင်လိုက်လာရတယ်လို့၊ ဝင်ပါရှင် ... ဝင်ပါ ... ကြွပါ"

နွယ်ပင်က ကိုယ်လေးယို့၍ ဖယ်ပေးလိုက်ရပါတော့သည်။ ဦးထူးဆိုတဲ့သူကြီး မျက်နှာက နူးညံ့ချိုသာလှကာ ပြုံးပြုံးကြီး။ အန္တရာယ်ရှိမယ့်ပုံတော့မရ။ သူတို့နှစ်ယောက်က အိမ်ထဲဝင်လာသော်လည်း မထိုင်ပါ။

"ထိုင်ပါရှင် ... ထိုင်ပါ"

"မထိုင်တော့ပါဘူး ဒေါ်နှင်းမြတ်၊ တပည့်လုပ်တဲ့သူက အသုံးမကျတော့ ဒေါ်နှင်းမြတ်တို့ကို အားနာတာနဲ့ လာတောင်းပန်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



“ရှင်”

“သူ့ အတိုးလာတောင်းတယ် မဟုတ်လား ခင်ဗျာ”

“ဟုတ် ... ဟုတ်ကဲ့ ... ဒါပေမဲ့”

ဦးထူးက ဒေါ်နှင်းမြတ် စကားကို လက်ဝါးထောင်ပြ၍ တားမြစ်လိုက်ပါသည်။

“အတိုးတောင်းတယ်၊ အကြွေးတောင်းတယ် ဆိုတာလည်း ပေးရမယ့်သူ ပေးချင်အောင် ရိုရိုသေသေ ယဉ်ယဉ်ကျေးကျေး ချိုချိုသာသာ တောင်းသင့်တာပေါ့ခင်ဗျာ”

“ဟို ... သူ ...”

“ဒေါ်နှင်းမြတ် မပြောပါနဲ့၊ အခြေအနေကို ကျွန်တော်သိပါတယ်ခင်ဗျ၊ ပေးချင်အောင် မတောင်းတော့လည်း ပေးရမယ့်သူက ဘယ်ပေးလိုစိတ်ရှိပါ့မလဲ ခင်ဗျာ၊ မဟုတ်ဘူးလား”

နွယ်ပင်က ဦးထူးရဲ့စကားများကို တအံ့တဩလေး မျက်လုံးဝိုင်းပြီး နားမလည်သလို ငေးကြည့်နေပါသည်။ နွယ်ပင့်အမေကိုယ်တိုင်ပင် ဦးထူး ပြောနေတာတွေကို နားမလည်ပါးမလည် ဇဝေဇဝါ ဖြစ်နေပုံပါပင်။

“ဟော့ကောင် ဒေါင်းစိမ်း”

“ဟုတ်ကဲ့”





“မင်းတောင်းတာ အလုပ်မဟုတ်လို့ အသုံးမကျလို့ အကြွေးမရတာ မဟုတ်ဘူးလား”

“ဟုတ်ကဲ့”

“မင်းမှာအပြစ်ရှိလား မရှိဘူးလား”

“ဟုတ်ကဲ့ ... ရှိပါတယ် ဦးလေး”

“ရှိရင် ... ကဲကွာ”

ရုတ်တရက် ဦးထူးက ဒေါင်းစိမ်းကို လက်သီးနှင့် မျက်နှာတစ်ချက် ပိတ်ထိုးလိုက်သည်မှာ “ခွပ်”ခနဲ အသံထွက်လာသည်။

“အား”

“အမယ်လေး”

သားအမိနှစ်ယောက်သား အလန့်တကြား အော်ကာ တစ်ယောက်ကိုတစ်ယောက် ပြေးဖက်လိုက်မိတဲ့အထိ လန့်တုန်သွားပါသည်။ ရုတ်တရက်မို့ ဒေါင်းစိမ်းသည် ခေါင်းနောက်ဘက် လန်ကာ ယိုင်တိုင်ယိုင်တိုင်နှင့် ဆက်တီတွေကြားထဲ ဖရိုဖရဲတိုး တိုက်ကာ လဲပြိုသွားပါသည်။

“မ ... မ ... မလုပ်ပါနဲ့ ဦးထူးရယ်၊ သူ ... သူ ...”

ဒေါ်နှင်းမြတ်က ထစ်ထစ်ငေါ့ငေါ့နှင့် တောင်းပန်ဖို့ စကားစသည်။ ဦးထူးက လက်ဝါးကာပြပြီး တားလိုက်ပြန်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟောကောင် ... ထ, ..."

"........."

ဒေါင်းစိမ်းက ဆက်တီတွေကြားမှ လူးလဲထတဲ့အခါ နှာခေါင်းပေါက်မှာ သွေးစအချို့စိုနေ၍ နှယ်ပင်ပါးစပ်လေးဟပြီး စိတ်ထိခိုက်သွားရပါသည်။ ဦးထူး မျက်နှာက ခုထိပြုံးပြုံးကြီးပင်။

"မင်းအပြစ်နော် ... သိတယ်နော်၊ သူတို့မပေးတာ မင်း အသုံးမကျလို့နော်"

"ဟုတ်ကဲ့"

"ကဲ"

ဦးထူးက ဒေါင်းစိမ်းပါးကို တစ်ချက်လွှဲလိုက်လိုက် ပြန်လျှင် ဒေါင်းစိမ်းမျက်နှာက ဘေးဘက်ချာခနဲလည်ထွက်သွားပြီး လူက ယိုင်ထိုးကာ အနားကဗီရိုတစ်ခုကိုသွားပြီး အားပြုကိုင် လိုက်ရပြန်လေသည်။ တကယ်တော့ ဤအဖြစ်အပျက်မျိုးဟာ ပထမဆုံး အတွေ့အကြုံလည်းမဟုတ်။

ဦးထူး ထိုးလိုက်ရိုက်လိုက်တိုင်း သူကပိုပိုလိုလို ယိုင်ထိုးလဲပြိုရတာဟာလည်း ဇာတ်တိုက်ဖို့မလိုအောင် ပိရိနေပါပြီ။ ဘာပဲဖြစ်ဖြစ် ထိုအစောပိုင်း လက်သီးလက်ဝါးချက်တို့ဟာ သူ့ နှာခေါင်းများ နှုတ်ခမ်းများ၌ သွေးစို့တဲ့အထိတော့ သူ နာကျင် ရတာပါပဲ။





နောက်ထပ် နောက်ထပ် ကျရောက်လာသော လက်သီးချက် ခြေနင့်ကန်ချက်တို့ကတော့ အားပျော့သွားပြီဆိုပေမယ့် ဒေါင်းစိမ်းကတော့ လူးလိမ့်လဲပြိုရတာပင်။ အထိအခိုက် အနာအကျင်လည်း လုံးလုံးကင်းတာတော့မဟုတ်။ အကျမတော် အခံမတော်လျှင် ထင်တာမှန်းတာထက် မတော်တဆ ပိုနာပါသေးသည်။

"တော်ပါတော့ ... တော်ပါတော့"

"ဦးလေး ... မလုပ်ပါနဲ့တော့"

"ဦးထူး ... ကျွန်မ တောင်းပန်ပါတယ်ရှင်"

"မတောင်းပန်ပါနဲ့ ဒေါ်နှင်းမြတ်၊ တပည့်အသုံးမကျလို့ ဆုံးမတာပါ၊ သူ ချေချေငံငံ မတောင်းလို့ ခုလိုမရတာလေ"

"မဟုတ်ပါဘူး၊ အဲလိုမဟုတ်ပါဘူး"

"ဘာလို့ မဟုတ်ရမှာလဲဗျာ၊ ပေးချင်အောင် မတောင်းတာ သေချာနေတာပဲလေ၊ ဟောကောင် ပြန်ထ, မင်းယောက်ျား မဟုတ်ဘူးလား"

"ဒီမှာ ဦးလေး"

နှယ်ပင်က စိတ်လှုပ်ရှားသော အသံတုန်တုန်လေး နှင့် ခပ်ဆတ်ဆတ် ခပ်စူးစူးလေး အော်လိုက်ပါသည်။

"ပြော ... သမီး၊ ဘာလဲ"

"လူတစ်ယောက်ကို ကျွန်မတို့ရှေ့မှာ ဒီလောက်နိပ်စက် မနေပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"သူ့အပြစ်နဲ့ သူ့ကိုဆုံးမတာလေ သမီး"

"သူ့အပြစ် မဟုတ်ဘူး၊ ကျွန်မတို့ မပေးနိုင်သေးလို့ မပေးလိုက်တာ"

"အိုး ... ဒီလောက်တောင် မပေးနိုင်တာကတော့ မဖြစ်နိုင်ပါဘူး၊ မပေးချင်လို့ပါ၊ မပေးချင်တာကလည်း ဒီကောင် အသုံးမကျတာပါပဲ၊ သူ့အလုပ်ကိုက ရအောင်တောင်းရမယ့် အလုပ်လေ"

"ဦးလေး အဲလို မဆီမဆိုင် ရက်ရက်စက်စက်တွေ မလုပ်ပါနဲ့၊ ဆုံးမချင်ရင်လည်း ကိုယ့်အိမ်မှာကိုယ် အပြင်မှာ တခြားမှာ ဆုံးမပါလား၊ ကျွန်မတို့ရှေ့မှာ ဆုံးမစရာမလိုဘူး၊ လူတစ်ယောက်ကို အဲဒီလောက် နှိပ်စက်နေတာ မကြည့်ချင်ဘူးရှင့်"

"ဒါပေမဲ့ သမီးရဲ့ ..."

"ဒီမှာ ဦးလေး"

နွယ်ပင်က ပခုံးပေါ်က ပိုက်ဆံအိတ်ကို ခပ်ဆောင့်ဆောင့်ဖွင့်လိုက်ကာ ပိုက်ဆံနှစ်သိန်းကို ထုတ်လိုက်ပါသည်။

"ဒီမှာ"

နီးတဲ့စားပွဲခုံမှာ လှမ်းတင်လိုက်ရင်း ...

"ကျွန်မ ဒီနေ့ပဲ လခထုတ်လာတာ၊ ယူသွားပါ အကုန်"

"ဦးလေးရဖို့ရှိတာ ဒီလောက် မဟုတ်ဘူးလေ သမီး"





"အခု ဒါပဲရှိတယ်၊ နောက်နေ့မှ ကျွန်မ စုထားတဲ့ဆီက ထုတ်ပေးမယ်၊ ကျွန်မအမေကိစ္စ ကျွန်မလည်း မသိဘူး၊ ချေးခဲ့တုန်းက ဘယ်လိုတွေ နားလည်သတ်မှတ်ခဲ့ကြမှန်းလည်း ကျွန်မ မသိဘူး၊ ဒါပေမဲ့ ကျွန်မ တတ်နိုင်သလောက် ဆပ်သွားပေးမယ်၊ နောက်တစ်ခါသာ ဦးလေး ကျွန်မ မသိဘဲ ကျွန်မအမေကို ငွေထပ်ထုတ်မပေးပါနဲ့"

"ဒါတော့ သမီးရယ်၊ သူက ချေးလာတာကိုး"

"ကျွန်မအမေကိုလည်း မှာထားမှာပါ၊ ဦးလေးကလည်း မချေးပါနဲ့၊ ကျွန်မအမေချေးသမျှ ကျွန်မ အားလုံးလိုက်မဆပ်နိုင်ဘူး"

ဦးထူးက ပြုံးပြုံးပြုံးပြုံး ခေါင်းညိတ်ရင်း တွန့်ကျက်သွားသည့် သူ့ရဲ့အင်္ကျီလက်မောင်းတို့ ဘာတို့ကို ပြုပြင်နေပါသည်။

နွယ်ပင့်မေမေ ဒေါ်နှင်းမြတ်သည် နုတ်ခမ်းစွန်းနားခေါင်းတို့ကို လက်ခုံနှင့်သုတ်ကာ ခုံတွေကြားထဲ ဖရိုဖရဲအလူးအလဲရှိနေသေးသော ခေါင်းစိမ်းကို လက်မောင်းမှသွား၍ ဖေးမကာ တွဲထူလိုက်ပါသည်။

"လူလေး ... ထ,ထ,၊ သိပ်နာသွားလားဟင်၊ ဆေးထည့်ရအောင်"

"နေပါစေ အန်တီ"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်တာကွယ်၊ နေပါစေ မလုပ်ပါနဲ့၊ အန်တီဆေးသွား ယူလိုက်ဦးမယ်၊ ဒီမှာထိုင် သား"

"ကိစ္စမရှိပါဘူး အန်တီ၊ ဒီလောက်က ဘာမှမဖြစ်လောက် ပါဘူး"

"ဘာလို့မဖြစ်လောက်ရမှာလဲ၊ သွေးတောင်စို့နေတာကို"

"ဟော့ကောင် ... ဒေါင်းစိမ်း၊ ဆေးထည့်ပေးတာ လက်ခံ လိုက်လေကွာ၊ အကောင်းလုပ်ပေးတဲ့ဟာ၊ ငါ ကားပေါ်က စောင့်နေမယ် ပြီးမှလာခဲ့"

ဦးထူးက ပိုက်ဆံနှစ်သိန်းကို ကောက်ယူကာ အိမ်ထဲမှ ထွက်ခွာသွားပါသည်။ သူ့ဆရာပြောတော့ တစ်ခွန်းမှစောဒက မတက်တော့သော ဒေါင်းစိမ်းကို နွယ်ပင် အံ့သြသလို တစ်ချက် ကြည့်ရင်း စိတ်မသက်မသာနှင့် မျက်နှာလွှဲထားလိုက်ရပါသည်။ ရင်တွေလည်း ခုထိကတုန်ကယင် ရှိတုန်းတည်း။

❤ ✧ ❤





၄

"ဦးလေးထူး ... ဦးလေးထူးရေ"

"ဟေ"

အိမ်ရှေ့က မင်းခေါင်မိုးရဲ့ခေါ်သံကြောင့် ဦးထူးက ထူးသံပေးလိုက်ပါသည်။

"ဦးလေးထူး ... ဒေါင်းစိမ်း ရောက်ပြီလား"

"အေး ... ရောက်ပြီ ရှိတယ်၊ ဘာလုပ်မလို့လဲ"

"ဒေါင်းစိမ်းကို ဦးလေးထူး ဒီနေ့ ခိုင်းစရာအထူးရှိလား"

"ငါခဏနေရင်တော့ လူတစ်ယောက်ကို အခန်းတွေလိုက် ပြစရာရှိတာ ခေါ်သွားမလို့ပဲ"

"ဘာလဲ ... ပွဲခတစ်ပုံထပ်တိုးအောင် လူပိုခေါ်တာမဟုတ် လား ... ဟား ဟား"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ ဟဲ ဟဲ ... မင်းတောင် ပါးနပ်လာပြီပဲ၊ မင်း ဘာကိစ္စရှိလို့လဲ မောင်ခေါင်"

"ကျွန်တော်တို့ ဒီနေ့ရှုတင်မှာ ဖိုက်တင်ခန်းပါလို့ ဒေါင်းစိမ်းကို ခေါ်သွားချင်လို့ပါ"

"ဩော် ... ဒါလား၊ ခေါ်သွားလေ၊ ကောင်လေး အပိုမုန့်ဖိုးရတာပေါ့"

ဦးထူးက အိမ်ထဲဘက်လှည့်ကာ ဟော့ပလိတ်မီးဖိုပျက်တာကို ပြင်နေသော ဒေါင်းစိမ်းထံ ...

"ဒေါင်းစိမ်းရေ ... မင်း ဒီနေ့ ငါနဲ့ မလိုက်နဲ့တော့၊ မောင်ခေါင်နဲ့ လိုက်သွားပေးလိုက်ဟေ့"

"ဟုတ်ကဲ့"

"ဒေါင်းစိမ်းရေ ... အဝတ်အစားအပိုပါရင် တစ်စုံလောက်ယူခဲ့ပါလား"

"ကျွန်တော် အဝတ်အစားအပိုတော့ မပါဘူး ကိုခေါင်၊ အပေါ်ကထပ်ဝတ်လာတဲ့ ဂျင်းဂျက်ကက်တော့ပါတယ်"

ဒေါင်းစိမ်းက အပြင်ဘက် ထွက်လာပါသည်။

"ဂျင်းဂျက်ကက်ပဲပါလည်း ရပါတယ်၊ ကိုယ်အင်္ကျီအပိုတစ်ထည်လောက် ထပ်ထည့်ပေးလိုက်မယ်၊ အဲဒါဆို ခဏနေ့ ရှုတင်မန်နေဂျာနဲ့ ကားလာတဲ့အခါ မင်းလိုက်သွား





လိုက်ပါ ဒေါင်းစိမ်း၊ ဖိုက်တင်ခန်းက အခုနေ့လယ်ပိုင်းရိုက်မယ်ပြောတယ်၊ ညနေကို ရိုက်ကွင်းကို ကိုယ်တစ်ခေါက်လာစရာရှိတယ်၊ အဲဒီတော့မှ မင်း ကိုယ်နဲ့အပြန် ပြန်လိုက်ခဲ့"

"ဟုတ်ကဲ့ ကိုခေါင်"

ဟိုးငယ်ငယ်ကတည်းက မြန်မာသိုင်းကို တတ်ခဲ့တဲ့ ဒေါင်းစိမ်းအကြောင်း သိထားတာမို့ မင်းခေါင်မိုးက အရင်တစ်ခေါက်လည်း သူထုတ်လုပ်တဲ့ ဒီဗီဃိုကားထဲမှာ ဒေါင်းစိမ်းကို အရေးပေါ်လူလိုကာ အကူအညီတောင်း ထည့်ရိုက်ဖူးခဲ့ပါသည်။ ဒေါင်းစိမ်းက မင်းသားနှင့် ရန်ဖြစ်ရတဲ့အခန်းပေါ့။ ရှင်းရှင်းပြောရရင်တော့ လူကြမ်းပေါ့။

အဲဒီနေရာမျိုးက ဝင်ရိုက်ပေးဖို့ရာ ဒေါင်းစိမ်းလိုသိုင်းတတ်ထားတဲ့ သူတစ်ယောက်အတွက်က အထူးတလည်မခက်ခဲပါ။

ခဏအကြာမှာ ရှုတင်မန်နေဂျာကြီး အိမ်ကိုဝင်လာ၍ ကိုခေါင့်ထံက ပိုက်ဆံလာယူတဲ့အခါ အပြန်မှာ ဒေါင်းစိမ်း ရှုတင်ကားနှင့် လိုက်ပါသွားခဲ့ပါသည်။ ရိုက်ကွင်းမှာ သူနှင့်အတူတွဲဖက်ကာ မင်းသမီးကိုနှောင့်ယှက်၊ မင်းသားနှင့်ရန်ဖြစ်ရမည့် နောက်ထပ်နှစ်ဦးက ဟိုအရင်တစ်ခေါက်ကတည်းက သူနှင့်အတူတွဲဖက်ဖူးသူတွေ ဖြစ်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းသားနှင့် သူတို့သုံးယောက် ဖိုက်တင်အကွက်တွေ ဓာတ်တိုက်ပြီးတဲ့အခါ စ,ရိုက်ကြပါသည်။

"ဟိုချာတိတ် ဒေါင်းစိမ်း ဟုတ်လား နာမည်က"

"ဟုတ်ကဲ့ ဆရာ"

"မင်းက မဆိုးဘူး၊ ရုပ်ပါဖျူးတယ်၊ မင်းသမီးကိုနောက်ကလိုက်နှောင့်ယှက်တဲ့အခါ စကားပြောစရာ နည်းနည်းပါတာမင်းပြောလိုက်ကွာ"

"ဟို ... ဆရာ ကျွန်တော် စကားမပြောပါရစေနဲ့၊ ဘေးကပဲ ပါပါရစေ"

"ဘာဖြစ်လို့လဲကွ၊ စကားက နှစ်ခွန်းသုံးခွန်းပါပဲ"

"ဟုတ်ကဲ့ ... စကားပြောရင်ကျတော့ အိုက်တင်ပါရပြီမို့လို့ပါ ဆရာ၊ ကျွန်တော် အိုက်တင်တော့ မလုပ်တတ်လို့ပါ"

"အိုက်တင်က ငါသင်ပေးမှာပေါ့ကွ၊ ဘာမှခက်ခဲတဲ့အိုက်တင်လည်း မဟုတ်ပါဘူး၊ သာမန်လောက် လုပ်ရမှာပါ"

"ကိုညီကိုပဲ လုပ်ခိုင်းလိုက်ပါ ဆရာ၊ ကိုညီက အိုက်တင်ရော၊ ဖိုက်တင်ရော ရပါတယ်၊ ကျွန်တော် တကယ်မလုပ်ရဲလို့ပါ"

"မင်းကလည်းကွာ၊ မလုပ်ရဲဘူးရယ်လို့ပဲ"





ဘာအိုက်တင်မှ သိပ်မလုပ်ဘဲ ဘေးကရပ်ရတာတောင် ဒီတိုင်း အစိမ်းလိုက် အတောင့်လိုက်ကြီး ရပ်နေလို့ရတာမဟုတ်။ သူများအမြင်ကတ်မယ့်ရုပ်မျိုး မခိုးမခန့်အပိုးမကျိုးပုံစံတော့ လုပ်ရသေးတာပင်။ ဒေါင်းစိမ်းကတော့ နဂိုနေ ခပ်မှုန်တေတေရုပ်နှင့်တင် အတော်ဟုတ်နေပါပြီ။

နှုတ်ခမ်းထောင့်က ဟိုးတစ်နေ့ကအကွဲက ခုထိအနာဖေးကလေး ရှိနေတုန်းပင်။ မင်းသားနှင့်ချတဲ့အခါ ကိုယ်ကရှုံးရတာ။ ရှုံးပြီဆိုမှတော့ လဲရပြိုရ နာရပြီ။ အနည်းငယ်တော့ အထိအခိုက်လေး ရှိတာပင်။ သို့ပေမဲ့တော့ ဟိုးတစ်နေ့က ဦးထူးလက်သံလောက်တော့ မအီဆိမ့်ပါ။

မေးဖျားလေး ကျော့လေး ခြေထောက်လေးတော့ ဘယ်လိုဟန်ဆောင်တာပဲ ဖြစ်ပစေ အနည်းငယ်ထိခိုက်မိကာ နည်းနည်းပါးပါး နာရပါသည်။ သို့ပေမဲ့ လူကြမ်းလုပ်ရတာ အဲဒီနေ့အတွက် ဒေးလီးကြေး သရုပ်ဆောင်ခရသလို မင်းသားထံကလည်း သူ့အထိုးအကန် ခံရတဲ့အတွက် နာကျင်ကြေး မုန့်ဖိုး ရပါသေးသည်။

သူ့အခန်းကဏ္ဍပြီးတော့ ကိုခေါင် လာမှ အတူပြန်လိုက်ရမှာဖြစ်တဲ့အတွက် ဒေါင်းစိမ်းက သူများတွေ သရုပ်ဆောင်တာ ထိုင်ကြည့်နေပါသည်။ မင်းသမီးရဲ့အဘွားအဖြစ် သရုပ်ဆောင်



www.burmeseclassic.com

www.burmeseclassic.com



တဲ့ သရုပ်ဆောင်အန်တီကြီး ဒေါ်သူဇာဟာ အဲဒီနေ့က သွေးနည်းနည်းတိုးနေကာ အခန်းတစ်ခန်းမှာ သရုပ်ဆောင်ရင်း ဆိုဖာတွေမှာ ထိုင်နေရာက ဒေါသတကြီး ထရပ်လိုက်တဲ့အခန်းမှာ မိုက်ခနဲဖြစ်သွားပါသည်။

"ဟာ ... အန်တီကြီး ... ရလား ... ရလား ... ဖြစ်ရဲ့လား"

"အန်တီကြီး ဘယ်လိုဖြစ်လဲ သိပ်မူးလား"

အန်တီကြီးဟာ ဆိုဖာပေါ် ပြန်ထိုင်လှဲမှီနေလိုက်ရကာ ယပ်ခတ်ကြ၊ သံပရာသီးရှူခိုင်းကြ၊ ယောက်ယက်ခတ်ကုန်ကြရပါသည်။

"ရပါတယ်ကွယ် ... ရပါတယ်"

"ဆေးခန်းသွားလိုက်ပါလား ဆေးခန်း"

"ဟုတ်တယ်၊ သွေးချိန်ကြည့်မှကောင်းမယ်၊ တော်ကြာ အရမ်းတက်နေဦးမယ်"

"ခုနကကဒ် ရလိုက်ရဲ့လား၊ ခဏပဲ မိုက်ခနဲဖြစ်တာပါ၊ တစ်ကဒ်ပြန်ရိုက်ဖို့လိုလား ဆရာလေး"

"ရတယ် စိတ်မပူနဲ့၊ အန်တီ ထ,ရပ်လိုက်ပြီးတာနဲ့ ကဒ်ဖြတ်လိုက်တာ၊ အန်တီက အဲဒီနောက်မှ မူးယိုင်သွားတာ၊ ပြန်ရိုက်ဖို့ မလိုဘူး၊ အဆင်ပြေတယ်"





"သေချာရဲ့လား ဆရာလေးရဲ့"

"သေချာပါတယ် အန်တီရဲ့၊ အန်တီ အခုနားလိုက်တော့၊ ရှုတင်ကားရှိနေတာပဲ ဆေးခန်းသွားလိုက်ပါလား"

အဲသလို တစ်ယောက်တစ်ပေါက် ကြွက်ကြွက်ညံနေတုန်း မင်းခေါင်မိုးရဲ့ကားက ရောက်လာပါသည်။ ရှုတင်ကို တစ်နေ့တစ်ကြိမ် တစ်ခေါက်တော့ မင်းခေါင်မိုး ရောက်မြဲပင်။ အခုဝင်အလာမှာ ဒေါ်သူဇာက မူးနေပြီး ဆေးခန်းသွားဖို့ စီစဉ်နေကြတာ သိတဲ့အခါ ...

"အန်တီသူဇာ ကျွန်တော့်ကားနဲ့ လိုက်ခဲ့လိုက်ပါ၊ ဆေးခန်းဝင်ပြပြီး အိမ်ကိုပြန်ပို့ပါ့မယ်၊ ကျွန်တော်ပဲ ခေါ်သွားတော့မယ်"

အဲသလိုနှင့် ကိုခေါင့်ကားပေါ် ကိုခေါင်ရယ်၊ ခေါင်းစိမ်းရယ်၊ ဒေါ်သူဇာရယ် ပါလာကြပါသည်။ ကိုခေါင်က သူ့ပရာဒိုကားကို သူ့ဘာသာ မောင်းလာတာဖြစ်သည်။ ကိုခေါင်နှင့် ခေါင်းစိမ်း အတူဖေးမပြီး ဒေါ်သူဇာကို ဆေးခန်းဝင်ပြကြသည်။ သွေးကတိုးနေပေမယ့် အလွန်အမင်း စိတ်ပူရလောက်တဲ့ အတိုင်းအတာတော့ မဟုတ်။ ဆေးတစ်လုံးတော့ထိုးသည်။ သောက်ဆေးတွေပေးကာ ပြီးသွားပါသည်။

"အန်တီ လမ်းပြနော်၊ ဘယ်နားလဲဆိုတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုးရှေ့မှာ '......'လမ်းဆိုတာလေ၊ လမ်းထိပ်မှာ ဆိုင်းဘုတ်အစိမ်းလေးရှိပါတယ် သား"

"တွေ့ပြီ ... တွေ့ပြီ၊ ဒီနားတစ်ဝိုက်က လူရှုပ်တယ်နော်"

"ဟုတ်တယ် ကိုခေါင်ရယ်၊ ဒီနားမှာ ကျူရှင်တွေလည်းရှိ သင်တန်းတွေလည်း အစုံပဲ၊ ကွန်ပျူတာသင်တန်း၊ အပ်ချုပ်သင်တန်း"

ရှေ့ခန်းမှာ ကိုခေါင်နှင့် ဒေါ်ခင်းစိမ်း။ နောက်ခန်းက ဒေါ်သူဇာက ကိုခေါင့်ကို စကားလှမ်းပြောနေတာပါ။

"သင်တန်းတွေ လွှတ်နေချိန်နဲ့ တိုက်နေလို့ ကိုခေါင်ရေ"

ဒေါ်ခင်းစိမ်းက စကားသံကို ဂရုမပြုမိဘဲ ဒီလမ်းကလေးကိုသာ ဂရုပြုမိနေပါသည်။ ဟိုကောင်မလေးရဲ့အလုပ်ခွင်ရှိတဲ့လမ်းပဲလေ။

လမ်းထဲဘက် ကိုခေါင်က ကားကိုအကွေ့ ဒေါ်ခင်းစိမ်းကတော့ လမ်းထိပ်ရဲ့ဟိုတစ်ဖက်က ဘတ်စ်ကားမှတ်တိုင်လေးဆီ အမှတ်တမဲ့ လှမ်းငေးကြည့်မိသည်။

ဒီအချိန်ဟာ ဒီကောင်မလေး အလုပ်ဆင်းချိန်လည်းဖြစ်တာလေ။ ဘတ်စ်ကားဂိတ်မှာလည်း လူတွေကျပ်နေ၍ ကောင်မလေးရှိတယ် မရှိဘူး ဒေါ်ခင်းစိမ်း သေချာမမြင်ရနိုင်ပါ၊

"ဟာ"





ကိုခေါင်ရဲ့ အလန့်တကြားအော်သံကြောင့် ဒေါ်ခင်းစိမ်းက ခေါင်းကိုဘယ်ဘက်လည်ပြီးမှတ်တိုင်ဘက် ကြည့်နေရာမှ ဒီဘက်ဖျတ်ခနဲ လှည့်ကြည့်လိုက်ပါသည်။

"ပြဿနာပဲကွာ"

ကိုခေါင်က ကားမှန်ကို တစ်ဝက်ချကာ ခေါင်းထွက်ကြည့်လိုက်ရင်းပြောသည်။

"ဘာလို့လဲ ကိုခေါင်"

"ဝင်တိုးမိသွားပြီ၊ လဲသွားပြီထင်တယ်၊ နေဦး ကားရပ်လိုက်မှ"

ကိုခေါင်က ကားကို ချက်ချင်းရပ်လိုက်ပါသည်။ ကိုခေါင့်ဘက် ကားထိပ်ဦးနှင့်တိုးတိုက်မိပုံရကာ ဒေါ်ခင်းစိမ်းက မြင်တောင်မမြင်လိုက်မိပါ။ ကိုခေါင့်ဘက်က ကားတံခါးကိုဖွင့်ကာ ကိုခေါင်က ဆင်းလိုက်ပြီး လမ်းပေါ်လဲနေပုံပေါ်တဲ့သူကို ကုန်း၍တွဲထူလိုက်တဲ့အခါ ဒေါ်ခင်းစိမ်းက ကားပေါ်ကဆင်းပြီး ကူညီရကောင်းမလား စဉ်းစားနေဆဲ ထူသူရော လဲသူပါ မတ်မတ်ရပ်လာတဲ့အခါ ကားတံခါးဖွင့်ဖို့ ပြင်နေတဲ့ ဒေါ်ခင်းစိမ်းရဲ့လက်တို့ ရပ်တန့်သွားရပါသည်။

ကိုခေါင့် ပရာဒိုကားက မှန်မည်းရောင်အပြည့်။ ဒေါ်ခင်းစိမ်းက အပြင်ကိုမြင်နေရပြီး အပြင်ကနေ အထဲကိုမြင်ဖို့ မလွယ်။ ကိုခေါင့်ဘက် ကားမှန်ကို တစ်ဝက်ချထားသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးက ကားထဲလှမ်းငုံ့မကြည့်သလို ဒေါင်းစိမ်းကို မမြင်ပါ။ ဒေါင်းစိမ်းကတော့ မြင်လည်းမြင် ကြားလည်းကြား။

“နာသွားလား ညီမ၊ ဘာဖြစ်သွားသေးလဲ”

“ဟုတ် ... ရပါတယ်”

“ခြေထောက်နာသွားတယ်ထင်တယ်”

“ဟုတ်ကဲ့ ... နည်းနည်း”

“ဆေးခန်းသွားလိုက်မလား ညီမ”

“ရပါတယ်”

“နည်းနည်းခြေထောက်ကြည့်ပါဦး”

နွယ်ပင်က ခြေထောက်စမ်းထောက်ကြည့်ကာ ကားရှင်လူရည်သန့်ကို မသိမသာ တစ်ချက်ခိုးကြည့်မိသည်။ တကယ်တော့ ကားဘက်ကို နွယ်ပင်က တိုးဝင်မိတာပါ။ ဖြစ်ပုံက နွယ်ပင်က လမ်းထိပ်ကို ထွက်နေရာက ကိုင်ဆွဲထားတဲ့ထမင်းဘူး ရေဘူးခြင်းထဲက အပေါ်ယံတင်ထားတဲ့ လက်သုတ်ပဝါလေးက ပြုတ်ကျကျန်ခဲ့သည်။

နောက်က ကောင်မလေးတွေက “အစ်မ ... လက်သုတ်ပဝါကျခဲ့ပြီ ... အစ်မ ... အစ်မ”နှင့် လှမ်းခေါ်သံကြားတော့ ရုတ်တရက် လှည့်ကြည့်ကာ အပြေးပြန်လှမ်းကောက်လိုက်တာ။ ကောက်ယူပြီး ကိုယ်ပြန်မတ်ကာ ပြန်လှည့်အထွက် ကားလာနေတဲ့အပြင်ဘက်ကို လူကိုလှည့်ထွက်လိုက်မိကာ ဖြည်းဖြည်းလေး





အရှိန်မျှနှင့် လာနေတဲ့ကားကို ကိုယ်တိုင်က သတိမမူဘဲ တိုးတိုက်မိပြီး လဲပြိုသွားတာပါ။

“နာတယ်မဟုတ်လား ညီမ”

“ဟုတ်ကဲ့ ... နည်းနည်း ...”

“ညီမ တစ်ယောက်တည်းလား၊ အဖော်ပါလား”

“မပါဘူးရှင့်”

“ဘာနဲ့ ပြန်မှာလဲ”

“ဟို ... ဒီနေ့ ဟို ... အိမ်ကကား လာမကြိုဘူးလား မသိဘူး”

ဒေါင်းစိမ်းက ကြားရတဲ့စကားတွေကို နားထောင်ရင်း ကောင်မလေးအဖြေကို အံ့အားသင့်သွားပါသည်။ ဪ ... သူက ဒီလိုဖြေသကိုး။ ဘတ်စ်ကားနဲ့ ... လို့ ရိုးရိုးလေး ဘာကြောင့် မဖြေရပါသနည်း နွယ်ပင်ဆိုတဲ့ မိန်းကလေးရေ။

“ဒါဖြင့် လာပါ၊ အစ်ကို့ကားနဲ့ပဲ လိုက်ခဲ့လိုက်ပါ၊ ဆေးခန်းအရင်ဝင်ပြလိုက်တာပေါ့”

နွယ်ပင်က ခေါင်းထဲမှာ အတွေးတွေ တလျှပ်လျှပ် ပြေးအောင်ပင် ကမန်းကတန်း စဉ်းစားလိုက်ပါသည်။ ချောမောသန့်ပြန့်တဲ့ရုပ်ရည်နှင့် သူဌေးသားမှန်းသိသာနေတဲ့ အဆင်အပြင်နှင့် ပရာဒိုကား။ သို့ပေမဲ့ ဒီလို တစ်ယောက်တည်း တက်လိုက်သွားလို့ ကောင်းပါ့မလား၊ အညာလွယ်လွန်းရာကျမလား။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် စက်သတ်မထားတဲ့ ကားရဲ့နောက်ခန်းမှန်ကို နောက်ခန်းက ဒေါ်သူဇာက ခလုတ်နှိပ်ပြီး လျှောခနဲဖွင့်လိုက်ပါသည်။ မင်းခေါင်မိုးက ဒေါ်သူဇာဘက် ငဲ့ကြည့်လိုက်ရင်း ...

"အမျိုးသမီးဖော်လည်း ပါပါတယ် ညီမ၊ လာပါ ... ကားပေါ်တက်လိုက်ပါ၊ အဆစ်တွေ ဘာတွေ ရောင်သွားမှာ၊ အကြောထိသွားမှာ စိုးရတယ်လေ၊ ဆေးခန်းဝင်ပြပြီး အိမ်အထိ လိုက်ပို့ပေးပါ့မယ်"

"ရပါတယ် အားနာတယ်"

"ဩော် ... အားမနာပါနဲ့၊ ကျွန်တော့်ကားနဲ့ ထိမိတာပဲဟာ"

"ဒါပေမဲ့ အစ်ကို့အပြစ် မဟုတ်ပါဘူး၊ နွယ်ပင့် အပြစ်ပါ၊ မကြည့်ဘဲ လှည့်ထွက်လိုက်မိတာပါ"

"ဘာပဲဖြစ်ဖြစ်ပါ၊ လာ ... တက်ပါ ညီမ"

ဒေါ်သူဇာကလည်း ကားတွင်းမှ ပြုံးပြကာ ...

"လာ ... သမီး၊ ဒီဘက်ကပဲတက်လိုက်"

တံခါးကို အတွင်းမှ အသင့်ဖွင့်ပေးထားလိုက်ပါသည်။ ဟိုဘက်ကိုလည်း တိုးရွှေ့ထိုင်ပေးလိုက်ပါသည်။ နွယ်ပင်က လိုက်ပါသွားဖို့ ဆုံးဖြတ်ကာ ကားနောက်ခန်းကိုတက်ဖို့ ခြေထောက်ထော့နဲ့နင့်ပင် လျှောက်သွားလိုက်ပါသည်၊ တကယ်တော့ ခြေမျက်စိနားက နည်းနည်းပါးပါးတော့ နာသလို မျက်သလိုရှိပေမယ့် ဆိုးဆိုးဝါးဝါးတော့ မဖြစ်နိုင်တာ ကိုယ့်ဘာသာသိပါသည်။





"ကျွန်တော့်ကို ခြင်းပေး"

"ရပါတယ်ရှင့်"

"အားမနာပါနဲ့ဗျာ ... ပေးပါ"

နွယ်ပင့် လက်ထဲက ထမင်းချိုင့်ခြင်းလေးက မင်းခေါင်မိုးလက်ထဲ ပါသွားရကာ နွယ်ပင်က ကားပေါ်တက်လိုက်ပါသည်။ ပြီးမှ မင်းခေါင်မိုးက ခြင်းကို နွယ်ပင့်ကိုကျော်ကာ ဒေါ်သူဇာနှင့် နှစ်ယောက်ကြားသို့ ချထားပေးလိုက်သည်။ ထို့နောက် တံခါးကိုပိတ်ပေးကာ ရှေ့ခန်းသို့ ပြန်တက်ထိုင်ပြီး ကားမောင်းထွက်လာခဲ့ပါသည်။

"ကဲ ... အန်တီ၊ ဟိုဘက်ထိပ် အိမ်ရောက်ရင် မဆင်းနဲ့ဦးဗျာ ရလား"

"ရပါတယ် ကိုခေါင်၊ အန်တီ သက်သာနေပါပြီ၊ ကောင်းနေပြီ"

"ဒီညီမ မိန်းမဖော်ပါအောင် ဆေးခန်းထိ လိုက်ခဲ့ပေးပါဦးနော်၊ ဒါဆို ဆေးခန်းအပြန်လည်း ဒီညီမ ပြန်ပို့ပြီးမှ အန်တီ့ကို ဒီပြန်ပို့ရင်ရလား"

"ရပါတယ် ကိုခေါင်ရဲ့၊ အန်တီ ကောင်းနေပါပြီ၊ ဘာမှမဖြစ်တော့ပါဘူး"

အရမ်းမြင်ဖူးနေတဲ့ အန်တီကြီးကို နွယ်ပင်ကလှည့်ကြည့်စူးစမ်းကာ ပြုံးပြတာ ကိုမင်းခေါင်မိုးက နောက်ကြည့်မှန်မှ ကြည့်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



“ညီမ ဒီအန်တီကို မမြင်ဖူးဘူးလား”

“ဟုတ်ကဲ့ ... မြင်ဖူးတယ်”

“ဘယ်သူလဲ မသိဘူးလား”

နှယ်ပင်သည် ရှေ့ခန်းမှာ လူတစ်ယောက် အပိုပါတာ ခုမှတွေ့ပြီး ဖျတ်ခနဲ ကြည့်လိုက်မိသော်လည်း မျက်နှာကိုတော့ မမြင်ရ။ သူက ဟိုဘက်ကို မျက်နှာစောင်းလှည့်ထားတာကြောင့်လည်းပါသည်။

“ဟင် ... မသိဘူးလား”

“အဟင်း ... ဟို ... ဗီဒီယိုတွေ ရုပ်ရှင်တွေထဲကလား များလား မသိဘူး”

“အဟင်းဟင်း ... ဟုတ်တာပေါ့ ညီမရဲ့၊ ဒေါ်သူဇာလေ”

“သြော် ... အဲဒါကြောင့် အန်တီ့ကို အရမ်းတွေ့ဖူးတာပဲလို့ သမီး ထင်နေတာ၊ ပထမ ကိုယ့်အသိမိတ်ဆွေလားတောင် ထင်လိုက်မိတာ၊ အန်တီက ချောတယ်နော်”

“ဟင်း ဟင်း ဟင်း ... သမီးလေးကလည်း ချောချောလေး နာမည်ဘယ်လိုခေါ်လဲ သမီး”

“နှယ်ပင်ပျိုပါ အန်တီ”

“ဟင် ... နာမည်လေးက ချစ်စရာကောင်းလိုက်တာ၊ လူလေးနဲ့ လိုက်ပါရဲ့”

“ဟုတ် ... ကျေးဇူးတင်ပါတယ် အန်တီ”





“ညီမ ဒီလမ်းထဲမှာ ဘာလာလုပ်တာလဲ၊ လူတွေလည်း ထွက်လာကြတာ အများကြီးပဲနော်”

“ဒီလမ်းထဲမှာ သင်တန်းတွေ အိမ်တွင်းစက်မှုလုပ်ငန်းတွေ အများကြီး၊ သမီးက အလုပ်ဆင်းတာလား ဒီနားမှာ”

“ဟို ... ဟိုဟာပါ၊ သင် ... သင်တန်းတက်တာပါ”

“ဘာသင်တန်းလဲ သမီး၊ အန်တီက ဒီလမ်းထဲ ဟိုဘက် ထိပ်နား နေတာလေ”

“ဟို ... Dream Land ဖက်ရှင်သင်တန်းကျောင်းမှာပါ”

တကယ်တော့ Dream land မှာ ဖက်ရှင်ဒီဇိုင်းသင်တန်းလည်း ရှိသလို ဝတ်စုံတွေ လက်ခံချုပ်လုပ်တဲ့ ဆိုင်ကြီးလည်း ဖွင့်ထားတာပါ။ နှယ်ပင်က အပ်ချုပ်ဆိုင်ဘက်မှာ အလုပ်လုပ်သော လခစားဝန်ထမ်းပင်။ အပ်ချုပ်ဆိုင်ဝန်ထမ်းအဖြစ် အသိမခံလိုပဲ ဒီဇိုင်နာသင်တန်း လာတက်နေတဲ့သူလိုသာ ဟန်ဆောင်လိုက်မိတာပါ။

ဟိုးလွန်ခဲ့တဲ့နှစ်များတုန်းကတော့ နှယ်ပင်က ဒီသင်တန်းကျောင်းမှာ တကယ်ပဲ သင်တန်းသူကလေးပေါ့။ ဖေဖေရှိစဉ် ဘဝကလည်း ရွှေရောင်တောက်ပစဉ်ကလေ။ သင်တန်းခအတော်အတန် ဈေးကြီးကြီးကိုပေးပြီး သူကိုယ်တိုင် ဒီဇိုင်နာတစ်ယောက်ဖြစ်ဖို့ ရည်မှန်းချက်နှင့် သင်တန်းလာတက်နေခဲ့စဉ်က



www.burmeseclassic.com

www.burmeseclassic.com



နွယ်ပင်ရဲ့တက်ကြွမှု ယုံကြည်မျှော်လင့်ချက် ထက်သန်မှု ပျော်ရွှင်လွတ်လပ်မှုတို့ဟာ လွမ်းဆွတ်ဖို့ကောင်းအောင် တခမ်းတနားရှိခဲ့တာပါ။

အခုက ကိုယ်တိုင်သီးသန့်ဒီဇိုင်နာအဖြစ်လည်း မရပ်တည်နိုင်၊ ကိုယ်သင်တန်းတက်ခဲ့ဖူးတဲ့ ဆိုင်မှာပဲ ဝန်ထမ်းအဖြစ်ပြန်လည်အလုပ်ဝင်ရတဲ့အချိန်မှာ အရင်က တက်ကြွထက်သန်မှု၊ အရင်ကယုံကြည်ချက်၊ အရင်ကပျော်ရွှင်လန်းဆန်းမှုမျိုးတွေ နွယ်ပင့်ရင်မှာ မတောက်ပ မလင်းလက်တော့။

သင်တန်းသူဘဝနှင့် ဝန်ထမ်းဘဝက မတူဘူးလေ။ သင်တန်းသူဆိုတာ ကိုယ်က ပိုက်ဆံပေးပြီး သူတို့ပညာရပ်ကို လာယူတာ။ ဝန်ထမ်းကတော့ ကိုယ်ကလုပ်ခပိုက်ဆံယူပြီး သူတို့ပေးတဲ့တာဝန် ယူရတာမဟုတ်လား။

ရင်တွင်းခံစားချက်လည်းမတူ။ မိမိဦးခေါင်းကို ထားပုံထားနည်း မတ်ပုံမတ်နည်း၊ မျက်လုံးကြည့်ပုံကြည့်နည်း စကားပြောလေယူလေသိမ်းတို့ကအစ ခြားနားကွာဟလေသည်ပဲ။

"ဩော် ... ညီမက ဒီဇိုင်နာသင်တန်း တက်နေတာလား"

"ဟုတ်ကဲ့"

"ဝါသနာပါတယ်ပေါ့နော်"

"ဟုတ်ကဲ့ အစ်ကို"



"အဲဒီသင်တန်းကျောင်းကလည်း အခု အရမ်းအောင်မြင်လာတော့ သင်တန်းကြေး အရမ်းဈေးကြီးတယ် ကိုခေါင်ရဲ့၊ ဟိုးအရင်လေးငါးနှစ်ကတောင် သင်တန်းခတွေက ဒီလောက်မရှိဘူး၊ အခု အရမ်းများတာ၊ နာမည်ကြီးကျောင်းပဲ"

"ဒါပေါ့ အန်တီရယ်၊ ခေတ်က ခုလို ဖက်ရှင်ခေတ် ဒီဇိုင်နာခေတ် ဖြစ်လာပြီပဲ၊ မိန်းကလေးတွေက ဘယ်ဆိုင်မှာချုပ်တယ်ဆိုတာထက် ဘယ်ဒီဇိုင်နာဆီမှာ ချုပ်တယ်ဆိုတာမျိုး ပိုဂုဏ်ယူလာတဲ့ခေတ်မျိုး ဖြစ်လာတာကိုး၊ ဒီသင်တန်းတွေ ကောင်းပါတယ်"

ခေါင်းစိမ်းက ဧက်ကိုလိမ်ကာ ပြတင်းပေါက်ဘက်လှည့်ထားရင်း စကားတွေကိုသာ နားထောင်နေမိပါသည်။ သူသည် ပြုံးပဲပြုံးချင်သလိုလို မကျေမချမ်းဘဲ ဖြစ်သလိုလို ခံစားနေရပါသည်။

တကယ်ဆို "ဒီဆိုင်မှာ အလုပ်လုပ်တယ်၊ အခု ဘတ်စ်ကားနဲ့ ပြန်မလို့" ဒီလိုပြောဖို့ဟာ ဘယ်လောက်များ ဂုဏ်ငယ်တဲ့ကိစ္စမို့လို့လဲ။ ဘာမှမဖြစ်ပါဘူး။ ဘာကြောင့်များ ဒီသင်တန်းကျောင်းလာတက်နေသော အိမ်ကကားလာကြိုမည့် မိန်းကလေးအသွင် ဟန်ဆောင်လိုက်ရတာလဲ။ ဒီလိုဟန်ဆောင်လို့ ဘယ်လောက်များ ဂုဏ်တွေပိုရှိသွားတာမို့လဲ။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုကောင်မလေးပါလိမ့်၊ အိမ်မှာကားလည်းရှိတာမဟုတ်။ သူ့အမေကဖြင့် ဦးထူးဆီမှာ အကြွေးတွေနဲ့။ ဒေါင်းစိမ်းသည် နှယ်ပင်ဆိုတဲ့ ကောင်မလေးကို တစ်ဝက်သနားပြီး တဝက်အမြင်ကတ်နေပါသည်။

"ဒေါင်းစိမ်းရေ"

"ဗျာ"

"ငါ ဟိုမှာပါကင်ထိုးချင်လို့၊ မင်း ရှေ့ကဆိုက်ကားကို ဆင်းပြီး နည်းနည်းဘေးရွှေ့ပေးဖို့ ပြောပေးပါဦးကွာ၊ နေရာတွေ ကျန်နေသေးတာ"

"ဟုတ်ကဲ့"

ဆေးခန်းရှေ့ရောက်လာတာမို့ ကိုခေါင်က ကားပါကင်ထိုးဖို့ ဒေါင်းစိမ်းကို ဆင်းပြောခိုင်းတဲ့အခါ နှယ်ပင့်မျက်လုံးလေးက ဝိုင်းစက်သွားပါသည်။ ဒေါင်းစိမ်းတဲ့။ ကားပေါ်က ဖျတ်ခနဲဆင်းသွားတဲ့ ဒေါင်းစိမ်းကို ကားရှေ့မှန်ချပ်မှ ထွင်းဖောက်မြင်နေရတဲ့အခါ နှယ်ပင့်မျက်နှာလေး နီမြန်းကာ ရက်သွေးဖြန်းခနဲ ထူပူသွားရပါသည်။

ကြည့်စမ်း ...။ သူ ဟန်ဆောင်ပြီး ဖြီးနေတာတွေ ဒေါင်းစိမ်း အကုန်ကြားပြီပေါ့။ ကိုယ်က သူတို့ဆီမှာ အကြွေးတွေနှင့်မို့ ပိုပြီးအရှက်ကွဲသလို ခံစားရသည်။ မျက်နှာကို ဘယ်လိုထားရမည်ပင် မသိတော့။





"လာ ညီမ ဆင်းလေ၊ ဆရာဝန်ဆီ ပြလိုက်ရအောင်"

မင်းခေါင်မိုး ဖွင့်ပေးလိုက်တဲ့ ကားတံခါးမှဆင်းပြီး ဆေးခန်းဆီအလျှောက် ဒေါင်းစိမ်းဘက်သို့ နှယ်ပင်က မျက်လုံးလေးမွေပြီး ခိုးကြည့်လိုက်ပါသည်။ ဒေါင်းစိမ်းက သူ့ကို ရှုတည်တည်ကြည့်နေတာ မြင်ရတဲ့အခါ ကမန်းကတန်း အကြည့်ကိုလွှဲပစ်လိုက်ရပါသည်။

❤ ✧ ❤



www.burmeseclassic.com

www.burmeseclassic.com



၁

နွယ်ပင် လျှောက်လာတာမြင်လျှင် ဒေါင်းစိမ်းက မှတ်တိုင်ကခုံကလေးမှာ ထိုင်နေရာက ထရပ်လိုက်ပါသည်။ သူ ထရပ်လိုက်တာကြောင့်ပင် နွယ်ပင်က သူ့ကိုမြင်သွားကာ မျက်နှာကလေးတင်းသွားပြီး တစ်ဖက်လှည့်ကာ ခပ်တောင့်တောင့်လေး ရပ်နေပါသည်။

ဒေါင်းစိမ်းက နွယ်ပင့်နား လျှောက်သွားလိုက်ပြီး ...

"ကား လာမကြိုဘူးလား"

"........."

နွယ်ပင်က တစ်ဖက်ကို သိသိသာသာ လှည့်သွားပါသည်။

"ဟင် ... မင်းအိမ်ကကား လာမကြိုဘူးလား"

"ဒီမှာ ... ရှင် ဘာတွေ လာပြောနေတာလဲ"





"သြော် ... ဟိုတစ်နေ့က မင်းက ကားလာမကြိုဘူးပြောလို့ ဒီနေ့ရော လာမကြိုဘူးလားလို့ မေးတာပါ၊ ဘာဖြစ်လို့လဲ"

"ကိုယ့်ဟာကိုယ်နေပါ၊ ရှင် ကျွန်မနဲ့ စကားလက်ဆုံလာ ကျစရာ အကြောင်းကိုမရှိဘူး"

"ဘာဖြစ်လို့ မရှိရမှာလဲ"

"ဘာဖြစ်လို့ရော ရှိရမှာလဲ"

"ဟာ ... ရှိတာပေါ့"

"ဘာမှမရှိဘူး"

"ခိုင်ခိုင်မာမာကို ရှိတယ်၊ မင်းဆီက တောင်းထားတဲ့ အကြွေးမပြောနဲ့ အတိုးငွေတောင် ပေးစရာမပြည့်သေးဘူး၊ ငါက အလကားလာနေတယ်များ ထင်နေလား၊ ငါ့တာဝန်က ဒီပိုက်ဆံရအောင် တောင်းဖို့ရှိနေလို့ လာနေတယ်ဆိုတာ မင်း နားမလည်ဘူးလား"

ချာခနဲ ဒေါင်းစိမ်းကို လှည့်ကြည့်လိုက်သော နွယ်ပင့် မျက်လုံးများတွင် မျက်ရည်လည်စို့နေပါသည်။

"ပထမနေ့က ကျွန်မ ထုတ်လာတဲ့ လခထဲက ပေးနိုင်သမျှ အစွမ်းကုန် နှစ်သိန်းပေးလိုက်ပြီးပြီ၊ နောက်နှစ်ရက်ခြားလာတော့ ကျွန်မ Bank account ထဲမှာ စုထားတဲ့ထဲက ဘဝ မပျက်အောင် ကျန်သင့်သလောက်ချန်ပြီး ကျွန်မ နှစ်သိန်း ထပ်ထုတ်ပေးပြီးပြီ ...



www.burmeseclassic.com

www.burmeseclassic.com



ပေးစရာရှိတာမှန်တယ်၊ ဒါပေမဲ့ ယူတာ ကျွန်မအမေ၊ ပေးဆပ်ရတာက ကျွန်မ၊ ကျွန်မလည်း အတိုင်းအတာတစ်ခုထက် ပိုဆပ်မပေးနိုင်ဘူး ဆိုတာလောက်တော့ နားလည်မှုရှိပေးသင့်တယ်၊ ကျွန်မတို့ တစ်လလုံး ထမင်းစားရဦးမယ်၊ သုံးစွဲစရာရှိတာတွေ သုံးစွဲရဦးမယ် ...

မရှိဘဲနဲ့ ဘာကို ဘယ်လိုပေးမလဲ ဆိုတာလောက်တော့ ကိုယ်ချင်းစာပြီး ရှင်တို့ တွေးကြည့်ဦး"

အံလေးကြိတ်ပြီး တုန်တုန်ခိုက်ခိုက်အသံလေးနှင့် တစ်လုံးချင်းပြောရင်း ပြောရင်း မျက်နှာနီရဲကာ မျက်ရည်တွေပြွတ်ကျတော့မလို ဖြစ်လာသော နွယ်ပင့်ကို ဒေါင်းစိမ်းက စူးစိုက်ကြည့်နေမိရင်း ရင်ထဲမှာ တစ်မျိုးကြီးဖြစ်သွားရပါသည်။

ကိုယ်တိုင်က မိဘမဲ့ကာ ဘဝကို မျက်နှာငယ်ငယ်နှင့် ဖြစ်သလို ကျင်လည်ရုန်းကန်နေရတဲ့သူမို့ အမေတစ်ယောက်ရှိသော်လည်း အားကိုးအားထားတော့ မဖြစ်ဘဲ ဒီအမေရဲ့ဒုက္ခကိုပါ ပေးဆပ်နေရပြီး အရွယ်လေး ရုပ်လေးနှင့်မမျှ ရုန်းကန်ရပ်တည်နေရတဲ့ နွယ်ပင့်ကို အထူးကြင်နာသနားကရုဏာ သက်သွားမိရပါသည်။

"ရှင်တို့တွေးကြည့်ဦးဆိုတော့ ငါက မင်းကို အကျပ်ကိုင်လာတောင်းနေတာ ငါ့အကျိုးစီးပွားလို ဖြစ်နေတယ်၊





ငါက ဝန်ထမ်းပါ နွယ်ပင်ပျို၊ ဦးထူးရဲ့ အလုပ်သမား၊ သူခိုင်းတာလုပ်ရတဲ့သူလေ၊ သူက ပိုက်ဆံသွားတောင်းဆိုရင် ငါ သွားတောင်းရတယ်၊ သူက ကားသွားပြလိုက်ဆိုရင် ငါ သွားပြရတယ်၊ သူက ဒီပစ္စည်းဟိုပို့ ဟိုပစ္စည်းဒီပို့ဆိုရင် ငါပို့ရတယ်၊ အဲဒါ ငါ့တာဝန်ပါ၊ ငါဆောင်ရွက်ရတဲ့အလုပ်ပါ"

နွယ်ပင်က မျက်တောင်ပုတ်ခတ်ကာ မျက်ရည်သိမ်းရင်း ...

"ဒါတွေ သိပါတယ်၊ ကျွန်မကိုလည်း နားလည်မှုပေးဖို့ ပြောနေတာ"

"နားလည်မှုက ငါကပေးလို့ရတာ မဟုတ်ဘူး၊ ငါဘယ်လောက်နားလည်မှုပေးပေး ဦးထူး နားလည်မှုမပေးရင် ဘာမှ အကြောင်းမထူးဘူး"

"........"

နွယ်ပင်က သက်ပြင်းကြီးတရှိက်နှင့် မျက်ရည်မကျအောင် ထိန်းနေပါသည်။

"ဒီမှာ"

"ဘာလဲ"

"ဟိုနားမှာ ကော်ဖီဆိုင်လေးတွေ့လား"



www.burmeseclassic.com

www.burmeseclassic.com



"တွေ့သားပဲ၊ ဘာဖြစ်လဲ"

"ကော်ဖီသွားသောက်ရအောင်"

"မသောက်ချင်ဘူး"

"ကော်ဖီမသောက်ချင်ရင် တီးသောက်"

"ဩော် ... ဘာမှကို မသောက်ချင်တာရှင့်"

"အဓိက,က သောက်ဖို့မဟုတ်ဘူး၊ ဆိုင်မှာထိုင်ဖို့ပါ"

"ဘာကိစ္စ ထိုင်ရမှာလဲ"

"မင်းနဲ့ စကားပြောချင်တယ်"

"ဘာပြောမှာလဲ၊ ဘာမှပြောစရာအကြောင်းမရှိတာ"

"ပြောစရာရှိတယ်၊ ထိုင်ပြောမှရမယ်၊ မတ်တတ်ကြီးပြောနေရင် ပြောရင်းတန်းလန်းကနေ မင်းလဲကျသွားမှာ စိုးလို့"

"ဘာရယ်"

"မင်း စိတ်နိုင်နိုင်ထားပြီး နားထောင်မှရမှာ"

"ဟင်"

နွယ်ပင်သည် မျက်လုံးကြီးများ ဝိုင်းစက်ကာ ဒေါင်းစိမ်းကို ပြူးကြောင်စိုက်ကြည့်နေရှာပါသည်။ ဒေါင်းစိမ်းက နွယ်ပင့်မျက်လုံးများရှေ့ လက်တစ်ဖက်နှင့် ယင်ခတ်လိုက်ရင်း ...

"ခုတောင် သတိလစ်သွားပြီလား"

"ရင်ထိတ်လိုက်တာရှင်၊ ကျွန်မကို နောက်ပြီး ခြောက်လှန့်နေတာတော့ မဟုတ်ပါဘူးနော်"





"မင်းကို ငါကနောက်လို့ ဘာအကျိုးရှိတာမို့လဲ၊ နောက်ပြောင်နေရအောင် သူငယ်ချင်းတွေလည်း မဟုတ်ဘူး၊ ကဲ ... လိုက်ထိုင်မှာလား ဘယ်လိုလဲ"

"ထိုင်ရတော့မှာပေါ့ရှင့်"

"ဒါဆို လာ"

ဒေါင်းစိမ်းက ရှေ့က ခပ်သွက်သွက် ထွက်သွား၍ နွယ်ပင်လည်း နောက်က ခပ်သွက်သွက် လိုက်ရပါတော့သည်။ ဆိုင်ထဲမှာ ထိုင်မိကာ ကော်ဖီနှစ်ခွက်မှာပြီးလျှင် ဒေါင်းစိမ်းက နွယ်ပင့်မျက်နှာကို ကရုဏာသက်သလို ကြည့်မိသည်။ ကြည့်ရင်းက ဟိုတစ်နေ့ကအကြောင်း ပြန်စဉ်းစားမိကာ ...

"နေပါဦး ... မင်းက ဟိုတစ်နေ့က ကိုခေါင့်ကို ဘာကိစ္စ ညာပြောရတာလဲ"

နွယ်ပင်က ဒေါင်းစိမ်းကို မျက်စောင်းထိုးလိုက်ရင်း ...

"ရှင်နဲ့ ဘာဆိုင်လဲ"

"မဆိုင်တော့ မဆိုင်ပါဘူး၊ ငါ့ရှေ့ပြောနေတော့ ငါတောင်မျက်နှာပူတယ်၊ မင်းရော မပူဘူးလား"

"ရှင်ရှိမှန်းမှ မသိတာ"

"မင်း ဘာလို့ညာတာလဲ၊ ငါစဉ်းစားမရလို့ပါ၊ ဘာမှလဲ အကြောင်းထူးရှိတာ မဟုတ်ဘဲနဲ့၊ မင်း အဲဒီဆိုင်မှာအလုပ်လုပ်တယ်ဆိုတာနဲ့ သင်တန်းတက်တယ်ဆိုတာ သင်တန်း



www.burmeseclassic.com

www.burmeseclassic.com



တက်တာက ဘယ်လောက်ပိုပြီး ဂုဏ်ရှိသွားလို့လဲ၊ အလုပ်လုပ်နေတယ်ဆိုတာကမှ ကိုယ့်အလုပ်အကိုင်နဲ့ ကိုယ်ဝင်ငွေရှာနေတာ ပိုတောင်ဂုဏ်ရှိသေးတယ် မဟုတ်လား”

“.........”

“ဘတ်စ်ကားနဲ့ ပြန်မှာကိုလည်း ဘတ်စ်ကားနဲ့ပေါ့ ဘာဖြစ်လဲ၊ ဘာဖြစ်လို့ အိမ်ကကား လာကြိုမယ် ဖြစ်ရတာလဲ”

“.........”

“မင်းနဲ့ သူနဲ့လည်း သူစိမ်းပဲ၊ ဂုဏ်မငယ်အောင် ပြိုင်ဆိုင်နေရတဲ့လူချင်းမှ မဟုတ်တာ”

“သူက သူဌေးမို့ပေါ့”

“ဟင် ... သူ သူဌေးဖြစ်တော့ ဘာဖြစ်လို့လဲ”

“သူဌေးတစ်ယောက်ရှေ့မှာ ဆင်းရဲသား မဖြစ်ချင်လို့ပေါ့”

“ဟင်”

ဒေါင်းစိမ်းက အံ့သြသွားပြီးမှ တကိကိ ရယ်နေလိုက်မိပါသည်။ နွယ်ပင့် ပြောပုံကလေးကို အသည်းလည်းယားကာ အရယ်အပြုံးနည်းလှတဲ့ သူ့အတွက်မရယ်ဘဲမနေနိုင်အောင် ခံစားလိုက်ရတာပါ။

“ကဲပါ ... ရှင်ပြောစရာရှိတာ မြန်မြန်ပြော၊ မှောင်သွားလိမ့်မယ်”

“မင်း နောက်ထပ်လိုတဲ့နှစ်သိန်းကို လုံးဝမပေးနိုင်ဘူးလား”





နွယ်ပင်က ဒေါသဖြစ်သွားကာ ...

“ရှင်ပြောမှာ ဒါလား”

“နေပါဦး ... ဒါက သိချင်လို့ မေးတာပါ”

“မပေးနိုင်ဘူးရှင်၊ လုံးဝမပေးနိုင်တာ”

ဒေါင်းစိမ်းက ခေါင်းတညိတ်ညိတ်လုပ်နေရင်းက ရုတ်တရက် ပေါ်လာသော ဆုံးဖြတ်ချက်နှင့်ပင် ...

“ငါ စိုက်ပေးလိုက်ရမလား”

“.........”

ဒေါင်းစိမ်းက နွယ်ပင့်ကိုမကြည့်ဘဲ ပြောလိုက်ပြီး နွယ်ပင် တိတ်နေ၍ ဖျတ်ခနဲ လှမ်းကြည့်လိုက်လျှင် နွယ်ပင်က သူ့ကို စူးစိုက်ကြည့်နေတာနှင့်ဆုံသည်။

“ငါ စိုက်ပေးလိုက်ရမလားလို့ မေးနေတယ်”

“ရှင်က စိုက်ပေးနိုင်လို့လား”

“ခဏာပေါ့၊ မင်း ပြန်တော့ပေးရမှာပေါ့၊ ငါလည်း သူဌေးမှ မဟုတ်တာ”

“.........”

“ဒါပေမဲ့ မင်း ဒီအတွက်တော့ အတိုးမတက်ဘူးပေါ့”

“ဘယ်တော့ ပြန်ပေးရမှာလဲ”

“မင်းပေးနိုင်တဲ့ အချိန်ပေါ့၊ နည်းနည်းချင်း ဥပမာ ငါးသောင်းတစ်ခါ အဲလိုပေးလို့လည်း ရတာပဲ”



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... အဲလိုဆိုရင် ကျွန်မ ပြန်ပေးမယ်၊ ရှင်စိုက်ထားလိုက်ပေါ့၊ ရှင်နဲ့ကျွန်မက ရင်းနှီးခင်မင်တာလည်းမဟုတ်ဘဲ အဲလိုရှင်စိုက်ပေးတာကို လက်ခံတယ်ဆိုတာ မကောင်းတော့ မကောင်းလှဘူး၊ ဒါပေမဲ့ ဦးထူးက သိပ်ကြွေးပုံနေရင် ကျွန်မလည်း တခြားဘာမှ မတတ်နိုင်တော့လို့ပါ"

"အင်း ..."

"တကယ်တော့ ကျွန်မ ရှင့်ကို ဟန်ကိုယ့်ဖို့လုပ်ပြီး ခပ်တင်းတင်း ပြန်ပြောနေပေမယ့် တကယ်တမ်း ရှင့်ကိုတွေ့လိုက်ရင် ကျွန်မ မျက်နှာလည်းပူတယ်၊ ကြွေးမပေးတဲ့ အတိုးမပေးတဲ့သူအဖြစ် ရှက်လည်းရှက်ပါတယ်၊ ကျွန်မ ဟန်ဆောင်ပြီး တင်းထားတာပါ ဒေါင်းစိမ်း"

"မင်းက အလကားနေ ဟန်ဆောင်နေတာပဲ"

"မိန်းမဆိုတာ ဟန်ဆောင်သင့် ဆောင်ရမှာပေါ့၊ သိပ်ဟာလာဟင်းလင်း အစင်းသားကြီး ခင်းပြထားလို့တော့ ဘယ်ဖြစ်မလဲ"

"မဟုတ်သေးပါဘူးလေ"

"ကဲပါ ... ရှင် ပြောမှာ ဒါပဲလား"

"မဟုတ်ဘူး"

"ပြောလေ ... အဲဒါဆို"

"မင်းအမေ"





"အင်း ... မေမေ ဘာဖြစ်လဲ"

"မင်း စိတ်ခိုင်ခိုင်ထားနော်"

"........."

"မင်းအမေက ဦးထူးဆီမှာ မင်းတို့အိမ်ဂရံ ပေးထားတယ်၊ အဲဒါက ဟိုသိန်းသုံးဆယ်နဲ့မဆိုင်ဘဲ နောက်ထပ်ကြွေးတစ်ခု၊ ဦးထူးက ဟိုသိန်းသုံးဆယ်အတွက်ပါ ကာမိအောင် အိမ်ဂရံ ပေါင်ထားခိုင်းတာ၊ အဲဒီအတွက်က မင်းအမေအတိုးပေးစရာ မလိုဘဲ အတိုးတွေက ချေးငွေရင်းထဲမှာ ပေါင်းပေါင်းဝင်နေတယ်"

"ရှင်"

နွယ်ပင်သည် ပါးစပ်လေး အဟောင်းသား ဟသွားရပါသည်။

"မင်းအမေက တခြားတော့ စဉ်းစားစရာ မရဘူး၊ ငါထင်တာတော့ တရားမဝင်ထီတွေ ကစားနေတယ် ထင်တာပဲ၊ မင်း သိလား"

နွယ်ပင်က ခပ်လေးလေး ခေါင်းညိတ်လိုက်ပါသည်။ သူ သိပါသည်၊ မေမေ အဲဒီထီတွေ အလွန်ထိုးနေတာ။ ပထမတစ်ခါ နွယ်ပင် အလေးအနက် အပြင်းအထန် သတိပေးစဉ်ကတော့ သူ့မှာ ကြွေးတွေရှိလို့ ကြွေးတွေဆပ်နိုင်အောင် ပေါက်နိုးနိုးနှင့် ထိုးနေဖြစ်တာလို့ ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီကနေ တစ်စတစ်စ ဖွဲလမ်းသွားပုံရပါသည်။ မထိုးရမနေနိုင် ဖြစ်နေပုံပါ။ နွယ်ပင်ကတော့ သူပေးတဲ့အိမ်စရိတ်ထဲက လောက်ငရုံလေး ပိုလျှံတာလေးနှင့် ဆက်ထိုးနေ ကစားနေတယ်မှတ်တာပါ။ အမေဖြစ်တော့လည်း အမိန့်အာဏာနှင့် ပြောဆိုလို့မရပြန်ပါ။

မေမေကလည်း ခေါင်းမာမာနှင့် ထင်ရာလုပ်တတ်တဲ့စရိုက်ရှင်ပင်။

"ပထမတော့ ကြွေးကနည်းနည်း၊ အတိုးမပေးနိုင်တာကနေ တိုးရင်းတွေဖြစ်၊ ဒါကိုဆပ်ဖို့ များများတစ်သုတ်ထပ်ချေး၊ အဲဒီတည်းက ရှေ့ကဟာကိုဆပ်၊ ကြွေးရင်းတွေများ၊ အဲလိုအလွယ်ယူတာက ဦးထူးဆီမှာ အတိုးသိပ်ကြီးတော့ ဦးထူးက အတိုးတွေမပေးနိုင်တဲ့တူတူ အတိုးနည်းချင်ရင် ပစ္စည်းတစ်ခုခု အပေါင်ထားဆိုတော့ မင်းအမေက အခုသိန်းသုံးဆယ်လောက်နဲ့ အိမ်ဂရံကြီး အပေါင်ထားတယ်၊ ကျန်တာလည်း တခြားအပေါင်ထားစရာပစ္စည်း မရှိဘူးနဲ့ တူပါတယ်လေ"

"ရက်စက်လိုက်တာ ... ရက်စက်လိုက်တာ"

နွယ်ပင်သည် တိုးတိုးကလေးညည်းကာ ရင်နာနာနှင့် မျက်ရည်တွေ မထိန်းနိုင်တော့ဘဲ တပေါက်ပေါက် ပြုတ်ကျ





လာပါတော့သည်။ မျက်ခွံ နှာသီးဖျားတွေ နီရဲကာ ကျိတ်၍ကျိတ်၍ ကိုယ်လေးသိမ့်သိမ့်တုန်အောင် အောင့်အည်းငိုနေသော နွယ်ပင်ကိုကြည့်ရင်းကြည့်ရင်းက မကြည့်နိုင်တော့၍ ဒေါင်းစိမ်းက မျက်နှာလွှဲထားလိုက်ပါသည်။

ခေါင်းထဲမှာလည်း ဒီကောင်မလေးကို ဘယ်လိုကူညီကယ်တင်ရမလဲ စဉ်းစားနေမိပါသည်။ ခဏအကြာတွင် ...

"တစ်ခုပဲရှိတယ်၊ မင်း ဒီဂရံကို ပြန်ရွေးယူသင့်တယ်၊ နို့မို့ ငွေတွေ ဒီထက်တက်လာလေ ရွေးရခက်လေ ဖြစ်လိမ့်မယ်"

"ကျွန်မမှာ ရွေးစရာငွေမှ မရှိတာ"

"ငါ တောင်းပန်ပြီး ပြောပေးကြည့်မယ်၊ အဲဒါဆိုရင်တော့ မင်းတို့ အဲဒီအိမ်ရောင်းမှ ဖြစ်တော့မှာ၊ ရောင်းပြီးတာနဲ့ ဒီငွေကိုဆပ်မှ၊ နို့မို့ရင် ကြာလေမရွေးနိုင်လေ မဖြစ်စလောက်ငွေနဲ့ အိမ်ပေါင်ဆုံးလိမ့်မယ်၊ တခြားမှာ တစ်နေရာပြန်ရှာဝယ်နေပေါ့၊ ခြံနဲ့ ဝင်းနဲ့ မဟုတ်တောင် ခုနေဆိုတိုက်ခန်းစာလေးတော့ ငွေပိုကောင်းကောင်းထွက်လာဦးမှာ၊ ကြာရင် အရမ်းအခြေအနေ ဆိုးသွားမှာ၊ ငါစေတနာနဲ့ပြောပြတာပါ၊ ဦးထူးကတော့ မရွေးနိုင်လေ ကြိုက်လေပေါ့၊ ငါ တောင်းပန်ကြည့်ရမှာ"



www.burmeseclassic.com

www.burmeseclassic.com



နွယ်ပင်က ဒေါင်းစိမ်းကို မျက်ရည်စိုလက်သော မျက်လုံးကြီးများနှင့်ကြည့်ရင်း ...

"ကျေးဇူးပါပဲ ဒေါင်းစိမ်း"

❤ ✧ ❤





## ၆

"နွယ်ပင် သွားလိုက် ကားယူသွား၊ နှင်းသီရိညိုက အခု ဒီလိပ်စာက ရှုတင်ရိုက်ကွင်းမှာရှိနေတယ်၊ ဖုန်းတော့လှမ်းဆက်ထားပြီးပြီ၊ အခုက ပွဲအစီအစဉ်လေး သူ့ကိုသေချာ ရှင်းပြ ပြောပြဖို့ပဲ၊ နွယ်ပင်က အဆင်ပြေအောင် စကားပြောတတ်ပါတယ်"

"ဟုတ်ကဲ့ မမခိုင်"

နွယ်ပင့် အလုပ်ရှင် မမခိုင်နှင့် အခြားဒီဇိုင်နာသုံးဦးပေါင်းကာ ဒီဇိုင်နာ လေးဦးတို့ရဲ့ ဖက်ရှင်ရှိုးပြပွဲကြီးတစ်ခု ခမ်းခမ်းနားနား ကျင်းပရန် စီစဉ်နေတာ ဖြစ်ပါသည်။ နွယ်ပင့်အလုပ်ရှင် ဒီဇိုင်နာ ခိုင်မမကိုဟာ အနုပညာအသိုင်းအဝိုင်းမှာလည်း တော်တော်ကြီး ဝင်ဆန့်နာမည်ရနေပြီး ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အခု စီစဉ်သည့် ရှိုးပွဲအတွက် ကိုယ့်မော်ဒယ် ကိုယ်ရှာဖွေစီစဉ်ရမှာဖြစ်ကာ တစ်ဦးစီအတွက် မော်ဒယ် ခုနစ်ဦး ရှစ်ဦး လိုအပ်သည်။ ကိုယ့်ဝတ်စုံတွေ ဝတ်ဆင်လျှောက်ပေးဖို့ မော်ဒယ်တစ်ချို့ကို ဆက်သွယ်ကမ်းလှမ်းနေရတာ ဖြစ်ပါသည်။

မနေ့ကတော့ မော်ဒယ်လ်သုံးဦးကို ဆက်သွယ်ကာ ကမ်းလှမ်းပြောဆိုပြီးပါပြီ။ ပွဲက တစ်လခွဲလောက် လိုသေးပေမယ့် ထိုရက်ပေါ်အတွက် ကြိုကြိုတင်တင် ရက်ချိတ်ထားရတာပါ။ ဒီနေ့ သွားရမယ့် နှင်းသီရိညိုကတော့ မော်ဒယ်သီးသန့်မဟုတ်ဘဲ ဗီဒီယိုတချို့မှာလည်း သရုပ်ဆောင်သူဖြစ်၍ သူ့ကိုတော့ ဒီနေ့ သူရှိနေတဲ့ရှုတင်ကို လိုက်သွားပြီး ဆက်သွယ်စကားပြောရမှာပါ။

"သေချာပြောခဲ့နော်၊ အဆင်ပြေရင် ဒီမှာ တစ်ရက်နှစ်ရက် အတွင်း ကိုယ်လာတိုင်းဖို့ လိုတယ်ဆိုတာလည်း တစ်ခါ တည်း ပြောပြပြီး ချိန်းခဲ့နော်"

"ဟုတ်ကဲ့ မမခိုင်"

"ဦးအေးမောင် ခေါ်ပြီး ခုပဲသွားလိုက်တော့"

"ဟုတ်ကဲ့"

နွယ်ပင်က အိတ်လေးကောက်လွယ်ကာ ခြံထဲဆင်း လာခဲ့ရင်း ...

"ဦးအေးမောင်ရေ ... ဒီလိပ်စာကို သွားရအောင်"





"အေး ... အေး"

ဦးအေးမောင် မောင်းသော မမခိုင်ရဲ့ မာ့ခ်တူးကား နောက်ခန်းက လိုက်ပါလာရင်း နွယ်ပင်က အတွေးလေးတွေ တဝေဝေနှင့် ငေးငေးလေး ပါလာပါသည်။ ဒီတစ်လခွဲအတွင်းက အင်မတန်ကို အလုပ်ရှုပ်တော့မှာပင်။

တော်လည်းတော် အရည်အချင်းလည်းရှိ လက်ရာ လက်သားလည်း အင်မတန် သေသပ်ကောင်းမွန်သော နွယ်ပင့်ကို မမခိုင်က ချုပ်လုပ်ရေးပိုင်းမှာဈေးအရောင်လို အပြင်ကိစ္စတွေ စီစဉ် ဆောင်ရွက်ရာမှာပါ အားကိုးအားထား ခိုင်းတတ်ပြီပါ။

ရှုတင်ခြံထဲရောက်လာလျှင် လောလောဆယ်မှာ ရိုက် ကူးရေးရှိနေတာမို့ နွယ်ပင်က နေရာလွတ်တစ်ခုမှာ ကားရပ်ပြီး ကားကိုမှီရပ်ကာ အဲဝေးက စောင့်ကြည့်နေပါသည်။ အဲဒီအချိန် မှာ နွယ်ပင့်အာရုံထဲ မှတ်မိနေသော ပရာဒိုကားတစ်စီးက ရှုတင် ခြံထဲ ဝင်ရောက်လာပြီး နွယ်ပင်တို့ကားနံဘေး ယှဉ်ရပ်လိုက်ပါ သည်။

ကားပေါ်ကဆင်းလာသော မင်းခေါင်မိုးက နွယ်ပင့် ကို ပြုံးပြလိုက်ရင်း ...

"နွယ်ပင်ပျိုနော်"

"ဟုတ်"



www.burmeseclassic.com

www.burmeseclassic.com



“ခြေထောက် ကောင်းသွားပြီလား”

“ဟုတ်ကဲ့ ... နောက်တစ်နေ့ကတည်းကပဲ အရှင်းပျောက်သွားပါပြီရှင့်”

“တော်ပါသေးရဲ့ဗျာ၊ ကျွန်တော် သတိတောင်ရနေသေးတယ်၊ ခြေထောက်သက်သာရဲ့လား မသိဘူးလို့”

“ဘာမှမဖြစ်တော့ပါဘူး”

“နွယ်ပင်ဖြူ ဒီကို ဘာလာလုပ်ပါလိမ့်၊ ဒီအိမ်က အသိအိမ်လား”

“မဟုတ်ပါဘူး”

“ဒါဖြင့် ...”

“နွယ်ပင် နှင်းသီရိညိုကို လာတွေ့တာပါ”

“သြော် ... သူငယ်ချင်းတွေ ထင်တယ်”

“မဟုတ်ပါဘူး ကိုမင်းခေါင်မိုး”

“ကိုခေါင် ခေါ်ရင် လုံလောက်ပါတယ်ဗျာ၊ အားလုံးက ကိုခေါင်ပဲ ခေါ်ကြပါတယ်”

“ဟုတ်ကဲ့ ကိုခေါင်၊ သူငယ်ချင်း မဟုတ်ပါဘူး”

“ဒါဖြင့် ကိစ္စရှိလို့ပေါ့၊ စောင့်နေတာ ကြာပြီလား၊ ခေါ်ပေးရမလား”

“ရပါတယ် ကိုခေါင်၊ သူ့ရိုက်ကူးရေးရပ်မှ စကားပြောပါမယ်၊ ဟို ... နွယ်ပင်တို့ သင်တန်းကျောင်းက ဒီဇိုင်နာ





မမနိုင်က နောက်လကုန်လုပ်မယ့် ဒီဇိုင်နာရှိုးမှာ ပွဲလျှောက်ပေးဖို့ နှင်းသီရိညိုကို ဖိတ်ချင်လို့ပါ၊ အဲဒီကိစ္စ သူနဲ့ပြောစရာလေးရှိလို့ပါ”

“သြော်”

မင်းခေါင်မိုးက ခေါင်းတညိတ်ညိတ်လုပ်ရင်း ...

“ဒါဖြင့် နွယ်ပင်ဖြူ အိမ်ပေါ်မှာ တက်ထိုင်ပါလား၊ ကားနားမှာ မတ်တတ်ကြီး”

“ရပါတယ် ... မထိုင်တော့ပါဘူး”

“လာပါ ... ထိုင်ပါ နွယ်ပင်ဖြူ၊ ဒါ ကျွန်တော့်မိတ်ဆွေတွေအိမ်ပါပဲ၊ အားနာစရာ မရှိပါဘူး၊ လာပါ ကျွန်တော်လည်း အိမ်ပေါ်မှာ ခဏထိုင်စောင့်မှာ၊ ဒါရိုက်တာနဲ့အလုပ်စကားလေး ပြောစရာရှိလို့လေ၊ သူတို့ ရိုက်ကူးရေးပြီးအောင် စောင့်ရဦးမှာပါ”

“.........”

“လာပါ ... လာ”

နောက်ဆုံးတော့ နွယ်ပင်သည် မင်းခေါင်မိုး ဦးဆောင်ခေါ်သွားရာ အိမ်ရဲ့ဧည့်ခန်းဆီ လိုက်ပါခဲ့ရပါသည်။ မင်းခေါင်မိုးက အိမ်က အန်တီတစ်ယောက်နှင့် နှုတ်ဆက်စကား ပြောဆိုနေပြီး ခဏအကြာ နွယ်ပင်တို့နှစ်ယောက်အတွက် ကော်ဖီနှင့်မုန့် လာချပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အန်တီ လုပ်စရာရှိတာ လုပ်ပါ၊ ဧည့်ခံနေရမယ့်သူတွေမှ မဟုတ်တာ"

"ဒါဆို အန်တီ မီးဖိုထဲ ခဏလုပ်စရာရှိတာလေး လုပ်လိုက်ဦးမယ်"

"လုပ်ပါ အန်တီ၊ ကျွန်တော်လည်း ဒီမှာ မိတ်ဆွေတစ်ယောက်နဲ့ စကားပြောစရာလေးရှိလို့"

"အေး ... အေး"

အန်တီကြီးက အိမ်ထဲပြန်ဝင်သွားပါသည်။

"ကော်ဖီသောက်ပါ နွယ်ပင်ပျို"

"ဟုတ်ကဲ့၊ နွယ်ပင်လို့ ခေါ်လို့ရပါတယ်၊ အမြဲ နွယ်ပင်ပဲ သုံးနှုန်းနေဖြစ်တော့ နာမည်ထဲမှာ 'ပျို'ဆိုတာပါတာ တစ်ခါတလေကျ မေ့တောင်နေပါတယ်"

"ဟုတ်ကဲ့ ... နွယ်ပင့်ကို ဟိုတစ်နေ့က ခြံဝထွက်ကြိုတာ နွယ်ပင့် အစမလား"

"ဟုတ်ကဲ့ ... ဟို ... အဲဒီနေ့က အိမ်ထဲဝင်ဖို့တောင် မဖိတ်မိဘူး။ အားနာပါတယ် ကိုခေါင်၊ သားအမိနှစ်ယောက်တည်းဆိုတော့ မေမေကလည်း လူစိမ်းဆိုရင် ရတ်တရက် အကျွမ်းမဝင်တတ်လို့ပါ"

"ဩော် ... ရပါတယ်ဗျာ၊ နွယ်ပင်တို့က သားအမိနှစ်ယောက်တည်းလား၊ အဖေမရှိတော့ဘူးပေါ့"





"ဟုတ်ကဲ့ ... ဖေဖေက ဆုံးသွားပါပြီ"

"နွယ်ပင်က တစ်ဦးတည်းသော သမီးလား"

"ဟုတ်"

"အမေတစ်ခု သမီးတစ်ခု ဖြစ်နေတာပေါ့၊ လိုအပ်တာရှိရင် ဘာပဲဖြစ်ဖြစ် ကျွန်တော့်ကို အကူအညီတောင်းနိုင်ပါတယ်"

"ကျေးဇူးပါပဲ ကိုခေါင်"

"နွယ်ပင့်မေမေက ဘာအလုပ်လုပ်လဲ"

"မေမေက ဘာမှမလုပ်ပါဘူး၊ အိမ်မှာပါပဲ၊ အိမ်ရှင်မပဲပေါ့"

"ဩော်"

မင်းခေါင်မိုးက အဖေမရှိ အမေကလည်း အလုပ်မလုပ် သမီးက ဒီဇိုင်နာသင်တန်း တက်နေတယ်ဆိုတဲ့အတွက် နွယ်ပင်တို့အိမ်ရဲ့ စီးပွားရေးငွေဝင်လမ်းကို စဉ်းစားနေမိပါသည်။ သူတို့ရဲ့ရပ်တည်မှုက ဘယ်လိုပါလိမ့်။ ရှိတာလေး ထုခွဲစားသောက်နေကြတဲ့ သဘောမျိုးပဲ ဖြစ်မှာပေါ့။ ဟိုတစ်နေ့က အိမ့်ကကား လာမကြိုဘူးလည်းပြောတော့ အိမ်မှာ တက္ကစီတွေ ဘာတွေထောင်ထားတဲ့သဘောများလား။ အခုလာတဲ့ကားက ဒရိုင်ဘာနဲ့။ အဲဒါက နွယ်ပင်တို့ကားများလား။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုပင်ဖြစ်ဖြစ်ပါ။ မင်းခေါင်မိုးသည် ပထမဆုံးစတွေ့တဲ့နေ့ကတည်းက နွယ်ပင့်အလှကို မှတ်မှတ်ထင်ထင်ဖြစ်တဲ့အတွက် အေးအေးဆေးဆေးမှ အမှတ်မထင် ခရီးကြုံကြိုက်လို့ လာလည်တာမျိုးရောက်အောင် သွားဦးဖို့ တေးထားခဲ့တာပါ။

ခုတော့ မမျှော်လင့်ဘဲ အမှတ်မထင် တစ်နေရာမှာ တိုက်တိုက်ဆိုင်ဆိုင် လာတွေ့ဆုံနေသည်။

"နွယ်ပင့် ဖုန်းနံပါတ် ရနိုင်မလား"

"အိမ်ဖုန်းပဲရှိတယ်"

"ဟုတ်ကဲ့ ... အိမ်ဖုန်းပဲပေါ့"

"......... ပါ"

နွယ်ပင်က အိမ်ကလိုင်းဖုန်းကို ရွတ်ပြလိုက်ပါသည်။ သို့ပေမဲ့ အဲဒီအိမ်ဖုန်းလိုင်းကို သူ ဘယ်လောက်ကြာကြာမှ ဆက်သွယ်လို့ရတော့မှာ မဟုတ်ဘူးလေ။ အိမ်ကိုရောင်းဖို့ ပြောင်းဖို့ စီစဉ်နေရပြီ မဟုတ်လား။ အိမ်ရောင်းလိုက်ရပြီးရင် ဒီဖုန်းလိုင်းလည်း ပါသွားတော့မှာလေ။

အင်းလေ ... အဲဒီကျတော့လည်း ငွေပိုကလေးနှင့် မိုဘိုင်းလ်ဖုန်းလေး ဘာလေး ဝယ်ကိုင်ရသေးနိုင်တာပေါ့။

"ကျွန်တော့်ဖုန်းလည်း မှတ်ထားပါ၊ တစ်ခုခု အကူအညီလိုရင်ပဲဖြစ်ဖြစ် ကိစ္စရှိရင်ပဲဖြစ်ဖြစ် ကိစ္စမရှိဘဲနဲ့ပဲဖြစ်ဖြစ် အချိန်မရွေး ဖုန်းဆက်နိုင်ပါတယ်ဗျာ"





နွယ်ပင်က မင်းခေါင်မိုး ရွတ်ပြတဲ့ဖုန်းနံပါတ်နှစ်ခုကို ရေးမှတ်ထားလိုက်ပါသည်။

"ကျွန်တော့်ကို ခင်မင်တဲ့မိတ်ဆွေတစ်ယောက်အဖြစ် သတ်မှတ်ပေးနိုင်မလား"

"ကိုခေါင်လို လူတစ်ယောက်ကို မိတ်ဆွေအဖြစ် မသတ်နိုင်စရာ အကြောင်းမရှိပါဘူးရှင်"

"ကျေးဇူးပါပဲဗျာ၊ ဒီလိုဆို ကျွန်တော်အကြောင်းလည်း နွယ်ပင် နည်းနည်းပါးပါး အကျဉ်းသိထားဖို့ လိုမှာပေါ့"

"ဟုတ်ကဲ့ ... သိချင်ပါတယ်"

"ကျွန်တော်က မင်းခေါင်မိုး ရုပ်ရှင်ဗီဒီယိုထုတ်လုပ်ရေး လုပ်ငန်း လုပ်ပါတယ်"

"သြော် ... ဒါကြောင့် ဒီနာမည်ကို နွယ်ပင် ကြားဖူးနားဝရှိနေတာကိုး၊ ဗီဒီယိုအခွေတွေ ဘာတွေ ငှားကြည့်တဲ့အခါ စာတန်းထိုးတာ မြင်ဖူးနေတာကိုး"

"အခု အစ်မဝမ်းကွဲတစ်ယောက်နဲ့လည်း တွဲပြီးတော့ wedding planner လုပ်ငန်းလည်း လုပ်နေပါတယ်၊ ဒါကတော့ အစ်မက ပိုအချိန်ပေးလုပ်တာပေါ့လေ၊ ကျွန်တော့်အဖေကတော့ ပြည်တွင်းမှာပဲ သဘော်စက်လှေတွေထောင်ထားတာပါ၊ ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရေးပေါ့ဗျာ၊ ဖြတ်



www.burmeseclassic.com

www.burmeseclassic.com



ကော့သောင်းဘက်တွေ ခရီးသွားနေရတာ များပါတယ်၊ ဖေဖေက ကျွန်တော့်ကို အဲဒီအလုပ်ထဲပဲပါပြီး မြိတ်ဘက်မှာသွားနေစေချင်တာ၊ ကျွန်တော်က အဲလိုလုပ်ငန်းမျိုးတွေ ဝါသနာလည်း လုံးဝမပါ၊ ရန်ကုန်မှာပဲ နေချင်တာနဲ့ ကိုယ့်အလုပ်လေးတစ်ခု ကိုယ်ခွဲပြီး လုပ်နေတာပါ”

“သြော် ... ဟုတ်ကဲ့”

“ကျွန်တော်တို့ ‘ပြည်တော်အေးရိပ်သာ’မှာ နေပါတယ်၊ ခြံနံပါတ်(...)ပါ”

“ဟုတ်ကဲ့”

ကိုခေါင်ဟာ ဒေါင်းစိမ်းနှင့် ဘယ်လိုပတ်သက်မှုရှိလို့ ကိုခေါင့်ကားပေါ် ဒေါင်းစိမ်း ပါလာတာပါလိမ့်။ ဟိုတစ်နေ့ကလည်း ကိုခေါင့်ရှေ့မှာ ဒေါင်းစိမ်းရော နွယ်ပင်ရော တစ်ယောက်နှင့်တစ်ယောက် မသိဟန်ဆောင်နေကြတာဆိုတော့ မေးကြည့်ဖို့ရာ မဖြစ်နိုင်ပေ။

ကိုခေါင်က ဒေါင်းစိမ်းကို ကားရပ်ဖို့ ဆိုက်ကားဆင်းဖယ်ခိုင်းပုံကို ထောက်ရင်တော့ တပည့်လက်သားပုံစံမျိုးပင်။ ဒေါင်းစိမ်းက ဦးထူးရဲ့ဝန်ထမ်းအလုပ်သမားလို့လည်း သိထားရသည်။ ကိုခေါင့်အဖေကလည်း ကိုခေါင်ပြောပုံအရ မြိတ်ဘက်မှာ စက်လှေတွေ ဘာတွေ လုပ်တယ်ဆိုတော့ ဦးထူးမဖြစ်နိုင်။





ဒေါင်းစိမ်းအပြောအရ ဦးထူးဟာ လုပ်ငန်းကြီးကြီးမားမား ဘာမှမလုပ်ဘူး ဆိုသည်မဟုတ်လား။

“နွယ်ပင် ကျွန်တော်တို့အိမ်ကို အချိန်မရွေး လာလည်ဝင်ထွက်နိုင်ပါတယ်”

“ဟုတ်ကဲ့”

“ကျွန်တော့်ကိုရော တစ်ခါတစ်ရံ လာလည်ခွင့်ပြုနိုင်မလား”

“အဲဒါက”

“နွယ်ပင့်မေမေက မကြိုက်ဘူးလား”

“အဲလိုတော့ မဟုတ်ပါဘူး၊ နွယ်ပင်တို့ မကြာခင် အိမ်ပြောင်းဖို့လည်း ရှိလို့ပါ”

“ဟုတ်လား ... အကူအညီလိုရင် ကျွန်တော့်ကိုပြောလေ၊ အိမ်ပြောင်းသွားရင်လည်း လိပ်စာအသစ်ပေးပါဦးနော်”

“ဟုတ်ကဲ့ပါ၊ ပေးပါ့မယ်”

“အိမ်က တွေ့ပြီလား”

“ရှာနေတုန်းပါ”

“ဘယ်နားမှာ ရှာနေလဲ နွယ်ပင်၊ ကျွန်တော်လည်းကောင်းကောင်းမွန်မွန် ဈေးသင့်သင့်လေးရအောင် ကူစုံစမ်းပေးမယ်လေ”

အဲလိုတော့မဖြစ်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါင်းစိမ်းနှင့် တိုက်ခန်းတွေ လိုက်ကြည့်ဖို့ ချိန်းထားသော နွယ်ပင်သည် ဒေါင်းစိမ်းကိုတော့ စိတ်က ရှက်လည်းမရှက်။ လျှို့ဝှက်စရာလည်းမရှိ။ ဒီအိမ်ရောင်းလို့ ငွေဘယ်လောက်ထွက်မှာ၊ ဘယ်လောက်ပဲ ပြန်သုံးချင်တာ၊ တတ်နိုင်တာ မတတ်နိုင်တာတွေအတွက် ဒေါင်းစိမ်းနှင့် ပွင့်ပွင့်လင်းလင်း တိုင်ပင်ဖို့ ဝန်မလေး မရှက်ရွံ့ပေမယ့် ကိုခေါင့်ကိုတော့ ရှက်ပေသည်။

သူက သူ့ဒွေးပီပီ အိမ်ခန်းကောင်းတွေ ရှာဖွေနေမှာပေါ့။ အဲသလောက် မတတ်နိုင်ဘူးဆိုတဲ့ စကားမျိုး ကိုခေါင့်ကိုကျတော့ နွယ်ပင်က မပြောချင်ပေ။ ကိုခေါင့်အမြင်၌ ချို့ချို့ငဲ့ငဲ့ နိမ့်နိမ့်ပါးပါး မပြည့်မစုံ အခြေအနေမျိုး အမြင်ခံရမှာကို ဝန်လေးနေမိပါသည်။

"ရပါတယ် ကိုခေါင်၊ ပွဲစားကိုပဲ အပ်ထားပါတယ်၊ အဆင်ပြေပါလိမ့်မယ်၊ ကိစ္စမရှိပါဘူး"

"ကျွန်တော်က နွယ်ပင့်ကိစ္စ ကူညီချင်လို့ပါ၊ အမေကလည်း အိမ်မှာပဲနေတဲ့ အမေဆိုတော့ ကြည့်ရတာ ဒီကိစ္စ နွယ်ပင်ပဲ လှုပ်ရှားနေရမယ် ထင်လို့ပါ"

"ဟုတ်ကဲ့ ... သူငယ်ချင်းတချို့လည်း ကူညီပါတယ် ကိုခေါင်၊ ကိစ္စမရှိပါဘူး၊ ကျေးဇူးတင်ပါတယ်"

"ကောင်းပါပြီဗျာ၊ လိုအပ်ရင် အချိန်မရွေးပြောပါ နွယ်ပင်"

"ဟုတ်ကဲ့"





ခဏအကြာမှာ ရှုတင်ခဏနားပြီး တန်းဖြုတ်လိုက်တဲ့အတွက် အိမ်ပေါ်တက်လာကြသော အဖွဲ့မှ ဒါရိုက်တာနှင့် ကိုခေါင်က စကားပြောဖို့ ထသွားလိုက်ရသလို နွယ်ပင်ကလည်း နှင်းသီရိညိုထံသွားကာ ဖက်ရှင်ရှိုးကိစ္စ စကားပြောဆိုရပါသည်။

နွယ်ပင်တို့ စကားပြော ဆွေးနွေးရတာက သိပ်မကြာလှ။ နွယ်ပင့်ကိစ္စက အရင်ပြီးသွားတဲ့အတွက် မင်းခေါင်မိုးကို သွားတော့မယ့်အကြောင်း ခပ်လှမ်းလှမ်းမှပဲ နှုတ်ဆက်ကာ နွယ်ပင်က ပြန်လာခဲ့ပါသည်။

အပြန်လမ်းတစ်လျှောက်မှာတော့ မင်းခေါင်မိုးနှင့် ပြောခဲ့တဲ့ စကားတွေကို ပြန်စဉ်းစားကြည့်ရင်း ကားပေါ်မှာ ငြိမ်သက်စွာ ပါလာပါသည်။

❤ ✧ ❤



www.burmeseclassic.com

www.burmeseclassic.com



## ❋ ၇ ❋

အခန်းတံခါးကိုဖွင့်ကာ ဝင်လိုက်သည်နှင့် အောက်သက်သက်မှိုနံ့က ထောင်းခနဲ မီးမွှန်ကာ အသက်ရှူပင်မှားသွားရပါသည်။

"အကျယ်ကြီးပဲ တွေ့လား"

ပွဲစားရဲ့စကားကြောင့် နွယ်ပင်က စိတ်အနှောင့်အယှက် ဖြစ်သွားရပါသည်။ အကျယ်ကြီးပဲတဲ့။ ဘယ်မှာကျယ်လို့လဲ။ ဆယ့်နှစ်ပေခွဲလို့ ပြောပေမယ့် ဆားနံ့ရံ့တို့ လှော်ကားခွင်တို့ နတ်လိုက်တော့ ဝင်ဝင်ချင်း ညှော်ခန်းလိုနေရာက ကိုးပေလောက်မှသာရှိမှာ။

သူ ကျယ်တယ်ပြောတာက အခန်းက နောက်ကို ဒလဟော အပွင့်ကြီးမို့လို့ပင်။ အခန်းဖွဲ့မထားတော့ မြင်ကွင်းရှင်းကာ ကျယ်သယောင်ယောင်လို ဖြစ်နေပေမယ့် အခန်းမဖွဲ့ဘဲ





ဒီလို တိုးလျှိုပေါက်ကြီးနေလို့မှ မရတာ။ အခန်းဖွဲ့လိုက်ရင် အိမ်နောက်ဘက်ထိဝင်ဖို့ နေရာလေးကပင် လမ်းကျဉ်းကလေးသာကျန်မှာ။

ကန့်ထရိုက်တိုက်ဆိုတာတော့ ဒီလိုသာ ဖြစ်နေပေမယ့် လုံးချင်းအိမ်လေးနှင့်သာ တစ်သက်လုံး နေဖူးခဲ့တဲ့ နွယ်ပင့်အဖို့ ကန့်ထရိုက်တိုက်ခန်းလေးတွေက ကျဉ်းကျပ်အသက်ရှူမဝစရာဖြစ်နေသည်။ မေမေသာဆို ပိုဆိုးမည်။ ပြီးတော့ မေမေကရင်ကျပ်တတ်တဲ့သူလည်း ဖြစ်နေသေးသည်လေ။

"မီးဖိုလေးကလည်း သပ်သပ်ရပ်ရပ်နဲ့၊ ဒါက ရေချိုးခန်းအိမ်သာ"

မီးဖိုကလည်း ဘယ်မှာသပ်ရပ်လို့လဲ။ မီးဖိုခုံကို ကြွေပြားပေါက်စနလေးတွေ ကပ်ထားတာသာရှိသည်။ အရင်နေသွားတဲ့လူတွေက ညစ်တီညစ်ပတ် နေတတ်ပုံပင်။ ကြွေတွေ အစွန်းအထင်းတွေ အပုံအရွဲ့တွေနှင့် ဖြစ်ချင်သလို ဖြစ်နေသည်။ မီးပလပ်ခုံတွေကလည်း နံရံမှာ ဖြစ်ကတတ်ဆန်း ကပ်ရိုက်ထားရာက ပြုတ်ကျရွဲ့စောင်းလို့။ ခလုတ်တွေ မည်းညစ်အက်ကြေပြီး မသပ်မရပ်နှင့်။

နံရံတွေမှာ ကြွေတွေ အစွန်းအကွက်တွေ ခဲတံခြစ်ရာတွေ ပုံတွေ ကပ်ထားတာကကပ်ထား၊ ကွာတဲ့နေရာက နံရံဆေးပါပဲ့ကွာ။ အုတ်နံရံထဲ သံရိုက်ထည့်ထားတဲ့ နေရာတွေလည်း



www.burmeseclassic.com

www.burmeseclassic.com



ရှိ။ ဘာအတွက် ကြိုးချည်တန်းခဲ့သလဲ မသိနိုင်ဘဲ လျှော်ကြိုး အဝါအနီတွေ ဆောင့်ဆွဲဖြုတ်ပြုတ်ထား၍ အစတွေ အနတွေဖွာကာ တိုးလိုးတန်းလန်း။

နံရံဆေးတွေကလည်းပျက်။ သမံတလင်းအခင်း သက်သက်နှင့် လျှာထိုး၊ ပါကေးခင်းထားတာမျိုးလည်း မပါ။ ဖယောင်းပုဆိုးခင်းရင်တောင် သမံတလင်းအခင်းရဲ့ ကျိုးအက်ချိုင့်ခွက်တွေကို အရင်ဖို့ရဦးမည်။

အဆိုးဆုံးက တစ်ဖက်သာပါသော ဘေးပြတင်းပေါက်ရဲ့ တရုတ်ကပ်မှန်ချပ်လေးတွေကို ဖွင့်လိုက်ရင် ဟိုဘက်အိမ်ရဲ့တိုက်နံရံနှင့် တစ်ထွာလောက်သာ ကွာတော့တဲ့အတွက် ဘာလေဝင်လေထွက်မှမရ။ အိမ်ရှေ့ဝရန်တာဘက်နှင့် နောက်ဖေးဘက်ကဝင်တဲ့လေနှင့် အလင်းရောင်သာရှိပါသည်။ အခန်းတွေ ဖွဲ့လိုက်လို့ကတော့ ဤလေဝင်လေထွက်ဟာလည်း အားကိုးစရာမရှိပါ။

"ဘယ်လိုလဲ ညီမ၊ ပါးပါးပဲ လျှော့နိုင်မယ်"

ပါးပါးပဲတဲ့။ ထူထူကြီး လျှော့ချမယ် ဆိုရင်တောင်မှ ဒီအခန်းမျိုးမှာ နွယ်ပင်တို့သားအမိ နေနိုင်လိမ့်မည်မထင်ပါ။

ဒေါင်းစိမ်းက နွယ်ပင့်ကို လှမ်းကြည့်ပါသည်။ နွယ်ပင်က အနားမှာရှိနေသော ပွဲစားကို အားနာကာ နှုတ်ဆိတ်နေသည်။





"တိုင်ပင်ဦးလေ"

ပွဲစားအစ်မကြီးက ဒေါင်းစိမ်းနှင့် နွယ်ပင် နှစ်ယောက်လုံးကိုကြည့်ကာပြောသည်။ ငြိမ်သက်နေတဲ့ နှစ်ယောက်သားကို အကဲခတ်ရင်း ...

"လက်ထပ်ပြီးပြီလား"

"ရှင်"

"ခင်ဗျာ"

"ဪ ... ခုမှ လက်ထပ်ကြမှာလား၊ အိမ်ထောင်ကျပြီးသားလားလို့ပါ"

ဒေါင်းစိမ်းက မှုန်တေတေနှင့် ...

"ဘာမှမဟုတ်ပါဘူး၊ ကျွန်တော်တို့က မိတ်ဆွေတွေပါ"

"ဪ ... အဲလိုလား ... ဆောရီး ... ဆောရီး"

နွယ်ပင်က ရှုပ်ပုပ် မှုန်တေတေ ဖြစ်နေတဲ့ ဒေါင်းစိမ်းကို မျက်စောင်းတစ်ချက် ထိုးလိုက်မိပါသည်။ သူကပဲ ဒီလိုအထင်ခံရတာ တော်တော်နစ်နာနေတဲ့ပုံပါလား။ မိန်းကလေးက မျက်နှာမပျက်နေနိုင်ပြီး ယောကျာ်းလေးလုပ်သူက မကျေမချမ်း မျက်နှာပျက်နေရသေးသည်။

အံ့ပါရဲ့။

"ကဲ ... မကြိုက်ဘူး မဟုတ်လား"

www.burmeseclassic.com



ဒေါ်င်းစိမ်းက လှမ်းမေးလိုက်၍ ...

"အင်း"

"ဘာအင်းလဲ"

"မကြိုက်ဘူးလေ"

"အစ်မ ... မကြိုက်ဘူးဗျ"

ပွဲစားမျက်နှာက မကျေနပ်သလို ချက်ချင်းပြောင်းသွားရင်း ...

"ဘာကိုမကြိုက်တာလဲ"

"ဗျာ ... ဘာကိုမကြိုက်တာလဲ၊ တစ်ခုချင်း ပြောနေရဦးမှာလားဗျ၊ မကြိုက်ဘူးဆိုတာ ခြုံငုံပြီး မကြိုက်တာပေါ့"

"ဒီဈေးမျိုးနဲ့ကတော့ ဒီလောက်ပဲလေ"

"ဒီဈေးနဲ့ကို မတန်တာပါဗျာ"

"ဒါကတော့ လိုချင်ရင် ဆစ်ကြည့်ပေါ့"

"လိုမှမလိုချင်တာဗျ"

"မင်းပဲရှာခိုင်းတော့ ကန်ထရိုက်တိုက်ခန်းဆို"

"ကန်ထရိုက်တိုက်ထဲမှာလည်း တူတူတန်တန် အခန်းလေးတွေရှိပါတယ်ဗျာ၊ ခုဟာကတော့ ရွဲလွန်းတယ်၊ ကန်ထရိုက်တိုက်သစ်ဆို တော်သေးတယ်"

"တိုက်သစ်တော့ ဒီဈေးနဲ့ ဘယ်ရမလဲ"





"အစ်မကို ဒီဈေးပဲလို့မှ ပြောမထားတာ၊ ကန်ထရိုက်တိုက်ထဲက နှစ်ယောက်နေဖို့ အလောတော် သပ်သပ်ရပ်ရပ်လေးလို့ပဲ ပြောတာပါ"

"ဒါ နှစ်ယောက်နေဖို့ အနေတော်ပဲလေ၊ သပ်ရပ်ဖို့ကတော့ ကိုယ့်လက်ထဲရောက်မှ စိတ်ကြိုက်ပြုပြင်ယူပေါ့"

ဒေါ်င်းစိမ်းက အိမ်တံခါးဝဘက် ပြန်လျှောက်ထွက်သွားပါသည်။ နွယ်ပင်ကသာ ပွဲစားအစ်မကြီးကို မျက်နှာပူပူနှင့် ...

"ဟို ... ဒီအခန်းတော့ မယူဖြစ်ပါဘူး အစ်မ၊ ကျေးဇူးပါပဲ"

"........"

အစ်မကြီးက စကားပင်မပြန်။

"အစ်မကို ဘယ်ကိုပြန်ပို့ပေးရမလဲဟင်"

"ရတယ်၊ ဒီနားပဲနေတာ"

"ဟုတ်ကဲ့၊ ဒါဖြင့် သွားလိုက်ဦးမယ်နော် အစ်မ"

"အင်းလေ၊ ထပ်ကြည့်ချင်သေးရင် နောက်ရက်ဖုန်းဆက်လိုက်ပေါ့၊ ထပ်မေးထား ရှာထားကြည့်မယ်"

ဒေါ်င်းစိမ်းနှင့် နွယ်ပင် လှေကားမှ ခပ်သွက်သွက်ဆင်းခဲ့ကြပါသည်။ ထို့နောက် ဒေါ်င်းစိမ်း ယူလာတဲ့ ဂျစ်ကားလေးပေါ် နှစ်ယောက်တက်ကာ ကားမောင်းထွက်လာကြပါသည်။

"စမ်းချောင်းပွဲစားနဲ့ ကြည့်ဦးမယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်ရမှာပေါ့ တစ်ပတ်မှာ ဒီတစ်ရက်ပဲ အားတာကို"

"ပွဲစားတွေကလည်း ဘာတွေလျှောက်ပြမှန်း မသိဘူး၊ လိုချင်တဲ့အနေအထား ပြောပြသားနဲ့ သူတို့လက်ထဲရှိတာတွေပဲ အတင်းထိုးထည့်ပြနေတယ်"

"အင်းလေ ... ခုထိ တစ်ခုမှကို အဆင်မပြေသေးဘူး"

"မင်းကလည်း အလကားနေရင်း ကြေးအရမ်းမများနဲ့"

"ဟင် ... ဘယ်မှာကြေးများလို့လဲ၊ အခုကြည့်ပြီးသမျှတွေ ရှင်ရော ကြိုက်နိုင်လို့လား၊ ဘယ်လိုမှ အဆင်မပြေနိုင်လို့ မယူတာ ကြေးများတာမှ မဟုတ်တာကို"

နွယ်ပင်က ဒေါင်းစိမ်းကို မျက်စောင်းလှည့်ရွယ်ရင်း ...

"ဘာလဲ ... ရှင်က လိုက်ပြရတာ လိုက်ကူညီရတာ စိတ်မရှည်တဲ့သဘောလား၊ အဲဒါဆို ရပါတယ်၊ ဘာမှမကူညီပေးနဲ့တော့၊ ကျွန်မဘာသာကျွန်မ ရှာနိုင်တယ်၊ ရှင့်အကူအညီ မယူဘူး၊ မယူဆို အခုပဲ ကားပေါ်ကဆင်းမယ်၊ ရပ်ပေး"

"ကျွတ်"

ဒေါင်းစိမ်းမျက်နှာက မှန်တေပုပ်သိုးသွားရင်း ...

"အပြောအဆိုလေးတွေက တော်တော်ချစ်ဖို့ ကောင်းတာပဲနော်"

"ဘာရှင့်"





"ကူညီချင်စရာပဲလို့"

"အဲဒါကြောင့် မကူညီနဲ့တော့လို့ ပြောနေတာလေ"

"ငါက ကူညီချင်စရာလို့ ပြောနေတာလေ"

"အဲဒါ ရှင် ရွဲ့ပြောနေတာပဲဥစ္စာ"

"ကဲ ... ငြင်းခုန်ရန်ဖြစ်နေတာ အကျိုးမရှိဘူး၊ ဟုတ်ပြီလား၊ စိတ်ကို ရှည်ရှည်ထား၊ ကြည့်စရာရှိတာကြည့်"

"စိတ်ကိုရှည်ရှည်ထားရမှာက ရှင်"

"ရော ... တော်တော်ခက်တဲ့ ကောင်မလေးပဲ"

နွယ်ပင်က မျက်နှာကို ခပ်တင်းတင်း စူပုပ်ပုပ်လုပ်ထားလိုက်ပါသည်။ ဟိုအိမ်က ရောင်းချဖို့ စကားပြောသဘောတူကာ စရန်ငွေတောင် ယူထားပြီးပြီ။ အချိန်ကာလ တစ်ခုအတွင်း နွယ်ပင်တို့ ငွေအကြေလက်ခံပြီး ဆင်းပေး ပြောင်းပေးရတော့မှာဖြစ်ပါသည်။ တိုက်ခန်းတစ်ခန်း ရှာဖွေတာဟာလည်း ဒီလောက်ကြီး သိပ်ခက်ခဲလိမ့်မည်မဟုတ်လို့ နွယ်ပင် ယူဆမိခဲ့တာပါ။

ခုတော့ တစ်ပတ်မှာ တစ်ရက်သာ အိမ်ထွက်ရှာနိုင်သော နွယ်ပင် တတိယပတ်ပင် ရောက်လာပြီ။ သင့်တော်တဲ့ အိမ်တစ်ဆောင် မီးတစ်ပြောင် မတွေ့နိုင်သေးပါ။

ဒေါင်းစိမ်းက စူပုပ်ပုပ်နှင့် တစ်ဖက်လှည့်နေသော နွယ်ပင်ကိုကြည့်ကာ ရယ်ချင်လာပါသည်။ ဘယ်လိုကောင်မလေး



www.burmeseclassic.com

www.burmeseclassic.com



ပါလိမ့်။ ရယ်ချင်စရာလည်း ကောင်း၊ သနားစရာလည်း ကောင်း။ ခြံကလေး ဝင်းကလေး မကျဉ်းမကျယ် သပ်သပ်ရပ်ရပ်လေးနှင့် လုံးချင်းအိမ်နှင့်နေနိုင်ခဲ့သော သူမအဖို့ တိုက်ခန်းကလေးတွေ လိုက်ရှာနေရတဲ့အခါ စိတ်တိုင်းမကျနိုင်ဘဲ ဖြစ်နေတာကို သနားမိပါသည်။

သူတို့ခြံဝင်းကလေးက မြို့စွန်ကျကျမို့ တအားကြီး တော့ဈေးကောင်းမရ။ ကြွေးဆပ်ရမှာ ငွေပိုချန်ရမှာတွေနှင့် ဒီထက် ငွေလျှော့သုံးပြီး ခြံဝင်းကလေးပြန်ရဖို့ မဖြစ်နိုင်တော့ပါ။ ခြံနဲ့မှ ဆိုရင်တော့ ရန်ကုန်မြို့ပြင်ကို ထွက်သွားရတော့မှာ ဖြစ်ပါသည်။

မြို့တွင်းအချက်အချာကျကျ နေရာမျိုးလေးမှာဆိုရင် တော့ တိုက်ခန်းကလေးပဲ ဝယ်ရမှာ။ ဒီကောင်မလေး သားအမိ အတွက် သင့်တင့်လျောက်ပတ် သပ်ရပ်နွေးထွေးသော အိမ်ခန်း ကလေးတစ်ခု ရစေလိုတဲ့စေတနာ သူ့မှာ တကယ့်အပြည့်အဝ ရှိတာပါ။

"ကဲ ... ကဲ ... စူပုပ်မနေနဲ့၊ ငါလည်း စိတ်ရှည်ရှည်ထား ပါ့မယ်၊ ထူးပြီးထားနေစရာတောင် မလိုပါဘူး၊ ကူညီချင် လို့ကို ငါ လိုက်ကူညီနေတာဆိုတာ မင်း နားလည်ဖို့ ကောင်းတယ်"

"........"





"ငါဆိုလိုတာက ငွေချေဖို့ ချိန်းထားတာက တစ်လလောက် ပဲလေ၊ အဲဒီအတောအတွင်း အိမ်တစ်အိမ် မရမှာကို စိုးရိမ်လို့ ပြောတာပါ"

နွယ်ပင်က သက်ပြင်းတစ်ချက် ချလိုက်ပါသည်။

"ကျွန်မ နားလည်ပါတယ်"

"တော်ပါသေးရဲ့"

"တကယ်ပြောတာပါ၊ ကျွန်မတို့ အိမ်ရောင်းနိုင်အောင် အိမ်ဂရံကို အရင်ပြန်ထုတ်ပေးပြီး စရန်ယူပြီးမှ ကြွေးဆပ် နိုင်အောင် အစစအရာရာ စီစဉ်ပေးတဲ့ ရှင့်ကို ကျေးဇူးလည်း တင်ပါတယ်၊ ကျွန်မကိုယ်တိုင်လည်း အိမ်ခန်းတစ်ခန်းရှာ တာ အဲလောက်ခက်ခဲ ခေါင်းရှုပ်ရလိမ့်မယ်လို့ မထင်ခဲ့မိ ဘူး၊ ရှင် တောက်လျှောက် လိုက်ကူညီပေးနေတဲ့ ကျေးဇူး ကိုလည်း မမေ့ပါဘူး"

"အာ ... ကျေးဇူးမမေ့တာတွေ ဘာတွေ ပြောနေစရာမလို ပါဘူး၊ အဲလိုပြောတော့ ရှက်စရာကြီးလိုတောင် ဖြစ်နေ တယ်၊ အဲလို ကျေးဇူးတင်ခံရတာမျိုး မကြုံခဲ့ဖူးတော့ တစ် မျိုးပဲဗျာ"

ခေါင်းစိမ်းက သူ့ကို လူလူသူသူ ကျေးဇူးစကား ဆိုတာကို တကယ်ပဲ ရှက်ကိုးရှက်ကန်း ဖြစ်သွားရပါသည်။ ငယ်ဘဝမှာပဲ အကျဉ်းထောင်ထဲ ဝင်ခဲ့ရပြီး ပြန်ထွက်လာတော့



www.burmeseclassic.com

www.burmeseclassic.com



လည်း ဦးထူး လှုယံတော်လက်ရင်းတပည့်လို ဖြစ်သွားတာမို့ သူ့မှာ လှုလှူသူသူ လေးလေးစားစား ဆက်ဆံခံရတယ်ဆိုတာ ရိုက်ကိုမရှိခဲ့ဖူးတာ မဟုတ်လား။

"ဟိုမှာ ... ပွဲစားက ရပ်စောင့်နေပြီ၊ သူနဲ့ ချိန်းထားတာ ဒီတိုက်ပဲ"

"ရှင် တော်တော်များများ ချိန်းထား ရှာထားပေးတာပဲ နော်"

"မင်းသာ ကြည့်နိုင်အောင် အချိန်ပေးပါ"

"ရှင်တောင် ရှာထား ဆက်သွယ်ထားနိုင်သေးတာပဲ ဒေါင်းစိမ်းရယ်၊ ကျွန်မက နေစရာလိုအပ်နေတဲ့ ကာယကံရှင်ပါ၊ မကြည့်နိုင်စရာ အကြောင်းမရှိပါဘူး"

နှစ်ယောက်သား ချိန်းတဲ့နေရာမှာ အသင့်စောင့်နေတဲ့ ပွဲစားနှစ်ဦးနှင့်အတူ အဲဒီတစ်ဝိုက်က အခန်းသုံးခန်းကို ကြည့်ဖြစ်ပါသည်။ အခန်းလေးတွေက အကျယ်အဝန်း မဆိုးလှသော်လည်း အားလုံးဟာ လေဝင်လေထွက် ရှင်းရှင်းလင်းလင်း မရှိကြ။

ဒီလိုရပ်ကွက်မျိုးတွေမှာ တိုက်မြင့်တွေက ဘေးချင်းယှဉ်ဆက်ကပ် ဆောက်ထားကြတာမို့ ဘေးဘက်ကဝင်တဲ့ လေဝင်လေထွက် ဘေးကဝင်တဲ့ အလင်းရောင်ဆိုတာ မရှိပါ။ အသင့်အတင့်ကျယ်ပြီး အခန်းလေးတွေ စနစ်တကျ ဖွဲ့ထားသော်လည်း





နွယ်ပင့်အဖို့က မှုရင်းနေလက်စအိမ်နှင့် နှိုင်းယှဉ်ကာ နှစ်နှစ်ကာကာ ကြိုက်နှစ်သက်မှုမျိုးဆိုတာ ဖြစ်ပေါ်မလာ။

ဒေါင်းစိမ်းက နွယ်ပင့် မျက်နှာရိပ် မျက်နှာကဲကို အကဲခတ်နေပါသည်။ နွယ်ပင်သည် သုံးပတ်အတွင်း သုံးရက်ကြည့်အပြီး သေသေချာချာကြိုက်တဲ့ နေရာလေးတစ်ခု မတွေ့သေး၍ မျက်နှာလေး မရွှင်နိုင်။

"ညီမရေ ... ဘယ်လိုသဘောရလဲ"

နွယ်ပင် ဘာဖြေရမည်မသိဘဲ နှုတ်ဆိတ်နေသည်။

"အချင်းချင်း တိုင်ပင်ကြည့်ကြဦးလေ၊ နှစ်ယောက်လုံး ကြိုက်မှဖြစ်မှာ မဟုတ်လား"

လူတွေကလည်း လူရွယ်တစ်ဦးနှင့် လုံမငယ်တစ်ဦး အိမ်ခန်းအတူတူကြည့်ဖြစ်တယ်ဆိုသည်နှင့် တွဲစပ်ယှဉ်ဖက်၍ တစ်စုံတစ်ရာ ထင်မြင်လိုက်ကြတော့သည်ချည်းပင်။

"ဘယ်လိုတုန်း"

ဒေါင်းစိမ်းက မေးသည်။ နွယ်ပင်က စဉ်းစားငေးမောနေ၍ ...

"ကြိုက်မှ ကြိုက်တယ်ပြောပါ နွယ်ပင်၊ သိန်းတွေရာဂဏန်းတွေ ချီပြီး ဝယ်ရမှာ၊ ကစားစရာ ဝယ်တာမဟုတ်ဘူး၊ အားလည်းမနာနဲ့၊ ဒီအစ်မတွေကိုလည်း အားမနာနဲ့၊ ငါ့ကိုလည်း အားမနာနဲ့ သိလား၊ ကြည့်စရာတွေ ရှိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါင်းစိမ်းရဲ့ ညင်ညင်သာသာ စကားသံကြောင့် နှယ်ပင်က သက်ပြင်းလေးတစ်ချက်ရှိုက်ရင်း …

"ဒုတိယကြည့်တဲ့ အခန်းကတော့ အခန်းအနေနဲ့ ကြိုက်ပါတယ်၊ ကျယ်ကျယ်ဝန်းဝန်းလေးလည်း ရှိတယ်၊ ဒါပေမဲ့ ခြောက်လွှာဖြစ်နေတော့ မေမေ နေ့စဉ်နဲ့အမျှ ဆင်းဖို့ တက်ဖို့ အဆင်ပြေမှာ မဟုတ်ဘူး"

"ဟုတ်တယ်၊ လူကြီးတစ်ယောက်အတွက် တော်တော်မြင့်တယ်၊ ရင်ကျပ်သမား အမောသမားအတွက် ပိုဆိုးတာပေါ့"

"မြင့်ပေမယ့် လှေကားခွင်ကကျယ်တော့ တက်ရတာ သက်သောင့်သက်သာ ရှိပါတယ် ညီမရယ်၊ တချို့တိုက်တွေဆို လှေကားခွင်က ကျဉ်းကျဉ်းလေးရယ်လေ၊ တက်ရင်း တက်ရင်းကပဲ နေသားကျသွားမှာပါ"

"တက်ရင်း တက်ရင်းက နေသားမကျဘဲ လူပဲကျန်းမာရေး ဂျုံးဂျုံးကျသွားမှ ဆိုးနေမယ်"

ဒေါင်းစိမ်းက ဝင်ဖြေလိုက်ရင်း …

"ကဲ … ဒါဆိုလည်း စဉ်းစားဦးပေါ့၊ ယူဖြစ်မယ်ဆိုရင်တော့ အစ်မတို့ကို အကြောင်းပြန်လိုက်ပါမယ်"

"မြန်မြန်တော့ အကြောင်းပြန်ပါ၊ ဒီလိုအခန်းကောင်းလေးတွေက ဦးတဲ့သူဆီ ပါသွားတတ်လို့ လက်လွှတ်သွားမှာစိုးလို့"





"အစ်မရယ် … လေး၊ငါးရက် တစ်ပတ်လောက်နဲ့တော့ ရောင်းမထွက်သွားဘူး ထင်ပါတယ်"

"တစ်ခါတလေ ဒီနေ့ကြည့်တဲ့သူနဲ့ မတည့်ဘဲ နက်ဖြန်ကြည့်တဲ့သူနဲ့ တည့်သွားတာတောင် ရှိသေးတယ်၊ တစ်ပတ်မပြောနဲ့ တစ်ရက်အတွင်းလည်း အရောင်းအဝယ်ဆိုတာ ဖြစ်ရင်ဖြစ်သွားမှာပဲ"

"ဖြစ်သွားတော့လည်း လွတ်သွားတယ်ပေါ့ အစ်မရာ"

သူတို့နှစ်ယောက် စမ်းချောင်းဘက်က ပြန်လာတဲ့အခါ …

"နောက်ထပ်တစ်ဦး ချိန်းထားတာက ညနေလေးနာရီမှ၊ အခု သုံးနာရီလောက် လိုနေသေးတယ်၊ မင်း အိမ်ခဏပြန်ချင်လား၊ နောက်တစ်ခေါက်မှ ပြန်ထွက်မလား"

"ရှင် ဘယ်လိုအဆင်ပြေလဲ"

"ငါက ရပါတယ်"

"ရပါတယ်ဆိုတာ ဘာလဲ၊ ရှင် တခြားလုပ်စရာတွေ ဘာတွေ ရှိသေးလား၊ ကျွန်မက တစ်ဆက်တည်းနေနေလို့ ရှင့်အလုပ်ပျက်မှာလည်း စိုးတယ်၊ အိမ်ပြန်ပြီးမှ နောက်တစ်ခေါက် ရှင်လာပြန်ခေါ်ရမှာလည်း အကြိမ်ကြိမ်အခေါက်ခေါက်မို့ ရှင့်ကို အားနာတယ်၊ အဲဒီတော့ ရှင်အဆင်ပြေသလိုလုပ်ပါ"



www.burmeseclassic.com

"ဒီကနေ့ မင်းအိမ်ကိုပြန်ရင် မိနစ်လေးဆယ်၊ ညနေ မင်းအိမ်ကနေ ပြန်ထွက်ရင်လည်း ချိန်းထားတဲ့နေရာထိ မိနစ်လေးဆယ်လောက် ကြိုထွက်ရမယ်၊ ဒါတင် တစ်နာရီခွဲလောက် ဖြစ်နေပြီ၊ အခုက မွန်းလွဲတစ်နာရီရှိပြီ၊ ငါတို့ဗိုက်လည်း မဖြည့်ရသေးဘူးဆိုတော့ ..."

"တစ်ခုခု သွားစားမလား၊ ကျွန်မ ကျွေးမယ်လေ"

"ဘယ်သူကျွေးတာက အရေးမကြီးပါဘူး၊ တစ်ခုခုစားဖို့ကတော့ သင့်နေပြီလေ"

"ရှင်ဆာနေရောပေါ့၊ အားနာလိုက်တာ"

"ဒီလောက်ကြီးတော့လည်း မဆာပါဘူး၊ စားချိန်လွန်နေတာကို ပြောတာပါ၊ မင်းလည်း ဆာနေမှာပဲလေ၊ တစ်နေရာရာမှာ တစ်ခုခု သွားစားလိုက်ရင် ကောင်းမလားလို့ ထင်တယ်"

"အင်း ... သွားစားမယ်လေ၊ အဲဒါဆိုရင်ပဲ နာရီဝက်တစ်နာရီတော့ ကုန်သွားမှာပဲလေ"

"အဲဒါပြီးရင် ငါ့ကို ဦးထူးခိုင်းထားတာလေး တစ်ခု နှစ်ခုကြားမှာ ဖြတ်လုပ်လိုက်ရင်တော့ ညနေလေးနာရီလောက်ကို ရောက်သွားမှာပဲ"

"အဲဒါဆို အဆင်ပြေတာပေါ့၊ ရှင့်အလုပ်ဆီကို ကျွန်မလည်း လိုက်လာခဲ့မယ်လေ၊ ပြီးမှ ပွဲစားနောက်တစ်ယောက် ချိန်းတဲ့ဆီသွားတာပေါ့"





ဒေါင်းစိမ်းက ပြုံးပြီးခေါင်းညိတ်ပြလိုက်ပါသည်။ နွယ်ပင် ပြောလိုက်တဲ့ စကားဟာ တစ်ဦးနဲ့တစ်ဦး အဖော်သဟဲပြုတဲ့ နွေးထွေးသောမျှဝေမှု သဘောထားတွေ ပျော်ဝင်နေတယ်လို့ နားလည်မိတဲ့အတွက် သူ့စိတ်ထဲ ကြည်နူးသလို နှစ်နှစ်ခြိုက်ခြိုက် ခံစားမှုတစ်မျိုး ခံစားရပါသည်။

သူတို့ မြန်မာထမင်းဆိုင်ငယ် တစ်ဆိုင်မှာ ထမင်းအတူစားကြသည်။ ထမင်းစားပြီးကြတော့ ဒေါင်းစိမ်းသည် ဦးထူးခိုင်းလိုက်တဲ့ အကြွေးတောင်း အတိုးတောင်းကိစ္စနှင့် နေရာနှစ်နေရာကို သွားရပါသည်။

ပထမတောင်ဥက္ကလာပမြို့နယ်ထဲက လုံးချင်းအိမ်လေးတစ်လုံးရှေ့ ကားရပ်ပြီး ဒေါင်းစိမ်းက ဆင်းသွားပါသည်။ နွယ်ပင်က ကားပေါ်မှာပင် ထိုင်ကျန်ရစ်ပေမယ့် ခဏအကြာမှာ အိမ်ရှင်မိန်းမကြီးက ဒေါင်းစိမ်းကိုပါခေါ်ပြီး အိမ်ပြင်ဘက်ထွက်လာကာ ကားအနီးမှာပဲ စကားလာရပ်ပြောနေတဲ့အတွက် စကားအတုံ့အလှယ်တွေကို နွယ်ပင် ကြားနေရပါသည်။

ကြွေးယူထားသူရဲ့ တောင်းပန်ရှောင်လွှဲ အသနားခံတဲ့စကား၊ ဒေါင်းစိမ်းရဲ့ စိတ်ပျက်လက်ပျက် တုံ့ပြန်စကားတွေ။ နွယ်ပင်က ဒေါင်းစိမ်းကို ငေးကြည့်နေမိသည်။

ဪ ... သူ့အလုပ်ကလည်း ဘယ်လိုအလုပ်မျိုးများပါလိမ့်။ စိတ်ရှုပ်ထွေး မကြည်သာချင်စရာကြီးပါလား ဒီလို

www.burmeseclassic.com



အလုပ်မျိုးတော့ နွယ်ပင် မလုပ်ချင်ပါပေ။ ဒေါင်းစိမ်းရဲ့အရွယ်နှင့် တခြားမှာလည်း အလုပ်တစ်ခုခုဆိုတာ မခက်ခဲနိုင်ဘူးလို့ နွယ်ပင် ထင်မိသည်။ ဘာဖြစ်လို့ ဦးထူးထံ အလုပ်လုပ်နေတာပါလိမ့်။

နောက်ထပ် ဒုတိယတစ်အိမ်ကတော့ တိုက်ခန်းမို့ သူတက်သွားတာသာ မြင်ရပြီး ဘာမှမမြင်မကြားရ။ သို့သော် ပြန်လာတဲ့ ဒေါင်းစိမ်းလက်ထဲမှာတော့ ငွေတစ်ထပ်ကို တွေ့ရသည်။ ကားပေါ်တက်မောင်း ထွက်လာတဲ့ ဒေါင်းစိမ်းကို နွယ်ပင်မသိမသာ ငုံကြည့်အကဲခတ်နေမိသည်။

သူ့ကိုကြည့်ရတာ စက်ရုပ်တစ်ရုပ်လို တာဝန်ဝတ္တရားတစ်ခုလို ဆောင်ရွက်နေတဲ့ မျက်နှာသေနှင့်။ နွယ်ပင်က တစ်စုံတစ်ရာကို သိချင်လာ၍ မေးလိုက်မိပါသည်။

"ရှင်နဲ့ ကိုမင်းခေါင်မိုးက ဘယ်လို ပတ်သက်တာလဲဟင် ဒေါင်းစိမ်း"

"ဒီလိုပဲပေါ့"

နွယ်ပင်က ဒေါင်းစိမ်းကို မျက်စောင်းထိုးပစ်လိုက်မိပါသည်။





၈

"ဦးလေး"

"ဟော ..."

"ဦးလေးကို ပြောစရာရှိလို့"

"အေး ... ပြောလေကွာ ဘာများလဲ"

ဒေါင်းစိမ်းက သူနှင့် ဦးထူး အတူထမင်းစားပြီးသော ပန်းကန်များကို ဆေးကြောနေခိုက် ဦးထူးက ထမင်းစားပွဲမှာ ထမင်းစားပြီးတိုင်း သူစားနေကျ သဘော်သီး ထိုင်စားနေခိုက် ဖြစ်ပါသည်။

"မင်းကလည်း ပြောမှာပြောတာ မဟုတ်ဘူး၊ စကားချီးနဲ့ ဘာနဲ့၊ ပြော ... ဘာလဲ"

"ကျွန်တော် ဦးလေးအိမ်မှာ အတူလာနေလို့ ရမလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟော"

ဦးထူးက ဒေါင်းစိမ်းကို တအံ့တသြ ကြည့်လိုက်ပါသည်။

"ခဏတဖြုတ် မဟုတ်ဘူး ဦးလေး၊ နှစ်နဲ့လည်းချီရင်ချီမယ်၊ လပိုင်းလည်း ဖြစ်ရင်ဖြစ်မယ်"

"ဟော့ကောင် ... မင်းကို ငါက ဟိုးအစောကြီးကတည်းက ငါနဲ့အတူတူ လာနေပါလို့ ပြောခဲ့တာလေကွာ၊ မင်းဟာ မင်း အိမ်တစ်လုံးမှာ နေနေတာ ကရိကထလည်း များတယ်၊ ပိုတောင်အလုပ်ရှုပ်သေးတယ်၊ မနက်လာလိုက် ညနေပြန်လိုက်နဲ့၊ စားတော့လည်း ဒီမှာပဲ စားနေတာ ဒီမှာပဲနေလိုက်တာ စာရင်းရှင်းတာပေါ့ကွ၊ ဒီမှာဆို အဝတ်အစားကအစ လျှော်ဖွပ်မီးပူတိုက်တာမျိုး ဟိုဘက်အိမ်က ကောင်မလေးတွေ လုပ်ပေးနိုင်တယ် ...

ဘာကရိကထမှ မရှိတော့ဘူး၊ အဲဒါ ပြောသားနဲ့၊ မင်းဟာမင်း ဟိုအိမ်မှာ မင်းအဖေအမေ အငွေ့အသက်လေးနဲ့ ဟိုမှာပဲနေပါရစေဆိုလို့ ငါက ပြီးရောလေဆိုပြီး ထားထားတာလေကွာ"

"ဟုတ်ပါတယ် ဦးလေး၊ ဒါဆို ကျွန်တော် ဦးလေးအိမ်ကို ပြောင်းလာလို့ ရတယ်ပေါ့"





"ရတာပေါ့ ဟကောင်ရ၊ ဒါနဲ့ ဟိုအိမ်က အခု ဘာဖြစ်လို့လဲ"

"ဦးလေး ပြောဖူးသလိုပဲ ဟိုအိမ်ကို ကျွန်တော် လူငှားတင်ထားလိုက်ချင်လို့ပါ"

"ကောင်းတာပေါ့ကွ၊ မင်းလည်း ငွေပိုရတာပေါ့၊ ဒါနဲ့ ... မင်းအိမ်က ခြံဝင်းလေး ဘာလေးနဲ့ ငှားရင် အနည်းဆုံး ငါးသိန်းအထက်မှာ ရတယ်နော်၊ အိမ်ငှားခဈေးနှုန်းတွေရော သိရဲ့လား"

"သေချာတော့ မသိဘူး ဦးလေး"

"ဟာ ... မင်းကလည်း၊ ငှားမယ်ဆိုလည်း ဈေးလေးဘာလေး စုံစမ်းဦးမှပေါ့ကွာ၊ ဘယ်လိုကောင်လဲ မသိပါဘူး"

"အိမ်ငှားခက ဒီလောက်ကြီး အရေးမကြီးပါဘူး"

"ဟာ ... ဘာလို့ အရေးမကြီးရမှာလဲ၊ အိမ်ငှားပါတယ်ဆိုမှ အိမ်ငှားခက အရေးကြီးတာပေါ့ကွ"

"အခုက အသိတစ်ယောက်ကို ငှားပေးမလို့ပါ"

"အသိတစ်ယောက် ! "

"ဟုတ်ကဲ့ ...သူတို့ အိမ်ဝယ်ဖို့ကြည့်နေတာ အိမ်ရှာမရသေးလို့၊ အရင်အိမ်ကလည်း ဆင်းပေးရဖို့ အချိန်ကရောက်လာပြီဆိုတော့ အေးအေးဆေးဆေး အိမ်ရှာလို့ရအောင် ခြောက်



www.burmeseclassic.com

www.burmeseclassic.com



လလောက် ကျွန်တော့်အိမ် ခဏနေရင်နေဆိုပြီး ကျွန်တော် ထားပေးမလို့ပါ၊ အိမ်ငှားခလည်း သက်သက်သာသာပဲလုပ် ပေးမှာပါ၊ သူတို့လည်း အခက်အခဲ ဖြစ်နေတုန်း ကျွန်တော် က တန်ရာတန်ကြေးရမှ ငှားမယ်ဆိုတာမျိုး စိတ်ကူးမရှိ ပါဘူး”

ဦးထူးက ဒေါ်ခင်းစိမ်းကို မျက်မှောင်ကြုတ်၍ ရူးရူး ရဲရဲ စိုက်ကြည့်အကဲခတ်နေပါသည်။ ဒေါ်ခင်းစိမ်းက ပန်းကန်ကို စင်ငယ်လေးမှာ ရေစစ်၊ လက်သုတ်ပြီး ထမင်းစားပွဲမှာ ပြန်ဝင် ထိုင်ကာ ဦးထူးကိုမကြည့်ဘဲ သူ့ကြည့်တာကိုသာ ငြိမ်သက်ခံယူ နေလိုက်ပါသည်။

တော်တော်ကြာမှ ဦးထူးက ...

“ဒေါ်နှင်းမြတ်တို့ သားအမိလား”

“.........”

ဦးထူးက လူလည်ကြီးပဲ။ တွေးနိုင်တာ မဆန်းပါ။ ခုတလော ဒေါ်နှင်းမြတ်တို့ အိမ်ဂရန်ကို အိမ်ရောင်းနိုင်ဖို့ ခဏ ပြန်ထုတ်ပေးဖို့၊ ဒီတိုင်းထုတ်မပေးနိုင်လျှင် သူ့အိမ်ဂရံကို အစား ယူထားဖို့ တောင်းဆိုပြီး သူတို့အိမ်ရောင်းဖို့ကိစ္စကို ဒေါ်ခင်းစိမ်း ကူညီပေးကာ စရန်ငွေရကတည်းက ကြွေးပြန်ဆပ်ထားတာတွေ လည်း သိပ်မကြာခင်က ပူပူနွေးနွေးပဲ, မဟုတ်လား။





အိမ်ဝယ်ဖို့ ရှာနေသူဟာ အပိုဝယ်တာမဟုတ်လျှင် အိမ်မရှိတဲ့သူ အိမ်ရောင်းထားတဲ့သူဖြစ်ဖို့က များသည်လေ။ အဖြစ် အပျက်တွေ သိထားတဲ့ ဦးထူးအဖို့ တန်းခနဲမှန်းဖို့ရာ အလွယ် လေးပါ။

“ဒေါ်ခင်းစိမ်း”

“.........”

“မင်းရဲ့စေတနာတွေက ဒေါ်နှင်းမြတ်ကြီးအပေါ် ကျရောက် နေတာတော့ မဖြစ်နိုင်ဘူး၊ သူ့သမီးချောလေးအပေါ် ကျ ရောက်နေတာ ဖြစ်မှာပဲ”

“ဦးလေးကလည်းဗျာ”

“ကိ ကိ ကိ ကိ ၊ ဒေါ်ခင်းစိမ်း ... ဒေါ်ခင်းစိမ်း၊ အေးပါ ကွာ၊ မင်းသံယောဇဉ်ရှိလို့ မင်းစေတနာပေါက်လို့ မင်း ကူညီချင်လို့ မင်းပိုင်တဲ့အိမ်ကို အလကားပဲ ပေးနေနေ ငါနဲ့မဆိုင်ပါဘူးကွာ၊ ဟုတ်တယ်မို့လား”

“.........”

“ငါ့ဘက်က ငါနဲ့ဆိုင်တာက မင်း ငါ့အိမ်အတူလာနေမယ် ဆိုတာကို ငါက ဝမ်းပမ်းတသာ လက်ခံသဘောတူပါတယ် ကွာ”

“ဟုတ်ကဲ့ ... ကျေးဇူးပါပဲ ဦးလေး”

“လိုပါဘူးကွာ၊ အဆင်ပြေကဲ့နေ့သာ ပြောင်းခဲ့”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

ဒေါင်းစိမ်းရဲ့ ထာဝစဉ် မှုန်တေတေမျက်နှာမှာ ပြုံးတာမဟုတ်ဘဲ ရှင်လန်းဝင်းလက်သွားတဲ့ အရိပ်အယောင်တစ်မျိုးကို ဦးထူးက သေချာအကဲခတ်မိပါသည်။

❤ ✧ ❤





"ကျွန်တော်တို့က ဦးထူးနဲ့လည်း ခင်ပါတယ်၊ ကိုဒေါင်းနဲ့လည်း ခင်နေတာပေါ့၊ ဦးထူးက ပစ္စည်းတွေ ကုန်တွေ သူလျှောင်ထားတာတွေ ဒီဂိုဒေါင်ကနေ ဟိုဂိုဒေါင်ကိုရွှေ့ လက်လွှဲတဲ့ကိစ္စတွေ ကျွန်တော်တို့ကားပဲ သုံးနေကျလေ"

လူတစ်ကိုယ်လုံး ချွေးစော်နှင့် ကွမ်းစော်နံဟောင်နေသော ကားသမားက ပါးလုပ်ပလောင်းသံနှင့် ပြောပြနေပါသည်။

"ကျွန်တော်တို့က ကုန်ပဲတင်တာပါ၊ ဒီလိုပစ္စည်းတွေတော့ မတင်ပါဘူး၊ အခုက ကိုဒေါင်း အကူအညီတောင်းလို့ပါ"

"………"

"ကိုဒေါင်းနဲ့ အမျိုးတွေပေါ့၊ ဟုတ်လား"

"ဟို … အရင်းအချာတော့ မစပ်ပါဘူး"

မေမေကဖြေသည်။

"ရပ်ဆွေရပ်မျိုးသဘောပေါ့ ဟုတ်လား၊ ဒီလိုပါပဲလေ၊ ခင်ရာဆွေမျိုးပေါ့ ဒေါ်ဒေါ်ရာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ... ဟုတ်ပါတယ်"

ကုန်တင်ကားကြီးရဲ့ ရှေ့ခန်းမှာ မေမေနှင့် နွယ်ပင် နှစ်ယောက်လုံး ကားမောင်းသူနံဘေးကထိုင်ပြီး ပါလာကြတာပါ။ နောက်ခန်းထဲမှာတော့ နွယ်ပင်တို့ရဲ့အိမ်ထောင်ပရိဘောဂတွေရယ်၊ အလုပ်သမားတချို့ရယ်နှင့်အတူ ဒေါင်းစိမ်း ပါပါသည်။

နောက်ခန်းကို လှည့်ကြည့်ပေမယ့် ပစ္စည်းတွေနှင့် ပိတ်နေ၍ မမြင်ရ။ ဒေါင်းစိမ်း တစ်ယောက် ပစ္စည်းတွေ အကျပ်အသိပ်ကြားမှာ ဘယ်လိုများ ခွေခေါက်ချောင်တိုးပါလာပါလိမ့်ဟု အားနာနေမိပါသည်။

"ကိုင်း ... ရောက်ပြီ ... ရောက်ပြီ"

ကားသမားက ကားကို ခြံရှေ့မှာရပ်လိုက်ပါသည်။ ခြံထဲတော့ ဒီကားကြီးဝင်ဖို့ ပြန်ထွက်ဖို့ မလွယ်ကူလှ။

"ဒီကနေပဲ သယ်ရမှာပဲ၊ သိပ်မထူးပါဘူး၊ ကဲ ... ဒေါ်ဒေါ် ဆင်း၊ ငါ့ညီမလည်း ဆင်း"

ဒီအိမ်ကို အခုလိုပဲ ခြံပြင်ကနေ နွယ်ပင်တွေ့ခွင့်ရပြီးပါပြီ။ အိမ်ထဲတော့ ဝင်မကြည့်ခဲ့။ ခြံပြင်ကနေ ကြည့်လိုက်တာနှင့် မီးခိုးရောင် ရှေးပုံဟောင်းတစ်ထပ်တိုက်ကလေးက နွေးနွေးထွေးထွေး သပ်သပ်ခတ်ခတ်လေးနှင့် နေချင့်စဖွယ် ဆိုတာကို နွယ်ပင် တစ်ထိုင်တည်း ခံစားလိုက်ရကာ ဒေါင်းစိမ်းရဲ့ကမ်းလှမ်းချက်ကို ဝမ်းပမ်းတသာ လက်ခံခေါင်းညိတ်ခဲ့တာပါ။





"ခြံဝင်းလေးနဲ့ပဲ၊ မေမေတို့ ခြံလေးလောက်ပဲနော်"

သူ့ကြောင့် မိသားစုပိုင် အိမ်ခြံမြေလေးကို စွန့်လွှတ်ရောင်းချ ပြောင်းရွှေ့ရတယ်ဆိုတဲ့ မိမိကိုယ်ကို အပြစ်မကင်းဘမ်းနည်းမှိုင်တွေပြီး ဒီရက်တွေအတွင်း မျက်နှာလုံးဝမကောင်းရှာတဲ့ မေမေ့ထံက စကားသံရွှင်ရွှင်သွက်သွက်ကလေး လွှတ်ခနဲထွက်လာပါသည်။

"တိုက်ပုံစံလေးကလည်း ချစ်စရာလေး၊ ဟိုထောင့်ဘက်က အခန်းက ခြောက်ထောင့်ချိုးအခန်းလေးနော်၊ ဟိုနောက်ဘက်မှာ ဂိုဒေါင်လို အိမ်အပိုလေးတောင်ပါသေး"

မေမေ့အသံတွေက စိတ်ချမ်းသာသွားသလို စိတ်လှုပ်ရှားတုန်ယင်နေသည်။ တိုက်ခန်းတစ်ခန်းရှာမယ် တိုက်ခန်းနဲ့ပဲ နေရတော့မယ်လို့ မေမေ့ကို ပြောထားခဲ့တာလေ။ အချိန်မီမီ အဆင်ပြေတဲ့အခန်း ရှာမတွေ့တော့လို့ ဒေါင်းစိမ်းရဲ့အိမ်ကိုငှားပြီး ခေတ္တနေမည်ဆိုတာလောက်ပဲ မေမေ သိခဲ့တာ။

ဒေါင်းစိမ်းက ကားကြီးနောက်ခန်းမှ ဖုတ်ခနဲခုန်ချလာသည်။

"အန်တီ ... အိမ်ဘယ်လိုလဲ"

"ချစ်စရာလေး သားရယ်၊ ခြံဝင်းလေးကလည်း အန်တီတို့ ခြံဝင်းလေးနဲ့ အကျဉ်းအကျယ် တူတူလောက်ပဲ၊ ဟို



www.burmeseclassic.com

www.burmeseclassic.com



သဇင်တိုင်လေးတွေနဲ့ပါလား၊ သရက်ပင်ကလည်း သရက်သီးတွေ သီးနေလိုက်တာ”

မေမေ့အသံက ရွှင်လန်းမြူးထူးလို့ နေပါသည်။ လက်ရှိ နေနေရင်းကနေ နိမ့်ကျသွားတဲ့ နေရာထိုင်ခင်းတစ်ခုကို ပြောင်းရွှေ့ရတော့မယ်လို့ သိထားရာက တကယ်ဆို ကိုယ့်နဂို အိမ်လေးထက်ပင် ပိုကောင်းနေသေးတဲ့ အိမ်ကလေးတစ်လုံးကို မြင်လိုက်တော့ ဝမ်းသာအားရ ဖြစ်နေရှာတာပင်။

“အန်တီကြိုက်ရင် ပြီးတာပဲ၊ သူကတော့ ဟိုတစ်နေ့က အိမ်ထဲဝင်ကြည့်ပါဦး ဆိုတာတောင် ဝင်မကြည့်ဘူး”

နွယ်ပင်က ဘာမှတော့ ပြန်မပြောပေမယ့် စိတ်ထဲကတော့ စောဒကတက်ပါသည်။ သူ့တစ်ယောက်ပဲနေမှန်းသိတဲ့ သူ့အိမ်ထဲ ဟိုတစ်နေ့ညနေခင်း နေရီရီမှာ နွယ်ပင်က ဝင်ကြည့်ရဲပါ့မလား။ ဝင်မကြည့်ရဲခဲ့တာ အမှန်ပါ။ ဒေါင်းစိမ်းကို အထင်သေးတယ်တော့လည်း မဟုတ်ပေမယ့် သူ့အနေအထိုင် အလုပ်အကိုင်၊ သူ့ရပ်တည်မှုတို့ကြောင့် အထင်လည်းမကြီးနိုင်ခဲ့တာ အမှန်ပါပင်။

သူ့ပုံစံက Gentleman တစ်ယောက်ပုံမှ မပေါက်တာ။ ခပ်ပေပေ ခပ်တေတေနှင့် တစ်မျိုးကြီး မဟုတ်လား။ သူ့အိမ်ပါလို့ သူပြောလို့သိရတဲ့ လူမရှိနေတဲ့ အိမ်တစ်လုံးထဲ သူနှင့်





အတူ နှစ်ယောက်တည်း လိုက်ဝင်သွားရဲစရာကိစ္စလား။ အပြင်ပန်းအနေအထားကို မြင်လိုက်ရုံနှင့် တကယ်သာ ဤအိမ်ကို သူ နှစ်သိန်းနှင့် ငှားပေးမယ်ဆိုရင် ဝမ်းသာအားရ နေချင်တဲ့ဆန္ဒရှိတာမို့ ချက်ချင်းပဲ ငှားမယ်လို့ လက်ခံလိုက်တာ။

အိမ်ထဲမှာ ဘယ်လောက်ပဲ စုတ်ပြတ်နေပါစေဦး အိမ်အကျယ်အဝန်း၊ ခြံအသင့်အတင့်လေးနှင့် နေချင့်စဖွယ်လေးလေ။

သူပြောမယ့်သာ ပြောပေမယ့် ဒီခြံဝင်းနှင့် အိမ်ကလေးကို ဒေါင်းစိမ်း ပိုင်ဆိုင်တယ် ဆိုတာရော နွယ်ပင့်ကို ငွေနှစ်သိန်းထဲနှင့် ငှားပေးမည်ဆိုတာရော မယုံချင်သလိုလိုတောင် ဖြစ်နေခဲ့သေးတာပါ။ ပြောင်းရွှေ့ဖို့ ရက်သတ်မှတ်တဲ့အထိရော၊ ဒီနေ့ ဒီမနက် အိမ်ရှေ့ကို ပရိဘောဂသယ်ဖို့ ကားကြီးနဲ့ရောက်ချလာခဲ့တဲ့ အထိရော ဇဝေဇဝါ မယုံချင့်ယုံချင်ရှိဆဲ။

အခု အိမ်ရှေ့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ကာ ပစ္စည်းတွေ သယ်ချနေတဲ့အထိ အိမ်ငှားစာချုပ် ဆိုတာပင် မချုပ်ရသေးတာပါ။ ထုံးစံတော့မရှိ။ ထုံးစံဆိုတာမျိုးကိုလည်း ဒေါင်းစိမ်းက သိပ်ဂရုစိုက်ပုံ မပေါ်ပါ။

“အန်တီ ... လာလေ”

“အေး ... အေး”



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းစိမ်း ဦးဆောင်ဝင်သွားရာနောက်သို့ မေမေက ကပ်ပါသွားသည်။ နွယ်ပင်က ခြံထဲမှာပင် ဟိုငေးဒီငေးနှင့် နောက်ကဖြည်းဖြည်းပါလာသည်။

"ဟင် ... အိမ်ထဲမှာ လျှာထိုးတွေခင်းထားတာပဲ၊ ဒါရှေးတုန်းကတည်းက လျှာထိုးမျိုးတွေစဲ၊ အရမ်းကောင်းတာ"

မေမေ့ထံက အသံထွက်လာသည်။

ဟုတ်ပါသည်။ ကျွန်းလျှာထိုးပြား ခပ်ကြီးကြီးတွေဟာ ခုခေတ်မှာ မတွေ့ရတော့ပါ။ ဟိုတစ်ချိန်က ပေါလစ်ဖယောင်းအရည်ဝထားခဲ့ပုံနှင့် မည်းနက်ညိုမှောင်နေသော်လည်း နောက်ပိုင်းမှာ သေချာမတိုက်ဖြစ်တဲ့ပုံမို့ မှေးမှိန်နေသည်။

"အိမ်မှာအခန်းတွေလည်းများတယ် အန်တီ၊ ကျွန်တော်ကလည်း ပစ္စည်းတွေ သိပ်မရွှေ့ပြောင်းနိုင်ဘူးဆိုတော့ တော်တော်များများကိုတော့ အခန်းလွတ်တစ်ခုထဲမှာ ထည့်ပိတ်ထားလိုက်တယ်၊ ဧည့်ခန်းက ဆက်တီတွေ စားပွဲတွေ မရွှေ့ထားဘဲ ထားမြဲထားထားတာ မကြိုက်ရင် အန်တီတို့ဆက်တီတွေအစားချပြီး ကျွန်တော့်ဟာတွေ နောက်ထပ်အခန်းလွတ်ထဲ ထည့်လိုက်လို့ ရပါတယ်"

"ဧည့်ခန်းက အခုထားသိုထားပုံလေးက နွေးထွေးကျစ်လျစ်ပြီး အရမ်းအသားတကျ ဖြစ်နေတယ်၊ ဆက်တီတွေကလည်း ရှေးခေတ်လက်ရာ ကျွန်းပွတ်လုံးတွေနဲ့ အန်တီတို့အိမ်ကဆိုဖာဆက်တီတွေထက် အများကြီးကောင်းနေတာပဲ။ ဒါကို ဒီတိုင်းထားပြီး အန်တီတို့ဆက်တီတွေသာ ပိတ်သိမ်းလိုက်ရင် ကောင်းမယ်ထင်ပါရဲ့"





နွယ်ပင်ကတော့ စကားတစ်လုံးမှ မပြောဘဲ ဟိုငေးဒီငေး လျှောက်ကြည့်နေမိသည်။ အိမ်အတွင်းပိုင်းဟာ ကျွန်းသားတွေချည်းနှင့် ဖွဲ့စည်းထားပုံက ရှေးခေတ်လက်ရာဒီဇိုင်းဖြစ်ပေမယ့် ခေတ်တုံးမနေပေ။ ခန်းဆီးထူထူကြီးတွေဟာ ဟောင်းမျှင်းနေပြီ။ သို့သော် အမျိုးအစားကောင်းတွေ။ ပုံမှန်လျှော်ပုံမရဘဲ ဖုန်တင်ကြေးတင်ဖြစ်နေပေမယ့် လျှော်ဖွပ်လိုက်တာနှင့် ကောက်ပသားနားသွားမည်ဆိုတာ သေချာနေပါသည်။

အိမ်ထဲရောက်တော့ အပြင်က မြင်ရတာထက် အိမ်က အများကြီး ပိုကျယ်နေပါသည်။ အခန်းတွေက ဟိုမှာတစ်ခန်း ဒီမှာတစ်ခန်း။ ဟိုကထွက်လာ ဒီကထွက်လာနှင့်။ ကွေ့လိုက်ချိုးလိုက် နေရာတွေ ထွက်လာလိုက် အကျယ်ကြီးဖြစ်သည်။

"အိမ်က ကောင်းလိုက်တာ သားရယ်"

"........"

"ဒါ သားရဲ့အိမ်လို့ နွယ်ပင် ပြောတယ်"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို သားက ဘယ်သွားနေမတုန်း"

"ကျွန်တော့်အလုပ်ရှင်ဦးလေးနဲ့ သွားနေပါမယ်၊ သူက အစကတည်းက ခေါ်နေတာပါ၊ ကျွန်တော်က ဒီအိမ်လေးကို နောက်ဆံတင်းနေတာ"

"ဩော်"

"ကျွန်တော့်ကို ဒီအိမ်မှာပဲ မွေးခဲ့တယ်လေ အန်တီ"

"ဩော် ... အေး ... အေး"

"အဖေရယ် အမေရယ် ကျွန်တော်ရယ် ကျွန်တော့်ငယ်ဘဝ နေခဲ့ရတဲ့ အိမ်ကလေး၊ အဖေနဲ့အမေ မရှိတော့ပေမယ့် ဒီမှာနေနေရတာ ကျွန်တော့်စိတ်ထဲ နွေးထွေးလုံခြုံသလို ခံစားရလို့ တစ်ယောက်တည်း ဖြစ်အောင်နေနေတာပါ၊ တကယ်တော့ ဒီအိမ်တစ်လုံးနဲ့ အိမ်ရှင်မအမျိုးသမီးတစ်ယောက်ယောက်မရှိဘဲ ကျွန်တော်တစ်ယောက်တည်းနေရတာ အင်မတန် ကရိကထများပါတယ်"

"ဒါပေါ့ သားရယ်၊ အမေတို့ အဒေါ်သားချင်းတို့ အစ်မတို့ ဇနီးမယားတို့ ရှိပါမှ ဒီလိုအိမ်မျိုးကို သိမ်းဆည်းအရောင်တင်နိုင်မှာပေါ့၊ သားက ယောကျ်ားလေး လူရွယ်ကိုး"

"ကျွန်တော် တံမြက်စည်းတောင် အနိုင်နိုင်လှည်းရတာပါ"

"အေးပေါ့"





နွယ်ပင်သည် အိမ်ကိုလှည့်ပတ်ကြည့်နေရင်းက စိတ်ထဲကြည်နူးချမ်းသာလာပါသည်။ အိမ်ကလေးက ကိုယ့်အတွက် စိမ်းသက်မနေဘဲ တစ်သားတည်းနေသားတကျ နွေးထွေးလို့နေသည်။ ကိုယ့်အိမ်ကိုယ့်ရာလေးအလား ခံစားရစေသည်။ ဒီအမိုးရိပ်အောက်မှာ လုံခြုံစေသော ခံစားချက်တစ်မျိုးကိုလည်း ပေးစွမ်းပါသည်။

"နွယ်ပင်က ပြောတယ်၊ အိမ်ငှားခလည်း သားက အများကြီး လျှော့ပေးတာတဲ့"

"ဒါကတော့ ကျွန်တော်က အိမ်ကို အဖိုးအခတစ်ခုရဖို့ ငှားစားဖို့ ရည်ရွယ်တာမျိုးလည်း မဟုတ်လို့ပါ၊ တကယ်လည်း အခက်အခဲတွေ့နေရတဲ့ အန်တီတို့သားအမိကို ကူညီချင်တာလည်း ပါပါတယ်"

"ကျေးဇူးကြီးလှပါတယ် သားရယ်"

"ပြီးတော့ အမျိုးသမီးနှစ်ယောက်နေမှာဆိုတော့ ကျွန်တော့်အိမ်လေး ကျွန်တော်ကိုယ်တိုင် နေတာထက်ပိုပြီး သပ်သပ်ရပ်ရပ် ပြောင်ပြောင်ရောင်ရောင် ဖြစ်လာမှာပဲလို့လည်း ကျွန်တော် တွေးမိပါတယ်၊ ကျွန်တော်က ဒီအိမ်လေးကို မိသားစုတစ်ခုနေနေတဲ့ အိမ်လေးတစ်ခုအဖြစ် Home Sweet Home ဆိုတာမျိုးလေး ဖြစ်နေစေချင်တာ အန်တီ"



www.burmeseclassic.com

www.burmeseclassic.com



နွယ်ပင်နဲ့ မေမေ နေနေလို့ကတော့ ဤအိမ်ကလေးဟာ အကြီးအကျယ် တောက်ပပြောင်လက်လာမှာ နွယ်ပင်သေချာသိသည်။ သားအမိနှစ်ယောက်လုံးဟာ အိမ်ကိုသန့်ရှင်းတာ အရောင်တင်တာ ပြင်ဆင်တာ သ,တာ အင်မတန်စိတ်ရှည်လက်ရှည် ဝါသနာကြီးတာ မဟုတ်လား။

အဲဒါကြောင့် ပရိဘောဂပစ္စည်း ဘာမှတောင် သိပ်မယ်မယ်ရရမရှိတဲ့ ကိုယ့်အိမ်ကလေးတုန်းကတောင် လှပသပ်ရပ်နေအောင် ပြုပြုပြင်ပြင်ကလေး ထားထားတာ။ အခု ဒီအိမ်မှာ ပရိဘောဂတိုင်းက တစ်ချိန်က တန်ဖိုးကြီးလှတဲ့ အကောင်းစားတွေချည်းပင်။ တစ်အိမ်လုံးဟာ ရွှေညိုရောင်မက မယော်ဂနီရောင်မကျ ကြားအရောင်တစ်မျိုးနှင့် ကျွန်းသားတွေချည်း ခမ်းနားလှပနေသည်။

"နွယ်ပင် ... ဘယ်ပစ္စည်း ဘယ်အခန်းပို့မယ်ဆိုတာ သူတို့ကို ညွှန်ကြားဦးလေ၊ အခန်း ငါးခန်းရှိတယ်၊ နှစ်ခန်းကတော့ အပိုဖြစ်နေတဲ့ ပရိဘောဂတွေ နေရာမရှုပ်အောင် စုပြီးထည့်ထားတယ်၊ သော့တော့ ခတ်မထားပါဘူး၊ မင်းတို့လည်း ပိုနေတာတွေ ထည့်ချင်ထည့်ထားလို့ရအောင်လေ၊ ပစ္စည်းပိုတွေ ထားချင်ရင် ခြံနောက်ဘက်မှာ ဂိုဒေါင်အပိုလေးတစ်ခုလည်း ရှိသေးတယ်၊ ထားလို့ရတယ်"





နွယ်ပင်က ခေါင်းလေးအသာညိတ်ပြီး အလုပ်သမားတွေကို အခန်းရွေးပြီး သယ်ယူဖို့ပြသပါသည်။ အိပ်ခန်းလောက်ပဲ သယ်ယူနေရာချစရာ လေးလေးပင်ပင်တွေရှိတာ။ ကျန်တဲ့အိမ်သုံးပစ္စည်းတွေ မီးဖိုပစ္စည်းတွေကတော့ သားအမိနှစ်ယောက် ဖြည်းဖြည်းချင်း နေရာချ ရှင်းလင်းသွားလို့ရသည်။

"ရှင်နဲ့ စာချုပ်မချုပ်ရသေးဘူး"

"အခုချုပ်မယ်လေ"

"ဘယ်လောက်ချုပ်ရမှာလဲ"

"မင်းချုပ်ချင်သလောက်သာချုပ်၊ ခုကယ်တော့ ငါ့အတွက်ဆိုရင် စာချုပ်ဆိုတာတောင် မလိုအပ်ဘူး၊ စာချုပ်ဖို့ဆိုတာထက် ခင်မင်မှု ယုံကြည်မှုကို ငါက တန်ဖိုးထားတယ်"

"ရှင်က တော်တော်အပြောကောင်းတယ်"

"ဘာကို အပြောကောင်းလို့လဲ"

"စာချုပ်မချုပ်လို့တော့ ဖြစ်မလား၊ တော်ကြာ ကျွန်မတို့ကဒီအိမ်က မဆင်းတော့ပါဘူးဆိုပြီး လုပ်လိုက်ရင်ကော"

"ဟဲ့ ... နွယ်ပင်ဟာလေ"

မေမေက ဟန့်ကာ ခေါင်းစိမ်းကတော့ ခေါင်းကိုမော့လှန်ကာ "ဟက်"ခနဲ ရယ်မောလိုက်ပါသည်။

"မဆင်းလည်းနေလေ၊ ငါကလည်း အချိန်တန်ရင် ငါ့အိမ်ငါပြန်နေချင်ရင် အတင်းပြန်တက်ပြီး လာနေရုံပဲ"



www.burmeseclassic.com

www.burmeseclassic.com



နွယ်ပင်က ဒေါင်းစိမ်းကို မျက်စောင်းဖျော့ဖျော့ထိုး ရင်း ...

"ခြောက်လ ချုပ်ရမှာလား"

"ခြောက်လချုပ်ရင် မင်း ဆယ့်နှစ်သိန်းပေးရမှာပေါ့"

"အင်းပေါ့"

"ပေးချင်လို့လား၊ မင်းတို့ အိမ်ရှာတာကလည်း ခြောက်လ တော့ ကြာမယ်မထင်ပါဘူး"

"ဖြစ်နိုင်ရင်တော့ သုံးလလောက်ပဲ ချုပ်ချင်တာပေါ့၊ ဒါပေမဲ့ ရှင်က သက်သက်မဲ့ကူညီတာ၊ ဒီအိမ်လောက် အခြေအနေကို စတိလောက် နှစ်သိန်းနဲ့ တမင်တကာ ကူညီပြီး ငှားပေးတာကို ကျွန်မက သုံးလစာပဲပေးပြီး သုံးလချုပ်ရမှာ အားနာနေလို့ပါ"

"အားနာစရာမလိုပါဘူးလေ၊ ချုပ်ပါ သုံးလပဲ၊ သုံးလကြာလို့မှ အိမ်ခန်းမဝယ်ရသေးရင်လည်း နောက်သုံးလထပ် ချုပ်ချင်လည်း ချုပ်ပေါ့"

"ကျေးဇူးပဲ"

နွယ်ပင် အသင့်ရိုက်ပြီးသော ဝယ်လာသော အိမ်ငှား စာချုပ်လေး နှစ်စောင်ကို ထုတ်လိုက်ပါသည်၊ စာချုပ်မှာ ကိုယ် ဖြည့်စရာတွေ ရေးဖြည့်ပြီးတဲ့အခါ ဒေါင်းစိမ်းရဲ့ မှတ်ပုံတင်တို့ ဘာတို့ဖြည့်ဖို့ ဒေါင်းစိမ်းကိုပဲ စာချုပ်တွေပေးလိုက်ပါသည်။





ဒေါင်းစိမ်းက သေချာတောင်ဖတ်မနေဘဲ ဆွဲယူဖြည့်စွက် လက် မှတ်ထိုးလိုက်ပြီး တစ်စောင်ကိုခေါက်ချိုးပြီး သူ့ရှပ်အင်္ကျီအိတ်ထဲ ထည့်လိုက်ပါသည်။

"သော့ခလောက်အသစ်တွေ ဝယ်ဖို့မှာထားတာ ဝယ်ပြီး ပြီလား"

"ဝယ်ပြီးပါပြီ၊ ဒီအိတ်ထဲမှာ အသင့်ပဲ"

"ဒါဆို ငါ့သော့တွေ အကုန်ဖြုတ်သိမ်းသွားတော့မယ်"

"အင်း"

"အန်တီ့ကိုရော နွယ်ပင့်ကိုရော မှာချင်တာတစ်ခုတော့ရှိ တယ်၊ နံရံတွေမှာ ကျွန်တော်တို့ငယ်ငယ်က မိသားစုပုံလေး တွေ လေးနေရာမှာ လေးပုံချိတ်ထားတယ်၊ အဲဒါတွေကို မဖယ်မဖြုတ်စေချင်ဘူး၊ လုံးဝမထိစေချင်ဘူး၊ ကျွန်တော် တန်ဖိုးထားတာလေးတွေမို့ပါ အန်တီ"

"ဩော် ... စိတ်ချ ... စိတ်ချ၊ မဖြုတ်ပါဘူး သားရယ်၊ အန်တီတို့လည်း ခဏတဖြုတ်နေမှာပဲဟာ၊ သားမှာထားရင် ဘာမှမထိမကိုင်ပါဘူး စိတ်ချပါ"



www.burmeseclassic.com

www.burmeseclassic.com



၉

ဒီလိုပွဲမျိုးကို လာနေကျထုံးစံ လာဖူးသောအတွေ့အကြုံ မရှိပေမယ့် ဒီတစ်ခါတော့ မင်းခေါင်မိုးက လာဖြစ်အောင် လာလိုက်ပါသည်။ သူ့ဆီကိုလည်း မင်းသမီး အညိုကတစ်ဆင့် ဖိတ်စာရောက်ရှိပြီးဖြစ်သည် မဟုတ်လား။

တစ်လခွဲ။

တစ်လခွဲဆိုတဲ့ အတောအတွင်း သူ နွယ်ပင်ပျို သင်တန်းတက်တယ်ဆိုတဲ့ “Infinite Fashion”ဆိုတဲ့ဆိုင်ကိုသွားဖို့ အကြိမ်ကြိမ် စိတ်ကူးမိခဲ့သေးသည်။ သို့သော် လုပ်ငန်းခွင်လိုနေရာမျိုး သင်တန်းကျောင်းလိုနေရာမျိုးကို ဧည့်သည်ရောက်သွားလို့ မကောင်းတတ်ဘူးဆိုတာ ကိုယ်လည်း လုပ်ငန်းလုပ်နေသူတစ်ဦးဖြစ်၍ နားလည်သဘောပေါက်ကာ မသွားဖြစ်ခဲ့။





စိတ်ကတော့ နွယ်ပင်ပျိုဆိုတဲ့ ချစ်စဖွယ် မိန်းကလေးကို သတိရရနေတတ်၍ လွန်ခဲ့တဲ့သုံးပတ်လောက်ကတော့ သူတို့ရဲ့အိမ်ကို ရောက်ခဲ့ပါသည်။ အိမ်ဆိုတာကတော့ ဧည့်သည်သွားလာလို့ မသင့်တော်ဘူးရယ်လို့ မရှိတဲ့နေရာ။ အိမ်ရှင်နဲ့ ကိုယ်ရဲ့ ရင်းနှီးကျွမ်းဝင်မှု အိမ်ရှင်ရဲ့ ကိုယ့်အပေါ် လိုလားမှု မလိုလားမှုတို့အပေါ်သာ မူတည်ပြီး သွားဖို့သင့်တယ် မသင့်ဘူး ဆုံးဖြတ်ရုံမဟုတ်လား။

အဲဒီတစ်ရက်က နွယ်ပင်ပျိုတို့ ခြံကလေးရှေ့ သူ့ကားရပ်လိုက်တော့ အိမ်ရဲ့ဘေးဘက်တစ်ခြမ်းမှာ အဆောင်ချဲ့ပြီး ပြုပြင်နေတဲ့ အလုပ်သမားတွေကို ဦးစွာမြင်ရလျက် လူတစ်ယောက်က ခြံတံခါးဝ ရောက်လာသည်။

“ဘာကိစ္စပါလဲခင်ဗျာ”

“ဪ ... ဒီအိမ်က နွယ်ပင်ပျိုတို့အိမ် ထင်တယ်နော်။ ကျွန်တော် နွယ်ပင်ပျို့မိတ်ဆွေပါ၊ သူနဲ့တွေ့ချင်လို့ပါ”

“ဪ ... ဒေါ်နှင်းမြတ်နဲ့ နွယ်ပင်တို့သားအမိရဲ့အိမ်အရင်က ဟုတ်ပါတယ်၊ အခု ကျွန်တော်တို့ ဒေါ်နှင်းမြတ်ဆီက ဝယ်လိုက်တာ သိပ်မကြာသေးပါဘူး၊ သူတို့ပြောင်းသွားကြပြီခင်ဗျ”

“ဪ ... ပြောင်းသွားပြီလား”

မင်းခေါင်မိုး ရင်ထဲဟာတာတာ ခံစားရလျက် ...



www.burmeseclassic.com

www.burmeseclassic.com



"ပြောင်းသွားတဲ့လိပ်စာလေးရော သိနိုင်မလား မသိဘူး ခင်ဗျာ"

"ကျွန်တော်တို့လည်း သေချာမသိဘူးခင်ဗျ၊ ကျောက်ကုန်းတို့ ဘောက်ထော်တို့ဘက်လို့တော့ ထင်တာပဲ"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့၊ ကျေးဇူးပါပဲခင်ဗျာ"

အဲဒီရဲ့နောက်မှာ မင်းခေါင်မိုးက infinite fashion ကို လိုက်သွားဖို့ အကြိမ်ကြိမ် စဉ်းစားမိကာ အကြိမ်ကြိမ်ပယ်ချမိပါသည်။ ဟိုတစ်ခါ အဲဒီလမ်းထိပ်မှာ ကားနှင့်တိုးမိတဲ့ ညနေစောင်းအချိန် (သူ့သင်တန်းဆင်းချိန်လို့ မင်းခေါင်မိုးက ထင်သည်)မျိုးမှာ သွားစောင့်ကြည့်ဖို့လည်း ကြံရွယ်ကာ ကားဖြတ်မောင်းဖူးပါသေးသည်။

သို့သော်မဲ့ ဤလမ်းကလေးက ကားပါကင်လုပ်ဖို့လည်း အင်မတန် ခက်ခဲကျဉ်းကျပ်ကာ လမ်းထိပ်ကလည်း ပလက်ဖောင်းဘေး ကားရပ်ခွင့်မပြုသော ဘတ်စ်ကားမှတ်တိုင်ဇရိယာ။ ဒီလိုနဲ့ပဲ ရံဖန်ရံခါ ကားဖြတ်မောင်းလိုက်မိတာထက်ပိုပြီး သူ မလှုပ်ရှားမိ။

အဲဒီအချိန်မှာ ဒီဖက်ရှင်ရှိုးပွဲရဲ့သတင်းကို သတင်းစာကြာနယ်တွေမှာ သူ ဖတ်ရပြီး နှင်းသီရိညိုထံ နွယ်ပင် လာတွေ့သွားတဲ့အဖြစ်အပျက်ကိုလည်း ပြန်တွေးမိကာ ဒီရှိုးပွဲကို သူလာဖို့ ဆုံးဖြတ်လျက် လက်မှတ်ရဖို့ ကြံစည်လုံးပမ်းခဲ့တာ။ အခုတော့





လက်မှတ်က နှစ်နေရာ သုံးနေရာလောက်ကပင် ရနေပါသည်။ တစ်ယောက်တည်းလာဖို့ရာ အကြောင်းကြောင်းလည်းဖြစ်၍ မင်းခေါင်မိုးက သူ့သူငယ်ချင်း ကျော်စွာအောင်ကိုပါ တင်းဆွဲခေါ်လာပါသည်။

"မင်း ဒီလိုပွဲမျိုးကို ကြည့်ချင်တဲ့စိတ်ကူး ရှိတယ်ဆိုတာ ငါ ဘယ်တုန်းကမှ မစဉ်းစားဖူးတဲ့ကိစ္စပဲ၊ မင်းခေါ်လို့သာ ပါလာရတယ်၊ မင်းအလုပ်ကိစ္စတွေနဲ့လည်း တိုက်ရိုက်ပတ်သက်မှု မရှိဘူး မဟုတ်လား"

ပွဲမစသေးတာမို့ ခုံတွေမှာ နေရာမယူသေးဘဲ မိုးတိုးမတ်တတ် ဟိုလျှောက် ဒီလျှောက် လျှောက်နေကြဆဲ ကျော်စွာက အံ့အားတသင့် ပြောပါသည်။

"ဟင်း ... ဟင်း"

"ဟေ့ကောင် ... ဘာရယ်နေတာလဲ၊ မင်း ဒီနေ့လျှောက်မယ့် ကောင်မလေးတွေထဲက ဘယ်တစ်ယောက်နဲ့ပတ်သက်မှုရှိလဲ သို့မဟုတ် ပတ်သက်ဖို့ ရည်ရွယ်ထားလဲ၊ အဲဒီထဲက တစ်ခုမဟုတ်တစ်ခုပဲ"

"တစ်ခုမှ မဟုတ်ဘူး"

"မင်း မလျှိုနဲ့ကွာ၊ ပွင့်ပွင့်လင်းလင်းပြော"

"ငါ တစ်ယောက်ကိုတော့ တွေ့ချင်လို့လာတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပဲလေ၊ ဒါကိုပြောနေတာပေါ့"

"ဒါပေမဲ့ မင်းပြောတာ မှားတယ်၊ ရှိုးလျှောက်မယ့်သူတွေထဲကတော့ မဟုတ်ဘူး"

"ဟင် ... ရှိုးလျှောက်မယ့်ထဲက မဟုတ်ရင် ဘာလဲ၊ လျှောက်မယ့်သူတွေကို ပြင်ပေးမယ့် မာမီတွေထဲကလား"

"ဟုတ်ကောင်"

"ဟီး ဟီး ဟီး ... စ,တာပါကွာ၊ ဒီဇိုင်နာထဲကပေါ့ အဲလိုလား၊ ငါသိသလောက် ဒီနေ့ပွဲမှာပါမယ့် ဒီဇိုင်နာတွေထဲမှာ ငယ်ငယ်ရွယ်ရွယ် အပျိုလေးတွေ မပါပါဘူးကွာ၊ နှစ်ယောက်က အိမ်ထောင်သည်လေ၊ မဂ္ဂဇင်းတွေထဲ အင်တာဗျူးတွေ မြင်ဖူးနေတာ၊ နောက်တစ်ယောက်က ငါတို့ထက် အများကြီး,ကြီးပြီး လေးဆယ်လောက်ရှိမယ်၊ နောက်တစ်ယောက်က ယောကျ်ားလေးလေကွာ"

မင်းခေါင်မိုးက ပခုံးတစ်ချက် တွန့်လိုက်ရင်း ...

"ငါတွေ့ချင်တာ အဲဒီဒီဇိုင်နာတွေထဲက Infinite fashion က လာပြမယ့် ဒီဇိုင်နာ ခိုင်မမကို ဆိုတဲ့တစ်ယောက်ရဲ့ တပည့်တစ်ယောက်ပါ"

"ဩော်"

"သူက ပွဲစီစဉ်ကတည်းက သူတို့ဆီကလျှောက်မယ့် မင်းသမီးတွေကို လိုက်ဆက်သွယ် စကားပြောကတည်းက





သူ့ပဲလုပ်ခဲ့တာ၊ အဲဒါကြောင့် အခုပွဲမှာလည်းပဲ ပါလာနိုင်တယ်၊ ပါလာနိုင်တယ် မဟုတ်ပါဘူး ပါလာမှာ သေချာပါတယ်"

"ဟုတ်ကောင် ငခေါင်၊ သူပါလာရင်လည်း သူက ဒီလို ရှေ့ဘက်ကခုံတွေမှာ ဘယ်ရှိပါ့မလဲကွ၊ ဟိုးနောက်ဘက်ထဲက ပြင်ဆင်နေတဲ့ အခန်းဆီမှာပဲ ရှိမှာလေ"

"အေး"

"ဘာအေးလဲ၊ အဲဒါကို မင်း ဒီမှာ ဒီလိုရပ်နေရုံနဲ့ ဘယ်လိုလုပ် တွေ့ခွင့်ရမလဲ၊ နောက်ဘက်ဝင်တွေ့ရမယ်လေ"

"ဘယ်နေရာကို ဝင်တွေ့ရမလဲမှ မသိတာ"

"မသိလျှင်မေး မစင်လျှင်ဆေးလေ ဟုတ်ကောင်၊ ငါမေးမြန်းစုံစမ်းကြည့်မယ်"

"ဟုတ်ကောင်"

မင်းခေါင်မိုး လှမ်းတားလိုက်ပေမယ့် ကျော်စွာအောင်က တဖျပ်ဖျပ်နှင့် မလှမ်းမကမ်းက လူတချို့ကို ဘာလိုင်းကြီးပဲ ဟိုမေးဒီမေး လျှောက်မေးကြည့်နေခဲ့ပါပြီ။ သိပ်ကြာကြာလည်း မမေးလိုက်ရပါ။ မင်းခေါင်မိုးထံ မေးလှမ်းဆတ်ကာ ...

"ဟုတ်ကောင် ... လာ"

မင်းခေါင်မိုးက ကျော်စွာ့အနား လျှောက်သွားရင်း ရင်တောင် တုန်လာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုဘက်ဆောင်ကြီးက ထွက်ပြီး နောက်က ပတ်ဝင်ရမယ်"

"ဖြစ်ပါ့မလား ကျော်စွာ"

"ဟာ ... ဘာကိုမဖြစ်ရမှာလဲ"

"ဟိုဟာပါကွာ၊ သူတို့က အလုပ်လုပ်နေတာလေ၊ ဒီအချိန်မျိုးမှာ အရမ်းရှုပ်ယှက်ခတ်နေကြမှာ၊ ငါတို့ သူ့ကိုသွားတွေ့နေရင် သူလုပ်စရာရှိတဲ့အလုပ်ပျက်လို့ သူ့ဆရာမက ဆူနေပါဦးမယ်"

"အခြေအနေကြည့်ရမှာပေါ့ကွ၊ အဆင်ပြေရင် ပြေသလို မပြေရင် မပြေသလိုပေါ့၊ ဘာပဲဖြစ်ဖြစ် မင်းရောက်လာတယ် သူရှိတဲ့နားထိ သူ့ကိုလာရှာတယ် ဆိုတာလောက်တော့ သူ သိကိုသိသွားရမှာပေါ့၊ ဒီပွဲထိ မင်းလာကြည့်ပြီး မင်းရောက်လာတာတောင် သူ မတွေ့လိုက်ဘူး ဆိုတာကတော့ လာရကျိုးလည်း မနပ်ဘူး နစ်နာတယ်လေ"

ပြောပြောဆိုဆိုနှင့် ကျော်စွာ ဦးဆောင်ခေါ်သွားရာ လမ်းကြောင်းအတိုင်း သူတို့နောက်ဘက်ကနေ ပတ်ဝင်လာခဲ့ကြပါသည်။ အံ့သြစရာ။ သူတို့ ပြင်ဆင်နေတဲ့နေရာနားမှာ လူတွေ ကျပ်ညပ်အုံခဲနေသည်။ ရှေ့ဘက်ခန်းမထဲက လူတွေထက်ပင် များပေဦးမည်။

တိဗိရိက်ကူးရေးတွေရော ဂျာနယ်တွေက သတင်းသမား ဖြစ်ပုံရသူတွေရော ရှိုးလျှောက်မည့် ကောင်မလေးတိုင်း





နှင့် အဖော်ပါလာသော အမေအစ်မ အဖော်အလျော်တွေရော။ မိတ်ကပ်ဆရာအဖွဲ့တွေ အခြား ဘာမှန်းမမှန်းဆနိုင်သောအဖွဲ့တွေ အုပ်စုလိုက် အုပ်စုလိုက် သင့်ရာလျှော်ရာနေရာတွေမှာ တိုးကြိတ်ကျပ်သပ်နေသည်။

ပြင်ဆင်လဲလှယ်ဝတ်စားနေကြတဲ့ အခန်းတွေကလည်း ဟာလာဟင်းလင်း ဖွင့်ထားသလောက်ပင်။ ပွဲစခါနီးပြီမို့ အပြီးသတ်ပြင်ဆင်နေကြတဲ့အဆင့် ဖြစ်နေပါပြီ။ အခမ်းအနားအစီအစဉ် ကြော်ငြာသူလုပ်မည့် အမျိုးသမီးနှင့် ဒီဇိုင်နာတွေလည်း ဆွေးနွေးဓာတ်တိုက် တိုင်ပင်နေကြလျက်။

အားလုံးဟာ အလုပ်ကိုယ်စီ ရှုပ်နေကြပါသည်။

"ဘယ်မှာလဲ မင်းကောင်မလေး"

"မတွေ့ဘူး"

"သေချာရှာလေကွာ၊ လူတွေ ဒီလောက်များတာ ကြားမှာ ညပ်ပျောက်နေမှာပေါ့ ... ရှာလေ"

"ရှာတာပဲကွ တွေ့မှမတွေ့တာ"

"ဒါဆို အခန်းတစ်ခုခုထဲမှာ နေလိမ့်မယ်"

"လာတောင်လာရဲ့လား မသိဘူးကွာ"

"နာမည်ဘယ်သူတဲ့လဲ"

"နှယ်ပင်ပျိုတဲ့၊ ဟော့ကောင် ... မင်း ဘာလုပ်မလို့လဲ"

"မေးကြည့်မှာပေါ့ကွ"



www.burmeseclassic.com

www.burmeseclassic.com



“ဟာ ... ဟော့ကောင် လျှောက်မမေးနဲ့လေ”

မင်းခေါင်မိုးက ကျော်စွာ့လက်ကို ဆွဲထားရပါသည်။

“ဘာဖြစ်လဲကွ မေးကြည့်တာပဲ”

“ဟယ် ... ကိုခေါင်”

ရုတ်တရက် ပေါ်လာတဲ့ အသံကြောင့် မင်းခေါင်မိုးရော ကျော်စွာအောင်ပါ လှည့်ကြည့်လိုက်မိပါသည်။ ရှိုးလျှောက်ဖို့ ပြင်ဆင်ဝတ်စားထားပြီးသော မင်းသမီးငယ်လေးနှစ်ယောက်က မင်းခေါင်မိုးရှိရာ အပြေးကပ်လာကြပါသည်။

မင်းခေါင်မိုး တိုက်ကရိုက်တဲ့ကားတွေမှာ အကြိမ်ကြိမ် ပါဖူးနေကျ မင်းသမီးငယ်တွေ ဖြစ်ပါသည်။ မင်းခေါင်မိုးကိုလည်း အမြဲတရင်းတနှီး လာကပ်ပေါင်းနေကျကောင်မလေးတွေပင်။ ပရိဂျူဆာက လူငယ်ဖြစ်နေတော့ မင်းသမီးပျိုလေးများ ရင်းနှီးအရောဝင်တာက မဆန်းပါ။

“ကိုခေါင် ဘာလာလုပ်တာလဲ”

“ဩော် ... နှင်းနှင်း၊ ဒီလိုပဲလေ ပွဲလာကြည့်တာ”

“အင်းလေ ... ပွဲလာကြည့်မှန်းတော့ သိတာပေါ့၊ ဒါပေမဲ့ ရှေ့မှာမနေဘဲ နောက်ကိုရောက်နေလို့ ဘာလာလုပ်တာလဲလို့ မေးတာပါ”

“ဒီလိုပါပဲ၊ နောက်ကိုလာကြည့်တာ”

မင်းခေါင်မိုးက ခပ်ပြုံးပြုံး ဖြေလိုက်သော်လည်း ...





“ဒီမှာ ညီမ၊ ဒီမှာ infinite fashion က နွယ်ပင်ပျိုရှိလား”

ကျော်စွာက ဖျတ်ခနဲ မေးချလိုက်ပါသည်။

“မနွယ်ပင်လား ရှိတယ်လေ”

နှင်းသီရိညိုက ကျော်စွာ့ကို အူကြောင်ကြောင်လေး ကြည့်ကာ ဖြေလိုက်ရင်း ...

“နှင်းနှင်းတို့က infinite အတွက် လျှောက်ပေးတာလေ၊ အခု နှင်းနှင်း ဝတ်ထားတာ မမနွယ်ပင် ချုပ်တာလေ၊ လှတယ်နော်”

နှင်းသီရိညို ကိုယ်ပေါ်က ဝတ်စုံလေးက တကယ်ပဲ ဆန်းသစ်လှပပါသည်။ မင်းခေါင်မိုးက အံ့အားပင်သင့်ရသည်။ သင်တန်းသူတစ်ယောက်က ဒီလောက် လက်ရာမြောက်မြောက် ချုပ်နိုင်ပြီလား။

“ကိုခေါင်တို့ မမနွယ်ပင်နဲ့ တွေ့ချင်လို့လား၊ ကိစ္စရှိလို့လား၊ နှင်းနှင်း ခေါ်ပေးရမလား”

မင်းခေါင်မိုးက မျက်နှာထားရခက်ခက်နှင့် ...

“သူ အလုပ်ရှုပ်နေမလား”

“အလုပ်တော့ ရှုပ်နေတယ် ... အဟီး”

“ဒါဆိုရင် နေပါစေလေ မခေါ်ပါနဲ့၊ ဒီရှိုးပွဲအတွက်က အရေးကြီးနေတာ၊ အချိန်လည်း ကပ်နေပြီ”



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ခေါ်တော့မခေါ်ဘူး၊ သွားတော့ ပြောပြထားလိုက်မယ်လေ ကိုခေါင်၊ သူအားတော့လည်း ထွက်လာ၊ မအားရင်လည်း မထွက်လာနဲ့ပေါ့"

"ဟုတ်တယ်လေကွာ၊ ရောက်နေတာတော့ ပြောပြပေးလိုက်ပါ၊ သူ မအားလို့ ထွက်မလာလည်း ကိစ္စမရှိပါဘူး"

ကျော်စွာက ဝင်ပြောလိုက်ပြန်ပါသည်။

"ဟုတ်ကဲ့"

မင်းသမီးငယ်လေး နှစ်ယောက်က အခန်းတွေဘက်ဆီ ပြန်ဝင်သွားကြပါသည်။ မင်းခေါင်မိုးက တစ်မျိုးကြီးဖြစ်လာပြီး ...

"ရှေ့ပဲသွားကြပါစို့ကွာ"

"ဘာလဲကွ မင်းကလည်း"

"သူလည်း အရမ်းအလုပ်ရှုပ်နေမှာပါ"

"ရှုပ်ရင် သူ မလာဘူးပေါ့ကွ"

"ငါရောက်နေမှန်းသိရင် နောက်ကြောင်းမအေး စိတ်မဖြောင့် ဖြစ်နေပါဦးမယ်"

"အခု မင်း ရှေ့ဘက်ပြန်ထွက်သွားတော့ရော မင်းထွက်သွားပြီ မရှိတော့ဘူးဆိုတာ သူသိမှာမှ မဟုတ်တာ၊ သွားပြောနေပြီပဲဟာ မထူးဘူး၊ ဘာမှလုပ်မနေနဲ့တော့၊ ခဏစောင့်၊ ခဏနေ ပွဲထွက်တော့မယ်ဆိုရင် ဟိုမှာနောက်ဘက်က





တက်မယ့်လှေကားနေရာ တွေ့လား၊ အဲဒီနား မော်ဒယ်တွေ လာတန်းစီကြမှာ၊ သူတို့လည်း ပါလာမှာပဲ၊ အဲဒီကျစကားသွားပြောရမှာ အားနာရင်လည်း လက်လေးပြပြီး ရှေ့ကိုသွားတော့မယ်လို့ နှုတ်ဆက်လိုက်ပေါ့"

ကျော်စွာပြောတာလည်း ဟုတ်တာပင်။ သူ အခုပြန်ထွက်သွားလည်း နွယ်ပင်က ဒီနောက်ဘက်မှာပဲ သူစောင့်နေတယ်လို့ ထင်နေမှာပါပင်။ ထွက်သွားတာ သိတာမှ မဟုတ်တာ။ ဘာဆက်လုပ်မလဲ တွေးတောဝေခွဲမရရှိဆဲပင် အခန်းတစ်ခန်းရဲ့အပေါက်ဝမှာ အပြာရောင်ဝတ်စုံလေးနှင့် နွယ်ပင်ရဲ့ပုံရိပ်လေးက ဖျတ်ခနဲ ထင်လာပါသည်။

"ဟော"

မင်းခေါင်မိုးရဲ့ပြောင်းလဲသွားတဲ့ မျက်နှာရိပ်ကြောင့် ကျော်စွာကလည်း လှမ်းကြည့်လိုက်ပါသည်။

အံ့သြသွားသလို မျက်နှာလေးနှင့် မရဲမဝံ့ မပြုံးတပြုံး မျက်နှာကလေးကိုဆောင်ကာ နောက်ဘက် အခန်းထဲလည်း နောက်ဆံတင်းတင်း တစ်ချက်ပြန်ငဲ့ကြည့်လိုက်ပြီးမှ နွယ်ပင်က ခပ်တုံ့တုံ့လေး အနားလျှောက်လာပါသည်။

"ကိုခေါင် ... နွယ်ပင့်ဆီ လာတာလား"

"ခင်ဗျာ ... ဟုတ်တယ်ဗျ၊ ဟိုလေ ... လက်မှတ်ရလို့ ရှိုးပွဲလာကြည့်တာပါ၊ ဒါပေမဲ့ နွယ်ပင်တို့ Infinite fashion



www.burmeseclassic.com

www.burmeseclassic.com



ကလည်း ပါတယ်ဆိုတာ သတိရလိုက်လို့ နွယ်ပင်များ ပါလာမလားလို့ နောက်ဘက်ခဏဝင်ကြည့်တာပါ"

"ဩော် ... ဟုတ်ကဲ့၊ နောက်ဘက်မှာတော့ ရှုပ်ယှက်ခတ်နေတာ ကိုခေါင်ရဲ့"

"နွယ်ပင်လည်း ဒီအချိန်မှာ အလုပ်များနေမယ်ထင်တယ်"

"ဟုတ်ကဲ့ ... အားတော့နာပါတယ် ကိုခေါင်၊ ဒါပေမဲ့ အရမ်းတော့ အလုပ်ရှုပ်ပြီး အပြေးအလွှား ဖြစ်နေတယ်"

"ဒါနဲ့များ ထွက်လာသေးတယ် နွယ်ပင်ရယ်"

"ကိုခေါင် မေးနေတယ်ဆိုတော့ အံ့သြပြီး ထွက်မလာရမှာ အားနာလို့ပါ"

"အားမနာပါနဲ့ နွယ်ပင်၊ လုပ်စရာရှိတာ သွားလုပ်ပါ၊ ကျွန်တော်လည်း တွေ့လိုတွေ့ငြားသာ ခဏဝင်ကြည့်တာ၊ မတွေ့လို့ ပြန်ထွက်တော့မလို့ပါ၊ နှင်းသီရိညိုနဲ့ တွေ့လိုက်တာနဲ့ သူက ရှိတယ်ဆိုလို့။ ရတယ် နွယ်ပင်၊ နောက်မှ ကျွန်တော် နွယ်ပင့်ကို လာတွေ့ပါဦးမယ်"

"ဟုတ်ကဲ့"

"လာတွေ့မယ်သာဆိုတယ် နွယ်ပင့်အိမ် ရောက်သွားတော့ အိမ်ပြောင်းသွားပြီတဲ့၊ သင်တန်းကိုကျတော့ နွယ်ပင့်ဆရာမက မကြိုက်ရင် နွယ်ပင် စိတ်ကျဉ်းကျပ်နေမှာစိုးလို့လေ၊ ဘယ်ကိုလာတွေ့ရမယ်မှန်းတောင် မသိတော့ဘူး"





"ကိုခေါင် ကိစ္စရှိရင် နွယ်ပင့်ဖုန်းနံပါတ် ယူထားလိုက်လေ"

"အား ... ဟုတ်တာပေါ့၊ ဖုန်းနံပါတ်အသစ်တောင်းမလို့ဟာ မေ့နေတယ်၊ နွယ်ပင့်ဖုန်း ပြော၊ ကျွန်တော် မှတ်လိုက်မယ်"

"09-----"

နွယ်ပင်က ဂဏန်းတွဲတစ်ခု ရွတ်ပြလိုက်ပါသည်။ ဟိုအရင်ကတော့ အိမ်ဖုန်းပဲ ပြောနိုင်ပေမယ့် အခုတော့ နွယ်ပင့်မှာ လက်ကိုင်မိုဘိုင်းလ်ဖုန်းလေး ရှိပြီလေ။

"ကျေးဇူးပဲ နွယ်ပင်၊ ကျွန်တော် နောက်နေ့မှ ဆက်လိုက်မယ်"

"ဟုတ်ကဲ့"

"ဒါ ... ကျွန်တော့်သူငယ်ချင်း ကျော်စွာအောင်တဲ့"

"ဩော် ... ဟုတ်ကဲ့၊ သိရတာ ဝမ်းသာပါတယ်ရှင့်"

"ကျော်စွာ ... နွယ်ပင်ပျိုတဲ့"

"ဟုတ်ကဲ့ ... ကျွန်တော်လည်း တွေ့ရတာ ဝမ်းသာပါတယ်ဗျာ"

"ဒါဖြင့် နွယ်ပင် ဝင်တော့၊ အလုပ်များနေတာ အားနာတယ်"

"ဟုတ်ကဲ့"

"အပြန်ကျ နွယ်ပင် ပြန်ဖို့အဆင်ပြေလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ နှယ်ပင်တို့ကို ပွဲပြီးမှ မမခိုင် လိုက်ပို့ပေးမှာပါ"

"ဒါဆို ပြီးရောလေ နှယ်ပင်၊ ဝင်လိုက်တော့၊ ကျွန်တော်တို့လည်း ရှေ့ဘက်ပြန်သွားတော့မယ်"

"ဟုတ်ကဲ့ ကိုခေါင်"

နှယ်ပင်က ကျော်စွာ့ကိုပါပြုံး၍ နှုတ်ဆက်ကာ ခပ်သွက်သွက်ကလေး အပြေးပြန်ဝင်သွားပါသည်။ ဆောင်ကပတ်ထွက်ကာ ရှေ့ဘက်ပြန်လျှောက်လာကြရင်း ကျော်စွာက ...

"မဆိုးဘူးကွ၊ မင်း တော်တယ်"

မင်းခေါင်မိုးက ပြုံးနေမိပါသည်။

"ချစ်စရာလေး၊ ခပ်ရိုးရိုးလေးပဲနော်၊ ဘယ်နားမှာ အဆက်အစပ်ရပြီး သွားရှာတွေ့ထားလဲ မသိဘူး"

"ဒီလိုပဲ ခရီးကြုံ လမ်းကြုံ တွေ့တာပါကွာ"

"ဟ ... လူတွေတောင် ဝင်ကုန်ပြီ၊ အပြင်မှာ သိပ်မရှိတော့ဘူး၊ လာကွာ မြန်မြန်ဝင်ကြစို့"

"ကြည့်ဦးမလို့လားကွာ၊ ပြန်ကြရင် မကောင်းဘူးလား၊ ငါ တစ်ခုခု လိုက်ကျွေးမယ်လေကွာ"

"ဟာ ... မင်းကလည်း ရောက်ပြီးမှ အဓိပ္ပာယ်မရှိတာ၊ ခဏတဖြုတ်တော့ ကြည့်ရှုခံစားဦးမှာပေါ့၊ ရောက်လာပြီး ဘာမှမကြည့်ဘဲ ပြန်ရမယ်လို့"





"မင်းက ဒီရှိုးပွဲ ကြည့်ချင်လို့လား"

"ကြည့်ချင်တာပေါ့၊ ကြည့်မှ မကြည့်ဖူးတာ၊ သူတွေ့ချင်တဲ့ ကောင်မလေးနဲ့လည်း တွေ့ပြီးရော ပြန်မယ်တဲ့၊ ကြည့်တောင် မကြည့်တော့ဘူးတဲ့၊ တကယ့်ကောင်"

"ဟင်း ဟင်း ... ငါက သူ့ကိုတွေ့ရဖို့ပဲ လာချင်တာမို့လို့ပါ"

"ဘာပဲဖြစ်ဖြစ် ခဏတော့ ဝင်ထိုင်ကြည့်မယ်ကွာ၊ ခဏတဖြုတ် ကြည့်ပြီးမှ ပြန်ထွက်ပြီး တစ်ခုခုလိုက်ကျွေး"

"အေးပါကွာ ... အေးပါကွာ"

မင်းခေါင်မိုးက စိတ်တွေကြည်လင်ကာ စိတ်ရှည်လက်ရှည် ဖြစ်နေပါသည်။ မျက်နှာပေါ်က အပြုံးကိုလည်း ဖျောက်မရ။ ဆံပင်နှယ်နှယ်လေးတွေကို ကပိုကရို ခေါက်တင်ကာ ချွေးတလုံးလုံး ဖြစ်မတတ် အလုပ်များနေတဲ့ပုံလေးနဲ့ ရိုးရိုးသာမန် ဝတ်စုံကလေး ဝတ်စားထားတဲ့ နှယ်ပင်ပျို့ပုံစံကလေးဟာ အစွမ်းကုန် ပြင်ဆင်ခြယ်သပြီး အဆန်းကြွယ်ဆုံး ဝတ်စားဆင်ယင်ထားတဲ့ မင်းသမီးမော်ဒယ်တွေထက် သူ့မျက်စိထဲ ဆွဲဆောင်မှုအားကြီးမားနေပါသည်။

❤ ✧ ❤



www.burmeseclassic.com

www.burmeseclassic.com



## ၁၀

ဒီကားကို ဒုတိယအကြိမ် စီးရခြင်းပင်။ ဒီကားပေါ်မှာ ပထမအခေါက်က နောက်ခန်းက။ ဒုတိယအခေါက်ကျတော့ ရှေ့ခန်းမောင်းသူနံဘေးခုံမှာ။ ဒီကားပေါ်က လိုက်ပါစီးနင်းရတဲ့ ခံစားချက်က လူကို ဝံ့ဝံ့ကြွားကြွား ရှိစေသည်။ လမ်းပေါ်မှာသွားလာနေတဲ့ ကားတွေအကြား အခြားသာမန်ဆလွန်းကားတွေထက် သူက မြင့်နေလေရာ ကားတော်တော်များများကို ကိုယ်က အပေါ်ကဆီး၍ မြင်နေရတဲ့ မြင်ကွင်းမှာ ...။

ဘေးကားက ကိုယ့်ဆီလှမ်းကြည့်လျှင် မျက်လုံးကို ပင့်လှန်ပြီး ကြည့်ရလျက် ကိုယ်က ဘေးကားကိုကြည့်လျှင် ခပ်စိုက်စိုက် ငုံ့ကြည့်ရတဲ့ အနေအထား။ ပြီးတော့ ကားမှန်အနက်တွေကြောင့် သူတို့က ကိုယ့်ကိုမမြင်ဘဲ ကိုယ်ကသာ သူတို့ကို မြင်နေရတဲ့ ခံစားချက်။





နွယ်ပင်က သက်ပြင်းလေး ရှိုက်လိုက်ပါသည်။

ဖုန်းဆက်ကာ အားရက်ကိုမေးပြီး တစ်နေရာရာသွားဖို့ သူ ဘာကြောင့် ချိန်းတာပါလိမ့်။ နွယ်ပင်က ပထမ ငြင်းပါသည်။ ပိတ်ရက်က ဒီတစ်ရက်တည်းမို့ ဒီရက်လေးထဲမှာ သွားစရာတွေရှိပါသည်ဟု သူ့ကို ပြောပါသေးသည်။ အဲဒီသွားစရာတွေဆီကိုပဲ အဖော်အဖြစ် လိုက်ပါလိုပါတယ်ဆိုတဲ့အခါကျတော့ ငြင်းရခက်သွားတော့တာပေါ့။

အဖော်မလိုပါဘူး မလိုက်ပါနဲ့လို့လည်း နွယ်ပင့်နှုတ်က ပြောလို့မထွက်ပါ။ ဒါပေမဲ့ သူ့ကို အိမ်အထိတော့ လာမခေါ်စေ။ လမ်းထိပ်ကပဲ စောင့်နေပါဆိုတော့ ကိုခေါင်က မငြင်းပါ။

"ကျွန်တော် ဒီနားပဲ ပါကင်ထိုးလိုက်မယ်နော် ... ရလား"

"ဟုတ်ကဲ့ ... ထိုးလေ ကိုခေါင်"

"နွယ်ပင် သွားရမယ့်နေရာနဲ့ သိပ်ဝေးနေမလားလို့"

"ရပါတယ် မဝေးပါဘူး၊ ဗိုလ်ချုပ်ဈေးထဲမှာ ဒီလောက်ကားကျပ်တာ၊ နေရာရတာပဲတော်လှပြီ၊ ကိုခေါင် အဆင်ပြေသလိုရပ်ပါ"

"ဒါဆို ဒီမှာပဲ ရပ်လိုက်မယ်"

မင်းခေါင်မိုးက လွတ်သောတစ်နေရာမှာ ပါကင်ထိုးရပ်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုခေါင် ဈေးထဲလိုက်မလို့လား"

"လိုက်ခဲ့မှာပေါ့၊ ဘာလို့လဲ ... မလိုက်စေချင်လို့လားဟင်"

"မလိုက်စေချင်လို့ မဟုတ်ပါဘူး၊ ဆိုင်ခန်းတွေအကြိုအကြား လမ်းကြိုလမ်းကြားတွေထဲ ဝင်ရလျှောက်ရမှာမို့ပါ၊ အားနာလို့ပါ"

"သြော် ... အားမနာပါနဲ့ဗျာ၊ ကျွန်တော်က နွယ်ပင် ကျွန်တော်နဲ့တွဲပြီးတော့များ လမ်းအတူမလျှောက်ချင်လို့လားလို့"

နွယ်ပင်က မင်းခေါင်မိုးကို ဖျတ်ခနဲ ကြည့်လိုက်မိပါသည်။

"လမ်းအတူမလျှောက်ချင်တာမျိုး မရှိပါဘူး ကိုခေါင်"

ထို့နောက်တော့ သူတို့နှစ်ယောက်အတူ ဗိုလ်ချုပ်ဈေးရုံထဲ လျှောက်ဝင်လာခဲ့ကြပါသည်။ နွယ်ပင် ဝယ်ခြမ်းမည့် ဘော်ကြယ်ပုတီးစေ့ ကျောက် ပုလဲများ ကြယ်သီးများ ဇစ်များ စသည်တို့က ဘေးလမ်း အကြိုအကြား ကုလားဆိုင်အချို့မှာ ဝယ်ရတာပါ။

လူကျပ်ကျပ် ရှုပ်ရှုပ်ကြားထဲတိုးကာ လမ်းကျဉ်းသွယ်ထဲက ပစ္စည်းပစ္စယ အပုံများအိတ်များကို ကျော်ခွကာ နွယ်ပင် ဝယ်သမျှနောက်သို့ မင်းခေါင်မိုးက တကောက်ကောက် ပါလာပါသည်။



"အထုပ်တွေ ကျွန်တော့်ကိုပေးလေ"

"အို ... နေပါစေ ကိုခေါင်၊ ပေါ့ပေါ့လေးတွေပါ"

နွယ်ပင်သည် ခေါင်းစိမ်းကို ဖျတ်ခနဲ သတိရမိပါသည်။ မိုးရွာထဲဖြစ်ဖြစ် ဗွက်တောထဲဖြစ်ဖြစ် လေကားကျဉ်းကျဉ်းမှာဖြစ်ဖြစ် ကိုယ့်နောက်က ခေါင်းစိမ်း ကပ်၍ပါရစဉ်တုန်းက နွယ်ပင် အားမနာခဲ့ပေ။ ခုလို အထုပ်ကလေးဆွဲဖို့မပြောနှင့် ကိုယ့်အိမ်က ပရိဘောဂကုလားထိုင် စားပွဲ သေတ္တာတောင်းပလုံးတို့ကို ခေါင်းစိမ်း သယ်ပိုးချီမ,နေတာကိုလည်း အားမနာမိခဲ့ပေ။

ခုတော့ ကိုခေါင်နှင့်ကျတော့ အားနာမိနေသည်။ ဒါဟာ လူတစ်ယောက်ရဲ့အရှိန်အဝါပဲ ထင်ပါရဲ့။

"နွယ်ပင် ... ဒါတွေက သင်တန်းမှာသုံးဖို့လား၊ အများကြီးပါလား"

"နွယ်ပင် အိမ်မှာလည်း အင်္ကျီအပ်ထည်တွေ လက်ခံချုပ်ပါတယ်"

"သြော် ... ဟုတ်လား၊ နွယ်ပင်က ကိုယ့်ဘာသာ အပ်ထည်လက်ခံတဲ့အထိ ကျွမ်းကျင်နေပြီပဲနော်"

"ဟုတ်ကဲ့"

"လူတွေက ဟိုဆိုင်မှာမအပ်ဘဲ နွယ်ပင့်ဆီ သပ်သပ်လာအပ်တယ်ဆိုရင် နွယ်ပင့် လက်ရာကို ပိုသဘောကျကြလို့ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"အဲလိုတော့ မဟုတ်ပါဘူး ကိုခေါင်၊ နွယ်ပင်တို့ ဆရာမ မမခိုင်က အရမ်းတော်ပါတယ်၊ သူ့လက်ရာ သူ့ဒီဇိုင်းတွေက အရမ်းအဆင့်မြင့်ပါတယ်၊ ဒါပေမဲ့ အဲဒီမှာအပ်တော့ အဲဒီဈေးနှုန်းထားပေါ့နော်၊ နွယ်ပင့်ဆီ လာအပ်တော့လည်း နွယ်ပင့် နှုန်းထားပေါ့၊ ဈေးနှုန်းသက်သာချင်တဲ့သူတွေ နွယ်ပင့်အိမ်ကို သီးသန့်လာအပ်တဲ့ သဘောပါ"

"အဲဒီလိုချည်းပဲလည်း မဟုတ်လောက်ဘူး ထင်ပါတယ်၊ ဟိုပွဲတုန်းကဆို နှင်းသီရိညိုဝတ်တဲ့ ဝတ်စုံက နွယ်ပင် ချုပ်တာဆို"

"ဟုတ်ကဲ့"

"နွယ်ပင့်လက်ရာက ဒီလောက်ကောင်းတာဗျာ၊ အဲဒီဝတ်စုံဆို အရမ်းလှတယ်လေ၊ အသေးစိတ် မပြောတတ်ပေမယ့် ဆန်းကြယ်အနုစိပ်ပြီး အရမ်းသပ်ရပ် စမတ်ကျတာတော့ ပြောနိုင်တယ်"

"ကျေးဇူးပါပဲ ကိုခေါင်ရယ်"

"ဒါကျေးဇူးတင်စရာလား နွယ်ပင်ရဲ့"

နွယ်ပင်က ပြုံးနေလိုက်ရပါသည်။ ဝယ်ခြမ်းစရာတွေ အကုန်ဝယ်ခြမ်းပြီးတဲ့အခါ ...

"ကိုခေါင် ... ကိုခေါင့်ကို နွယ်ပင် တစ်ခုခုကျွေးမယ်နော်"





"ဘာဖြစ်လို့လဲ နွယ်ပင်ရဲ့"

"ကိုခေါင်က နွယ်ပင် ဝယ်ခြမ်းစရာရှိတဲ့ဆီတွေကို အဖော်လည်းလိုက်ပေး၊ ကားနဲ့လည်း ပို့ပေးလို့လေ"

"အဲဒါ နွယ်ပင့်အတွက် သက်သက်မဲ့ကူညီတာမှ မဟုတ်တာ"

"ဟင်"

"ကျွန်တော်ကိုက လိုက်ချင်တဲ့ဆန္ဒရှိလို့ လိုက်တာလေ၊ ကိုယ့်စိတ်ဆန္ဒအတိုင်း လုပ်တာပါ၊ လိုက်ခွင့်ရတဲ့အတွက် ကျွန်တော်ပဲ ကျွေးပါရစေ"

"မဟုတ်တာ ကိုခေါင်ရယ်"

"ဘာလို့ မဟုတ်ရမှာလဲ"

"အရမ်းအားနာပါတယ်"

"အဟင်း ... နွယ်ပင် စကားပြောတာလေးက ချစ်စရာလေးနော်၊ နူးနူးညံ့ညံ့ သိမ်သိမ်မွေ့မွေ့ ယဉ်ယဉ်ကျေးကျေးလေး"

တကယ်တော့ နွယ်ပင်က အဲသလောက်ကြီးတော့လည်း သိမ်မွေ့နူးညံ့ ယဉ်ကျေးသူတစ်ယောက် မဟုတ်ပေ။ သူ့ကိုမို့သာ ဒီပုံစံပေါက်နေတာပါ။

"ကျွန်တော့်အမေလိုပဲ၊ ကျွန်တော့်အမေက အရမ်းနူးညံ့သိမ်မွေ့တယ်၊ တစ်ခါတလေကျ သိပ်မသိမ်မွေ့သင့်တဲ့နေရာတွေမှာတောင် သိမ်မွေ့နေတတ်လို့ သူများနဲ့ တစ်ခု



www.burmeseclassic.com

www.burmeseclassic.com



ရင်ဆိုင်ရတာမျိုး ရှိရင် ခံလိုက်ရတာချည်းပဲ၊ မေမေ့ကိုဆို ဖေဖေရော ကျွန်တော်ရော အမြဲကာကာကွယ်ကွယ်နဲ့ အရိပ်တကြည့်ကြည့် စောင့်ရှောက်နေရတာ ...

ခုလည်းပဲ နွယ်ပင့်ကို ကြည့်ရတာ နုနုညှံ့ညှံ့လေး၊ အရမ်းနုပပ်တဲ့ ပန်းလေးတစ်ပွင့်လိုပဲ၊ ပြီးတော့ နွယ်ပင်တို့မှာလည်း သားအမိနှစ်ယောက်ပဲ ရှိတာဆိုတော့ နွယ်ပင့်မှာ လိုအပ်တဲ့နေရာတွေမှာ ကျွန်တော် ကာကွယ်စောင့်ရှောက်ပေးပါရစေ"

"........"

ဘာပြန်ပြောရမှန်း မသိ၍ နွယ်ပင်က နှုတ်ဆိတ်နေမိပါသည်။

"နွယ်ပင် ပြီးပြီလား"

"ဟုတ်ကဲ့"

"ဒါဆို တစ်နေရာသွားပြီး တစ်ခုခုစားကြစို့လေ"

"ဟိုလေ ... ဒီထဲမှာလည်း စားသောက်ဆိုင်တန်းက စားလို့ကောင်းတဲ့ဆိုင်တွေရှိတယ် ကိုခေါင်"

"နွယ်ပင်ကလည်း ကျွန်တော်ကျွေးမယ် ပြောမိတာနဲ့ ဈေးသက်သာတဲ့ ဆိုင်ကုပ်လေးတွေဆီ ဆွဲခေါ်နေပြန်ပြီ၊ မဟုတ်တာဗျာ၊ နွယ်ပင် အဲသလို အားနာတာက ကျွန်တော့်ကို သိက္ခာကျစေတယ်ဗျ ... အဟင်း"





"အဲသလို မဟုတ် ..."

"ပုံမှန်စားနေကျ ဆိုင်ကောင်းကောင်းလေးတွေမှာပဲ စားပါဗျာ၊ အဲလိုကြီးတော့ မလုပ်ပါနဲ့၊ ကျွန်တော် တကယ် သိက္ခာကျလို့ပါ"

နွယ်ပင် ဘာဆက်ပြောရမည်မသိပါ။ ဗိုလ်ချုပ်ဈေးထဲက မုန့်ဆိုင်တွေဟာ ဈေးသက်သာလှတယ် မဟုတ်ပါ။ ဝယ်ဖို့ခြမ်းဖို့လာတိုင်း အခေါက်တိုင်း နွယ်ပင် ဝင်စားဖြစ်တာတောင် မဟုတ်ပါ။ ဈေးများတယ်ထင်၍ အပိုမကုန်ချင်တာကြောင့်ပါ။

ဒီဆိုင်တွေမှာ ကျွေးရမှာ သူသိက္ခာကျတယ်ဆိုတော့ ဘာပြန်ပြောရမယ်လို့ မစဉ်းစားတတ်တော့။ "ပုံမှန်စားနေကျ ဆိုင်ကောင်းကောင်း"ဆိုတဲ့ အသုံးအနှုန်းကိုတော့ နွယ်ပင်က ရယ်ချင်မိသည်။ ဆိုင်ကောင်းကောင်းတွေမှာ နွယ်ပင် စားနေမကျပါ။ မစားဖြစ်သလောက်ပါပင်။ အပြင်မှာ မကြာကြာ စားဖြစ်ရလောက်အောင်လည်း ငွေကြေး မပိုလျှံပါ။

ဆိုင်ကောင်းတွေမှာ ပိုလို့တောင် မစားဖြစ်ပါ။ တစ်ကြိမ်စား သောင်းဂဏန်းများများဆိုတာမျိုး နွယ်ပင် အကုန်မခံနိုင်ပါ။ ဒီတော့ မရောက်ဖြစ် မစားဖြစ်။ စားသောက်ဆိုင်အသစ်တွေပေါ်ပေါက်သရွေ့ ကြားသာကြားဖူးနေပြီး မစားဖူးတာတွေချည်းသာ။



www.burmeseclassic.com

www.burmeseclassic.com



မင်းခေါင်မိုးက ကားဆီသာ ဦးတည်ပြန်သည်။ ကားပေါ်ထိုင်မိကြတဲ့အခါမှပင် ...

"ဘယ်ဆိုင်သွားမလဲ နွယ်ပင်"

"ဟို ... ဘယ် ... ဘယ်ဆိုင်ဖြစ်ဖြစ် ရပါတယ်"

"ဒါဖြင့် နွယ်ပင်က ဘာကြိုက်လဲ၊ ဂျပန်စာလား၊ ထိုင်းစာလား၊ တရုတ်စာလား၊ ဘိုစာလား၊ အခု ဘာစားချင်လဲ"

နွယ်ပင်က နှုတ်တွန့်တွန့်နှင့်ပင် ...

"ထိုင်းအစားအစာတော့ ကြိုက်ပါတယ်"

"ဟုတ်တယ်၊ အဲဒါ မိန်းကလေးတွေ ပိုကြိုက်ကြတယ်၊ ထိုင်းဆိုင်ထဲက ဘယ်ဆိုင်သွားမလဲ"

နွယ်ပင် နှုတ်ဆိတ်နေပါသည်။ ဘာဆိုင်တွေရှိလဲ နွယ်ပင်မှ မသိတာ။ ကိုယ်က ငွေလည်းရှင်းချင်တာမို့ ကိုယ့်မှာ အခုလိုပိုလျှံသေးတဲ့ ငွေကြေးပမာဏနဲ့ လောက်တဲ့ဆိုင်မှ ဖြစ်ပါ့မလား ဆိုတာလည်း တွေးနေမိပါသေးသည်။

"ဟင် ... နွယ်ပင် ပြောလေ၊ ဘယ်ဆိုင်သွားချင်လဲ"

"ဟို ... ကိုခေါင် ကြိုက်တဲ့ဆိုင်ပဲ သွားလိုက်ပါ"

"ကျွန်တော်က နွယ်ပင်ကြိုက်တဲ့ဆိုင် သွားချင်တာ၊ ကဲပါလေ ... ဒါဆိုလည်း ဆဘိုင်းအင်းယား သွားလိုက်မယ်၊ နွယ်ပင် ကြိုက်လား"



"ဟုတ် ... ကြိုက် ... ကြိုက်ပါတယ်"

နွယ်ပင် အဲဒီမှာ မစားဖူးပါဘူးလို့ ဘာကြောင့်များ မပြောဖြစ်သည် မသိပါ။ အဲဒီဆိုင်လေးကိုရောက်ခဲ့ကာ နှစ်ဦးသား နေ့လယ်စာ အတူစားဖြစ်ကြပါသည်။ ဘာကြောင့်များ သူ့နွယ်ပင့်ကို တယုတယ နွေးထွေးမှုပြုပါလိမ့်။ နွယ်ပင့်ကို သဘောကျနေတဲ့ သဘောလား။

စားသောက်ဖွယ်ရာတွေက အရသာရှိလှပေမယ့် နွယ်ပင့်စိတ်ထဲ နည်းနည်းတော့ မလွတ်မလပ် ကျဉ်းကျပ်သည်။ စားပြီးကြတော့လည်း သူက ငွတ်ပဲ ပိုက်ဆံရှင်း၍ နွယ်ပင်အတင်း ဝင်မရှင်းဖြစ်တော့ပါ။

"နွယ်ပင် ဘယ်သွားချင်သေးလဲ"

"မသွားချင်တော့ပါဘူး ကိုခေါင်၊ သွားစရာလည်းမရှိတော့ပါဘူး"

"ဒါဆို ရွှေနားမှာ အင်းယားကန်ပေါင်လည်းနီးနေတယ်၊ ခဏလမ်းလျှောက်ကြမလား နွယ်ပင်"

"......"

နွယ်ပင့်စိတ်တို့ ကျဉ်းကျပ်သလို ရှိလာပါသည်။ ရုတ်တရက်အတွင်း သူနဲ့ရင်းနှီးမှုက မြန်ဆန်လိုက်တာ။ သိပ်လည်း မရင်းနှီးလှဘဲနှင့် တော်တော်ရင်းနှီးတဲ့ အပြုအမူတွေ ပြုမူနေမိကြတာမျိုးပင်။

"နွယ်ပင် မသွားချင်ဘူး ထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"စိတ်မရှိပါနဲ့ ကိုခေါင်၊ နွယ်ပင် ချုပ်စရာရှိတဲ့ အထည်လေးတွေကို ခုလိုအားရက်မှာပဲ နွယ်ပင် ချုပ်ရတယ်၊ ကျန်တဲ့နေ့တွေက အိမ်ပြန်ရောက်ပြီးရင် ရေမိုးချိုးစားသောက်ပြီးတာနဲ့ တောက်တိုမယ်ရလေးတွေလုပ်ရင်း ချုပ်စရာ အချိန်မရှိဘူးလေ၊ ချုပ်နိုင်လည်း နာရီဝက် တစ်နာရီလောက်ပဲ၊ နွယ်ပင် အိပ်ချင်သွားရော ...

အဟင်း ... အခု အဲဒီအင်္ကျီ ချုပ်စရာရှိတာလေးတွေဆီ စိတ်ရောက်နေလို့ပါ ကိုခေါင်၊ မသွားချင်လို့တော့ မဟုတ်ပါဘူး"

"ဩော် ... ဟုတ်တာပေါ့၊ ကျွန်တော်က ကျွန်တော် တစ်နေကုန် အားနေတာနဲ့ပဲ နွယ်ပင့်ကိုလည်း ကိုယ့်လိုပဲ တစ်နေကုန် အားမယ်ထင်နေတယ်၊ နွယ်ပင့်မှာ လုပ်စရာ အလုပ်တွေ အိမ်မှာရှိနိုင်သေးတာ မစဉ်းစားမိဘူး၊ ဆောရီးပါဗျာ၊ နွယ်ပင့်ကို အိမ်ပြန်ပို့ပေးမယ်နော်"

သူ့ရဲ့အပြောအဆို လူကြီးလူကောင်းဆန်မှုက တစ်ခါတလေမှာ ရွဲ့ပြောနေသလားတောင် ထင်ရသည်။ သူ့ကိုရှိန်သည် အားနာသည်။ နဂိုနေအရှိအတိုင်းနှင့် မဆက်ဆံဖြစ်ပဲ အလွှာပါးပါးတစ်ထပ်နှင့် ဖုံးကွယ်ကာ ဆက်ဆံမိသည်။ ကိုခေါင့်အနားမှာ နွယ်ပင်ဟာ သတိဆွဲထားတဲ့ အနေအထားလေးတစ်ခုနှင့် နေမိတာမို့ ပင်ပန်းပါသည်။





"ကျွန်တော် အိမ်အထိ ပို့မယ်နော်"

"........."

ကိုခေါင်က နွယ်ပင့်ကို ပြုံးငဲ့ကြည့်ရင်း ...

"ဆိုလိုတာက လမ်းထိပ်မှာမချဘဲ ခြံရှေ့ထိချပေးမယ်လို့ ပြောတာပါဗျာ၊ အိမ်ထဲထိ ဝင်လည်မယ်လို့ မဆိုလိုပါဘူး"

"အို ... ကိုခေါင့်ကို အိမ်ထဲမဝင်စေလိုတဲ့သဘော မရှိပါဘူး"

"မဝင်စေချင်တာတော့ မဟုတ်ပေမယ့် တကယ်ဝင်မှာကိုလည်း နွယ်ပင် နည်းနည်းတော့ စိုးရိမ်နေတယ် မဟုတ်လား"

"မဟုတ်ပါဘူး ကိုခေါင်ရယ်"

"ကျွန်တော် အလကား စ,တာပါဗျာ၊ အိမ်ထဲမဝင်တော့ပါဘူး၊ နွယ်ပင်လည်း အလုပ်ရှိနေသေးတယ်ဆိုတော့ ကျွန်တော့်ကို ဧည့်ခံနေရရင် အလုပ်ပျက်ပါတယ်၊ နောက်မှပဲ ကျွန်တော် သတ်သတ်လာလည်တော့မယ်နော်"

"ဟုတ်ကဲ့ပါ ကိုခေါင်"

ခြံရှေ့မှာ ကားရပ်တဲ့အခါ ကိုခေါင်က နွယ်ပင်တို့ အိမ်ကို သေသေချာချာလေး လှမ်းကြည့်ရင်း ...

"နွယ်ပင်တို့ ခြံလေးနဲ့ အိမ်လေးက ချစ်စရာလေးပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါင်းစိမ်းရဲ့အိမ်ကို ကိုခေါင် သိပုံမရ။ နွယ်ပင်ကလည်း ဒီအိမ်ကလေးဟာ ငှားနေတဲ့အိမ်ကလေးလို့ ခပ်ရှင်းရှင်း ပွင့်ပွင့်လင်းလင်း မပြောဖြစ်ပြန်ပေ။

❤ ✧ ❤





## ၁၁

"သားရယ် ... ထားပါကွယ်၊ အန်တီ ဆေးပါ့မယ်"

"ပန်းကန်ဆေးတာလေးများ အပျော့ပါ အန်တီရယ်၊ ကျွန်တော် တစ်ယောက်တည်းနေတုန်းက ကိုယ့်ဟာကိုယ်ဆေးကြော လျှော်ဖွပ်မီးပူတိုက်၊ အိမ်သန့်ရှင်းရေး လုပ်ရတာလေ၊ ဒါပေမဲ့ ကျွန်တော်တ အိမ်လှည်းတာ ရှင်းတာတော့ နည်းနည်းပျင်းတယ် ... ဟဲ ဟဲ့"

"အခုရော သားရဲ့ဆရာဆီနေတော့ ဘယ်သူလျှော်ဖွပ်ချက်ပြုတ်လဲ"

"ဟိုဘက်မှာ ဦးထူး အစ်ကိုရဲ့အိမ်က ကပ်ရက်ပဲ၊ အဲဒီအိမ်က အလုပ်သမားမိန်းကလေးတွေ လျှော်ဖွပ်ပေးပါတယ် အန်တီ၊ ဒီမှာတုန်းကယောက် ဘာမှသိပ်မလုပ်ရတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား၊ ယောကျ်ားလေးတစ်ယောက်တည်း ဆိုတော့ ခေါင်ကျကျ ပြားကျကျ ခေါင်းဝင်ကိုယ်ဆန့် နေသာထိုင်သာ ရှိပါတယ်လေ၊ သားစားလို့ ကောင်းရဲ့လား"

"အရမ်းကောင်းတာပဲ အန်တီ၊ အန်တီက ဟင်းချက်တာ အရမ်းကောင်းတာပဲဗျ၊ ကျွန်တော့်မေမေလည်း ကျွန်တော် ငယ်ငယ်က ဟင်းချက်အရမ်းကောင်းခဲ့တာ မှတ်မိတယ်၊ အန်တီ့လိုပဲ ကြက်သား ဝက်သားကြီးတွေထက် ဘာမှန်းမသိတဲ့ အသီးအနှံအရွက်လေးတွေကို ဟိုဟာနဲ့ ဒီဟာရောသုပ်လိုက်၊ ကြော်လိုက်၊ လုပ်တတ်တယ်၊ အန်တီ ဒီနေ့ကျွေးတဲ့ ထမင်းပွဲစားရတာ ကျွန်တော် မေမေ့ကိုတောင် သတိရတယ်"

"ခင်ရာဆွေမျိုးပဲဟာ သားရယ်၊ သားအမေ မရှိတော့လည်း အားမငယ်ပါနဲ့၊ အန်တီ့ကို အမေလို အဒေါ်လိုပဲ သဘောထားပေါ့၊ နောင်လည်း မကြာမကြာ လာစားနော် သား"

ဒီနေ့ ဒီအိမ်ကို ခေါင်းစိမ်း ရောက်လာရတဲ့အကြောင်းရင်းက အရင်အပတ်က နွယ်ပင် သူ့ထံဖုန်းဆက်ကာ မိုးသည်းသည်းရွာတဲ့ တစ်ရက်က အိမ်ရဲ့နောက်ဘက်ခြမ်းက ရေတံလျှောက်ကြီး တစ်ဝက်တစ်ပျက် လျှောစောင်းပြုတ်ကျလာတာကို အကြောင်းကြားလို့ပါ။





ပြင်မယ့်သူ ဘယ်နားခေါ်ရမလဲမသိ၍ ခေါင်းစိမ်းကို လှမ်းအသိပေးရတာဖြစ်ပြီး ခေါင်းစိမ်း လွှတ်ပေးတဲ့သူ သို့မဟုတ် ဆက်သွယ်ခိုင်းတဲ့သူနဲ့ ကိုယ့်ဘာသာပြင်ပါ့မယ်လို့ နွယ်ပင်ပြောသမယ့် ဒီလိုအလုပ်မျိုးဆိုတာက ခေါင်းစိမ်းအတွက် အင်မတန်လွယ်ကူတဲ့ အလုပ်မျိုး။

သွပ်ရိုက်သံ သွပ်နန်းကြိုးတို့နှင့် ခေါင်းစိမ်းက ကိုယ်တိုင်ပဲ ရောက်ချလာခဲ့တာ ဖြစ်ပါသည်။ ဒီအိမ်မှာပဲ ခေါင်မိုးပေါ်ထိ သူ တက်နိုင်တဲ့ ခွလှေကားရှိပါသည်။ အဲဒီလှေကားနှင့်ပဲ ကိုယ်တိုင်တက်ကာ တစ်ဝက်တစ်ပျက် စောင်းရွဲ့လျှောကျနေတဲ့ ရေတံလျှောက်ကို တည့်အောင်ပင့်တင် ပြန်ဆင်ကာ သေချာရိုက်နက်တုပ်နှောင်လိုက်ပြီးပါပြီ။

သူ ရောက်ရောက်ချင်းပင် နွယ်ပင့်ကို မတွေ့လို့ မေးမိသည်။

"နွယ်ပင်က သူ့အပ်ထည် ချုပ်ထည်တွေအတွက် လိုတဲ့ ပစ္စည်းလေးတွေသွားဝယ်တယ် သားရဲ့၊ သူလည်း အားရက်မှပဲ ဈေးဝယ်နိုင်လို့လေ၊ သိပ်မကြာဘူးတော့ ပြောသွားတယ်"

"သူတစ်ယောက်တည်း သွားတာလား အန်တီ"

"သူငယ်ချင်းတစ်ယောက်တော့ အဖော်ခေါ်သွားမယ် ပြောတာပဲ သားရယ်၊ အိမ်ကထွက်သွားတာတော့ တစ်ယောက်တည်းပဲ"



www.burmeseclassic.com

www.burmeseclassic.com



နွယ်ပင် ပြန်ရောက်လာပြီးမှပဲ သူ ပြန်မည်လို့ ဒေါင်းစိမ်း ရည်ရွယ်ထားလိုက်တာပါ။ ဒီအိမ်ကို ခုတစ်ကြိမ်ရောက်ရတာ ဒေါင်းစိမ်း စိတ်ချမ်းသာလှသည်။ အိမ်တစ်အိမ်လုံးကသန့်ပြီး တဖိတ်ဖိတ် တောက်ပြောင် အရောင်လက်နေသည်။ ယောက်ျားတစ်ယောက်တည်းနေတဲ့အိမ်နှင့် အမျိုးသမီးတွေနေတဲ့အိမ် ကွာခြားမှုပေပဲ။

ဒီအိမ်ထဲ ဝင်လာရတဲ့ ခံစားချက်ကိုက ကိုယ့်မိသားစုနဲ့ နေလက်စအိမ်ကို အပြင်ကပြန်လာရတဲ့ ခံစားချက်နဲ့တူနေသည်။ အိမ်နောက်ဘက်မှာ သူ ရေတံလျှောက်ပြင်တဲ့အခါ ဒေါ်နှင်းမြတ်က သူတက်တဲ့လှေကားကို အောက်ကနေ မော့ကြည့်ထိန်းကိုင်ပေးကာ အောက်ကနေ သူတောင်းတဲ့သံတို တူတို့ နန်းကြိုးတို့ အစရှိသဖြင့် လိုအပ်တဲ့ကိရိယာတန်ဆာပလာတွေကို ကမ်းပေးနေတဲ့အခါ သူ့စိတ်ထဲမှာ သူ့အမေနှင့်သူ အလုပ်လုပ်နေသလို ထင်မှတ်မှားပြီး တသိမ့်သိမ့် ကြည်နူးရွှင်လန်းစိတ်မျိုး ဖြစ်မိပါသည်။

အလုပ်ပြီးကတည်းက ဒေါ်နှင်းမြတ်က ထမင်းစားကြဖို့ သူ့ကိုခေါ်နေတာ။

"မဆာသေးပါဘူး အန်တီ၊ အန်တီ့သမီးလည်း ခဏပဲပြောသွားတာ မဟုတ်လား၊ သူပြန်လာမှ စားကြတာပေါ့"





တကယ်တော့ ဆာသည်ဖြစ်စေ မဆာသည်ဖြစ်စေ သူ့ဗိုက်အကျင့်က လိုအပ်ရင် လိုအပ်သလို အချိန်မရွေး စားနိုင် အဆာခံနိုင်ပါသည်။ နှစ်ရှည်လများ ထောင်ထဲနေခဲ့တဲ့သူပေပဲ။ မဆာသေးဘူးတို့ ဆာပြီတို့ မအိပ်ချင်သေးဘူးတို့ မထချင်သေးဘူးတို့ စတဲ့ဆန္ဒမျိုးတွေ သူ့မှာမရှိ။ လိုအပ်လျှင် လိုအပ်သည့်အတိုင်း လုပ်နိုင်တဲ့အကျင့်သာ ရှိပါသည်။

သူ နွယ်ပင့်ကို သက်သက်စောင့်ချင်တာ။ ဟုတ်တယ်လေ၊ ဒီအိမ်မှာ ထမင်းစားဖြစ်မှတော့ နွယ်ပင်နဲ့ပါ အတူလက်ဆုံစားလိုက်ချင်တာပေါ့။ သူရယ် အန်တီရယ် နွယ်ပင်ရယ် ထမင်းတစ်ဝိုင်းတည်း အတူစားကြတဲ့အခါ တကယ့်မိသားစုကလေးလို နေလိမ့်မည်။

သူ ဒါကိုစိတ်ကူးပြီး စိတ်လှုပ်ရှားသလိုလို ရင်ခုန်သလိုလို ဖြစ်နေရင်းက သတင်းစာဂျာနယ်တွေ ထိုင်ဖတ်ရင်း နွယ်ပင့်ကို စောင့်သည်။

"သားရေ ... ဒေါင်းစိမ်း၊ စားလိုက်ပါတော့လား၊ မင်းဗိုက်ဆာလှရောပေါ့၊ အန်တီ ထမင်းပွဲပြင်လိုက်မယ်"

"အန်တီ ဆာနေပြီထင်တယ်"

"အန်တီက မဆာဘူးကွယ့်၊ အန်တီက မနက်စောစောကိုလည်း ထမင်းအပြည့်ပဲ စားတတ်တာ၊ နေ့လယ်ဆို



www.burmeseclassic.com

www.burmeseclassic.com



နွယ်ပင်က အလုပ်သွားနေတာဆိုတော့ အန်တီတစ်ယောက်တည်း နေ့လယ်နှစ်နာရီလောက်မှ စားရင်စားတာ၊ မဆာရင် မဆာသလို မစားဖြစ်ဘူး၊ အခုလည်း အန်တီမဆာပါဘူး၊ မင်း ဆာနေမှာကွယ်၊ မနက်က ဘာစားလာလဲ”

“လက်ဖက်ရည်နဲ့ ပဲနံပြား”

“လက်ဖက်ရည်နဲ့ နံပြားလေးက ဗိုက်ထဲဘာရှိမှာလဲ သားရယ်၊ လာပါ ... စားလိုက်ပါလား တစ်နာရီကျော်နေပြီ၊ ဒီမိန်းကလေးက ဝယ်ရင်းခြမ်းရင်း လမ်းမှာဆာရင်ဆာသလို ကြုံသလို ဗိုက်ဖြည့်တာကွယ်၊ ခုလောက်ဆို သူ ဈေးထဲမှာတင် စားသောက်ပြီးနေလောက်ပြီ”

ဒေါင်းစိမ်းသည် နွယ်ပင့်ကို စောင့်ချင်နေသေးသည်။ နွယ်ပင်မရောက်ဘဲ သူ မပြန်လို့လည်း စိတ်ကူးထားပါသည်။ အလုပ်သမားခေါ်ပေးဖို့ နွယ်ပင် အပူကပ်ထားတဲ့ တိုးလိုးတွဲလောင်း ရေတံလျှောက်ကြီးကို သူကိုယ်တိုင် ဒီလောက် သပ်ရပ်အောင် ပြုပြင်ထားတာကို နွယ်ပင် မြင်ရင် မော့ကြည့်ရင်း အံ့အားသင့်နေမလားဆိုတာလည်း သူကိုယ်တိုင် မြင်ချင်သေးသည်။

“အန်တီ ဒါဆို နောက်နာရီဝက်မှ သူ မပြန်လာသေးရင် ကျွန်တော်တို့ စားကြတာပေါ့”

“အေး ... အေး၊ ပြီးရော”





အဲသလိုနှင့် နောက်နာရီဝက် ထပ်ကြာတဲ့အခါ နွယ်ပင်ကတော့ ပေါ်မလာသေး။ အခုလောက်အချိန်ရှိမှတော့ တကယ်လို့ ပြန်ရောက်လာလည်း နွယ်ပင်က အိမ်မှာမနက်စာ စားတော့မည့်ပုံမရပါ။ အပြင်မှာစားပြီး ဖြစ်လောက်ပါသည်။ အဲဒါကြောင့် ဒေါင်းစိမ်းက စောင့်မနေတော့ဘဲ အန်တီနှင့်နှစ်ယောက်အတူတူ ထမင်းစားလိုက်ကြပါသည်။

ဟင်းက ငါးတန်ကိုဆီပြန်ချက်ထားသည့်ဟင်းရယ်၊ ခရမ်းသီးနှပ်ရယ်။ ငါးဟင်းကို မကြိုက်တဲ့ ဒေါင်းစိမ်းသည် ခေါနင်းမြွတ် ချက်ထားသော ခရမ်းချဉ်သီး နံနံပင် ငရုတ်သီးစိမ်းလေးတွေနှင့် မန်ကျည်းရည်စွက်သည့် ငါးတန်ဆီပြန်ဟင်းကို အလွန်ပင် ခံတွင်းတွေ့လေသည်။

ခရမ်းသီးနှပ်ကတော့ ပထမတန်းစားလက်ရာ။ အရမ်းစားလို့ ကောင်းပါသည်။

“သား စားကောင်းလား၊ ထမင်းထည့်ဦး”

အန်တီက ထည့်ဦး ထည့်ဦးနှင့် ဒေါင်းစိမ်း စားလိုက်သည်မှာ ဗိုက်တွေအီတင်းကားကန်တဲ့ အထိပင်။

“စားကောင်းရဲ့လား သား”

“ဟုတ်ကဲ့ ... အရမ်းစားလို့ကောင်းတယ် အန်တီ၊ အန်တီ့ လက်ရာက တော်ရုံဗမာထမင်းဆိုင်တွေ ဝိုင်လောက်တယ်”



www.burmeseclassic.com

www.burmeseclassic.com



"အဟင်း ဟင်း ... အမြဲလာစား သားရေ၊ အားတိုင်းလာစား၊ သား အားရပါးရစားတာ တွေ့ရတာ အရမ်းကိုချက်ကျွေးချင်စိတ်ပေါက်တယ်"

"အန်တီ"

"အေ"

"အန်တီနဲ့ တွေ့ရတာ စကားပြောရတာ ထမင်းတူတူစားရတာ ကျွန်တော့်အမေနဲ့ ပြန်တွေ့နေရသလိုပဲ"

ဒေါ်ခင်းစိမ်းရဲ့ မှုန်ကုပ်ကုပ် မျက်နှာကလေးမှာ ပကတိ ရိုးသားဖြူစင်သော ဟန်ဆောင်မှု မပါသော အရိပ်အငွေ့တို့ကို တွေ့ရနိုင်ပါသည်။

"အေးပါကွယ်၊ အန်တီလည်း သားတစ်ယောက် ကောက်ရတယ် မှတ်ပါတယ်၊ မိန်းမသားနှစ်ယောက်တည်းဆိုတော့ တစ်ခါတလေ မလုံခြုံသလို ခံစားရတယ်၊ အားကိုးအားထားလိုချင်မိတယ်၊ နွယ်ပင့်ကိုတောင် အန်တီက အမြဲမေးတယ်၊ ညည်း ရည်းစားလေး ဘာလေး မရှိဘူးလားလို့ ရှိရင်အိမ်ထောင်ပြုပါလားလို့"

"ဘာတဲ့လဲ အန်တီ"

ဒေါ်ခင်းစိမ်း မေးသံက သိချင်ဇောအလောတကြီးဖြစ်သွားသလားပင်။





"မရှိပါဘူးတဲ့ ... အဟင်း ဟင်း ဟင်း"

"အန်တီ မသိအောင် ကျိတ်ထားချင်ထားမှာပေါ့"

"အဲလိုတော့ ထားမယ်မယ်ဘူး၊ နွယ်ပင်က ဘာမှသာ မဟုတ်တယ်၊ မာနကတော့ အကြီးသား၊ သူ့ကိုကြိုက်ကြတဲ့ ကလေးတွေတော့ ရှိပါရဲ့၊ ဘယ်သူ့မှ သူကသဘောမကျဘူးလေ၊ အရိုးများသော ချေးခါးသောနဲ့ ...

သမီးက လိမ္မာရှာပါတယ်လေ၊ သားယောကျ်ားလေး မရှိပေမယ့် အန်တီ့မှာ ဒီသမီးတစ်ယောက်ရှိတာ အားကိုးမိမိရပါတယ်၊ တကယ်တော့ နွယ်ပင်က အန်တီ့ထက်တောင် လိမ္မာပါသေးတယ်၊ အန်တီ့ကမှ ကိုယ့်စိတ်ကိုယ် အလိုလိုက်သေးတယ်၊ နွယ်ပင်က စိတ်ကိုလည်း အလိုမလိုက်ဘူး၊ ဆင်ခြင်ဉာဏ်လည်းရှိတယ်၊ အန်တီကသာ သူ့ကိုဒုက္ခပေးပေးမိတယ်"

"အန်တီ အခု ဦးထူးနဲ့ မဆက်ဆံတော့ဘူး ဆိုတော့ တခြားကိုလည်း ဆက်ဆံမနေပါဘူးနော်"

ဒေါ်ခင်းစိမ်းက ပွပွပင်ပင် မေးမိသည်။

"မလုပ်ပါဘူး သားရယ်၊ အန်တီ ငွေတွေလျှောက်ချေးမိတာ သမီးလေး ဘယ်လောက်စိတ်သောကရောက်ရလဲ နားလည်ပါတယ်၊ မလုပ်တော့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုလေ ... တရားမဝင်ထီတွေလည်း လျှောက်မကစားနဲ့တော့နော် အန်တီ၊ ဒီလိုပြောလို့ ကျွန်တော့်ကို စိတ်မဆိုးနဲ့နော်"

"စိတ်မဆိုးပါဘူး ဒေါင်းစိမ်းရယ်၊ အန်တီလည်း ဒါတွေမထိုးတော့ပါဘူး တကယ်ပါ၊ အရင်ကလည်း ရှိတဲ့ကြွေးလေးများ ဆပ်ရလောက်အောင် ပေါက်နိုး ပေါက်နိုး မျှော်လင့်ချက်နဲ့ထိုးရင်း စွဲသွားမိတာပါ၊ ခုတော့ ဘာကြွေးမှလဲမရှိတော့ဘူးလေ၊ အန်တီလည်း မလုပ်တော့ဘူး ...

နွယ်ပင်ကလည်း အန်တီ့ကို အရင်ထက် လောက်အောင် အသုံးစရိတ်ငွေ ပို့ပေးပါတယ်၊ သူ့ခမျှာ အပိုဝင်ငွေလေးရအောင် အိမ်မှာပါ ခုဆို အပ်ထည်တွေ လက်ခံတယ်လေ၊ အလုပ်ကပြန်လာပြီးလည်း အိမ်မှာ ဆက်အလုပ်လုပ်ရရှာတယ်၊ အန်တီ့သမီးလေးကို အန်တီ ဒုက္ခထပ်မပေးတော့ပါဘူး"

သူတို့သာ ထမင်းစားပြီးသွားသည်။ နွယ်ပင်ကမရောက်သေး။ ဒေါင်းစိမ်းက ရှိသမျှ အိုးခွက်ပန်းကန်တွေ ဆွဲလွဲဆေးကြောပေးနေပါသည်။ ဒေါ်နှင်းမြတ်ကတော့ သူကဖွတ်ဆေး။

အဲဒီအချိန်တုန်းမှာ ခြံရှေ့ကို ကားရပ်သံကြားရ၍ ဒေါင်းစိမ်းက ထမင်းစားခန်း ပြတင်းပေါက်မှ အပြင်ကိုလှမ်းကြည့်လိုက်မိပါသည်။





"ဟင်"

အသံက အပြင်ကိုမထွက်ပါ။ ရင်ထဲမှာပဲ တိုးတိမ်စွာ တိတ်တခိုး မြည်တမ်းမိတာ။ ခြံပြင်တံခါးနား ကပ်ရပ်လိုက်တဲ့ကားဟာ ကိုခေါင့်ကားလေ။

ဒေါင်းစိမ်းက ကားဆီမှမိတ်မသုန် ဆက်စိုက်ကြည့်နေမိဆဲ ရှေ့ခန်းတံခါးပွင့်ကာ နွယ်ပင် ဆင်းလိုက်တာကို မြင်ရပါသည်။

နွယ်ပင်က တံခါးပြန်မပိတ်သေးဘဲ အထဲကိုစကားလှမ်းပြောနေသည်။ အထဲက ကိုခေါင့်ကိုမမြင်ရပေမယ့် ကိုခေါင်ပဲဆိုတာ ဒေါင်းစိမ်း သိပါသည်။ ကိုခေါင်က ဒီကားကို သူကိုယ်တိုင်ပဲမောင်းတာ ဖြစ်ပါသည်။ ဖိုးတွတ်ကို မမောင်းခိုင်းပါ။ ဖိုးတွတ်ကို မောင်းခိုင်းတာက အိမ်ကနောက်တစ်စီးဖြစ်သည်။

နွယ်ပင် အပြင်သွားတာ ကိုခေါင်နဲ့လား။ လပိုင်းလေးနည်းနည်းအတွင်း နွယ်ပင်နှင့် ကိုခေါင် ဘယ်လိုတွေထပ်တွေ့ပြီး ဘယ်လိုတွေ ရင်းနှီးသွားကြပါလိမ့်။ ကားနဲ့ နှစ်ယောက်အတူသွားလာတဲ့အဆင့်ကိုတောင် ရောက်နေပါရောလား။

"နွယ်ပင် ပြန်လာတယ်ထင်တယ်" ❧

"........."

အန်တီ့စကားကို ဒေါင်းစိမ်း မတုံ့ပြန်မိ။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူ့ကားနဲ့ပါလိမ့်၊ သူ့ဆရာမ မခိုင်တို့ကားလည်း မဟုတ်ပါဘူး၊ ကားက ကားကောင်းကြီးပါလား"

"………"

ကိုခေါင် အိမ်ထဲဝင်လာမှာလား။ ဒေါင်းစိမ်း အနည်းငယ်တော့ စိတ်အနှောင့်အယှက် ဖြစ်မိသည်။ မသိစေ မမြင်စေချင်တာမျိုးတော့ မရှိပေမယ့် သူ့စိတ်ထဲ ဘယ်လိုကြီးမှန်းလဲ မသိပါ။ ကိုခေါင်ဟာ သူ ထာဝရ ရိုကျိုးနာခံရမည့် လူစားမျိုးထဲ ပါဝင်သည် မဟုတ်လား။

တော်ပါသေးရဲ့။ ကိုခေါင်က အိမ်ထဲမဝင်။ ကားက မောင်းထွက်သွားပါသည်။ နွယ်ပင်က ခြံထဲဝင်လာသည်။ နွယ်ပင့်မျက်နှာက တစ်မျိုးလေး ပြုံးမြမြ။

"မေမေ"

"အေး … လာပြီ သမီး"

"ဒေါင်းစိမ်း လာရဲ့လား မေမေ၊ လူခေါ်လာလား"

အရင်ဆုံးမေးလိုက်တဲ့ မေးခွန်းထဲမှာ ကိုယ်ပါလာ၍ ဒေါင်းစိမ်းက အနည်းငယ် သဘောကျသွားသလို ရှိသော်လည်း မျက်နှာကိုတော့ မှန်တုန်တုန်ပဲ လုပ်ထားမိပါသည်။ ခုထိ ပန်းကန်တွေဆေးတုန်း မပြီးသေးတာကို လက်စသတ်လိုက်ပြီး လက်ကိုလက်သုတ်ပဝါနှင့်သုတ်ရင်း အိမ်ရှေ့မထွက်ဘဲ အဲဒီနားပဲနေနေသည်။





"လာတယ် လာတယ်၊ လူတော့ ခေါ်မလာ …"

"အာ … အဲဒီ ဒေါင်းစိမ်းကလည်း တစ်ခါတည်းခေါ်လာပေးပါဆိုတာ၊ မိုးရွာတိုင်း ဗြန်းဗြန်း ဗြန်းဗြန်းနဲ့ ရေတွေတအားစင်နေလို့ပါ ဆိုတာကို၊ အဲဒီတော့ ဘယ်တော့ခေါ်လာမှာတဲ့လဲ"

"ဟယ် … ပြောစကားလည်း ဆုံးအောင်နားထောင်စမ်းပါဦး နွယ်ပင်ရယ်"

"ပြောလေလို့ မေမေကလည်း"

"ဒေါင်းစိမ်းရှိတယ် အခု"

"ဟင် … ဘယ်မှာလဲ"

"အထဲမှာ"

"ဟင် … အထဲမှာ သူက ဘာဝင်လုပ်နေတာလဲ"

"ပန်းကန်တွေ ဆေးနေတာဟော့"

ဒေါင်းစိမ်းရဲ့ စိတ်ပေါက်ပေါက် အော်သံကြောင့် နွယ်ပင့် ခေါင်းကလေးက ထမင်းစားခန်းဘက် ပြူလာသည်။ မျက်လုံးလေးက ပြူးဝိုင်းလို့။

"ဘာလို့ ပန်းကန်တွေ ဆေးနေရတာလဲ"

"သြော် … ဒုက္ခပါပဲ ငါ့သမီးရယ်၊ မေမေနဲ့ ဒေါင်းစိမ်းနဲ့ ညည်းကိုစောင့်ရင်း စောင့်ရင်းနဲ့ မစောင့်နိုင်တော့လို့ ခုပဲ ထမင်းစားလိုက်ကြတယ်၊ အဲဒါ စားပြီးတော့ ဒေါင်းစိမ်းက ပန်းကန်တွေ အတင်းယူဆေးနေတာ"



www.burmeseclassic.com

www.burmeseclassic.com



“ဟင် ... လုပ်ရမယ့်ဟာတော့ မလုပ်ဘဲနဲ့ မလုပ်ရမယ့် ဟာတွေ လာလုပ်နေတယ်”

“လုပ်ရမယ့်ဟာလည်း လုပ်ပြီးပါပြီဗျာ၊ မင်းဟာလေ တကယ်ပဲ၊ ကဂျီကဂျောင်က တော်တော်များတာပဲ၊ ပြီးရင် လည်း ဘာမှဟုတ်တာလည်း မဟုတ်ဘဲနဲ့ စစချင်းဆိုရင် ပြစ်တင်ဝေဖန်ဖို့က အရင်”

“မဟုတ်ပါဘူး၊ အရေးကြီးတာက ရေတံလျှောက်လေ၊ အဲဒါမို့ပါ”

“ပြီးပြီ”

“ဟင် ... လူခေါ်မလာဘူးဆို”

“လူခေါ်နေစရာလား ဒီလောက်က ငါလုပ်လိုက်ပြီ”

“ဟယ် ... နိုင်ရဲ့လားဟင်”

နွယ်ပင်က ထမင်းစားခန်းကို ခပ်သွက်သွက် ဖြတ်ပြေးကာ နောက်ဘက်တံခါးပေါက်က ထွက်လိုက်ပါသည်။ အိမ်ပြင်ဘက်ကနေ အမိုးဘက်ဆီ မော့ကြည့်လိုက်ပါသည်။

ဒေါင်းစိမ်းမျက်နှာက ခပ်ပုပ်ပုပ် ဖြစ်လာကာ ထမင်းစားခန်းထဲကနေပဲ နောက်ဖက်တံခါးပေါက်အပြင်က နွယ်ပင့်ကို ခါးထောက်ရပ်ကြည့်နေလိုက်သည်။ ဝေဖန်ပြစ်တင်ဖို့ကအရင်။ လူကိုလာကူညီပေးတယ်ရယ်လို့ အားနာသမှုကို မရှိဘူး။ ဘယ်လို မိန်းမမျိုးလဲ မသိပေါင်ဗျာ။





“ဟင် ... အရမ်းသပ်ရပ်တာပဲ၊ ဒါ ရှင်တစ်ယောက်တည်း လုပ်တာ ... ဟုတ်လား”

သူ့ဆီလှမ်းကြည့်ပြီး မေးတာမို့ ဒေါင်းစိမ်း ရှုပ်ပုပ် ခါးထောက်ရပ်နေတဲ့ရုပ်ကို နွယ်ပင်က မြင်သွားပါသည်။ လှစ်ခနဲ ပြုံးရယ်ချင်စိတ် မအောင့်နိုင်ဘဲ နွယ်ပင်က သွားကလေးတွေပေါ်တဲ့အထိ ပြုံးရယ်လိုက်မိကာ ...

“အဟင်း ... ရှင်က တော်သားပဲ”

“ဘာတော်တာလဲ၊ ဒါလေးလုပ်တာ ဘာခက်လို့လဲ”

“အမယ် ... တော်ပါတယ် ပြောနေကာမှ အပိုးကိုမကျိုးဘူး”

နွယ်ပင်က မချိုမချဉ်လေး အိမ်ထဲပြန်ဝင်လာသည်။

“သမီး ထမင်းစားပြီးပြီလား”

“စားခဲ့ပြီးပြီ မေမေ”

“မေမေ ထင်သားပဲ၊ ဒါကြောင့် ဒေါင်းစိမ်းကို မစောင့်နဲ့ ဆိုပြီး အတင်းစားခိုင်းရတယ်”

နွယ်ပင်က ဒေါင်းစိမ်းကို ကြည့်လိုက်ပါသည်။ စောင့်နေတာလား သူက။ နွယ်ပင်သည် ဒေါင်းစိမ်းနှင့် မေမေ တရင်းတနှီးရှိလှကာ ထမင်းလက်ဆုံတွေ ဘာတွေ စားနေသော အဖြစ်အပျက်ကို စိတ်ထဲက ဘဝင်ကျသလိုလို မကျသလိုလို။ ဒေါင်းစိမ်းအပေါ် ကျေးဇူးတင်တဲ့စိတ် အပြည့်အဝနှင့် ခင်မင်စိတ်



www.burmeseclassic.com

www.burmeseclassic.com



အသင့်အတင့်ရှိတာ မှန်သော်လည်း သူ့ကို တကယ့်စိတ်ရင်းက သဘောမကျချင်ချင်။

သူဟာ ဦးထူးဆိုတဲ့ လောဘအိုး လူလည်ကြီးရဲ့ တပည့်။ ကြွေးတောင်းမရတဲ့အခါ ဦးထူးရဲ့ ထူးခြားသော ရမ်းကားခြောက်လှန့် အကြောင်းသိအောင်ပြတဲ့ ပြဇာတ်မှာ သွေးထွက်သံယိုဖြစ်အောင် ကပြအသုံးတော်ခံရသူ။ သူတို့ဆရာတပည့်ပုံစံက ဒုစရိုက်အစစ်ကြီး မဟုတ်သော်လည်း ဒုစရိုက်ဆန်ဆန် ခံစားရစေသည်။

နွယ်ပင်က ညှော်ခန်းဆီ ပြန်ထွက်လာကာ ခုံတစ်ခုမှာ ဝင်ထိုင်ရင်း ...

"ရှင် ဒါပြင်တဲ့အတွက် ဘာတွေဝယ်ထည့်ရသေးလဲဟင်"

ဒေါ်ခင်းစိမ်းက နောက်ကလိုက်လာရင်း ...

"ဘာတွေဝယ်ထည့်ရမှာလဲ၊ ဘာကိုပြောတာလဲ"

"ဆိုလိုတာက ကုန်ကျစရိတ် ဘယ်လောက်လဲလို့ပါ ဒေါ်ခင်းစိမ်းရယ်၊ ကျွန်မ ပေးသင့်တာ မဟုတ်လား"

"ဘာမှမကုန်ကျဘူး သွပ်ရိုက်သံလေးနည်းနည်း သွပ်နန်းကြိုးလေးနည်းနည်းနဲ့ပဲ ပြီးသွားတာပဲဟာ၊ ကုန်ကျစရိတ်ရှိလည်းပဲ မင်းနဲ့မဆိုင်ပါဘူး။ ငါ့အိမ်ရဲ့အပျက်အစီး ငါပြင်တာပဲဟာ"





နွယ်ပင်က ဒေါ်ခင်းစိမ်းကို မျက်စောင်းထိုးလိုက်ပါသည်။

"အကောင်းမေးတာကို"

"ဟင် ... ငါလည်း အကောင်းဖြေတာပါ"

"ဒါဆိုလည်း ပြီးတာပဲ"

"သား ... လက်ဖက်သုပ်လေး စားမလား"

သြော် ... မေမေကလည်းနော်၊ စေတနာတွေ ပိုလိုက်တာ၊ မေမေ ဒေါ်ခင်းစိမ်းကို ချစ်ခင်တာ မြင်သာထင်သာရှိလှသည်။

"နေပါစေ အန်တီ၊ ထမင်းတွေ ဗိုက်ပြည့်လန် စားထားတာ"

"အဲဒါကြောင့်လေ၊ အန်တီ ချဉ်စပ်လေး သုပ်ပေးမယ် ထိုင်ဦး"

ဒေါ်ခင်းစိမ်းက ခုံတစ်ခုမှာ ဝင်ထိုင်လိုက်ပါသည်။

"အိမ်က ငါနေနေတုန်းကနဲ့ကို မတူဘူး၊ မှတ်တောင် မမှတ်မိချင်ဘူး၊ ပြောင်လက်တောက်ပ သန့်ရှင်းနေတာပဲ၊ ကျေးဇူးတင်ပါတယ်"

"မလိုပါဘူးရှင်၊ ရှင်ကလည်း တစ်လွဲချည်းပဲ၊ ကျေးဇူးတင်ရမှာက ကျွန်မတို့ပါ၊ ကျွန်မတို့ကသာ ရှင့်ကို ကျေးဇူးတင်ရမှာ၊ ဘာပဲဖြစ်ဖြစ် ဒီမှာနေရတဲ့ အခိုက်အတန့်လေး



www.burmeseclassic.com

www.burmeseclassic.com



တော့ မေမေ မကျဉ်းကျပ်ပဲ ကိုယ့်အိမ်ကိုယ့်ရာလေးလို စိတ်လွတ်လပ် ပေါ့ပါးနေမှာပဲ၊ ဟိုအိမ်ကပြောင်းလာပေမယ့် ပိုတောင်ဏောင်းတဲ့နေရာတစ်ခုကို ရောက်လာသလို ဖြစ်တယ်၊ တိုက်ခန်းဆီ ပြန်ပြောင်းဖို့ အချိန်ကျရင် မေမေတော့ စိတ်မကောင်း ဖြစ်ရှာမှာပဲ"

"မင်းတို့ နေချင်သလောက် နေလို့ရတာပဲ၊ အိမ်ငှားခတောင် ရသေးတယ်"

"မေမေ ဒီမှာ ဓိမ်ကျ အရသာတွေ့ပြီး အထာတကျဖြစ်သွားမှာစိုးလို့ ပိုတောင်မြန်မြန်ပြောင်းရဦးမှာ"

"နှယ်ပင်"

"ဟင်"

ဒေါင်းစိမ်းက ခပ်စိုက်စိုက်ကြည့်ရင်း စကားဖြတ်ခေါ်လိုက်၍ နှယ်ပင်က မျက်ခုံးလေးပင့်ပြီး ကြည့်နေလိုက်ပါသည်။

"မင်းက ကိုခေါင်နဲ့ ရင်းနှီးသွားပြီ ဟုတ်လား"

"........."

"မင်းကို ကားနဲ့တိုးမိမှ ပထမဆုံးစတွေ့ဖူးတာ မဟုတ်လား"

"ဟုတ်တယ်လေ"

"ဒီကြားထဲ ခဏ ခဏ ဆုံလို့လား"

"........."





"ခြော် ... အင်းလေ၊ ငါနဲ့လည်း မဆိုင်ပါဘူး၊ တော်ကြာ စပ်စုရာကျနေဦးမယ်၊ ကိုခေါင့်ကားနဲ့ ပြန်လာတာတွေ့လို့ ဘာရယ်မဟုတ် မေးကြည့်မိတာပါ"

"သူနဲ့ ဒီကြားထဲ သုံးလေးခါ ဆုံပါတယ်"

"အဲဒါနဲ့ပဲ မင်းရဲ့အလုပ်ကိစ္စတွေမှာ အဖော်လိုက်ပါနိုင်မို့ အထိ ရင်းနှီးသွားတယ်ပေါ့"

"အဲဒါက ငေါ့တာလား ရွဲ့တာလား"

"တစ်ခုမှ မဟုတ်ပါဘူး၊ တကယ် အံ့ဩလို့ မေးကြည့်တာပါ"

"အံ့ဩတယ်ဆိုတာကိုက ငေါ့ပြောတာ"

"ဟင်"

ဒေါင်းစိမ်းက အသံမထွက်ဘဲ ခေါင်းယမ်းရယ်မောလိုက်ပြီးမှ ...

"ရိုးရိုးပြောတာပါ၊ ကိုခေါင်က အဲဒီလောက် ရင်းနှီးအဖွဲ့ကျ မြန်ဆန်တတ်သူ မဟုတ်လို့ပါ"

"အခုကလည်း ရိုးရိုးပါပဲ၊ သူက ကျွန်မအားရက်သိတော့ ဘယ်သွားသလဲ မေးတာနဲ့ သွားစရာရှိတာ ပြန်ပြောရင်း သူ လိုက်ပို့မယ်လို့ လုပ်တာလေ၊ သူလိုလူက လိုက်ပို့ပါရစေဆိုတာကို ငြင်းလိုက်ရမှာ အားနာဖို့ကောင်းတယ် ထင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်"

"ဘာဩော်လဲ၊ ရှင် ငေါ့ပြန်ပြီ"

"ခက်ပါလား၊ 'ဩော်'ဆိုတာ မင်းစကားကို ထောက်ပေးတာပါ၊ မင်းပြောတာကို နားထောင်ပြီး တိတ်တိတ်ကြီးနေလို့ ဖြစ်မလား၊ ဩော် ... ဟုတ်လား၊ အင်း ... အင်း ဒါတွေက ထောက်နေကျစကားတွေပဲ"

"ဒါပေမဲ့ ရှင့်လေသံကတစ်မျိုး"

"ရော ... တယ်ခက်ပါလား နွယ်ပင်ပျိုရယ်"

"ရှင့်ကို မေးချင်သေးတယ်"

"မေး"

"ရှင်နဲ့ ကိုခေါင်က ဘယ်လိုပတ်သက်လဲ၊ ဟိုတစ်ခါမေးတာလည်း မဖြေဘူး"

"ဘာလို့ သူ့ကိုတော့ မမေးခဲ့ဘဲ ငါ့ကိုမှ လာမေးနေတာလဲ"

"ရှင်နဲ့ကျွန်မ သိတာတောင် သူသိချင်မှ သိမှာလေ၊ ပြီးတော့ သူနဲ့က ရှင်နဲ့လောက် စကားများများ မပြောဖူးဘူး၊ သူ့ကို ဒီမေးခွန်းမေးဖို့ စိမ်းနေသေးပေမယ့် ရှင့်ကို ဒီမေးခွန်းမေးဖို့ မစိမ်းဘူး၊ အဲဒါကြောင့်ပေါ့"

"ဝမ်းသာစရာပေါ့၊ ငါ့ကို မစိမ်းဘူးဆိုလို့လေ ... အဟက် အဟက်"



ရယ်ပုံကိုက အမြင်ကတ်ချင်စရာ။

"ကိုခေါင်က ဦးထူး အစ်ကိုအရင်းရဲ့သား"

"ဩော်"

"သူတို့က ခြံချင်းကပ်ရက်၊ ခြံချင်းကပ်ရက် ဆိုပေမယ့် ခြံက အလယ်ကောင်က စိတ်ပိုင်းမထားတော့ တစ်ခြံထဲလိုပါပဲ၊ ငါက အခု ဦးထူး အိမ်မှာ နေနေတော့ တစ်ခြံထဲ နေနေတယ် ဆိုပါတော့"

"ဩော် ... အင်း"

"နောက် ဘာသိချင်သေးလဲ"

"မသိချင်တော့ပါဘူး၊ ကုန်ပြီ"

"ဟင် ... ဒါပဲလား"

သူပြောနေတဲ့ စကားအခွန်းတိုင်းက နွယ်ပင့်ကို ထေ့ငေါ့ရိသဲ့ ရွဲ့နေသလိုတွေချည်းပင်။ နွယ်ပင်က သူ့ကိုမျက်စောင်းတစ်ချက် ထိုးမိပါသည်။ မေမေ လက်ဖက်ပန်းကန်နှင့် ပြန်ထွက်လာတာမို့ သူတို့ကို ဧည့်ခန်းမှာထားရစ်ခဲ့ပြီး နွယ်ပင်က အဝတ်အစားလဲဖို့ အခန်းထဲဝင်လာခဲ့ပါသည်။

❤ ✧ ❤

www.burmeseclassic.com

www.burmeseclassic.com



## ၁၂

အိမ်တိုင်ရာရောက်သွားကာ ကိုယ်တိုင်းယူပေးရမည့် ဂုဏ်သရေရှိ ဖောက်သည်အမျိုးသမီးကြီးတစ်ဦးထံ ကိုယ်တိုင်းဖို့ နွယ်ပင် ရောက်ခဲ့ရပါသည်။ အဲသလိုအပြင်ကိစ္စတွေ နွယ်ပင့်ကိုသာ လွှတ်လေ့နိုင်းလေ့ရှိတဲ့ မမခိုင်ကြောင့် အိမ်ထိ ကိုယ်တိုင်းလိုက်ယူရတာမျိုးဆိုလျှင်လည်း နွယ်ပင်သာလျှင် ဒရိုင်ဘာဦးအေးမောင်နှင့် သွားရပါသည်။

ဆိုင်ကဖောက်သည်တွေ တော်တော်များများကလည်း မမခိုင်နှင့် အိုက်ဒီယာရော လက်ရာပါ အနီးစပ် အနီးကပ်ဆုံး ကျွမ်းကျင်လက်မြောက်သူဟာ နွယ်ပင်လို့ ယူဆယုံကြည်ကြပြီး နွယ်ပင့်လက်ရာကို ကြိုက်နှစ်သက်ကြသည်။

အဲဒါကြောင့်လည်း မမခိုင်က နွယ်ပင့်ကို ပြီးခဲ့တဲ့ လကစပြီး လစာအတော်အတန် ထပ်မံတိုးမြှင့်ထားပါသည်။





မေမေကတော့ ဒီအိမ်လေးဟာ သူတို့အတွက်လာဘ်ကောင်းသည်လို့တောင် ယုံကြည်နေပါသည်။ အိမ်ပြောင်းပြီး မကြာခင်လစာက တိုးသွားတာကိုး။

မမခိုင်မှာ နာမည်ရလာတာနှင့်အမျှ ဖောက်သည်ပရိသတ်များပြားလာလေရာ နွယ်ပင်တို့လို အရင်းအချာကျတဲ့ ဝန်ထမ်းများ ပိုမိုလိုအပ်လာပါသည်။ လူသစ်တွေ ထပ်ခန့်ပေမယ့် လူဟောင်းတွေလို မမခိုင် စိတ်တိုင်းမကျ။ လူဟောင်းတွေလောက်လည်း မမခိုင် သြဇာမခံ။

နောက်ပိုင်း သင်တန်းသူတွေဟာ သူတို့ကိုတောင် ပြန်ကြောက်နေရမယ့်ပုံရှိသော ဂုဏ်ရိတ်သားသမီးတွေ များလာတဲ့အတွက် ရက်ပျက်တဲ့သူကပျက်။ ပေါ့ပေါ့ဆဆ အပျော်သဘော လောက်ထားသူကထား။ ကပျက်ကချော်နိုင်သူကနိုင်။ တချို့က ငွေပေါ အချိန်ပေါနေလို့ ဒီဇိုင်နာသင်တန်း ဆိုတာကိုဖက်ရှင်တစ်ခုလို လာတက်တဲ့သူလည်းရှိရဲ့။

အားကိုးစရာ လောက်လောက်လားလား သိပ်မပါဝင်လေရာ နွယ်ပင်တို့လို ပညာတော် နာခံလေးစားတဲ့ လူရင်းလူဟောင်း ဝန်ထမ်းတို့ကို မမခိုင်က နေရာပေး ဦးစားပေးကာ အကျိုးခံစားခွင့်တွေကိုလည်း လစာရင်းရော တစ်ထည်ချင်းပေါ်ကကော်မရှင်ရော အဘက်ဘက်က အမျိုးစုံစုံ တိုးမြှင့်ခံစားခွင့်ပေးထားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မမကြီး ... သမီး ရောက်ပါပြီ"

"သြော် ... လာ ... လာ ... နွယ်ပင်၊ တော်သေးတယ်၊ ခိုင့်ကို မမကြီးက တစ်ယောက်ယောက် လွှတ်မယ်ဆိုရင် နွယ်ပင့်ပဲလွှတ်လို့ ပြောရတယ်၊ နွယ်ပင့်ပဲ စိတ်တိုင်းကျ တယ်၊ အေးအေးဆေးဆေးပဲ မဟုတ်လား နွယ်ပင်"

"ဟုတ်ကဲ့ ... အေးအေးဆေးဆေးပါပဲ မမကြီး"

"ထိုင်ဦး ... ဟဲ့ ... အေးအေးတို့ နွယ်ပင့်ကိုကျွေးဖို့ ဟို သီးစုံပူတင်းလေး ထည့်ခဲ့စမ်း"

"ဟုတ်ကဲ့ပါ"

"မမကြီးရယ် ... ထမင်းတောင် ခုနပဲ စားလာတယ်"

"အို ... ထမင်းစားပြီးလည်း အချိုပွဲအဖြစ်ထပ်စား၊ အရမ်းကောင်းလို့၊ ကျွေးချင်လို့၊ ညိုညိုရေ အပေါ်က ပိတ်စတွေ ထည့်ထားတဲ့အိတ်တွေ ချလာစမ်း၊ kanok silk တို့၊ ကြိုးကြီးချိတ်တို့ ဘူးတွေက ဒီဘက်ဗီရိုထဲမှာ အဲဒါတွေပါ ချခဲ့၊ နွယ်ပင် တစ်ခါတည်း အရောင်တွေတိုက်၊ ဘာနဲ့ ဘာနဲ့ စပ်ဟပ်လို့ကောင်းမလဲ နွယ်ပင်ပဲ တွဲပေး"

သူတို့ဆီမှာ မချုပ်ရသေးသော ပိတ်စတွေ ပိုးကနုတ်တွေ ချိတ်တွေဆိုတာက ဆိုင်တစ်ဆိုင်စာလောက်နီးနီး ရှိနေတတ်တာပင်။ အပေါ်ထပ်ကနေ တစ်သုတ်ပြီးတစ်သုတ် ချလာတဲ့ ပိတ်စထည့်ထားတဲ့ အိတ်ကြီးတွေ ပုံးကြီးကိုတွေကိုစောင့်ရင်း မမကြီး လမ်းလျှောက်ရင်း ဖုန်းပြောနေတာကိုစောင့်ရင်း နွယ်ပင်က ပူတင်းလေး စားနေပါသည်။



"ဟဲ့ ... ဟဲ့၊ ခြံဝင်းတံခါးကို ပြန်မပိတ်ဘူးလား နင်တို့၊ ဟိုမှာ ဘယ်ကဂျစ်ကား ဘစ်စီး ဝင်လာတာတုံး၊ ငါ့အသိမိတ်ဆွေထဲမှာ ဂျစ်ကားနဲ့မရှိဘူး၊ လူတစ်မ်းတွေ ဖြစ်နေမယ်"

"အဲဒါ မမမြသွယ်တို့ အိမ်ဘက်လာတဲ့ ဂျစ်ကားပါ၊ ဟိုနေ့ကလည်း လာပါတယ် အန်တီ"

"ငါတွေ့လိုက်တာ ကားပေါ်မှာ ယောကျ်ားနှစ်ယောက်ပဲ၊ ဟိုအိမ်မှာ ဒီအချိန် ဘယ်သူရှိလို့လဲ၊ မြသွယ်နဲ့ ကလေး အငယ်လေးပဲ ရှိမှာပေါ့"

"ဟုတ်ကဲ့"

"ဘယ်ကဧည့်သည်လဲ မသိပါဘူး၊ အဲဒီ မိသွယ်လည်း ဘယ်က ဘယ်လိုဟာတွေနဲ့ ပေါင်းသင်းဆက်ဆံမှန်းကို မသိဘူး၊ သူ့ဆီလာသမျှ တစ်ယောက်မှလည်း ပြောင်ပြောင် ရောင်ရောင် မရှိဘူး၊ ဘယ်လိုပုံတွေမှန်းလဲ မသိဘူး၊ အရိပ်အကဲလည်း ကြည့်ကြပါဦးဟဲ့"

"ဟုတ်ကဲ့ အန်တီ"

www.burmeseclassic.com

www.burmeseclassic.com



"နယ်ကပြောင်းလာကြလို့သာပဲ၊ အတတ်ကောင်းတွေလည်း တတ်ရဲ့၊ ဖဲရိုက်လားရိုက်ရဲ့၊ မပြောလိုက်ချင်ဘူး၊ ဘယ်လိုဟာတွေနဲ့ အမျိုးတော်နေရမှန်း မသိပါဘူး၊ စိတ်ညစ်တယ်"

မမကြီးဟာ အဲလိုပဲ ဟောဟောဒိုင်းဒိုင်း ရူးရူးဝါးဝါး ပုံစံပင်။ ဖုန်းကိုပိတ်ကာ နှယ်ပင့်နား လာထိုင်ရင်း ...

"ခြံကြီးက အမွေဆိုင်ဆိုတော့ကွယ် ဟိုဘက်ကဆိုင်တဲ့သူတွေ လာနေတာ မတတ်နိုင်ဘူးပေါ့၊ ပထမ ကိုယ်ကပဲ အမ်းပြီးယူမယ် စိတ်ကူးတော့ ခြံကိုလည်း ခွဲမထား ပိုင်းမထားမိဘူးပေါ့၊ အဲဒါ အအမ်းမခံဘူးလေ၊ သူတို့နေမှာဆိုပြီး လာနေကြလေရဲ့"

"ဪ"

"အမွေဆိုင်က အဘိုးညီအစ်ကိုမောင်နှမတွေ ပိုင်ခဲ့တာဆိုတော့ အခုဟာတွေနဲ့ကျတော့ မမကြီးတို့က နှစ်ဝမ်းကွဲနေပြီ။ နှစ်ဝမ်းသာကွဲတာ နယ်မှာနေကြတော့ မြင်ဖူးတာတောင် မကြာသေးပါဘူး၊ လေးငါးနှစ်ရှိသေးတာလေ၊ မဖြစ်ပါဘူး မြန်မြန်မြေခေါ်တိုင်းပြီး သူတို့မရောင်းမှာ သေချာရင်လည်း သေချာစိတ်ပိုင်းပြီး အုတ်တံတိုင်းခတ်ပစ်မှပါပဲ၊ နို့မို့ရင် ဒီဘက်က ခွေးနဲ့ ဟိုဘက်က ကလေးတွေကလည်းတစ်ရန်"





"မနေ့ကလည်း လာစပြန်ပြီ အန်တီ၊ တူးတူးပေါ့"

"ခွေးက ကိုက်လိုက်မိရင် ကောင်းမလား၊ ကိုယ်လည်းစိတ်မကောင်းလည်း ဖြစ်ရဦးမယ်၊ ပြဿနာလည်း တက်ရဦးမယ်၊ ဟဲ့ ... ငြိမ်းငြိမ်း၊ ဘူဒိုဇာအိမ်တံခါးသော့ ချိတ်ထားရဲ့လား၊ နင်မနက်က ခွေးထွက်ကျောင်းပြီးတော့"

"ချိတ်ထားပါတယ် အန်တီ"

"ခွေးသေချာသိမ်းနော်၊ ဒုက္ခ ... ဒုက္ခ၊ မြသွယ်ကလေးတွေက ခွေးကိုအရမ်းစ,တာပဲ၊ ခွေးကလည်းဟောင် ဆူညံနေတာ ခေါင်းတွေကိုကိုက်ရော"

နှယ်ပင်သည် မမကြီးရဲ့ရောက်တတ်ရာရာ အပြောတို့ကို စိတ်ရှည်လက်ရှည်လေးပင် ငြိမ်ဆောင့်နားထောင်နေရပါသည်။ မမကြီးအိမ်မှာ မမကြီးစကားတွေ ပြောနေလို့ ကြာနေလျှင် မမခိုင်က ဖွေယူမှာမဟုတ်ပါ။ အဲဒီစကားဇာတ်လမ်းစုံကို မမခိုင်နားဒုက္ခမခံနိုင်သော်လည်း နှယ်ပင့်ကိုတော့ ...

"မမကြီး စကားတွေ ပြောနေလည်း နားထောင်ပြီး အေးဆေးသာလုပ်၊ ကြာလည်းကိစ္စမရှိဘူး သိလား၊ ဦးအေးမောင်လည်း ဒီနေ့ တခြားခိုင်းစရာကိစ္စ မရှိဘူး၊ သူ့ဝတ်စုံတွေသာ သေချာစိတ်တိုင်းကျတိုက်ပြီး ရွေးပေးခဲ့၊ ပုံလေးတွေလည်း သေချာစဉ်းစားပြီး ပြောပြပေး၊ စိတ်ရှည်နော် နှယ်ပင်"

"ဟုတ်ကဲ့ပါ မမခိုင်"



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ပင် မှာလွှတ်လိုက်တာဖြစ်၍ နွယ်ပင်ကလည်း အေးအေးဆေးဆေးပင် သူပြောချင်ရာ ပြောတာတွေ နားထောင်နေပါသည်။

“မနေ့က အသီးအနှံတွေ တစ်ခြင်းကြီးပဲ လာပို့ထားတာ မဟုတ်လား၊ အဲဒီထဲက စုံစုံလင်လင်လေးခွဲပြီး မြသွယ်အိမ်ပို့ပေးလိုက်ဦး တော်ကြာကြရင် ကြားလား”

“ဟုတ်ကဲ့ အန်တီ”

“ကလေးတွေ စားရတာပေါ့၊ ဒီမှာ ပိုလျှံပြီး နင်တို့လွှင့်တောင်ပစ်နေကြတာ မဟုတ်လား”

“အဟီးဟီး”

“အဟီးမနေနဲ့ သွားပေးဖို့ မမေ့နဲ့၊ တင်မောင်လတ်လည်း အသီးအနှံကြိုက်တယ်”

“ဟုတ်ကဲ့”

“ပွတင်းလေး ကောင်းလား နွယ်ပင်”

“အရမ်းကောင်းပါတယ် မမကြီး”

“ကောင်းရင် များများစား။ အမျိုးတွေဆိုတော့ သိတယ် မဟုတ်လား နွယ်ပင်ရယ်၊ သွေးက တော်နေတာလေ၊ စိတ်ထဲက ခင်ပါတယ်၊ ဒါပေမဲ့ သူတို့နေတတ်ပုံ ကိုယ်မနေတတ်တာလေ၊ အဲဒါပြောတာ”

“ဟုတ်ကဲ့”





“ခြံထဲကြီးတန်းပြီး အကျီတွေလှန်းထားတာ မြင်မကောင်းဘူး၊ ဟဲ့ ... အဲလိုမလှန်းပါနဲ့၊ ဒီဘက်က အချိန်မရွေး ဧည့်သည်လူကြီးတွေ ဝင်ထွက်နေတာ အမြင်မတော်ပါဘူး ကြည့်မကောင်းပါဘူး တားရတယ်၊ သူတို့ကလည်း အဲဒီလို မလှန်းလို့ ဘယ်လိုလှန်းရမလဲတဲ့၊ ဒီလိုပဲ ကြည့်ကျက်ပြီး ကွယ်ကွယ်ကာကာလေးလှန်းပေါ့ မဟုတ်လား ...

အိမ်ရှေ့ထွက်ပြီး ဇန်းတွေနဲ့ ဘာတွေမှန်းမသိ ထွက်လှန်းလိုလှန်းထား၊ အခြောက်အခြမ်းတွေလား ငရုတ်သီးတို့ ပဲတို့လား ဘာလား အဲလိုဟာမျိုးတွေပေါ့လေ၊ စိတ်ရှုပ်ရတယ်၊ မြန်မြန်အုတ်တံတိုင်းခတ်တာ အေးတယ်၊ ဟဲ့ ... အေးအေး ... ဟိုတစ်နေ့က ဒေါက်ဥနာခေါ်ပေးမယ်ဆိုတဲ့ အင်ဂျင်နီယာရဲ့ဖုန်း အဲဒီနေ့က နင်ကောက်မှတ်လိုက်သေးတယ်”

“ဟုတ်ကဲ့ ... ရှိပါတယ် အန်တီ”

“ရော့ ... ရော့၊ ငါ့ဖုန်းထဲ မှတ်လိုက်စမ်း၊ သေချာလုပ်”

“ဟုတ်ကဲ့”

“နွယ်ပင်ရေ ကြည့်ပါဦး ပိတ်စတွေ၊ စုပလုံစီနေတာပဲ၊ ဘယ်ဟာနဲ့ ဘယ်ဟာနဲ့ တွဲရမလဲကို မသိတော့ဘူး၊ တချို့ကလည်း သူတို့ဟာသူတို့ တွဲပြီးသား ကပ်ပြီးသား တွေပါ၊ ဒါပေမဲ့ မလိုက်ဖက်တာလည်းရှိတယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ... သမီး သေချာကြည့်ပြီး တိုက်ပေးပါ့မယ်"

"အေး ... လုပ်ပါဦးဟယ်၊ မမကြီးက မျက်စိအမြင်မရှိဘူး၊ နွယ်ပင်ကတော့ သိပ်မြင်တတ်တာ၊ ဟိုတစ်ခါချုပ်တဲ့ အပြာတောက်တောက်လေးလေ သမီး၊ မှတ်မိတယ်မဟုတ်လား၊ အရမ်းကြိုက်တာ၊ သွားစရာရှိရင် အဲဒါပဲဝတ်ချင်နေတယ်၊ ကိုယ်နဲ့လှတာကိုး ... ဟား ဟား၊ သူတို့က အန်တီက တစ်ခါလာလည်း ဒါပဲဝတ်ချင်တယ်တဲ့၊ ဝတ်စရာတွေက အသစ်တွေမဝတ်ရသေးတာတွေ ရှိသားနဲ့တဲ့ ... ဟုတ်လည်းဟုတ်တယ်၊ ဘာပွဲလေးရှိရှိ အဲဒါလေး ဆွဲထုတ်မိနေတာ"

"မမကြီး အဲဒီပုံလေးကြိုက်ရင် အခု ဒီထဲက နှစ်စုံလောက်ကို အဲဒီအတိုင်း တစ်သဝေမတိမ်း ကွက်တိလေးချုပ်ပေးလိုက်မယ်လေ၊ အရောင်ကွဲလေးတွေပေါ့"

"အေး ... ဟုတ်တယ်၊ အဲဒီပုံလေး လိုချင်သေးတယ်"

"ဒီမှာတွေ့ပြီ၊ Copper colour လေး၊ မမကြီး အသားကဖြူဝင်းနေတော့ အရမ်းလှမှာ၊ အဲဒီအပြာပုံလေး ချုပ်လိုက်မယ်"

"ဟုတ်လား၊ ဒီအရောင်နဲ့ ဒီပုံလေး လိုက်လား"

"လိုက်တယ် မမကြီး၊ သူ့ပုံစံက အရောင်တင်းတင်းလေးတွေနဲ့ပဲ လိုက်တာလေ၊ အရောင်ဖျော့နဲ့ ချုပ်လို့မရဘူး မလိုက်ဘူးလေ"





"အေးနော်"

နွယ်ပင်က အစတွေဆွဲကာ ထုတ်ကာ ဖွကာ အပေါ်နဲ့အောက် လိုက်ဖက်အောင် ဟိုဟာလေးနှင့်ကပ်လိုက် ဒီဟာလေးနှင့် လျှာထားလိုက် လုပ်ရသည်။ ခုနောက်ပိုင်း ချိတ်တွေက အရောင်တွေလည်းစုံကာ အခံရောင်နှင့် အပေါ်က ချိတ်လိုင်းက တခြားစီ ကွဲပြားရင် ကွဲပြားနေတတ်တာ။ အဲဒီအခါ အပေါ်ဘက်က အင်္ကျီကိုလည်း ကွဲပြားတဲ့အရောင်နှစ်ရောင် ရောစပ်ရင် စပ်ရသည်။ အစပ်အဟပ်နေရာမှာ ပြေပြေလေးချောသွားအောင် ပုတီးစေ့တွေရောကာ အရောင်ပြေးပေးရတာရှိသည်။

ကပ်ကြည့်လိုက် ခေါင်းထဲက အကြံထုတ်လိုက်၊ ပုံချဆွဲလိုက်နှင့် အာရုံဝင်စားနေသော နွယ်ပင်သည် ...

"အန်တီ ... အန်တီ၊ အန်တီမြသွယ်တို့ အိမ်ရှေ့မှာ ရန်ဖြစ်နေတယ်"

အလန့်တကြားပြောလိုက်သော ကောင်မလေးတစ်ယောက်အသံကြောင့် ားလုံး အံ့အားတသင့် လန့်ဖျပ်သွားပါသည်။

"ဟဲ့ ... ဘယ်သူ ရန်ဖြစ်နေတာလဲ"

"ဟို ... ဟို ... လူနှစ်ယောက်"

"မြသွယ်နဲ့ ဖြစ်နေတာလား ... ဘုရား ... ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



မမကြီးက ထိုင်ရာက ကမန်းကတန်း အပြေးထ ကာ ဟိုးဘက်နောက်နားကအိမ်ကို မြင်နိုင်တဲ့ ပြတင်းပေါက်မှ အပြေးသွားကြည့်ပါသည်။

"အန်တီမြသွယ်နဲ့ မဖြစ်ဘူး၊ အန်တီမြသွယ်က တော်ကြ ပါတော့ အော်နေတာ"

"ဟင် ... အဲဒါ ဘယ်သူတွေလဲ"

"ဧည့်သည်နှစ်ယောက်"

"ခုန ဂျစ်ကားနဲ့ဝင်လာတဲ့ ဧည့်သည်တွေလား"

"ဟုတ်တယ် အန်တီ"

အိမ်မှာရှိသမျှလူတွေဟာ မြင်ရတဲ့ ပြတင်းပေါက် အသီးသီးနောက်ကနေ ခန်းဆီးတွေကွယ်ကာ ချောင်းမြောင်းကြည့် ရှုနေကြပါသည်။ နွယ်ပင်သည်လည်း ရင်တုန်ပန်းတုန် ထိတ်လန့် မိကာ ဘာများဖြစ်တာပါလိမ့်ဟု ပြတင်းပေါက်တစ်ခု နောက်ဘက် ဆီ ထ,လာမိပါသည်။

"ဟယ် ... တစ်ယောက်တည်းက တစ်ဖက်သတ်ထိုးကြိတ် နေတာပဲ၊ သူတို့ အတူတူလာကြသူချင်းပဲ မဟုတ်လား"

"ဟုတ်တယ် အန်တီ"

"အတူတူလာပြီး ဘာထဖြစ်ကြတာတုန်း၊ ဒုက္ခပါပဲ၊ မြသွယ် ဘာတွေရှုပ်ရှုပ်ယှက်ယှက် လုပ်ထားပါလိမ့်"





မြသွယ်ဆိုသည့် အမျိုးသမီးက ပြူးပြူးပျာပျာလက် ကလေးတဖက်ကာနှင့် ရန်ပွဲကိုနှုတ်နှင့်ပဲ တောင်းပန်တားမြစ်နေ ပါသည်။ နွယ်ပင်သည် ရန်ဖြစ်နေတယ်ဆိုသူ နှစ်ယောက်ကိုမြင် လျှင် ...

"ဟင်"

အသံလေးက ရင်ထဲမှာပဲ တိမ်ဝင်ပျောက်ပျက်သွား ရသည်။

သူတို့ပါလား။ ဦးထူးက ထိုးချလိုက်။ ဒေါင်းစိမ်း က မြေပေါ်လဲပြိုကျသွားလိုက်။ နှုတ်ခမ်းစွန်းကို လက်ခုံနှင့်သုတ် ရင်း ပြန်လည်ကျုံးရုန်းထ,လာလိုက်။ အသံတွေကို မကြားရပေ မယ့် မြင်ကွင်းကတော့ အိမ်မှာလာက,သွားတဲ့ ပြဇာတ်တစ်ပုဒ် အတိုင်း တသဝေမတိမ်း ချွတ်စွတ်ပါပဲလား။

နွယ်ပင့် ရင်ထဲနာကျင်လာပါသည်။ ဘာကိုဒေါသ ဖြစ်မှန်းမသိ တလှိုက်လှိုက် ဆူဝေတက်လာသော ဒေါသတို့က လူကိုပူလောင်တုန်ယင်လာစေသည်။

"ဟဲ့ ... ညည်းတို့ ဒီကပဲ ချောင်းမနေကြနဲ့၊ ဦးဆန်နီ ဘယ်မလဲ ... ဦးဆန်နီ"

"နောက်ဘက်မှာ ထမင်းစားနေလား မသိဘူး အန်တီ"

"သွားခေါ်၊ ဟိုမှာ နွယ်ပင့် ဒရိုင်ဘာလည်း အိမ်ရှေ့မှာ ရှိတယ်၊ ယောက်ျားကြီး နှစ်ယောက် သွားဖျန်ဖြေမှပေါ့၊



www.burmeseclassic.com

www.burmeseclassic.com



ဒီတိုင်း လွှတ်ထားလို့ မတော်တဆ ခံနေရတဲ့လူ အသက်ထွက်သွားရင် ဘယ်လိုလုပ်မလဲ၊ ငါတို့ခြံထဲ အမှုပတ်နေမယ်၊ နင်တို့အန်ကယ်သိရင် ငါလည်းအပြောခံရလို့ ဆုံးမှာမဟုတ်ဘူး၊ ဟဲ့ ... ပြေးခေါ်ကြ၊ ချက်ချင်းသွားဆွဲလွဲဖျန်ဖြေကြလို့ပြော"

"ဟုတ်ကဲ့"

"မြန်မြန်လုပ်၊ တစ်ဖက်သတ် ခံနေရတာ သေတော့မယ်"

နွယ်ပင်သည် သွားလေးတွေ တင်းတင်းစေ့ အံကြိတ်ထားမိပြီး အဝတ်ပုံနား လာပြန်ထိုင်လိုက်ပါသည်။

မသေပါဘူးလေ။ သေအောင်လည်း မလုပ်ပါဘူး။ ဒဏ်ရာရရုံလေးပါ။ ဆောလူ ထိတ်လန့်ကြောက်ရွံ့ရုံလေးပါ။ ဘာဖြစ်လို့များ ဒီလိုအပြုအမူအကြံအစည်မျိုးကို လက်ခံပြီး ဒီလိုအလုပ်ရှင်ထံမှာ ကုပ်ကပ်အလုပ်လုပ်နေရပါလိမ့် ခေါင်းစိမ်းရယ်။

ရှင့်ကိုသာ တကယ်ပဲ သတ်ချင်တော့တယ်။

အကျႌပုံစံတွေ ပိတ်စတွေထဲမှာပဲ ပြန်ပြီးအာရုံထည့်ထားလိုက်ကာ မကြည်မသာသောစိတ်နှင့်ပင် လုပ်စရာရှိတာလေးတွေ ခပ်သွက်သွက် လုပ်နေလိုက်ပါသည်။ မမကြီးလည်းပဲ စိတ်အနှောင့်အယှက် ဖြစ်သွားပုံနှင့် ဟိုလျှောက်လိုက် ဒီလျှောက်လိုက် ပြတင်းမှကြည့်လိုက် အဝတ်အစားကိစ္စ စိတ်မဝင်စားတော့။





"ဦးဆန်နီ ... ဦးဆန်နီ ဘယ်လိုတုန်း ပြီးသွားပြီလား"

"ပြီးပါပြီ မမကြီး"

"ဟင် ... အခုတော့လည်း ကားတစ်စီးပေါ် အတူတူပြန်တက်ကြလို့ပါလား"

"ဟုတ်ကဲ့ မမကြီး၊ သူ့ဆရာက သူ့တပည့်ကို ဆုံးမတာတဲ့"

"ဟင် ... ဘာဆုံးမတာလဲ၊ ဆုံးမတာ သူများခြံမြေထဲ ကျူးကျူးကျော်ကျော် လာဆုံးမစရာလား၊ ခုပဲ ရဲလှမ်းတိုင်တော့မလား စိတ်ကူးနေတာ၊ အကြီးအကျယ်တွေ ဖြစ်ကုန်ရင် ယောက်ျားက ဆူမှာစိုးလို့ ရမ်းသမ်းမတိုင်ရဲသေးတာ၊ မြသွယ်နဲ့က ဘယ်လိုဆိုင်တာတဲ့လဲ"

"မမြသွယ်ရဲ့ ကြွေးရှင်တဲ့"

"ဟင်"

"တပည့်ကို ကြွေးတောင်းခိုင်းတာ တပည့်က ရအောင် မတောင်းနိုင်လို့ ဆိုလားပဲ၊ မမြသွယ်ရှေ့မှာ အဲဒီတပည့်ကို လာဆုံးမတာ"

"ဟင်"

နွယ်ပင် နာနာကျင်ကျင် မဲ့ပြုံးမိသည်။ ကြောက်တတ်တဲ့ အားနွဲ့တဲ့ သနားကြင်နာတတ်တဲ့ မိန်းမသားတွေဆီက ကြွေးတောင်းပုံ တောင်းနည်း နောက်ဆုံးပေါ်လေးက သင်းလှပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဟာတုန်း၊ နားကိုမလည်ဘူး၊ ကိုယ့်တပည့်ကိုယ် အိမ်မှာဆုံးမပါလား၊ ဘာကိစ္စ သူများအိမ် လာဆုံးမတာလဲ"

"ရှင်းရှင်းပြောရရင် မမကြီးရယ်၊ မမြသွယ် လန့်အောင်ခြောက်တာပါ၊ ဟိုကလည်း လန့်ဖျပ်ပြီး အခု တချို့တစ်ဝက်ပေးနိုင်သလောက် ပေးလိုက်ပါပြီ"

"မြသွယ်ကိုရော ဘာလုပ်သေးလဲ"

"မမြသွယ်ကို လက်ဖျားနဲ့မတို့ပါဘူး၊ တောင်းတောင်းတောင်းပန်သွားပါသေးတယ်၊ ဟို ... ကြွေးရှင်ဆိုတဲ့လူကြီးက မမြသွယ်ကို စကားပြောတာ တောင်းပန်တာများ ချိုသာ ညွတ်ပျောင်းပြီး နူးညံ့ယဉ်ကျေးနေတာပဲ"

"ရင်တွေ တုန်လိုက်တာ၊ မဖြစ်ပါဘူး၊ အုတ်စည်းရိုးရင်လည်း မြန်မြန်ကာမှ၊ သူ့မလည်း ကြွေးတွေနဲ့ကို ဒီနေရာမှာ မဖြစ်,ဖြစ်အောင် လာနေနေတယ်၊ သူတို့မောင်နှမတွေလည်း ပြန်ခွဲဝေရဦးမှာ ငွေလိုရဲ့သားနဲ့၊ ရောင်းပါဆိုတာတော့ ကိုယ့်လူချင်းကို ပြန်မရောင်းဘူး ...

တော်ပြီ ... တော်ပြီ၊ သူတို့ ရောင်းရောင်း မရောင်းရောင်း သူများဆီ ရောင်းရင်လည်းရောင်း မရောင်းလည်းနေ၊ ကိုယ်နဲ့သူတို့နဲ့တော့ သီးသန့်ဖြစ်အောင်လုပ်မှာပါပဲ၊





ခြံတံခါးတစ်ပေါက်တည်းကဝင်ပြီး ပတ်သက်သက်သက်ဖြစ်နေရတာ မကောင်းဘူး၊ သူတို့လုပ်သမျှ ကိုယ့်ဆီလာရိုက်ခတ်နေတယ်"

"မမကြီး"

နွယ်ပင်က သူတို့စကားထဲ တိုးဝင်ဖြတ်လိုက်ရပါသည်။

"ဩော် ... အေး ... အေး နွယ်ပင်ရယ်၊ မမကြီးလည်း အာရုံတွေတောင် နောက်ကုန်ပြီ"

"ဟုတ်ကဲ့ ... ဒီမှာ ဒီလေးစုံတော့ သမီးယူသွားလိုက်ပါမယ်၊ မမကြီးလည်း စိတ်တွေလှုပ်ရှားသွားတာ အနားယူလိုက်ပါတော့နော်၊ သမီးလည်း ခေါင်းနည်းနည်းကိုက်လာသလိုပဲမို့လို့ ရှေ့အပတ်ထဲကျမှ တစ်ခေါက်ထပ်လာခဲ့ပါ့မယ်၊ လောလောဆယ် ဒီလေးစုံတော့ ချုပ်ဖို့ယူသွားပါ့မယ်"

"ကောင်းတယ် ... ကောင်းတယ်၊ ဟုတ်တယ် မမကြီးလည်းနားမှ ရင်တွေတုန်တယ်၊ နွယ်ပင်လည်း ဘယ်အာရုံရပါတော့မလဲ၊ နောက်တစ်ပတ်ကျမှ လာခဲ့နော် နွယ်ပင်၊ လာဖို့ရက် မမကြီး ဖုန်းဆက်မယ်နော်"

"ဟုတ်ကဲ့ ... ခွင့်ပြုပါဦး မမကြီး"



www.burmeseclassic.com

www.burmeseclassic.com



နွယ်ပင်ရွေးချယ်ထားသော ယူသွားဖို့ ပိတ်စတွေ ချိတ်တွေကို ကောင်မလေးတစ်ယောက်က ကားပေါ်လိုက်သယ် တင်ပေးပါသည်။ မမကြီးကို နှုတ်ဆက်ကာ ဦးအေးမောင်နှင့် အတူပြန်လာခဲ့ကြရင်းက နွယ်ပင်သည် ခေါင်းလေးကို ထိုင်ခုံနောက်မှီပေါ် မှီတင်ထားမိသည်။

ရင်ထဲမှာ ဘာကိုမခံချိမခံသာဖြစ်မှန်းမသိ တနုံ့နုံ့နှင့် ခုထိ နာကျင်မှု မပျောက်သေးပါ။ နွယ်ပင်က ဖုန်းထုတ်ကာ မမနိုင်ထံ ဖုန်းခေါ်ရင်း ...

"မမနိုင် ... နွယ်ပင် ခေါင်းနည်းနည်းမူးလို့ အိမ်တန်းပြန်လိုက်ရင် ရမလားဟင်"

"နွယ်ပင် နေမကောင်းဘူးလား၊ နေမကောင်းရင် ပြန်လိုက်လေ၊ ပိတ်စထုပ်တွေ ဦးအေးမောင်နဲ့ပဲ ကားပေါ်တင်ပေးလိုက်ပေါ့"

"ဟုတ်ကဲ့ ... ကျေးဇူးပါပဲ မမနိုင်"

မကြည်သာသော စိတ်နှင့် အလုပ်ခွင်ကိုလည်းမပြန်ချင်တော့။ အလုပ်လုပ်ရတာလည်း စိတ်ဖြောင့်မှာမဟုတ်တော့။ နွယ်ပင်တို့အလုပ်က စိတ်ကူးကွန့်မြူးရသော အလုပ်မျိုးဖြစ်ကာ အနုပညာလည်းဆန်သည်။ တီထွင်ဆန်းသစ် ဖန်တီးရတဲ့အလုပ်။ စိတ်လက်မကြည်သာခဲ့သော် အတိမ်းအစောင်းများ ရှိတတ်ပါသည်။





"ဦးအေးမောင် ... နွယ်ပင့်အိမ်ဘက် ပို့ပေးပါနော်"

"အေး ... အေး၊ ဟိုမှာ ရန်ပွဲမြင်လိုက်တာ နွယ်ပင်လည်း နှလုံးတုန်ပြီး နေမကောင်းတော့ဘူးထင်တယ်၊ ခံနေရတဲ့ တပည့်ကောင်လေးခမျာ သနားပါတယ်၊ မူးယောင်ကွဲပြီနေတာပဲ၊ ငွေချေးတယ်ဆိုတဲ့သူတွေကလည်း လိုလို့ချေးသုံးပြီးရင် မှန်မှန်ကန်ကန်လေး ပြန်ဆပ်ကြမှပေါ့၊ သူတို့က ယူတုန်းကယူ ပေးခါနီးကပ်သတ်လက်ခက်နေတော့ ကြားထဲက ကိုယ်နိုင်ရာလူကို ဖြဲချောက်ပြတာ ကြားလူက မဆီမဆိုင် ခံရတယ်"

"တော်ပါတော့ ဦးအေးမောင်ရယ်"

"သမီးလမ်းက ရှေ့နားနော်"

"ဟုတ်ကဲ့"

နွယ်ပင်က ကိုယ်လေးကိုမတ်၍ ထိုင်လိုက်ပါသည်။ နွယ်ပင်တို့လမ်းထိပ်နှင့် မလှမ်းမကမ်းလေးမှာ ကားမှတ်တိုင်တစ်ခုရှိရာ ထိုကားမှတ်တိုင်ကို အမှတ်တမဲ့ လှမ်းမြင်လိုက်တဲ့ နွယ်ပင်က မျက်လုံးလေးဝိုင်းသွားရင်း ...

"ဦးအေးမောင် ဒီမှာပဲရပ်တော့"

"ဘာဖြစ်လို့လဲ နွယ်ပင်၊ မူးနေတယ်ဆို အိမ်ထိဝင်ပို့မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟို … နွယ်ပင် ဆေးဝယ်ချင်လို့"

"ဩော် … ရရဲ့လား၊ ဦးလေး ဆင်းဝယ်ပေးရမလား"

"နေပါစေ ရပါတယ် ဦးအေးမောင်၊ ဒီနားပဲ ချခဲ့ပါ၊ ကျေးဇူးပါပဲ"

"အေး … အေး၊ ရရင်ပြီးရော"

နွယ်ပင်က ကားပေါ်က ဆင်းလိုက်သည်နှင့် ကားမှတ်တိုင်ဘက် ပြန်လျှောက်လာခဲ့ပါသည်။ ကားမှတ်တိုင်အောက်က ခုံကလေးမှာထိုင်လျက် ဒူးပေါ် ခါးကိုင်း၍ တံတောင်ဆစ်ပြန်ထောက်ထားကာ ခပ်ငုံ့ငုံ့ပုံစံနှင့် ရှိနေသော ဒေါင်းစိမ်းရှေ့ နွယ်ပင်က ရပ်လိုက်ပါသည်။

မျက်စိအောက် ရောက်လာသော ခြေအစုံကြောင့် ဒေါင်းစိမ်းက မော့ကြည့်သည်။ နွယ်ပင် နှုတ်ခမ်းလေးကို တင်းတင်းဖိစေ့လိုက်မိကာ ရင်ထဲမှာ ကရုဏာဒေါသောစိတ်တွေ အလိပ်လိပ် လိုမ့်တက်လာပြီး မျက်ရည်တောင် ရစ်ဝိုင်းလာမိသည်ထင်သည်။

မျက်ခုံးထောင့်၊ ပါးရိုး၊ နှုတ်ခမ်းစွန်းတွေမှာ ဒဏ်ရာတွေ ဒဏ်ရာတွေ။

"နွယ်ပင်"

"ရှင် ဒီမှာ ဘာထိုင်လုပ်နေတာလဲ … ဟင်"





"ဟို"

"အခုထ, … လိုက်ခဲ့အိမ်ကို"

ဒေါင်းစိမ်းသည် ဝင်စရာရှိတယ်ဆိုပြီး တမင်တကာပင် ဦးထူး ကားပေါ်က ဆင်းကျန်နေခဲ့တာ။ ဒီဒဏ်ရာမှာထိုင်နေမိတာကတော့ သူ့အိမ်ကို သူ့ဒဏ်ကလေး ဝင်ချင်လို့။ ဒီအချိန်အန်တီဒေါ်နှင်းမြဟ်ပဲရှိမည်။ သူ့ကိုမြင်လျှင် အလန့်တကြားကြင်နာကရုဏာသက်စွာ ပျာပျာသလဲ ပြုစုပေးပလိမ့်မည်။

ခုချိန်မှာ ဤကဲ့သို့သော ကြင်နာမှုနွေးထွေးမှု တစ်စုံတစ်ရာကို သူ့ရင်ခွင်က ပြင်းပြင်းထန်ထန် လိုအပ်နေပါသည်။ ဒဏ်ရာတွေကို ဆေးကြောဆေးထည့် ကော်ဖီဖြစ်စေ နွားနို့ဖြစ်စေ ပူပူလေး တစ်ခွက်လောက်သောက်ပြီး နွေးထွေးသောအိပ်ရာတစ်ခု၌ သူ လဲလျောင်းအိပ်စက်လိုက်လိုသည်။

ထို့အပြင် သူ နိုးလာချိန်မှာ သူတစ်ယောက်တည်း ဖြစ်မနေလိုပါ။

"ထ,လို့ ပြောနေတယ်လေ"

"မင်း ဘယ်လိုရောက်လာတာလဲ"

"ဒီလိုပဲ ရောက်လာတာ"

"ဘယ်ကပြန်လာတာလဲ၊ ဒါအလုပ်ဆင်းချိန်မှ မဟုတ်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကပြန်လာတာလဲ သိချင်လား ... ဟုတ်လား"

"........"

"ရှင် အခုပြန်လာတဲ့ ခြံနံပါတ်(...) ဆရာစလမ်းသွယ်ကပဲ ပြန်လာတာ သိပြီလား"

"ဟင်"

"ရှင်တို့ရဲ့ မရိုးအီနိုင်တဲ့ ဓာတ်ထုပ်ကြီးကို အဲဒီအိမ်က မမြသွယ်ကို ရှင်တို့ဆရာတပည့် က,ပြအသုံးတော်ခံနေတုန်း ကျွန်မက ဒီဘက်က အိမ်ထဲမှာ ရှိနေတယ်၊ သိပြီလား"

"ဪ"

"အခုထပြီး နောက်က လိုက်လာခဲ့"

နွယ်ပင်က ရှေ့က တဖျပ်ဖျပ် ကြိုထွက်လာခဲ့ပါသည်။ ဆေးခန်းတွေ ဘာတွေလဲမရှိတဲ့ ဒီနေရာ ဒီလမ်းထိပ်ကလေးမှာ သူ လာထိုင်နေတဲ့ သူ့ခံစားချက်ကို နွယ်ပင်သည် အထူးတလည် တွေးတောနေစရာမလိုဘဲ အလိုအလျောက် နားလည်သဘောပေါက်နေမိကာ ရင်ထဲကျင်နေအောင် ခံစားရပါသည်။

နောက်ကိုလှည့်မကြည့်ဘဲ သူ ပါလာတာကိုသိသည်။ နွယ်ပင့်ကို တံခါးဖွင့်ပေးသော မေမေကလည်း ဒေါင်းစိမ်းကိုနောက်မှာမြင်ကာ ...





"ဟင် ... ဒေါင်းစိမ်း ... သား။ ဘယ်လိုဖြစ်လာတာလဲ"

"မေးမနေပါနဲ့တော့ မေမေရယ်၊ သူ့ကိုဆေးထည့်ဖို့တွေသာ ရှာယူပါတော့၊ ဘယ်လိုဝင့်ကြွားနဲ့ လူဖြစ်နေတဲ့သူလည်း မသိဘူး"

နွယ်ပင့် ကရုဏာဒေါသောစကားက ဒေါင်းစိမ်းရင်ကို ထိလှသည်။ ဟုတ်ပါသည်။ သူဟာ ဝင့်ကြွားနှင့် လူဖြစ်လာသလိုပါပဲ။ အရွယ်မရောက်ခင် ဖခင်ကကွယ်လွန်၊ ဆယ်ကျော်သက်မှာ ရန်ဖြစ်လက်လွန်ပြီး သူ ထောင်နန်းစံရ၊ သူ ထောင်ထဲရှိတုန်း အမေကဆုံး။ ဝေးဝေးလံလံ ဆွေမျိုးသားချင်းတို့ကလွဲရင် သူဟာ တစ်ကောင်ကြွက်၊ သူ့ဘဝဟာ သူတစ်ပါးလက်အောက်ခံလိုဘဝ။ လူတောမတိုး လူဝင်မဆန့်။ အသိုင်းအဝိုင်းရယ်လို့မရှိ။ တွယ်တာစရာရယ်လို့မရှိ။

ဒေါင်းစိမ်းသည် အလိုလို စိတ်ထိခိုက်လာကာ မျက်ရည်လည်လာပါသည်။ နွယ်ပင်က သူကိုယ်တိုင်ပင် ဒေါင်းစိမ်းရှေ့၌ထိုင်ပြီး ဒဏ်ရာတွေကို ရေခဲရေနှင့် သန့်စင်ကာ ဆေးထည့်ဖို့လုပ်သည်။

"ဘယ်လိုဖြစ်လာတာလဲ ပြောပါဦးကွယ်၊ ရန်ဖြစ်လာတာလား"

"ဘယ်က ရန်ဖြစ်ရမှာလဲ မေမေရယ်"

"ဒါဖြင့် ဘာဖြစ်လာတာလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"သူ့ကျေးဇူးရှင်က သူ့ကို ကြွေးရှင်ရှေ့မှာ ကြွေးတောင်း မရကောင်းလားလို့ ဆုံးမလွှတ်တာလေ၊ မေမေနဲ့တုန်းက လိုပေါ့"

"ဟင် ... အဲဒါမျိုးက ဦးထူးက သားကို အမြဲလုပ်နေတာ လား"

"........."

ဒေါင်းစိမ်းက တိတ်နေသည်။

"မေးမနေပါနဲ့တော့ မေမေရယ်"

"သားရယ် ... ဒါဖြင့်လည်း ဘာဖြစ်လို့ ဒီ ဦးထူးဆီပဲ အလုပ်ဆက်လုပ်နေရတာလဲ"

"ဟုတ်တယ်၊ ရှင့်မှာ ခြေအကောင်း လက်အကောင်း ဒီအရွယ်ကြီး၊ တခြားအလုပ် လုပ်မစားတတ်တော့ဘူးလား ဟင်"

"ဦးထူးက ကျေးဇူးရှင်မို့ပါ"

"ကျေးဇူးရှင်ပဲ ဖြစ်ပါစေဦး၊ ဒီနည်းနဲ့ အကြွေးကို ခြောက် လှန့်တောင်းတိုင်း ရှင်က သွေးထွက်သံယိုနဲ့ အတိုးအကြိတ် ခံနေရတော့မှာလား၊ ဘယ်တော့အထိလဲ တစ်သက်လုံး ဒီအတိုင်းပဲ နေသွားမှာလား၊ ရှင့်ကိုပဲ ဒေါသဖြစ်တယ်၊ ရှင်သာ တူလေး သားလေး ကလေးလေးဆို အိမ်ရောက် တာနဲ့ အိမ်ကဆီးပြီး ထပ်ရိုက်တာယ် သိရဲ့လား၊ တကယ်ပဲ"





ဒေါင်းစိမ်းက လှစ်ခနဲ ပြုံးမိပါသည်။ သို့သော် မျက်နှာက ခပ်နွမ်းနွမ်း။

"ရောသား၊ အိုဗာတင်းလေး ခပ်နွေးနွေးလေး သောက် လိုက်၊ သမီး အနာအကျင် သက်သာအောင် ဆေးလေး တိုက်ပါလား"

"ရှင် အခု သိပ်နာနေလား၊ ဆေးသောက်လိုက်မနော်၊ တခြားဘာဖြစ်နေသေးလဲ၊ ခေါင်းမူးလား"

"ဟုတ်တယ်၊ ခေါင်းတွေ မူးနေတယ်"

"မူးမှာပေါ့၊ ဟောဒီခေါင်းကိုချည်း သူ့လက်ပြတ်ကြီးနဲ့ ပိတ်ပိတ်ပြီး လက်ပြန်ရိုက်နေတာ၊ လူမဟုတ်တဲ့ဟာကြီး၊ ဘီလူးကြီး ပြိတ္တာကြီး"

"သား ဆေးသောက်လိုက်၊ ခေါင်းမူးရင် ခဏလှဲနေလိုက် ပါလား သား၊ သားရဲ့အိပ်ခန်းက အဲဒီအတိုင်းပဲလေ၊ ဘာမှမသုံးဘဲ ဒီတိုင်းရှင်းပြီး ဆက်ထားထားတာ၊ သား အခန်းထဲပဲ သွားအိပ်နေလိုက် ... နော်၊ ခဏလှဲလိုက်"

သူ လှဲချင်သည်။ အိပ်ချင်သည်။ အန်တီက ခွင့်ပြု ပေမယ့် သင့်တော်ပါ့မလား နွယ်ပင် သဘောကျပါ့မလားလို့ သူက နွယ်ပင့်မျက်နှာကို တစ်ချက်လှမ်းကြည့်လိုက်ပါသည်။

"ကြည့်မနေနဲ့၊ သွားလှဲနေလိုက်၊ ပျော်ရင်လည်း အိပ်လိုက်၊ ရှင် ပြန်ချိန်တန်ရင် နှိုးမယ်၊ သွား"



www.burmeseclassic.com

www.burmeseclassic.com



ဆောင့်ကြီးအောင့်ကြီးသံကို နာခံလျက် ဒေါင်းစိမ်းက နွေးထွေးသော သူ့အိပ်ခန်း သပ်သပ်ရပ်ရပ် သန့်သန့်ပြန့်ပြန့်လေးထဲ ဝင်လာကာ အိပ်ရာထက်မှာ သက်သောင့်သက်သာ လဲလျောင်းအိပ်စက်လိုက်ပါသည်။

❤ ✧ ❤





## ၁၃

နားရက်ပိတ်ရက်တွေမှာ မင်းခေါင်မိုးက နွယ်ပင်သွားလေရာကို လိုက်ပို့တာဟာ အပတ်စဉ် အစဉ်အလာတစ်ခုလို ဖြစ်လာပါသည်။ ပိတ်ရက်မတိုင်ခင်ညဆိုလျှင် ကိုခေါင်က ဖုန်းဆက်ပါပြီ။ ကျန်တဲ့ရက်တွေလည်း ရက်ခြားလောက် ဖုန်းဆက်တတ်ပေမယ့် ပိတ်ရက်မတိုင်ခင်မှာတော့ နောက်နေ့ ဘယ်သွားမလဲ မေးတာပါ။

"နက်ဖြန် နွယ်ပင် ဘယ်သွားမလဲ၊ ကျွန်တော် ကိုးနာရီခွဲလောက်ဆို လမ်းထိပ်ရောက်မယ်"

များသောအားဖြင့်တော ဒီရက်ဟာ နွယ်ပင် ဝယ်စရာရှိတာလေးတွေ ဝယ်ခြမ်း၊ တခြားလုပ်စရာရှိတာလေးတွေလုပ်၊ တစ်ခါတစ်ရံ ဆံပင်ညှပ်ခေါင်းလျှော်၊ ဆံပင်ပေါင်းတင် စသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



လုပ်ချင်တဲ့ဆန္ဒရှိလျှင် သွားလုပ်။ ဟိုးအရင်ကတော့ ကျောင်းတုန်းက သူငယ်ချင်း ရွှေဝါကို တစ်ခါတစ်ရံ အဖော်ခေါ်သည်။ မမခိုင်ဆီမှာပဲ အတူလုပ်ဖော်ကိုင်ဖက်သူငယ်ချင်း မမနီကို အဖော်ခေါ်တဲ့အခါ ခေါ်သည်။

အခုတော့ သူတို့ကို မခေါ်ဖြစ်တော့။ မမနီကတော့ အလုပ်ခွင်မှာ အမြဲတွေ့နေကျမို့ နွယ်ပင့်ကို တစ်ခါတစ်ရံ ချိန်းပါသည်။

"နက်ဖြန် ငါတို့ ဂျန်ရှင်စကွဲသွားရအောင်လား၊ ငါတစ်ခါမှ မရောက်သေးဘူးဟဲ့ သိလား၊ ရှော့ပင်လေး ဘာလေး လုပ်ကြည့်ရအောင်လေ"

"နွယ်ပင် နက်ဖြန်သွားစရာကိစ္စလေး တစ်ခုရှိလို့ မအားဘူး မမနီရယ်"

"ဟင် ... နင်ကလည်း တစ်နေ့ကုန်လား၊ ဘယ်အချိန်သွားသွား ရတာပဲဟာကို၊ အလွန်ဆုံးကြာ သုံးနာရီလောက်ပေါ့"

"ကိစ္စလေးတွေက နှစ်ခုသုံးခုဆိုတော့ အချိန်ကုန်သွားမှာ၊ ပြီးတော့ အိမ်မှာပြန်ပြီး ချုပ်စရာလေးတွေလည်း ရှိသေးလို့ မမနီရယ်"

"ပြီးရော ... ပြီးရော၊ ဒါဆိုလည်း မိချိုပဲ အဖော်စပ်ကြည့်ဦးမယ်"





ကိုခေါင်နှင့် သွားတိုင်း အပြင်မှာ တစ်ခုခုစားသောက်ပြီးမှ ပြန်မြဲမို့ မွန်းလွဲပိုင်း ရောက်သွားတတ်ပြီ။ အဲဒီကျ နွယ်ပင်တကယ်ပဲ အိမ်ပြန်ကာ အလုပ်ကြွေးရှိသည်လေးများကို လုပ်ရပါသည်။ ချုပ်ရပါသည်။

ရွှေဝါကတော့ သူ့ထံ ခြေဦးမလှည့်တာကြာတဲ့ နွယ်ပင့်ကို မသင်္ကာ။

"ဟဲ့ ... နွယ်ပင်၊ နင် ခုတစ်လော ဘာတွေရှုပ်နေလဲ"

"ဒီလိုပါပဲ အရင်လိုပါပဲ"

"အရင်လို မဟုတ်ပါဘူး၊ နင့်မျက်နှာလည်း မမြင်ရ၊ နင့်အသံလည်း မကြားရတာ ဘယ်လောက်တောင် ကြာနေပြီလဲ နွယ်ပင်ရယ်"

"ငါ အလုပ်လေး နည်းနည်းများနေတာပါ"

"ခုနလေးပဲပြောတော့ အရင်လိုပါပဲဆို"

"ဩော် ... ရွှေဝါရယ်၊ အဖြစ်အပျက်တွေ လုပ်ငန်းစဉ်တွေကတော့ အရင်လိုပါပဲ၊ ချုပ်ထည်တွေက အရင်ထက်များလာတော့ ငါ အချိန်ပေးရတယ်၊ အဲဒါကို ပြောတာပါ"

"မသိပါဘူး၊ နင် တစ်ခုခုတော့ ကစ်ခုခုပဲ ထင်နေတာ"

"ဘာတစ်ခုခုလဲ"

"ရည်းစားတွေ ဘာတွေ ရနေပြီလားလို့ ... ဟီး ဟီး"

"မရပါဘူးဟာ"



www.burmeseclassic.com

www.burmeseclassic.com



"မှန်မှန်ပြောနော်၊ ဟိုးတစ်ရက်က နင့်ကို လူတစ်ယောက်နဲ့ တွေ့လိုက်တယ်"

"ဘယ်မှာလဲ၊ ဘယ်နားမှာ တွေ့တာလဲ"

"နင်တို့လမ်းထိပ်နားမှာပါပဲ၊ ညနေ နင်ပြန်ချိန်လေ၊ ငါက အဲဒီဘက်က တက္ကစီနဲ့ဖြတ်သွားတာ၊ ကားပေါ်က လှမ်းတွေ့လိုက်တယ်၊ လူက ခပ်မိုက်မိုက်လေးပါပဲ၊ ဆံပင်ပွပွလေးတွေနဲ့လေ၊ ရှပ်အင်္ကျီအကွက်လေးနဲ့ ဂျင်းဘောင်းဘီနဲ့... အဟင်း ဟင်း ... မွဲစုတ်စုတ်လေးလေ"

"သြော်"

"ဘာသြော်လဲ၊ ဘယ်သူတုန်း အဲဒါ"

ဒါဆို ရွှေဝါမြင်တာ ဒေါင်းစိမ်းပေါ့။ ဟုတ်တယ်လေ ဟိုတစ်နေ့က ဆိုင်ကအပြန် လမ်းထိပ်မှတ်တိုင်မှာ သူနဲ့ဆုံတာပဲ။ ဒေါင်းစိမ်း တစ်ယောက်လည်း ခုတလော လမ်းထိပ်နား အိမ်နား တစ်ဝိုက် ဘာကြောင့်အမြဲလာနေပါလိမ့်။

ရွှေဝါကလည်း တွေ့မယ့်တွေ့တော့ ဒေါင်းစိမ်းနဲ့ တွဲလျက် တွေ့ရတယ်လို့။ တကယ်ဆို မင်းခေါင်မိုးနဲ့အတူတွဲကာ ရှိတုန်း တွေ့ပါတော့လား။ ဒေါင်းစိမ်းက အမြဲပဲလိုလို နွမ်းဖတ်ဖတ်နဲ့လေ။ မင်းခေါင်မိုးဆို ထာဝစဉ်သန့်ပြီး တောက်ပြောင်နေတာ မဟုတ်လား။



ရှပ်လက်ရှည်နဲ့ စတိုင်ဘောင်းဘီရှည်လေးတွေနဲ့ ကြည့်လိုက်တာနဲ့ Gentleman ပုံ အပြည့်အဝ ထွက်နေတာ။ သူနဲ့တွဲကာ တွေ့လိုက်ရင်တော့ ရွှေဝါ့မျက်ဝန်းတွေ ပြူးဝိုင်းသွားမှာမလွဲ။ ရွှေဝါနဲ့က သူငယ်ချင်းအရင်းတွေဖြစ်ပေမယ့် နည်းနည်းကလေးတော့ အပြိုင်အဆိုင်သဘောလေး ရှိတတ်တာပါ။

သဘောအရာရှိပေါက်စတစ်ယောက်ကို ချစ်သူတော်ထားတဲ့ ရွှေဝါဟာ စကားပြောရင် ဘုရင်ခံသားနဲ့ကြိုက်ထားသလောက်နီးနီး လေကြီးတာ မဟုတ်လား။

"ဘယ်သူလဲဆို ပြောလေ၊ ဘာလဲ လျှို့ထားတာလား"

"ဘာလျှို့စရာရှိလို့လဲ ရွှေဝါရယ်၊ အသိတစ်ယောက်ပါ၊ အိမ်မှာ တစ်ခုခု ပြင်စရာဆင်စရာလေး အလုပ်လေးရှိရင် မေမေ့ကို လာကူလုပ်ပေးနေတဲ့လူပါ"

"သြော် ... အဲလိုလား မသိပါဘူး၊ ငါ့သူငယ်ချင်း နွယ်ပင် တိုးတက်နေပြီလားလို့ပါ"

"နင်ကလည်း တိုးတက်နေပြီ ထင်မယ်ဆိုလည်း လူပုံလေး ဘာလေး သေချာကြည့်ဦးမှပေါ့ဟယ်"

"ချိတ်မချိုးပါနဲ့ဟယ်၊ နင့်ကိုစ,တာပါ၊ နင်ကလည်း အဲလို စုတ်ပေပေလေးလောက် ဘယ်ရွေးပါ့မလဲ၊ သိပြီးသားပါဟာ ... အဟီးဟီး"

www.burmeseclassic.com

www.burmeseclassic.com



အဲဒီတစ်နေ့ကတော့ နွယ်ပင်နှင့် ကိုခေါင် အပြင်ထွက်လာဖြစ်ကြသော်လည်း နွယ်ပင် ထူးထူးထွေထွေ သွားစရာမရှိ၍ နေ့လယ်စာမစားခင် ဘယ်ကိုသွားကြမလဲ စဉ်းစားသည်။

"Shopping center တစ်ခုခုပဲ သွားမလား နွယ်ပင်"

"ထူးထူးထွေထွေ ဝယ်ချင်တာလည်း မရှိပါဘူး ကိုခေါင်ရယ်"

ရှော့ပင်စင်တာသွားလျှင် ဟိုဟိုဒီဒီ ကြိုက်နှစ်သက်တာလေးတွေတွေ့လျှင် ဝယ်ဖြစ်ရဦးမည်။ ပိုက်ဆံကုန်သည်။ မင်းခေါင်မိုး ရှေ့မှာလည်း အပေါစားပစ္စည်းပစ္စယ အသုံးအဆောင်တွေ မဝယ်ချင်။ ဟန်လေးပန်လေးနှင့် အကောင်းစားကလေးဝယ်ချင်သေးတယ်ဆိုလျှင် အလကားနေရင်း ပိုက်ဆံတော်တော်ထွက်ဦးမည်မို့ နွယ်ပင်က မသွားချင်။

"ဒါဆို ဒီလိုလုပ်မလား"

မင်းခေါင်မိုးက နာရီတစ်ချက်ကြည့်၍ဆိုသည်။

"ဘာလဲဟင်"

"ကန်တော်ကြီးထဲ ခဏသွားရအောင်၊ ကရဝိတ်ဝင်းထဲလေ"

"ဘာလုပ်ဖို့လဲဟင်"

"အဲဒီမှာ ဒီနေ့ ကျွန်တော့်ကားတစ်ကား ရှူတင်ရှိတယ်၊ ဒီအချိန် မနက်ခင်း အဲဒီမှာ ရှူတင်ရှိနေမှာ၊ နွယ်ပင်လည်း





ကျွန်တော့်ဗီဒီယိုကားရိုက်တာမြင်ဖူးသွားတာပေါ့။ ကျွန်တော်လည်း ကျွန်တော့်ရှူတင် မန်နေဂျာကို ပိုက်ဆံပေးစရာရှိတာ တစ်ခါတည်း ပေးလိုက်လို့ အဆင်ပြေတယ်"

"အဲဒါဆိုရင် သွားလေ ကိုခေါင်"

"နွယ်ပင်လည်း ခဏကြည့်ပေါ့၊ ဗဟုသုတရတာပေါ့၊ ကားရိုက်တာ ကြည့်ဖူးလား"

"ဟင့်အင်း ... တစ်ခါမှ မကြည့်ဖူးဘူး ကိုခေါင်"

"မြင်ဖူးသွားတာပေါ့၊ ကျွန်တော်က ကန်တော်ကြီးထဲဆိုတော့ နွယ်ပင် လိုက်ချင်ပါ့မလားလို့ အားနာတာ"

"ဘာလို့လဲဟင်"

"သြော် ... အဟင်း၊ ကန်တော်ကြီး ဆိုတာက အတွဲတွေ သမီးရည်းစားတွေ သွားတတ်ကြတဲ့နေရာမျိုး ဖြစ်နေလို့ပါ"

"သြော် ... အခုက အဲလိုသွားတာမှ မဟုတ်ဘဲ၊ ကိုခေါင်လည်း ဒီနေ့ တစ်ချိန်မဟုတ် တစ်ချိန်တော့ ရှူတင်မန်နေဂျာကို ပိုက်ဆံသွားပေးရမှာ မဟုတ်လား၊ အခုအချိန်ရနေတာပဲ၊ ဝင်ပေးလိုက်တော့ အဆင်ပြေတာပေါ့"

"ဒါဖြင့် သွားလိုက်မယ်နော်"

"ဟုတ်ကဲ့၊ ပြီးရင် စောစောလေး တစ်ခုခုစားလိုက်ပြီး ဒီနေ့ စောစောအိမ်ပြန်လိုက်မယ်လေ ... နော်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... အင်း၊ စောစော ပြန်ပို့မယ်နော်"

တကယ်တော့ ကိစ္စတစ်ခုခု မရှိဘဲနဲ့လည်း နွယ်ပင့် အားရက်မို့ဆိုပြီး တစ်နေရာမဟုတ် တစ်နေရာ မထွက်မနေအတူ ထွက်ဖြစ်နေကြတဲ့ အခြေအနေက တစ်မျိုးတော့ ဖြစ်နေပါသည်။ ဘာမှလဲ မဟုတ်ကြဘဲနဲ့လေ။ အားရက်မို့ မတွေ့မဖြစ် တွေ့နေကြသလို သဘောမျိုးကို ဆောင်နေသည်။

အဲဒါကို သူလည်း သတိပြုမိ ကိုယ်လည်း သတိပြုမိပေမယ့် အမှုမဲ့ အမှတ်မဲ့လိုလို ခေါ်သူကလည်းခေါ် လိုက်သူကလည်းလိုက် ဆိုတာလို သဘောဆန္ဒတူညီစွာ ထွက်ဖြစ်နေကြတဲ့ အနေအထားပါ။

နွယ်ပင့် အားရက်အတော်များများမှာ ဒေါင်းစိမ်း အိမ်ကို ရောက်ရောက်လာတတ်တာ နွယ်ပင် သတိပြုမိနေပါသည်။ ထမင်းစားဖြစ်တဲ့အခါ စားသွား၊ မစားဖြစ်ရင်တောင် မေမေနှင့် ထိုင်စကားပြောပြီး အိမ်မှာလိုအပ်နေသော တိုလီမုတ်စချို့ယွင်းမှု လေးများ (ဥပမာ ... ဘုံပိုင်ရေယိုနေတာမျိုး၊ ဗေစင်မှာ အမှိုက် ဆို့သွားတာမျိုး)ဒါမျိုးလေးတွေကို ရှာဖွေပြုပြင်ပေးပြီး ပြန်သွား တတ်တာ။

တစ်ခါတစ်ရံတော့ နွယ်ပင်နှင့်ပါဆုံ၍ များသော အားဖြင့်တော့ မဆုံဖြစ်လိုက်တာ များပါသည်။ အိမ်ပြန်ရောက်လို့ ဒေါင်းစိမ်း လာသွားသည်လို့ သိရတဲ့အခါ သူ့ကိုအားနာသလိုလို





သူလာတိုင်း အပြင်ရောက်နေရတာကို တမင်ရှောင်တယ်ထင်မှာ စိုးသလိုလို တစ်ခုခု ခံစားရတတ်သည်။

ဒီနေ့တော့ စောစောကလေး ပြန်မည်လို့ နကိုကပင် စဉ်းစားထားတာပါ။ မနေ့ညနေ ကိုခေါင် ဖုန်းဆက်ကတည်းက ထူးထူးထွေထွေ ဝယ်စရာ သွားစရာလည်းမရှိ၍ ဒီတစ်နေ့မသွား ကြပါစို့နဲ့လို့ ငြင်းမလား စိတ်ကူးမိသေးသားပင်။ သို့ပေမယ့် ကိုခေါင့် အရှိန်အဝါကြောင့်ရော နွယ်ပင်ကိုယ်၌က ကိုခေါင့်ကို တစ်စုံတစ်ရာ ဆန့်ကျင်ငြင်းဆိုရန် ဆန္ဒမရှိတာကြောင့်ရော မငြင်း ဖြစ်ခဲ့။

"ဒီနေ့ကားက ဒါရိုက်တာ'......'လေ"

"ဪ"

"မင်းသားက '......' "

"သူက သရုပ်ဆောင် မဆိုးဘူးနော်"

"ဟုတ်တယ်၊ တော်တော်တက်လာတယ်၊ များသောအား ဖြင့် ကျွန်တော့်တိုက်က ကားတွေမှာ သူက တစ်ပက်နီးပါး ပဲ၊ တိုက်မှာ စာချုပ်ထားတာလေ"

"ဪ"

"နွယ်ပင်က ဘယ်မင်းသားကြိုက်လဲ၊ မိန်းကလေးတွေ ဘယ်မင်းသား ကြိုက်ကြလဲ ဆိုတာလည်း အမြဲနားစွင့် နေရတာ"



www.burmeseclassic.com

www.burmeseclassic.com



"အမှန်အတိုင်း ပြောရရင် နွယ်ပင်က ဗီဒီယိုကားတွေကြည့်ရင် တစ်ကားလုံးခြုံပြီး ကောင်းတာမျိုးကိုကြိုက်တာ၊ ဇာတ်လမ်းရော သရုပ်ဆောင်ရော ရိုက်ကူးထားတာလေးရော ကောင်းမှကြိုက်တာ၊ မင်းသား မင်းသမီး ပုဂ္ဂိုလ်စွဲကြိုက်တာ မရှိဘူး ကိုခေါင်ရဲ့"

သူတို့ ကန်တော်ကြီးဝင်းထဲ ရောက်လာကြပါသည်။

"ဟိုးရှေ့နားမှာဖြစ်မယ်"

ရှုံးစုရှုံးစု လူအုံနေတဲ့ နေရာတစ်ခုအနား မင်းခေါင်မိုးက ကားကိုမလှမ်းမကမ်း ရပ်လိုက်ပါသည်။ မင်းသားရော မင်းသမီးကိုပါ လှမ်းမြင်နေရပါသည်။ မင်းသမီးကတော့ ထီးရိပ်အောက် ခဏဝင်နေပြီး မင်းသားက နောက်ထပ် ကောင်လေးသုံးယောက်နှင့်။

"ဖိုက်တင်ခန်းဖြစ်မယ်၊ နွယ်ပင် ဆင်းကြည့်ချင်လား"

"မဆင်းတော့ပါဘူး ကိုခေါင်၊ ကားပေါ်ကပဲ မြင်နေရပါတယ်"

မင်းခေါင်မိုးက ကားတံခါးဖွင့်ကာဆင်းပြီး ရိုက်ကွင်းနားမသွားဘဲ ကားနားမှပင် ရပ်ကြည့်နေပါသည်။ နွယ်ပင်က ရိုက်ကွင်းဆီ စိတ်ပါလှသည် မဟုတ်ဘဲ လှမ်းငေးမောနေမိရာက မျက်လုံးကလေးတွေ ဝိုင်းကျယ်သွားရပါသည်။

"ဟင်"





ဒေါင်းစိမ်း။

ရင်ထဲမှာ ဒိန်းခနဲတောင် ဖြစ်သွားပါသည်။ လက်စသတ်တော့ ဒေါင်းစိမ်းဟာ မင်းသားကို ရန်စပြီး ခိုက်ရန်ဖြစ်မှားရမည့် ဇာတ်ရုပ်ကပါလား။ နွယ်ပင့်ရင်ထဲ ဘယ်လိုကြီးမှန်းမသိ မနှစ်မမြို့ စိတ်ပျက်သွားရပါသည်။ အဲဒီ ဒေါင်းစိမ်းတစ်ယောက်ဟာ ဘာတွေလျှောက်လုပ်မှန်းကို မသိဘူး။ သူလုပ်သမျှအလုပ်တွေ တစ်ခုမှ နွယ်ပင် မနှစ်သက်။ ဗီဒီယိုထဲမှာများ ဘာကြောင့် လူကြမ်းခန်းက ဝင်သရုပ်ဆောင်နေရပြန်တာလဲ။

စိတ်ပျက်ဖို့ ကောင်းလိုက်တာ။

ငေးကြည့်နေမိတဲ့ နွယ်ပင့်မျက်ဝန်းလေးများတွင် မျက်ရည်ကြည်ပင် ရစ်ဝိုင်းချင်လာသည်။ ဒီမှာလည်း သူပဲအထိုးခံနေရပြန်ပြီ။ မင်းသားက ထိုးလိုက် လဲကျလိုက်။ ကိုယ်ကဝင်ချတော့ မထိ၊ ဟိုဘက်ကချတော့ တစ်ချက်တည်း ပုံလဲရတဲ့နေရာမျိုးက သရုပ်ဆောင်နေတဲ့ ဒေါင်းစိမ်းကို စိတ်ရှိလက်ရှိပြေးပြီးတော့သာ ကုတ်ဖဲ့လိုက်ချင်သည်။

သူများထိုးတာ ကြိတ်တာ ချတာ ခံရတာများ တော်တော်အရသာရှိနေလေရောသလား။ ပိုက်ဆံရော ဘယ်လောက်များရလို့လဲ။ ဘာဖြစ်လို့များ သူဟာ နွယ်ပင် ကရုဏာဒေါသဖြစ်ရမည့် အနေအထားမျိုးတွေမှာချည်း ကျင်လည်နေရတာပဲ။ လုပ်စရာလား ... လူကြမ်းလုပ်စရာလား။



www.burmeseclassic.com

www.burmeseclassic.com



"ရှုတင်မန်နေဂျာတော့ မတွေ့ဘူး၊ ဘယ်သွားနေလဲမသိဘူး"

မင်းခေါင်မိုးက လှည့်ပြောသည့်အခါ ပျက်ယွင်းခက်မာနေတဲ့မျက်နှာကို နှယ်ပင် ပြုပြင်ရပါသည်။ ကောင်လေးတစ်ယောက်က မင်းခေါင်မိုးကို တွေ့သွား၍ ပြေးလာကာ ရှုတင်မန်နေဂျာ ပစ္စည်းတစ်ခုလိုအပ်၍ ထွက်ရှာနေတဲ့အကြောင်း လာပြောပြနေပါသည်။

"ကိစ္စမရှိဘူး၊ အဲဒါဆိုရင် ဒေါင်းစိမ်း ဒီအခန်းရိုက်တာပြီးရင် ငါ့ဆီ လွှတ်လိုက်ပါကွာ"

အဲဒါမှ ဒုက္ခပင်။ နှယ်ပင်သည် ဤလိုအနေအထားနှင့် ဒေါင်းစိမ်းနှင့် မဆုံချင်ပါပေ။ တစ်မျိုးကြီး မျက်နှာပူနေသည်။ သို့ပေမဲ့ ဘာမှမတတ်နိုင်ပါ။ သိပ်မကြာမြင့်လိုက်တဲ့ အချိန်တစ်ခဏအတွင်း ကားနားကို ဒေါင်းစိမ်း ရောက်လာပါသည်။ မင်းခေါင်မိုးက ကားမှန်လျှောချလိုက်၍ ဒေါင်းစိမ်းနှင့် နှယ်ပင်ဟာ တစ်ယောက်ကိုတစ်ယောက် မမြင်ဘဲမဖြစ်နိုင်အောင် တိုးလျှိုပေါက်။

ဒေါင်းစိမ်းသည် ကားထဲက နှယ်ပင့်ကို လှမ်းအမြင်တွင် မျက်နှာပျက်သွားပါသည်။ အနည်းငယ် ရှက်သွားသလို မျက်နှာလည်း နီမြန်းမြန်း ဖြစ်သွားပါသည်။

"ဒေါင်းစိမ်း ... ဦးမြင့်သူ မရှိဘူးဆို"

"ဟုတ် ... ကိုခေါင်"





"ငါ မင်းကိုပဲ ပိုက်ဆံအပ်ထားခဲ့တော့မယ်၊ သူ ဘယ်အချိန်ရောက်မယ်မှန်းမသိတော့ စောင့်မနေတော့ဘူး၊ ငါကပထမနေ့လယ်လောက်မှလာမယ် ပြောထားတာ၊ အခုကြိုတုန်းလှည့်ဝင်လာလို့"

"ဟုတ်ကဲ့"

မင်းခေါင်မိုးက ကားနောက်ခန်းထဲက ပိုက်ဆံထုပ်တချို့ ဆည့်ထားသော ကြွပ်ကြွပ်အိတ်ကို ဒေါင်းစိမ်းထံ ယူပေးလိုက်ပါသည်။ ဒေါင်းစိမ်းရဲ့မျက်လုံးများက တစ်ချက် တစ်ချက် နှယ်ပင့်ထံ ဝေ့ဝဲလာသည်။ မသိမသာ မျက်နှာလွှဲထားသော နှယ်ပင်ကလည်း ဒေါင်းစိမ်း တခြားဘက်ကြည့်မှ သူ့ထံဖျတ်ခနဲ လှမ်းကြည့်မိပြီး ကိုယ့်ကို လှမ်းကြည့်ပုံပေါ်လျှင် ကမန်းကတန်း မျက်လွှာချပစ်မိသည်။

သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက်လည်း နှုတ်မဆက်ကြပါ။ ဘာကြောင့် ကိုခေါင့်ရှေ့၌ မသိချင်ဟန်ဆောင်နေကြသော အစဉ်အလာမျိုး ဖြစ်သွားသလဲ မသိပါ။ ပထမဆုံးတစ်ကြိမ်ကတည်းက မသိသလို နေလိုက်ကြ၍ နောင်လည်းသိပုံမပြမိတော့တာပင်။ အဲဒါဟာ တကယ်တော့ ဖုံးကွယ်မှုတစ်မျိုးဖြစ်နေကာ စိတ်အသီးသီးကတော့ မလုံမလဲ တစ်မျိုးလေးတွေဖြစ်နေကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ဒါဖြင့် ငါသွားတော့မယ်၊ ဧည့်သည်ပါလာလို့"

"ဟုတ်ကဲ့ ကိုခေါင်"

မင်းခေါင်မိုး ကားမောင်း ထွက်လာသည်အထိ နွယ်ပင်က တစ်ဖက်ကို လှည့်ပင်းလေး လိမ်လှည့်ထားမိသည်။

"ခေါင်းစိမ်း ... တဲ့"

"ရှင်"

"ဩော် ... ခုနတစ်ယောက်လေ၊ နာမည်က ခေါင်းစိမ်း တဲ့"

"ဩော်"

"ကျွန်တော့်ဦးလေးရဲ့တပည့်လေးပေါ့၊ သူက ငယ်ငယ်ကတည်းက သိုင်းတွေ ဘာတွေတတ်တယ်လေ၊ ဖိုက်တင်တွေ ရတယ်၊ အဲဒါကြောင့် ကားထဲမှာ ဖိုက်တင်ခန်းလှုလိုရင် သူ့ကိုထည့်ထည့်သုံးတယ်"

"ဟုတ်"

"အရင်ကတော့ ဘယ်မှာနေလဲ မသိဘူး၊ အခုတော့ ဦးလေးနဲ့ အတူတူလာနေနေတယ်၊ တစ်ခြံတည်းနေသလို ဖြစ်နေတာပေါ့၊ သူ ဝင်ဝင်ရိုက်နေတာတောင် မနည်းတော့ဘူး၊ သူပါတဲ့ကားတွေ ကြည့်ဖူးလား၊ သူ့ကို ဗီဒီယိုတွေ ထဲ မြင်ဖူးလား"





"ရှင် ... ဟင့်အင်း၊ တစ်ခါမှ ဗီဒီယိုထဲ မတွေ့ဖူးဘူး၊ နွယ်ပင်က ဗီဒီယိုလည်း အကြည့်နည်းလို့ ထင်ပါတယ်"

"ဒီကောင်လေးက သိုင်းတွေ ဘာတွေ တော်တယ်၊ မင်းသားကိုတောင် သူပဲ တချို့အကွက်တွေ သင်ပေးပြပေး တတ်တယ်လေ၊ ငယ်ငယ်တည်းက ကိုယ်ခံပညာတတ်တာ၊ အဲဒါကြောင့်ပဲ ဒီကောင်လေး ဘဝပျက်တာပဲများ ပြောရမလား မသိပါဘူး"

"ရှင် ... ဘာဖြစ်လို့လဲဟင်"

"သူ့ ဆယ်တန်းနှစ်မှာလေ လူငယ်တွေချင်း ရန်ဖြစ်ကြတာပေါ့၊ တစ်ဖက်နဲ့တစ်ဖက် အုပ်စုဖွဲ့ချကြတာ၊ တစ်ဖက်က လူသေသွားတယ်လေ၊ အဲဒါနဲ့ ဒီကောင်လေးက ဆယ့်ခြောက်နှစ် ဆယ့်ခုနစ်နှစ်သားကတည်းက ထောင်ကျသွားရှာတာ"

"ဟင်"

"လွှော့တာ ဘာညာနဲ့ ခုနစ်နှစ် ရှစ်နှစ်တော့ နေခဲ့ရတယ် ထင်တယ်၊ အပြင်ပြန်ထွက်လာတာ ရှိလှရင်နှစ်နှစ်ပေါ့၊ ဒီကောင်လေးက လူကောင်းလေးပါ၊ ကုသိုလ်ကံပေါ့လေ"

"........."

ထောင်ထဲမှာ။ ခုနစ်နှစ် ... ရှစ်နှစ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုခေါင့်စကားသံက နွယ်ပင့်နားထဲ ပင့်တင်သံလို အထပ်ထပ် အပြန်ပြန် ရိုက်ခတ်နေပါသည်။ သြော် ... သူက ထောင်လည်းကျဖူးသေးသကိုး။ သူ့ဘဝမှာ မျက်နှာပန်းမလှစရာတွေချည်း ပြည့်နှက်နေသလိုပါလား။

ထိုနေ့က စားသောက်ဆိုင်တစ်ခုမှာ စားရသောက်ရတာလည်း နွယ်ပင် ခံတွင်းမတွေ့။ စားမကောင်း စိတ်မပါတော့ပါ။ စိတ်တွေလေးလံကျုပ်ခဲ ထုံမှိုင်းနေသည်။ ထောင်ထွက်။ ဘယ်လိုကြောင့်ပဲ ထောင်ကျရကျရ ထောင်ထွက်ဆိုတာဟာတော့ အင်မတန် မျက်နှာငယ်ရတဲ့ ဂုဏ်ပုဒ်တစ်ခုပေပဲ။

"နွယ်ပင် စားလို့မကောင်းလို့လား"

"ကောင်းပါတယ် ကိုခေါင်၊ နည်းနည်းစောနေတော့ သိပ်မဆာလို့ပါ"

"ဒီနေ့ အပြန်လည်း စောမှာဆိုတော့ နွယ်ပင့်ကို တစ်ခုခွင့်တောင်းမလို့၊ ခွင့်ပြုနိုင်မလား မသိဘူး"

"ဘာများလဲ ကိုခေါင်

"နွယ်ပင်တို့အိမ်ထဲ ဝင်လည်ချင်တယ်၊ နွယ်ပင့်မေမေနဲ့လည်း တွေ့ရတာပေါ့"

"သြော် ... ဟုတ်ကဲ့၊ ရပါတယ်"

မလည်ပါနဲ့လို့ ဘယ်လိုငြင်းရမလဲ၊ ခေါင်းညိတ်ပြီးချင်းပင် နွယ်ပင်သည် တစ်စုံတစ်ရာကို ဖြန်းခနဲသတိရလိုက်ပါ





သည်။ အိမ်ရဲ့ဧည့်ခန်းမှာ ထမင်းစားခန်းမှာ ဒေါင်းစိမ်းတို့မိသားစု ဓာတ်ပုံကြီးတွေ။

"ကိုခေါင် ... ခဏနော်၊ နွယ်ပင် ဖုန်းတစ်ခုပြောစရာရှိလို့"

စားပွဲကနေ ထ,ထွက်လာခဲ့ကာ အိမ်ကိုချက်ချင်းပဲ ဖုန်းလှမ်းခေါ်ရပါသည်။

"မေမေလား ... နွယ်ပင်ပါ၊ ခဏနေရင် အိမ်ကိုဧည့်သည်တစ်ယောက် ပါလာမယ် မေမေ၊ နွယ်ပင်ပြောတာ သေသေချာချာ နားထောင်ပါနော်၊ ဧည့်ခန်းတို့ ထမင်းစားခန်းတို့ လူမြင်ရတဲ့နေရာတွေက ဒေါင်းစိမ်းတို့မိသားစုဓာတ်ပုံကြီးတွေကိုဖြုတ်ပြီး တစ်နေရာရာမှာ ခဏထားထားပေးပါ၊ အခုချက်ချင်း လုပ်ပါနော် မေမေ"

"ဟင် ... ဘာဖြစ်လို့လဲ သမီးရဲ့၊ ပါလာမှာ ဘယ်သူမို့လဲ"

"နောက်မှပြောပြမယ် မေမေ၊ အခုချက်ချင်း အဲဒီပုံတွေဖြုတ်ဖယ်ထားပေးပါနော်"

"ဒေါင်းစိမ်းက သူ့ဓာတ်ပုံတွေ မဖြုတ်ရ မကိုင်ရလို့မှာထား ..."

"ခဏပဲဟာ မေမေရယ်၊ အချိန်မရတော့ဘူး၊ ချက်ချင်းလုပ်ပါ၊ ဒါပဲနော်"



www.burmeseclassic.com

www.burmeseclassic.com



နွယ်ပင်က ဖုန်းပိတ်လိုက်ပါသည်။ ခေါင်းစိမ်းနှင့် ကိုခေါင်ရှေ့ ဆုံဆုံနေပါလျက် မသိကြချင်ယောင်ဆောင်ထားမိမှ တော့ ဒါဟာ ခေါင်းစိမ်းအိမ်၊ ခေါင်းစိမ်းနှင့် သိကျွမ်းခင်မင်ကြ တယ်လို့ ဘယ်လိုလုပ် အသိခံလို့ ဖြစ်တော့မလဲ။ ဓာတ်ပုံတွေထဲ မှာ ဆယ့်သုံးလေးနှစ်သားက ပုံလေးမျိုးလည်း ရှိတာမို့ မြင်တာ နှင့် ခေါင်းစိမ်းမှန်း သိသာတာလေ။

နွယ်ပင်သည် သက်ပြင်းလေးရှိုက်ရင်း ရင်မောသလို ဖြစ်နေမိလေသည်။

❤ ✧ ❤





# ၁၄

အဝင်အထွက်ကလေးပဲ လွဲသွားတာ ဖြစ်သည်။ ကိုခေါင့်ကား လမ်းထိပ်ရောက်ကာ ကွေ့ချိုးထွက်သွားချိန်လောက် မှာ ခေါင်းစိမ်း ဘတ်စ်ကားပေါ်က ဆင်းလာတာ ဖြစ်လိမ့်မည်။

ငါးမိနစ် သာသာလေးသာကြာသော အချိန်မှာ ခေါင်းစိမ်း အိမ်ကိုရောက်လာပါသည်။ နွယ်ပင်နှင့် မေမေပင် ဧည့်ခန်းထဲမှာပဲ ရှိနေဆဲ။

မေမေ မေးမြန်းနေ၍ ကိုခေါင့်အကြောင်း အနည်း ငယ် ပြောပြနေတုန်း ဖြစ်ပါသည်။

"ဟင် ... ခေါင်းစိမ်း၊ သား ... လာ ... လာ"

မေမေက ခေါင်းစိမ်း ရောက်လာတာကို ချစ်ခင် မြတ်နိုးသော ဆွေမျိုးရင်းချာ ရောက်လာသလို ကြိုဆိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com



“မနက်ကတည်းက မျှော်နေတာ၊ ဒီလိုနေ့မျိုး သားရောက်လာတတ်လို့လေ၊ ဒီနေ့တော့ မလာတော့ဘူး ထင်ပါရဲ့လို့ တွေးနေသေးတာ၊ သား ဒီနေ့ အလုပ်ရှိလို့လား ဟုတ်လား”

“ဟုတ်ကဲ့ အန်တီ၊ အလုပ်လေးတစ်ခု ရှိတာနဲ့”

“အလုပ်ကြီး အကိုင်ကြီးလေ”

နွယ်ပင်က မပွင့်တပွင့် ပြောလိုက်ပါသည်။

“ဘာတုန်း သမီး၊ ဘာအလုပ်လဲ သားရဲ့”

“သူက ဦးထူး အထိုးခံရရုံနဲ့ အားမရဘူး မေမေရဲ့၊ ရုပ်ရှင်မင်းသား အထိုးပါ သွားခံနေတာ”

“ဟင် ... ရုပ်ရှင်မင်းသားက ဒေါင်းစိမ်းကို ဘာလို့ထိုးတာလဲ၊ သားကရော ဘာဖြစ်လို့ ခံနေတာလဲ၊ ဘာဖြစ်ကြလို့လဲ၊ ဘယ်မင်းသားလဲ”

ဒေါ်နှင်းမြတ်ထံက အံ့ဩတကြီး မေးသံက ဆင့်ကဲဆင့်ကဲ သိချင်စွာ။

“မဟုတ်ပါဘူး အန်တီရာ၊ ဦးထူးရဲ့တူက ရုပ်ရှင်ဗီဒီယို ထုတ်လုပ်ရေး လုပ်တဲ့သူပါ၊ ကျွန်တော်က သိုင်းတတ်တယ်ဆိုပြီး ရုပ်ရှင်ဗီဒီယိုတွေထဲမှာ ဖိုက်တင်ခန်းက ဝင်ဝင်ပါခိုင်းတာပါ၊ ကျွန်တော်လည်း ဘယ်လိုလုပ် ဖွတ်ငြင်းရမလဲ အန်တီ၊ သူက ဝင်လုပ်ပေးပါဆိုတော့ ဝင်လုပ်ရတာပေါ့”





“ရှင့်မှာ အသက်မွေးဝမ်းကျောင်း ဒီလောက်ပဲ ရှားနေလား”

“ဒါ ငါ ပိုက်ဆံရဖို့လုပ်တဲ့ အလုပ်မှ မဟုတ်တာ၊ ကိုခေါင်က ဝင်ကူညီပေးပါလို့ခိုင်းတော့ ငါ ငြင်းလို့ဘယ်ကောင်းမလဲ”

“ဘာလို့ငြင်းလို့မကောင်းရမှာလဲ၊ လူပဲ ကိုယ့်စိတ်နဲ့ကိုယ်ကိုယ်ပေါ့၊ ကိုယ်လုပ်ချင်ရင်လုပ်မယ် မလုပ်ချင်ရင်ငြင်းမယ်၊ အဲဒါ ဘာဖြစ်လဲ၊ ရှင့်မှာ မငြင်းချင်တာတွေ အားနာတာတွေ မျက်နှာထောက်ထားတာတွေ ကျေးဇူးရှိလို့ဆိုတာတွေ အညှာခံတာတွေ သိပ်များနေတယ်၊ လူတွေအပေါ် အဲသလောက်လည်း အရှုံးပေးလိုက်လျောနေစရာ မလိုပါဘူး ...

ဟွန်း ... ရုပ်ကြည့်တော့ မာကြွပ်ကြွပ်လိုလို ဂျစ်ကန်ကန်လိုလိုနဲ့၊ တကယ်တမ်း ဘာမှလဲ မဟုတ်ဘူး၊ ရုပ်နဲ့ တခြားစီပဲ”

“ဩော် ... ကဲ ... နေပါဦး သမီးရယ်၊ ဒေါင်းစိမ်းကို ဘာဖြစ်လို့ ဒီလောက်တောင် ပြစ်တင်ဝေဖန်နေရတာတုံး၊ သူလည်း အလိုက်အထိုက် လုပ်ရတာမျိုး ရှိဦးမှာပေါ့၊ အခုက ဘာလဲဟင်၊ သားက ဗီဒီယိုကားထဲမှာ မင်းသားနဲ့ ဖိုက်တင်ခန်းတွေ ဝင်ရိုက်ရတယ် ဟုတ်လား”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ အန်တီ"

"လှုကြမ်းမင်းသားကြီးလေ ... ဟွန်း၊ ဗီလိန်ကြီးပေါ့"

"ဒါဆို သား ဗီဒီယိုထဲတွေမှာ ပါပါနေတာပေါ့ ... ဟုတ်လား၊ သားပါတဲ့ကားလေးတွေ ပြောပါဦး၊ အန်တီငှားကြည့်ရအောင် ... အဟင်း ဟင်း"

ဒေါင်းစိမ်း မျက်နှာက ပြုံးလာပါသည်။ နွယ်ပင်သည် မေမေ့ကို တအံ့တသြ ကြည့်မိသည်။ မေမေ ဟန်ဆောင်လုပ်ပြောနေတာ မဟုတ်။ ဒေါင်းစိမ်းသာ ဗီဒီယိုကားထဲပါလျှင် ဖြတ်လျှောက်တာလေးပဲဖြစ်ဖြစ် တကယ်ကြည့်ကို ကြည့်ချင်တာဆိုတဲ့ သဘောဆန္ဒက မျက်နှာမှာ ရှိးသားစွာ ပေါ်နေသည်။

အဲဒီအရိုးခံအတွင်းစိတ် မေတ္တာသဘောဟာ ဒေါင်းစိမ်းရင်ကို ကြည်နူးနှစ်သိမ့်စေနိုင်စွမ်းပုံ ရပါသည်။

"ဟင်"

"ဘာလဲသား"

"ဒီ ... ဒီကခတ်ပုံတွေရော အန်တီ"

"ဟယ် ... အဲ ... အဲဒါလေ"

မေမေက စကားထစ်တော့ကာ နွယ်ပင့်ကို လှမ်းကြည့်သည်။ နွယ်ပင်က ရင်ထဲထိတ်ခနဲ ဖြစ်သွားသော်လည်း မျက်နှာကို ဣန္ဒြေရရ ထားလိုက်ကာ ...

"ကျွန်မ ခဏဖြုတ်ထားတာ"





"ဘာဖြစ်လို့ ဖြုတ်ထားတာလဲ၊ ဒီပုံလေးတွေ မဖြုတ်ပါနဲ့၊ မထိပါနဲ့လို့ သေချာမှာထားသားပဲဟာ"

"ခဏလေးဖြုတ်ထားတာပါ၊ ချက်ချင်း ပြန်တပ်မှာပဲဟာ"

"နေပါဦး၊ ခဏလေး ဖြုတ်ရအောင်ကော ဘာအကြောင်းရှိလို့လဲ၊ ဒီပုံတွေက မင်းအတွက် ဘာအနှောင့်အယှက်များ ရှိနေလို့လဲ"

"ကိုခေါင် ပါလာလို့"

"ဘာ"

"ကိုခေါင်က အိမ်ပေါ်တက်မယ် ဝင်လည်မယ်ပြောတယ်၊ အဲဒါကြောင့် ကျွန်မ အပြင်ကနေ မေမေ့ကိုဖုန်းဆက်ပြီး အဲဒီပုံတချို့ ဖြုတ်ထားဖို့ပြောတာ၊ မေမေက ရှင်မှာထားလို့ မဖြုတ်ချင်ဘူး၊ ကျွန်မ ဇွတ်ဖြုတ်ခိုင်းတာ"

"........."

ဒေါင်းစိမ်းက နွယ်ပင့်ကို စိုက်ကြည့်နေပါသည်။

"ရှင်နဲ့ ကျွန်မနဲ့ သိကျွမ်းမှုကို ကိုခေါင် မသိဘူးလေ၊ ကျွန်မ နေနေပါတယ်ဆိုတဲ့အိမ်ပေါ်မှာ ရှင့်မိသားစုပုံချိတ်ထားတာက အကြီးအကျယ် အံ့အားသင့်စရာ ကိစ္စကြီးဖြစ်မနေနိုင်ဘူးလား"

"သူမြင်သွားလို့မေးရင် ငါတို့ရဲ့သိကျွမ်းပတ်သက်မှုကို မင်း ပြောပြနိုင်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အရင်ကတည်းက သူ့ရှေ့မှာ ကျွန်မတို့ သိပုံမပြခဲ့ကြဘူးလေ"

"အဲသလို သူ့ရှေ့မှာ မင်းနဲ့ငါ သိပုံမပြခဲ့တဲ့ အကြောင်းရင်းကရော ဘာလဲ၊ ငါနဲ့ သိပါတယ်ဆိုတာတောင် မင်းဖွင့်မပြောရဲလောက်စရာ ဘာအကြောင်းများရှိနေတာလဲ"

"ရှင် အဲလိုမပြောပါနဲ့ ဒေါင်းစိမ်း"

"ပြောစရာဖြစ်နေတယ်လေ"

"ပထမဆုံး ကိုခေါင့်ကားနဲ့ ကျွန်မကို တိုးမိတုန်းကတည်းက ရှင် ကျွန်မကို ဘာလို့နှုတ်မဆက်လဲ၊ ဘာလို့သိပုံမပြလဲ၊ အဲဒီကတည်းက သိကျွမ်းတဲ့သူတွေမှန်း ကိုခေါင်သိနေရင်လည်း ဘာအရေးလဲ၊ ကျွန်မတစ်ယောက်တည်းက မသိချင်ယောင် ဆောင်နေတာ မဟုတ်ဘူးဆိုတာ ရှင်အသိဆုံး ...

ရှင်လည်း နှုတ်မဆက်ဘူး၊ ကျွန်မလည်း နှုတ်မဆက်ဘူး၊ အတူတူချင်း မသိသလို နေခဲ့ကြတာပါ၊ ခုမှ ဘာဖြစ်လို့ ကျွန်မကပဲ ရှင်နဲ့သိကျွမ်းကြောင်း အသိမခံနိုင်တဲ့အဖြစ်ကို ဘာလို့ရောက်ရတာလဲ၊ ရှင်ကကော သိပုံပြခဲ့လို့လား၊ ဘာလို့ တစ်ဖတ်သတ် ကျွန်မအပြစ်ပဲ ဖြစ်ရမှာလဲ"

"ကျွတ် ... မသိဘူးကွာ"





မေမေကတော့ နွယ်ပင့်ကိုတစ်လှည့် ဒေါင်းစိမ်းကို တစ်လှည့် ကြည့်နေရှာပါသည်။ ပြဿနာမဖြစ်စေလိုတာ မေမေ့ မျက်နှာမှာ ပေါ်လွင်နေသည်။

"ကဲ ... အခုမနက် ကန်တော်ကြီးထဲမှာ တွေ့တော့ရော ရှင်က နှုတ်ဆက်ပါလား၊ ကိုခေါင် သိစေချင်ရင် ရှင် နှုတ်ဆက်လိုက်လို့ ရတယ်လေ၊ ရှင်ပြောလိုက်ပါလား၊ အခု ကျွန်တော့်အိမ်ကို သူတို့ကိုငှားထားတယ်လို့၊ ရှင်က မသိချင်ယောင်ဆောင်နေချိန်မှာ ကျွန်မကလည်း သိကြောင်း ပြဖို့ ခက်တယ်လေ ...

ရှင့်ဘက်ကလည်း ဒီလိုပဲနေမှာပဲ၊ ကျွန်မ မပြောလို့ ချင့်ချိန်နေတာ ဖြစ်နိုင်တာပဲ၊ နှစ်ဦးနှစ်ဖက် အလိုလို ဒီလိုပဲနေဖြစ်လိုက်တဲ့ကိစ္စမှာ ကျွန်မကို အပြစ်လာတင်နေတာတော့ ရှင် မမှန်ကန်ဘူး၊ မတရားဘူးလေ ဒေါင်းစိမ်း"

ဒေါင်းစိမ်းက ခေါင်းလေး အသာယမ်းရင်း ...

"မင်းက သိပ်လည်တာပဲ"

"ကျွန်မလည်ရင်လည်း လည်မယ်၊ ဒါပေမဲ့ အခုဒီစကားကတော့ ရိုးရိုးသားသားပဲပြောတာ"

"သား ... စာတ်ပုံတွေ အန်တီ အခုပဲ ပြန်ချိတ်လိုက်မယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်နှင်းမြတ်က ပြောပြောဆိုဆို ပြေးပြေးလွှားလွှား ပင် ခေါက်ပုံတွေ ပြန်ထုတ်ယူလာကာ နံရံတွေပေါ်မှာ ပြန်လည် တပ်ဆင်ချိတ်လိုက်ပါသည်။

"သား ထမင်းစားပြီးပြီလား၊ ဒီအချိန် စောနေပါသေးတယ်၊ မစားရသေးလောက်ပါဘူး၊ ငါးသလောက်လေးရလို့ အန်တီ ပေါင်းထားတယ်၊ ကောင်းလိုက်တာ မွှေးကြိုင်နေတာပဲ၊ သားကြိုက်မှာ ထမင်းခူးလိုက်မယ်၊ စားလိုက်နော်"

မေမေ မီးဖိုဘက် ဝင်သွားလျှင် ...

"ရှင် အထိုးအကြိတ် အသတ်အပုတ်တွေနဲ့ ကင်းကင်း ဝေးဝေး နေလို့မရဘူးလား ဒေါင်းစိမ်း"

"ဘာဖြစ်လို့ နေရမှာလဲ"

"ဘာဖြစ်လို့ နေရမှာလဲ မေးစရာလား၊ အဲဒါတွေက ကောင်းတဲ့ဟာတွေမှ မဟုတ်တာ၊ ရှင် အဲဒါကြောင့်ပဲ ထောင်ကျခဲ့ဖူးတယ်ဆို"

ဒေါင်းစိမ်းက နွယ်ပင့်ကို ဆတ်ခနဲ ကြည့်လိုက်ရင်း –

"အဲဒါ မင်းကို ဘယ်သူပြောတာလဲ"

"ကိုခေါင်"

"ဪ ... ကိုခေါင်က ဒီကိစ္စ မင်းကိုပြောတယ် ... ဟုတ် လား၊ မင်းပြောတော့ မင်းနဲ့ငါသိတာ ကိုခေါင် မသိဘူး





ဆိုပြီး ဘယ်လိုလုပ် ငါ့အကြောင်းတွေ ပြောပြတဲ့အထိ ဖြစ်နေရတာလဲ"

"ဒီမနက် ရှင်တို့ရွာတင်က အပြန်လေ၊ အဲဒါ သူ့ဦးလေးရဲ့ တပည့် ဒေါင်းစိမ်း ဆိုပြီး ပြောပြရင်း ရှင့်အကြောင်း အကျဉ်းလေး ဆက်ပြောတာပါ၊ ရှင့်ကို မကောင်းပြောတာ မဟုတ်ပါဘူး၊ ရှင်က လူကောင်းလေးတစ်ယောက်ပါတဲ့၊ ငယ်တုန်းမှာ အဲလိုဖြစ်သွားရတာတယ်ဆိုပြီး ပြောပြတာ၊ ကိုခေါင့်ကိုလည်း ရှင် အလွဲမထင်နဲ့"

"ကိုခေါင့်ကို ငါ့ဟာငါ အလွဲထင်ထင် မထင်ထင်ပေါ့၊ မင်းက ဘာကိစ္စ ကိုခေါင့်ဘက်က ကာကွယ်နေရတာ လဲ"

"ကိုခေါင်က မကောင်းတဲ့သဘောရင်းခံနဲ့ အတင်းပြော တာမှ မဟုတ်တာ၊ ရှင် အထင်လွဲမှာစိုးလို့ပေါ့"

"ငါ့ဟာငါ ဘာထင်ထင်"

"ထင်လေ ... အဲဒါဆိုလည်း ပြီးရောပေါ့"

ဒေါင်းစိမ်းနှင့် နွယ်ပင် တစ်ယောက်ကိုတစ်ယောက် ခပ်တင်းတင်း ရူးရှရှ စိုက်ကြည့်နေကြပြီး နွယ်ပင်က မျက်စောင်း ထိုး၍ စတင်အကြည့်လွှဲလိုက်ပါသည်။ ဒေါင်းစိမ်း ရင်မှာတော့ တင်းကျပ်ကျပ် ခိုးလိုးခုလု။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုဂရုမစိုက်သလို ဘုန့်ဘောက်နဲ့ ခပ်တင်းတင်းပြောဆိုသလိုမျိုး ကိုခေါင့်ကိုဆိုရင်တော့ သူမ ပြောမှာမဟုတ်ဘူးဆိုတာ သိနေသည်။ အိညောင်ညက်ပဲ လုပ်နေမှာပါ။ သူ့ကိုဆိုရင်တော့ သူဘယ်လောက်ပဲ စေတနာမေတ္တာထားထား ခပ်တင်းတင်းပြောဖို့ ဝန်မလေး။ ရန်လုပ်ဖို့ ဝန်မလေး။

"ကဲ ... ဒီကလေးနှစ်ယောက်ကလေ ဘာမှလဲ မဟုတ်ဘဲနဲ့ တစ်ယောက်နဲ့ တစ်ယောက် အနိုင်မခံ အရှုံးမပေးငြင်းခုန်စကားစစ်ထိုးရမှ၊ တော်ပါတော့၊ လာ ... သား ခေါင်းစိမ်း ထမင်းစားရအောင်"

"ကျွန်တော်က ဒီလိုပဲနေတတ်ပြောတတ်လို့ စကားတန်ဆာမဆင်တတ်တာပါ အန်တီ၊ သူကတော့ ကျွန်တော့်ကို ဆွေမဲ့မျိုးမဲ့ တစ်ကောင်ကြွက် ပညာမဲ့ ထောင်ထွက်ဆိုပြီး"

ခေါင်းစိမ်းအသံက ရှေ့မဆက်ဘဲ တိတ်သွားပါသည်။ ရင်ထဲမှာလည်း ဝမ်းနည်းလာမိသလို ဆို့ဆို့နစ်နစ် ခံစားရသည်။ သူ့ကို ဘယ်သူဘာထင်ထင် သူကသိပ်ဂရုစိုက်လှတဲ့သူ မဟုတ်။ ခုလို သူ ထောင်ကျဖူးတာ နွယ်ပင် သိသွားတဲ့နောက်မှာတော့ သူ့အပေါ် အထင်သေး အမြင်သေး ရွံကြောက်ကြီး ဖြစ်သွားမလားလို့ တွေးမိတဲ့စိတ်က ရင်ကိုနာကျင်စေသည်။

"မဟုတ်တာ သားရယ်၊ အဲသလိုမတွေးပါနဲ့ကွယ်"





"ဘာမှမဆိုင်ဘူး၊ သူပြောတာကျတော့ စကားတန်ဆာမဆင်တတ်တာတဲ့၊ သူများပြောစကားကျတော့ သူ့ကို အထင်သေးပြီး နှိမ်သလိုပဲ ဖြစ်ရသေးတယ်၊ တော်တော်တရားကျတယ် ... ဟွန်း"

ခေါင်းစိမ်းရဲ့မျက်နှာပျက်ပျက်ကိုကြည့်ကာ နွယ်ပင်က ပြေရာပြေကြောင်းလို ပြောပါသော်လည်း နာကျင်နေသော ခေါင်းစိမ်း မျက်ဝန်းများက ပြောင်းလဲမသွားပါ။ မာဆတ်ဆတ်ဂျစ်ပေပေ သူ့မျက်နှာပေါ်မှာ ဒီလိုကြေကွဲဝမ်းနည်းတဲ့ အရိပ်အရောင်မျိုး မြင်ရလိမ့်မည်ဟု နွယ်ပင် မထင်မိ။

ဒဏ်ရာအနာတရဖြစ်အောင် အထိုးအကြိတ်ခံရလို့ မျက်နှာအနေအထား တစ်ချက်မပျက်တဲ့ ခေါင်းစိမ်းဟာ ငိုချလိုက်တော့မလို ဝမ်းနည်းနာကျင်ကြေကွဲတတ်ပါလားလို့ နွယ်ပင်အံ့အားတသင့် မှတ်ချက်ချမိကာ နွယ်ပင့် ရင်ထဲလည်းမကောင်းနိုင်ပါ။ သူ ရှက်သွားမှာပဲ၊ အားငယ်သွားမှာပဲလို့ တွေးမိရင်း ကရုဏာသက်မိရပါသည်။

"ဒီမှာ ... ရှင်သိဖို့က ရှင့်ကို ဘယ်သူမှ ရှင့်အခြေအနေကြောင့် အထင်မသေးဘူး၊ ပြီးတော့ ရှင်လိမ်လို့ ခိုးလို့ ထောင်ကျတာမျိုးလည်း မဟုတ်ဘူး၊ ဒါပေမဲ့ အဲဒီလိုထောင်ကျသွားခဲ့ရတော့ ရှင့်ပညာရေး ရှင့်ရှေ့ရေးတွေက ဖောက်ထိုးမိုးမျှော်ဖြစ်မကုန်ဘူးလား ... ဟင် ခေါင်းစိမ်း



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်နစ်နာခဲ့လဲ၊ အဲဒါကြောင့် ခိုက်ရန်ဖြစ်ပွားတာတွေ ထိုးတာ ကြိတ်တာတွေမျိုးကို ကျွန်မ မုန်းတာ၊ အဲဒါကို ပြောနေတာ"

"………"

"ရှင့်ကို ဦးထူး ထိုးတာကြိတ်တာ မြင်ရတာလည်း နည်းနည်းကလေးမှ မနှစ်မြို့ဘူး၊ ရုပ်ရှင်ထဲမှာ မင်းသားကထိုးတာကို ခံရတာမျိုးလည်း ဘယ်တော့မှ မမြင်ချင်ဘူး၊ အဲဒါ ကျွန်မစိတ်ရင်း အမှန်ပဲ"

ဒေါင်းစိမ်း ရင်ထဲတွင် နွယ်ပင့်စကားကြောင့် ပူနွေးလှိုက်လှဲသွားပါသည်။ ဝမ်းနည်းသလို ဝမ်းသာသလို။ သူ့ရင်တွေလည်း သိမ့်သိမ့်ဖျပ်ဖျပ် ခုန်လှုပ်လာပါသည်။

"မေမေကတော့ ရှင့်ကို ချစ်ရင်းစွဲနဲ့ ရှင် ဘယ်နေရာက သရုပ်ဆောင်ဆောင် အဲဒီအခွေကို ကြည့်ချင်တယ်ဆိုတဲ့ ဆန္ဒမျိုးရှိတယ်၊ ဒါပေမဲ့ ကျွန်မကတော့ ဘယ်တော့မှ အဲဒီဗီဒီယိုကားတွေ ကြည့်မှာမဟုတ်ဘူး၊ ရှင် အခုလုပ်နေတဲ့ အသက်မွေးဝမ်းကြောင်းအလုပ်တွေကို တစ်ခုမှ ကျွန်မ မကြိုက်ဘူး၊ သဘောလည်းမကျဘူး၊ ဒါပေမဲ့ ကျွန်မနဲ့ မဆိုင်ပါဘူး၊ ဟုတ်ပါတယ်၊ ကျွန်မပြောခွင့် စွက်ဖက်ခွင့်လည်းမရှိပါဘူး၊ ရှင့်ဟာရှင် လုပ်ချင်တာလုပ်ပေါ့ … ဒါပေမဲ့ စကားတစ်ခွန်းကိုကြားရင် ကိုယ့်ကိုအထင်သေးတာ





နှိမ်တာလား၊ ခင်မင်ရင်းနှီးမှုကို အရင်းခံတာလား ဆိုတာတော့ ရှင် ကွဲကွဲပြားပြားသိအောင် ကြိုးစား၊ ဒါပဲ"

နွယ်ပင်က ဆတ်ခနဲ နေရာကထ,ကာ အိမ်တွင်းဘက်ဆီ ဝင်လာပါသည်။ ဒေါင်းစိမ်းက အခုန်မရပ်သေးသောရင်နှင့် မျက်နှာမထားတတ်သလို ရှိန်းဖိန်းဖိန်းဖြစ်ရင်းက …

"တွေ့လား၊ အန်တီ့သမီးက သူပဲအမှန်၊ သူပဲ ဆရာမကြီး"

"သူ့ကိုဗွေယူမနေပါနဲ့ သားရယ်၊ ဒါပေမဲ့ နွယ်ပင်က မင်းကိုခင်ပါတယ်"

ဒေါ်နှင်းမြတ် စကားက ဒေါင်းစိမ်းနားထဲကို အဝင်ချိုလှပါဘိသည်။

❤ ✧ ❤



www.burmeseclassic.com

www.burmeseclassic.com



## ၁၅

မှတ်တိုင်ရှေ့ လျှောခနဲ ဆိုက်လာတဲ့ကားက ကားမှန်နိမ့်ကျသွားကာ ...

"ကားလာမကြိုဘူးလား နွယ်ပင်"

နွယ်ပင်က ခပ်အမ်းအမ်း ဖြစ်သွားပါသည်။ မှတ်တိုင်မှာ ကားစောင့်တိုင်း ကျူရှင်လွတ်ချိန် ရုံးဆင်းချိန် သင်တန်းပြီးချိန်တွေစုဆုံကာ လူရာချီနီးပါး ကြပ်သိပ်ပွတ်နေတဲ့ ဒီကားမှတ်တိုင်မှာ နွယ်ပင်က ခပ်ကွယ်ကွယ် ခပ်လျှိုလျှိုလေး နေလေ့ရှိပါသည်။

အဲဒါဟာ မင်းခေါင်မိုး မတော်တဆ ဖြတ်သန်းသွားလျှင် မတွေ့နိုင်အောင်ပင်။ ခုတော့ သူတွေ့သွားပြီ။

"ဟင့်အင်း"

နွယ်ပင်က တိုတိုတုတ်တုတ်ပဲ ဖြေလိုက်ပါသည်။





"လာလေ၊ ကျွန်တော် ပြန်ပို့မယ်"

"နေပါစေ"

"ဘာနေပါစေလဲ ... လာပါ တက်၊ မှတ်တိုင်မှာ ကားကြာကြာရပ်လို့ မရဘူး"

နွယ်ပင်က စောဒက တက်မနေတော့ဘဲ ကားပေါ်တက်လိုက်ပါသည်။ နို့မို့ရင် မှတ်တိုင်ကလူတွေလည်း ကြည့်နေပြီ။ ဘတ်စ်ကား ရောက်လာရင်လည်း အနှောင့်အယှက်ဖြစ်လိမ့်မည်။

ကားမောင်းထွက်လာသော်လည်း မင်းခေါင်မိုးက တိတ်နေ၍ နွယ်ပင်လည်း တိတ်နေပါသည်။ ဘတ်စ်ကားစောင့်နေတုန်း တွေ့လိုက်ရ၍ အရင်က "ကားလာမကြိုဘူး"တစ်ကြိမ်ပြောမိဖူးတာအတွက် ဘယ်လိုဖြေရှင်းရမလဲ နွယ်ပင်ကတွေးနေသည်။ အဲဒီတုန်းက ဘာကြောင့်များ အဲသလို ဟန်ဆောင်ညာဖြီးမိပါလိမ့်။

ချမ်းသာကြွယ်ဝမှန်း သိသာ၍ အရှိန်အဝါတစ်ခုရှိနေတဲ့သူ့ရဲ့ရှေ့မှာ ကိုယ့်ကိုယ်ကိုယ် ဟန်ဆောင်ထည်ဝါလိုက်ချင်မိတဲ့ ရုတ်တရက် အတွေးကို ခုမှပဲ ရှက်နေသော်လည်း "အဲဒီတုန်းက ညာပြောတာပါ"လို့လည်း ပြန်မြင်ရခက်လှသည်။

"ကျွန်တော် ခုတလော ဒီနားရောက်ရောက်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"သြော် ... ဒီနားမှာ ကိစ္စတစ်ခုခု ရှိလို့လား ကိုခေါင်"

"မရှိပါဘူး၊ နွယ်ပင်တို့ဆိုင်နား တမင်တကာ ရောက်ရောက်လာတာပါ"

"………"

"နွယ်ပင့်ကို ကားမှတ်တိုင်မှာ တွေ့တွေ့နေပေမယ့် ဒီနေ့လို ကားရပ်ခေါ်ဖို့ အဆင်မပြေတာနဲ့"

"သြော်"

ဒါဆို နေ့တိုင်း ဘတ်စ်ကားနဲ့ပဲပြန်တာ သူသိနေပြီပေါ့။ နွယ်ပင်က ကားရှေ့တူရူကိုပဲ စိုက်ကြည့်နေလိုက်သည်။

မင်းခေါင်မိုးက နွယ်ပင့်ကို တစ်ချက်လှည့်ကြည့်လိုက်ပါသည်။ ဒီမိန်းကလေးမှာ လျှို့ဝှက်ချက်တချို့ ဘာကြောင့်ရှိနေပါလိမ့်။ လျှို့ဝှက်ချက်ခေါ်မလား။ သက်သက်ညာညာပြောရရင် သူ့ကိုအသိမပေးတာလို့ပဲ ပြောရမလား။ သို့မဟုတ် တမင်တကာပဲ ညာပြောထားတာတွေလား။

"နွယ်ပင် စိတ်မဆိုးရင် မေးချင်တာလေးတွေ ရှိတယ်"

"မေးပါ ကိုခေါင်"

"ရိုးရိုးသိချင်လို့ မေးမှာပါ၊ နွယ်ပင်က တစ်မျိုးတွေးပြီး စိတ်များဆိုးမလားလို့လည်း စဉ်းစားနေလို့"

"စိတ်မဆိုးဘူး ထင်ပါတယ်၊ ရိုးရိုးသိချင်လို့မေးမှာဆို"





"ဟုတ်ပါတယ်၊ ရိုးရိုးသိချင်တာပါ၊ ကျွန်တော်က နွယ်ပင်နဲ့တွေ့ရင် စကားတွေပြောချင်တာနဲ့ ရောက်တတ်ရာရာ ဟိုဟိုဒီဒီတွေ လျှောက်ပြောနေတတ်တော့ ကျွန်တော့်မိသားစုအကြောင်းတို့ အသိုင်းအဝိုင်း အလုပ်အကိုင်အကြောင်းတွေပါ နွယ်ပင် သိနေရမှာ ဖြစ်ပေမယ့် နွယ်ပင့်အကြောင်းကိုတော့ ကျွန်တော် ဘာမှသိပ်နိုင်နိုင်မာမာ သေသေချာချာ မသိလို့ပါ"

"………"

"သေသေချာချာ သိချင်တာလေးတွေ ရှိလို့ပါ"

"မေးပါ ကိုခေါင်၊ ရပါတယ်"

"နွယ်ပင်က Infinite fashion မှာ သင်တန်းသူလား၊ အဲဒီမှာ အလုပ်လုပ်တာလား"

နွယ်ပင်က ကိုယ်ကလေး မသိမသာတောင့်မတ်သွားရင်း ...

"အရင်က သင်တန်းသူ၊ အခု ဝန်ထမ်းပါ"

ဟုတ်တယ်လေ။ ဒါဟာ ညာတာတော့မဟုတ်။ ဟိုးအရင်က သင်တန်းသူ။ ကြာတော့ ကြာခဲ့ပြီပေါ့။ ဝန်ထမ်းအဖြစ် ပြန်အလုပ်ဝင်နေတာပဲ ကြာလှပြီပဲဟာ။

"ဘာဖြစ်လို့လဲ ကိုခေါင်"

"သြော် ... ဘာမှမဖြစ်ပါဘူးလေ၊ မေးကြည့်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



မေးကြည့်တယ် ဆိုတာကိုက သင်တန်းသူ မဟုတ်ဘူး အလုပ်လုပ်နေတာလို့ သူ သိပြီးမို့ပေါ့။ အလကားနေရင်းတော့ ဘာမှ မေးစရာအကြောင်းမရှိပါ။ သင်တန်းသူဖြစ်ဖြစ် ဝန်ထမ်းဖြစ်ဖြစ် အရေးမှမကြီးတာ။ သိချင်စရာမှ မဟုတ်တာ။ သင်တန်းသူလို့ သိထားသူက အလုပ်လုပ်နေတဲ့ ဝန်ထမ်းဖြစ်နေမှသာလျှင် ဇဝေဇဝါ အံ့သြပြီး သိချင်စိတ်ပေါက်စရာ မဟုတ်လား။

"အရေးကြီးတာ ရှိလို့လား"

"အရေးကြီးတယ်တော့ မဟုတ်ပါဘူး၊ ကျွန်တော်က သင်တန်းတက်နေတာလို့ပဲ စိတ်ကသိထားလို့ပါ၊ ဘာရယ် မဟုတ်ပါဘူး၊ ကျွန်တော်မေးတာ နွယ်ပင် စိတ်ဆိုးသွားလား"

"စိတ်ဆိုးစရာမှ မဟုတ်တာ၊ ဘာကို စိတ်ဆိုးရမှာလဲ ကိုခေါင်"

နွယ်ပင့်အသံကလည်း ထောင့်တောင့်တောင့် ဖြစ်နေကာ သူတို့နှစ်ဦးအကြားမှာ ဘာမှန်းမသိသော အေးစက်စိမ်းထောင့်မှုအလွှာပါးတစ်ခု ကြားခံလာသလိုပင်။

"နောက်တစ်ခု သိချင်တာ ရှိသေးတယ်"

"သိချင်တာတွေ အားလုံး မေးနိုင်ပါတယ်"





"နွယ်ပင်နဲ့ ..."

"........"

"နွယ်ပင်နဲ့ ခေါင်းစိမ်း ဘယ်လိုသိကြတာလဲ"

နွယ်ပင့်ရင်ထဲ ဒိတ်ခနဲ မြည်သွားရပါသည်။

ခေါင်းစိမ်း ...။ ခေါင်းစိမ်းနဲ့နွယ်ပင် သိကြောင်းကို သူ ဘယ်လိုသိသွားတာလဲ။ ခေါင်းစိမ်းပဲပေါ့။ ဒီအကြောင်းကို နွယ်ပင် မပြောရင် ပြောနိုင်သူဟာ ခေါင်းစိမ်း တစ်ယောက်ပဲ ရှိတာပဲလေ။ နွယ်ပင်က အံကလေးပင် ခပ်ဖိဖိကိုက်လိုက်မိပါသည်။ မဖြေလို့ရတဲ့ ကိစ္စမဟုတ်။

"အခု နွယ်ပင်တို့ တစ်နေရာမှာ အိမ်ပြန်ရှာမဝယ်ရသေး ခင်စပ်ကြား ခေါင်းစိမ်းအိမ်ကို ခဏငှားနေနေတာပါ"

ဒါ အကောင်းဆုံး အဖြေပဲ။ မင်းခေါင်မိုးက ဒါကို သိထားပုံမရ။ အံ့အားသင့်သွားရင်း ...

"ဩော် ... ဟုတ်လား၊ အဲဒါ ခေါင်းစိမ်း အိမ်လား"

"ဟုတ်ကဲ့"

"ခေါင်းစိမ်းရဲ့ အိမ်ပိုင်ပေါ့"

"ဟုတ်ကဲ့"

မင်းခေါင်မိုးက အားနာသလိုလို ဖြစ်သွားမိပါသည်။ အဲသလိုဆိုတော့လည်း သိကြမှာပေါ့။ သိကြတာ အဆန်းမဟုတ်ဘူးပေါ့။ ဘာဆက်ပြောရမလဲ မသိအောင်လည်း ဖြစ်သွားမိပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူ ဒီမေးခွန်းမမေးခင်အထိ နွယ်ပင့်ကို သံသယတချို့တစ်ဝက်နှင့် သူ့ကို ဘာတွေများ ဖုံးကွယ်လို့ဝှက်နေတာလဲလို့ တွေးနေမိတာလေ။

ဟိုးတစ်ရက်က နွယ်ပင်နှင့် ခေါင်းစိမ်းကို အတူတွဲ၍ လမ်းလျှောက်သွားတာ သူ မြင်တွေ့လိုက်ရ၍ သူ့မျက်လုံးတွေ သူ မယုံသလို ဖြစ်သွားခဲ့ရပါသည်။

သူတို့ ဘယ်လိုသိနေကြတာလဲ ဆိုတာ သူ့ခေါင်းထဲမှာ ပုစ္ဆာပုစ္ဆာဖြစ်နေသည်။

ခေါင်းစိမ်းနှင့် နွယ်ပင့်ပုံစံက တရင်းတနှီး။ ဒါဆို ကန်တော်ကြီးရှုတင်မှာတုန်းက ဘာကြောင့် နှုတ်မဆက်ကြတာလဲ ဆိုတာ သူ တနုံ့နုံ့နှင့် တွေးမိသည်။ အဲဒီအကြောင်းကိုပဲ တွေးနေမိကာ ဖုန်းထဲက မမေးချင်ဘဲ လူချင်းတွေ့ဆုံ မေးမြန်းချင်တဲ့အတွက် နွယ်ပင်ရှိတဲ့ဆိုင် Infinite fashion ကို သူ ညနေပိုင်းတွေမှာ နှစ်ရက် သုံးရက် ဆက်တိုက်ရောက်ခဲ့ပါသည်။

တစ်ရက်ကတော့ သူက ဆိုင်ရှိရာခြံဝင်းထဲ ကားဝင်သွားလိုက်တာပါ။ ခြံထဲမှာ အဆောက်အအုံ နှစ်လုံးရှိကာ ခပ်သေးသေးတစ်ခုက သင်တန်းနေရာဖြစ်၍ ဆိုင်ခန်းလုပ်ထားတာက ဒီဘက်က အိမ်နှင့်တတွဲတည်းပုံစံပါ။ သူက သင်တန်းဆိုင်းဘုတ် တပ်ဆင်ထားရာဘက်သို့ သွားလိုက်ပြီး သင်တန်းသူ "နွယ်ပင်ပျို" ရှိသေးသလား၊ ပြန်သွားပြီလား ဝင်မေးကြည့်ခဲ့သည်။





"ဒီဘက်က သင်တန်းသူထဲမှာ နွယ်ပင်ပျို ဆိုတာ မရှိဘူးရှင့်၊ နွယ်ပင် ဆိုရင်တော့ ဟိုဘက်ကဆိုင်မှာ ရှိလိမ့်မယ်၊ နွယ်ပင်က သင်တန်းသူ မဟုတ်ဘူး၊ ဆိုင်ကဝန်ထမ်းပါ"

သင်တန်းက အမျိုးသမီးလေးတစ်ယောက်ရဲ့ အဖြေစကားကလည်း သူ့ကို ထပ်မံ၍ တစ်မျိုးကြီးဖြစ်စေသည်။ သင်တန်းသူပဲဖြစ်ဖြစ် ဝန်ထမ်းပဲဖြစ်ဖြစ် ဘာမှအရေးမကြီးဘူးလို့ ပြောလို့ရပေမယ့် နွယ်ပင်က သူ့ကို သင်တန်းသူလို့ သေသေချာချာ ပြောခဲ့ဖူးတာကို စွဲစွဲမြဲမြဲ မှတ်မိနေပါသည်။

"ဒါဆို နွယ်ပင်တို့ ဒီအိမ်ပြောင်းကတည်းက ခေါင်းစိမ်းနဲ့ သိကြပြီပေါ့၊ သူ့အိမ်ကို ငှားတာဆိုတော့လေ"

"ကိုခေါင် ဘာပြောချင်နေတာလဲဟင်"

"ဟိုတစ်နေ့က ကန်တော်ကြီးထဲမှာတွေ့ကြတော့ ခေါင်းစိမ်းနဲ့ နွယ်ပင် တစ်ယောက်ကိုတစ်ယောက် နှုတ်မဆက်ကြတာ တွေးမိလို့ပါ"

"သူနဲ့ အပြင်မှာတွေ့ရင် ခေါ်ပြောနှုတ်ဆက်တယ်လို့ မရှိလှပါဘူး"

ဖြေလိုက်မိပြီးမှ နွယ်ပင်သည် စိတ်မကောင်းသလိုလေး ဖြစ်သွားမိပါသည်။ ပြည့်စုံကြွယ်ဝသူ မဟုတ်သော ပညာအရည်အချင်းက ဘွဲ့ရပညာတတ် မဟုတ်သော ဦးထူးလိုသူ၏



www.burmeseclassic.com

www.burmeseclassic.com



တပည့်လက်သားဖြစ်သော ရုပ်ရှင်ထဲမှာ လူကြမ်းလိုနေရာက တစ်ခန်းစ နှစ်ခန်းစပါသူဖြစ်သော ထောင်ထွက်တစ်ယောက်လည်းဖြစ်သော ဒေါင်းစိမ်းနှင့် ရင်းနှီးခင်မင်ပါတယ်လို့ ဖွင့်ဟဝန်ခံမပြောရဲလိုက်တာအတွက် ဒေါင်းစိမ်း မကြားနိုင်သော စကားဖြစ်ပေမယ့်၊ အားနာမျက်နှာပူကာ ဒေါင်းစိမ်း အပေါ် အပြစ်မကင်းမိသလို ခံစားရပါသည်။

"အဲဒီနေ့ကတော့ သေချာလည်း မမြင်မိဘူး၊ သူ့ကိုကိုခေါင့် ဗီဒီယိုရိုက်ကွင်းနဲ့လည်း ဆက်စပ်ပြီး မတွေးမိဘူးလေ"

နွယ်ပင် ထပ်မံဖြည့်စွက်ပြောလိုက်သော စကားထက် ရှေ့ကအဖြေစကားကိုသာ မင်းခေါင်မိုးက တန့်နဲ့ ခိုးလိုးခုလုဖြစ်နေမိပါသည်။

မင်း ဘယ်လိုလဲ နွယ်ပင်ရယ်။ ဘာဖြစ်လို့ ကွယ်ကွယ်ဝှက်ဝှက်တွေ ဖြေနေရတာလဲ။ အပြင်မှာ ခေါ်ပြောနှုတ်ဆက်တယ် မရှိလှဘူးတဲ့လား။ ခေါ်ပြောတော့မလုပ်ဘဲ တွဲသွားတွဲလာတော့ လုပ်တယ်လို့ပဲ နားလည်ရတော့မှာလား။ မင်းတို့ အတူတူတွဲလျှောက်လာရင်း လမ်းဘေးက ဆိုင်တစ်ဆိုင်မှာတောင် အသီးအနှံရပ်ပြီး ဝယ်နေကြသေးတယ်လေ။ တစ်ယောက်ကိုတစ်ယောက်လည်း တစ်စုံတစ်ရာ ပြောဆိုနေကြရင်းနဲ့လေ။





ဒေါင်းစိမ်းဟာ သူတို့ရဲ့တပည့်လက်သားလေးလိုဖြစ်နေပေမယ့် ထောင်ကျခဲ့ဖူးတဲ့ ကောင်လေးတစ်ယောက် ဖြစ်နေပေမယ့် မင်းခေါင်မိုးက ဒေါင်းစိမ်းအပေါ် အထင်သေးအမြင်သေးမရှိပါ။ ကောင်လေးက ရိုးရိုးသားသားလေး ဖြစ်တဲ့အပြင် ဦးထူးကိုယ်တိုင်ကလည်း (သူသာထိရင်ထိမယ်) သူများအထိမခံဘူး မဟုတ်လား။

ဒေါင်းစိမ်း ဘယ်လိုလူပဲဖြစ်ဖြစ် ဒေါင်းစိမ်းနဲ့ နွယ်ပင်အကြောင်းတစ်ခုခု တစ်နည်းနည်း တစ်ဖုံဖုံနဲ့ ခင်မင်ပတ်သက်ကြတယ်ဆိုတာသည် မင်းခေါင်မိုးအဖို့ စိတ်အနှောင့်အယှက်ဖြစ်စရာ အကြောင်းတစ်ခုမဟုတ်။ အဲဒီ ခင်မင်ပတ်သက်မှုကို ဖုံးဖုံးဖိဖိ လုပ်နေတာကသာလျှင် နွယ်ပင်ရဲ့ မရိုးသားမှု မဟုတ်လား။

သူ ဒါကိုတော့ စိတ်အနှောင့်အယှက် ဖြစ်မိသည်။

သူ နွယ်ပင့်ကို သံယောဇဉ်တွယ်နေပါပြီ။ နွယ်ပင်နှင့်ပတ်သက်ပြီး အများကြီး ရှေ့ကြိုစိတ်ကူးယဉ်ထားပါသည်။ မင်းခေါင်မိုးဟာ မိန်းကလေးတွေနှင့် အရောတဝင် ရှုပ်ယှက်လုံးထွေးနေတတ်သူ မဟုတ်။ ကျောင်းတုန်းက စိတ်ဝင်စားမိတော့မလို မိန်းကလေးမျိုး ရှိခဲ့သော်လည်း အဲဒီထက် သူ့စိတ်ကရှေ့တိုးမလာခဲ့။ ရှင်းရှင်းပြောရင် သူ ရည်းစားမထားဖူးခဲ့။

သူ့နှလုံးသားကို လှုပ်ရှားစေတဲ့ မိန်းကလေး မကြုံသေးလို့သာ ရည်းစားတီတီပပ မထားဖြစ်သေးတာပဲဖြစ်ပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ကို လှုပ်ရှားမြူးခုန်စေကာ အတိုင်းအတာတစ်ခုထိ သူရည်ရွယ်မယ့် မိန်းကလေးဟာ သိပ်လှပနေဖို့မလို၊ သိပ်ချမ်းသာပြည့်စုံနေဖို့မလို ဘာကြီးမှ ဖြစ်နေဖို့မလို။

အခု နှယ်ပင်ဟာ သူ့ရင်ကို ဖမ်းစားချုပ်ကိုင်နိုင်စွမ်းအောင် ချောမောလှပသူကလေးဖြစ်သည်။ လက်မြောက်ပြီး ထွန်းပေါက်နိုင်မယ့် ကိုယ်ပိုင်အရည်အချင်းလေးကိုလည်း ပိုင်ဆိုင်သည်။ အမေတစ်ခု သမီးတစ်ခု။ အဲသလိုလေး သူ မြတ်နိုးနိုင်တဲ့ မိန်းကလေးဟာ သူ့အပေါ် ဘာကြောင့် လျှို့ဝှက်ဖုံးကွယ်စရာတွေ ရှိနေတာတဲ့လဲ။

မင်းခေါင်မိုးက သက်ပြင်းတစ်ချက် ချလိုက်မိပါသည်။ သူ့စိတ်ကိုသူ ဒုံးဒုံးချဝန်ခံဆုံးဖြတ်ရလျှင် သူ နှယ်ပင့်ကို ချစ်မြတ်နိုးနေမိပြီ။

နှယ်ပင့်မှာ ရည်ရွယ်သူ ချစ်သူ မရှိဘူးဆိုရင်ပဲ သူ့အတွက် ပြီးပြည့်စုံပါပြီ။

သူ့ရဲ့စိတ်စနိုးစနောင့်မှုကိုတော့ တဖြည်းဖြည်းချင်း သူ ဖြေဖျောက်ရပါမည်။ အလောဆုံးဆယ်ဖြစ်ဖို့ မလိုဘူး မဟုတ်လား။ ခုပင်လျှင် နှယ်ပင့်မျက်နှာကလေးက ညိုမှိုင်းအေးစက်လာနေပြီ။ သူ့အမေးစကားတွေဟာ ရိုးရိုးသားသား အာလာပသလ္လာပမေးခွန်းတွေပဲဆိုရင်တောင် သူ့သံသယက သူ့လေသံမှာ သူ့မျက်နှာမှာ ပေါ်လွင်ကောင်း ပေါ်လွင်သွားမှာပါ။



မင်းခေါင်မိုးက နှယ်ပင်တို့လမ်းထိပ်အရောက် ကားကို ဘေးထိုးကပ် ဆိုက်ရပ်လိုက်ရင်း ...

“နှယ်ပင်”

“ဟုတ်ကဲ့”

“ဒီနေ့ ကျွန်တော်မေးမိတဲ့ မေးခွန်းတွေအတွက် စိတ်အနှောင့်အယှက်ဖြစ်စရာ ဖြစ်ခဲ့ရင် တောင်းပန်ပါတယ်၊ စိုးစရာ အစိုးရိမ်ကြီးရာ ကျသွားရင်လည်း တောင်းပန်ပါတယ်၊ ကျွန်တော် တကယ်ပဲ နှယ်ပင်နဲ့ ပတ်သက်လို့ သေသေချာချာ ဂဃနဏ သိချင်တဲ့စိတ်က စိုးရိမ်တကြီးကို ဖြစ်တည်နေတာပါ ...

အဲဒါ ဘာဖြစ်လို့လဲဆိုတော့ ...”

“.........”

“နှယ်ပင်”

“ရှင်”

“နှယ်ပင့်ကို ကျွန်တော် ချစ်နေမိပြီ၊ နှယ်ပင်က လက်ခံရင် လက်ထပ်ဖို့ ရည်ရွယ်ထားပါတယ်၊ လက်ထပ်ပါရစေ”

“.........”

နှယ်ပင်သည် တဖျပ်ဖျပ် ကြက်သီးထကာ ငြိမ်ငေးမိန်းမောနေမိသည်။ စကားသံကို တိုးလိုက်ကျယ်လိုက် ဝါးသ[illegible]

www.burmeseclassic.com



လိုက်နှင့်ပင် နားထဲ အထပ်ထပ်ပြန်ကာ ကြားနေမိပါသည်။ လက်ထပ်ချင်တာတဲ့။

ဖေဖေမရှိတော့ကတည်းက ဦးဆောင်နိုင်စွမ်းမရှိသော မေမေကို ကိုယ်ပဲဖြစ်သလို တတ်သလို နိုင်သလို ရုန်းကန် ဦးဆောင်လျက် ပြေလည်တစ်လှည့် မပြေလည်တစ်လှည့် ဖြတ်သန်းနေခဲ့ရတဲ့ စိတ်ဓာတ်ခွန်အား ပင်ပန်းရိုးတဲ့သောနေ့ရက်တွေတိုင်းမှာ နှယ်ပင် မျှော်လင့်ဆုတောင်းမိတာသည် (ကိုယ့်အားကိုယ်မကိုးဘဲ အလွယ်လမ်းလိုက်ချင်တယ်ပဲပြောပြော) ပြီးပြည့်စုံကြွယ်ဝသော လူကောင်းတစ်ယောက်ယောက်ကို အိမ်ထောင်ဖက်အဖြစ် ရွေးချယ်နိုင်ဖို့ပင်တည်း။

နှယ်ပင် ကိုယ်တိုင်ရဲ့ အရည်အချင်းနှင့် ဖန်တီးကြိုးပမ်းနိုင်မှု အကုန်ဟာ အခုလောက် အစွမ်းကုန်ပဲလို့ နှယ်ပင် ထင်သည်။ မိန်းမသားပျိုလေးတစ်ဦးအနေနှင့် ကိုယ်အားထက် စိတ်အားပင်ပန်းနွမ်းဟိုက်နေပါသည်။

အားကိုးအားထားပြုလောက်သော မှီခိုရာ ရင်ခွင်ကျယ်တစ်ခုကို နှယ်ပင်လည်းပဲ အင်မတန်လိုချင်တောင့်တမိတာပေါ့။ အခုတော့ အဲဒီရင်ခွင်ဟာ နှယ်ပင်နှင့် လက်တစ်ကမ်း အကွာသို့ ထင်တာထက် လျင်မြန်စွာ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာချေပြီ။





"နှယ်ပင်"

"........."

"နှယ်ပင်"

"ရှင်"

"ကျွန်တော့်စကားက ကျွန်တော်တို့ သိကျွမ်းရင်းနှီးနေခဲ့ကြတဲ့ အချိန်ကာလ အတိုင်းအတာနဲ့ယှဉ်ရင် အဆောတလျှင်ကြီး မြန်ဆန်ကောင်း မြန်ဆန်နေမယ်၊ ဒါပေမဲ့ နှယ်ပင် ကျွန်တော့်ကို ယုံယုံကြည်ကြည်နဲ့ လက်ခံစဉ်းစားပေးပါ၊ အချိန်ယူပါ၊ ကျွန်တော် ဒီကြားထဲ နှယ်ပင့်ကို ခဏမဆက်သွယ်ဘဲ ခေါင်းအေးအေး စဉ်းစားချိန်ပေးထားပါ့မယ်၊ ကျွန်တော့်အတွက် အဖြေတစ်ခုရပြီဆိုရင် နှယ်ပင် ကျွန်တော့်ကို ဆက်သွယ်လိုက်ပါနော်၊ ကျွန်တော် စောင့်နေပါ့မယ်"

နှယ်ပင်က မျက်လွှာစင်းစင်းချလျက် ခေါင်းကလေးသာ ညိတ်လိုက်မိပြီး ...

"နှယ်ပင် သွားတော့မယ်"

"ကောင်းပါပြီ နှယ်ပင်"

နှယ်ပင်က ကားပေါ်ကဆင်းလာခဲ့ပါသည်။ မနက်ဖြန် နှယ်ပင့် ပိတ်ရက်ဖြစ်ပေမယ့် ဘယ်သွားမလဲ၊ သူလာခဲ့မယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာမျိုး ကိုခေါင် မပြောပါလား။ အတွေးတွေနှင့် ခေါင်းလေးငုံ့ကာ လျှောက်လာသော နွယ်ပင်သည် ...

"ဘာမှတောင် မမြင်တော့ပါလား"

ဆက်တောက်တောက် ခနဲ့တဲ့တဲ့လေသံတစ်ခုကြောင့် ဆတ်ခနဲ ခေါင်းမော့ကြည့်လိုက်ပါသည်။ မှုန်တေတေ မျက်နှာတစ်ခုကိုမြင်လျှင် နွယ်ပင့် မျက်ဝန်းတွေက စိမ်းတောက်အေးစက်သွားရင်း ...

"အတော်ပဲ ရှင် အိမ်လိုက်ခဲ့၊ ပြောစရာရှိတယ်"

ခုနောက်ပိုင်းမှာ သူ အားလပ်ရင် အားလပ်သလို နွယ်ပင်တို့အိမ်ကို သို့မဟုတ် လမ်းထိပ်ကို ခပ်စိပ်စိပ် ရောက်နေတတ်တဲ့ ဒေါင်းစိမ်းက နွယ်ပင့်နောက်မှပါလာကာ အိမ်ထဲကို အတူရောက်လာကြပါသည်။

နွယ်ပင်က ခြင်းတွေ အိတ်တွေကို ညှို့ခန်းစားပွဲပေါ် တင်လိုက်ရင်း ...

"ရှင့်အကြံအစည် စိတ်ကူးတွေက ဘာတွေလဲ ဒေါင်းစိမ်း"

"ဟင်"

"ရှင် ဘာရည်ရွယ်ချက်တွေ ရှိတယ်ဆိုတာ မေးတာ"

"မင်း ဘာတွေပြောနေတာလဲ နွယ်ပင်"

"ဘာတွေပြောနေလဲ ရှင် အသိဆုံးပဲ ဖြစ်ရမယ်"





"ဘယ်လိုလုပ်ပြီး ငါက သိနိုင်မှာလဲ၊ ဘာကိုပြောနေတာလဲ"

"ကဲပါလေ ... ရှင်းရှင်းပဲ မေးမယ်၊ ရှင် ကိုခေါင့်ကို ကျွန်မနဲ့ ပတ်သက်ပြီး ဘာတွေပြောပြစရာ ကျန်သေးလဲ"

"ဟင် ... ဘာကိုပြောတာလဲ"

"ဥပမာ ... ကျွန်မက Infinite fashion မှာ သင်တန်းတက်နေတာ မဟုတ်ဘူး၊ အလုပ်သမားဖြစ်ကြောင်း၊ နောက်တော့ ရှင်နဲ့ ကျွန်မက ခင်မင်ရင်းနှီးကြောင်း၊ နောက် ..."

"ဟော့ ... နေဦး၊ မင်း ဘာတွေပြောနေတာလဲ၊ ငါက ကိုခေါင့်ကို အားအားယားယား မင်းအကြောင်းတွေ ဘာကိစ္စ သွားပြောနေရမှာလဲ၊ ဘာမှပြောစရာအကြောင်းမရှိဘူး"

"ဒါတွေ ရှင်မပြောပြဘဲ ကိုခေါင်က ဘယ်လိုလုပ်သိမှာလဲ၊ ဒီမှာ သူသိလို့လည်း ကျွန်မက ဂရုမစိုက်ဘူး၊ ရှင် သဘောပေါက်လား၊ ရှင် အဲဒါတွေ သူ့ကိုအာချောင်ပြီး ဘာရည်ရွယ်ချက်နဲ့ပဲဖြစ်စေ သွားပြောခြင်းဟာ ရှင့်အတွက် ဘာပလပ်စ်မှ ဖြစ်မလာဘူး၊ မိုင်းနပ်စ်တွေချည်းပဲ ဖြစ်သွားတယ်ဆိုတာ ရှင် နားလည်ရင်တော်ပြီ"

"ဘာ"



www.burmeseclassic.com

www.burmeseclassic.com



နှယ်ပင်က အိတ်နှင့်ခြင်းကို ပြန်ကောက်ကိုင်ကာ အိမ်ထဲဝင်ဖို့ ပြင်ဆင်လိုက်ပါသည်။ လှည့်ဝင်လိုက်စဉ်မှာပင် နှယ်ပင့်လက်မောင်းတစ်ဖက်ကို ဒေါင်းစိမ်းက ခပ်ကြမ်းကြမ်း ချာခနဲ ဆွဲလှည့်တာ ခံလိုက်ရပြီး ...

"အဲဒါ ဘာစကားလဲ၊ ကိုခေါင့်ကို ငါ ဘာမှမပြောဘူးလို့ မင်းကို ပြောနေတယ်လေ၊ ကိုခေါင်က သူ့ကို ငါ ဒီစကား တွေပြောတယ်လို့ မင်းကို ပြောသလားဆိုတာ အခုဖြေ"

"သူ အဲသလိုပြောနေစရာတောင် မလိုပါဘူး၊ သူပြောလည်း မပြောဘူး၊ ဒါပေမဲ့ ဒါတွေကို ကိုခေါင့်ကို ရှင်ကလွဲရင် ပြောမယ့်သူ မရှိဘူး"

"ဘာဖြစ်လို့ ငါ့ကိုစွပ်စွဲရတာလဲ၊ ငါက ဘာအတွက် ဒါတွေ သူ့ကို ပြောရမှာလဲ"

"မနာလိုလို့ပေါ့"

"ဘာ"

"ဟုတ်တယ်၊ ကိုခေါင်နဲ့ ကျွန်မ ရင်းနှီးနီးစပ်မှုကို ရှင် မလိုလားလို့ ကဖျက်ယဖျက် ပြောတာပဲ ဖြစ်မှာပေါ့၊ ကျွန်မလည်း ဒီထက်တော့ ပိုမတွေးတတ်ဘူး"

ဒေါင်းစိမ်း မျက်လုံးများက နာနာကျင်ကျင် အေး စက်သွားပါသည်။





"မင်းက ကိုယ့်ကိုယ်ကိုယ် တော်တော်အထင်ကြီးနေတဲ့ မိန်းမပဲ"

အေးစက်သော ဒေါင်းစိမ်းစကားက နှယ်ပင့်ကို ဆတ်ဆတ်ခါသွားစေသည်။ မင်းခေါင်မိုးကို နှယ်ပင်က အဆက်ဆံ အပျက်မခံနိုင်ရာကျသော ရင်းနှီးအရောဝင်ချင်လွန်းရာကျသော တစ်ဖက်သတ် ထင်တစ်လုံး မျှော်လင့်ချက်နှင့် မင်းခေါင်မိုးကို နှယ်ပင်ကပဲ လက်လွှတ်မခံနိုင်ဖြစ်နေရာကျသော အဓိပ္ပာယ်မျိုး တွေအားလုံး စုပြုံပျော်ဝင်နေတဲ့စကား။

"ဒီမှာ ... ရှင်သိထားဖို့တော့လိုမယ်၊ ကိုခေါင် ကျွန်မကို ပရိုပိုစ်လုပ်ထားတယ်၊ ကျွန်မ ခေါင်းညိတ်ရင် လက်ထပ်ဖို့ ပဲ ရှိတော့တယ်၊ အဲဒီတော့ ကျွန်မက ကိုယ့်ကိုယ်ကိုယ် အထင်ကြီးနေတာလား၊ ရှင်က မနာလိုတိုရှည်ဖြစ်နေတာ လားဆိုတာ ရှင့်ဘာသာ သေသေချာချာ စဉ်းစားပေါ့"

"ငါက ဘာကိုမနာလိုတိုရှည် ဖြစ်ရမှာလဲ"

"ဒါဆို ဘာဖြစ်လို့ ဘာရည်ရွယ်ချက်နဲ့ ကိုခေါင့်ကို ဘာ တွေသွားပြောတာလဲ၊ သူ့ရှေ့တင်တော့ နှုတ်ဆက်ခေါ်ပြော မထားဘဲနဲ့ ရှင်နဲ့ကျွန်မ ခင်ပါတယ် ရင်းနှီးပါတယ်လို့ ကွယ်ရာမှာ သွားပြောတာ ဘာလုပ်ရပ်လဲ၊ ဘာစိတ်ကူး အကြံဉာဏ်လဲ"

"ငါမပြောဘူးလို့ ပြောထားပြီးပြီနော် နှယ်ပင်မို"



www.burmeseclassic.com

www.burmeseclassic.com



"မယုံဘူး"

"တောက်"

ဒေါင်းစိမ်းက ခေါင်းယမ်း ထွက်သွားအောင် အကြီးအကျယ် တောက်ခတ်လိုက်ရင်း ...

"မင်းတော့ ... မင်းတော့နော်၊ ငါ လုပ်မိရင်တော့ကွာ၊ တောက် ... ငါ့စိတ်ကို ဘာဖြစ်လို့ ဆွနေရတာလဲ၊ မင်းအပေါ် မင်းတို့သားအမိအပေါ် ဘယ်တုန်းက မကောင်းကြံ စည်စိတ် မြူတစ်မှုန်စာလောက်လေးတောင် မွေးခဲ့ဖူးလို့လဲ၊ ငါ အမြဲစေတနာမေတ္တာထားခဲ့ရက်နဲ့ ငါ့ကို ဘာဖြစ်လို့ စော်ကားရတာလဲ နွယ်ပင်ဖို့၊ ဘာဖြစ်လို့ ဒီလောက်အထင်သေးရတာလဲ"

"နွယ်ပင် ... သမီး ဟုတ်သားပဲ သမီးရယ်၊ ဒေါင်းစိမ်းက မေမေတို့ကို ဒီလောက် စေတနာထား ကူညီတဲ့သူ၊ ဘာလို့ မဟုတ်တာ ထင်ရတာလဲ၊ သူ ငြင်းနေပြီပဲကွယ်"

"အန်တီ ကျွန်တော် နားလည်ပါတယ်၊ သူ့ကို သိပ်နားလည်တယ်၊ ကျွန်တော်လို ကောင်စားကို ဘယ်လောက် မေတ္တာစေတနာထားထား သူ အကောင်းမမြင်နိုင် အထင်သေးနိုင်ပေမယ့် ပိုက်ဆံရှိတဲ့ ဟိုးမိုးပေါ်က ကိုခေါင့်လို လူမျိုးကို သူ လက်လွှတ်မှာ သိပ်ကြောက်တယ်၊ သူဖြီးထားတာတွေ ပေါ်ကုန်လို့ ကျွန်တော့်ကို လာမဲတာ"





"ဘာ ... သူ့ကို လက်လွှတ်မှာ ကျွန်မက ဘာကိစ္စကြောက်ရမှာလဲ"

"လက်လွှတ်မှာကြောက်လို့ပဲလေ၊ အားရက် နားရက်လေး ဒီတစ်ရက်မှာ အမေနဲ့လည်း အတူမနေနိုင်၊ အိမ်မှာရှိတဲ့ အလုပ်ပါပစ်ပြီး သူခေါ်ရာ လိုက်နေရတာ၊ အပတ်တိုင်း လျှောက်လိုက်နေရအောင် မင်းမှာ ဘာမှတခြားလုပ်စရာ မရှိတော့ဘူးလား၊ အနည်းဆုံး မင်းတို့ဝယ်ဖို့ အိမ်ခန်းတော့ ရှာရဦးမယ် မဟုတ်လား၊ အိမ်များလိုက်ကြည့်မလားလို့ ငါ မင်းပိတ်ရက်တိုင်းလာတယ်၊ အိမ်ရှာဖို့ကိစ္စ လှည့်တောင် မင်းမကြည့်အားဘူး၊ ခေါင်းထဲတောင် မရှိဘူး"

"သြော်"

နွယ်ပင့်အသံလေးက တုန်တုန်ခိုက်ခိုက်လေး။ သူ့အိမ်မှာ သုံးလကနေ ကျော်လာခဲ့သော်လည်း အိမ်ရှာဖို့ကို အဆောတလျင် အပူတပြင်း သဘောမထားဘဲ တစ်လချင်း တစ်လချင်းသာ နှစ်သိန်းစီ ဆက်ပေးရင်း နေနေသေးတာ။

"နားလည်ပြီ၊ သဘောလည်းပေါက်ပြီ၊ ကိုခေါင်နဲ့တော့ တတွဲတွဲလုပ်နေပြီး ရှင့်အိမ်ပေါ်တော့ ကပ်ကပ်နေနေတယ်လို့ ရှင်ပြောချင်တာ မဟုတ်လား၊ စိတ်ချပါ ဒေါင်းစိမ်း၊ နောက်လထဲ မကူးစေရဘူး ရှင်မှတ်ထား၊ ဆင်းပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်တွေပြည့်သော မျက်ဝန်းနှင့် ကတုန်ကယင် ပြောရင်း ချာခနဲလှည့်ဝင်သွားသော နွယ်ပင့်ကို ဒေါင်းစိမ်းက ဝမ်းနည်းဆို့နစ်စွာ စိတ်ဓာတ်ကျကျ ငေးမောရင်း ကျန်ခဲ့သည်။ မင်းထင်ချင်သလို လျှောက်ထင်နေတဲ့အထဲ မင်းနားမှာ ငါပဲရှိချင်တဲ့ ငါ့သံယောဇဉ်ကိုတော့ ရိုးတိုးရိပ်တိတ်တောင် မင်းမရိပ်မိပါလား နွယ်ပင်ပျို့ရယ်။

❤ ✧ ❤





၁၆

ပိတ်ရက်တစ်ရက်လုံးလုံး တခြား ဘာအလုပ်မှမလုပ်ဘဲ မိုးလင်းကမိုးချုပ် အိပ်ခန်းတွေချည်း လိုက်ကြည့်မစ်လိုက်သည်။ အဆက်အစပ်ရှိပြီးသော ပွဲစားအသိတွေရှိနေ၍ ဖုန်းနှင့်ချက်ချင်း ချိန်း ချက်ချင်းလိုက်ကြည့်ရတာ အခက်အခဲမရှိပေမယ့် ဒေါင်းစိမ်းနှင့် လိုက်ကြည့်ဖြစ်တုန်းကလို သူ ယူလာတဲ့ဂျစ်ကားလေးနဲ့ တစ်နေရာက တစ်နေရာကို ကူးရတာမဟုတ်။

မိုးသဲသဲမဲမဲထဲမှာ ထီးတစ်ဖက်နှင့် ရွှဲရွှဲစိုရင်း လိုက်ကြည့်ရတာဖြစ်၍ နာတချေချေ ချက်ချင်းဖြစ်လာသည်။ မြို့နယ်တစ်ခုမှာပြမည့် ပွဲစားတစ်ဦးထံမှ နောက်မြို့နယ်တစ်ခုက နောက်ပွဲစားဆီ အကူးမှာတော့ ကားငှား၍ တစ်ယောက်တည်းသွားလိုက်သည်။ အဲဒီမြို့နယ်ထဲမှာပဲ ကြည့်စရာရှိတာတွေကိုတော့ တစ်လမ်း



www.burmeseclassic.com

www.burmeseclassic.com



ကတစ်လမ်းကိုအကူး ပွဲစားရော နွယ်ပင်ပါ ထီးကိုယ်စီနှင့် လမ်းလျှောက်လျက်သာ သွားလိုက်တော့တာပင်။

တက္ကစီခကုန်တာလည်း ဘာမှအရေးမကြီးပါ၊ မိုးရေရွှံ့ရေနှင့် စိုစိုဖတ်ဖတ်ထဲ ညစ်ညစ်ပတ်ပတ် ရွှဲရွှဲနစ်နစ် ကသီလင်တဖြစ်ရတာလည်း အရေးမကြီးပါ။ အရေးကြီးတာက ချက်ချင်းအိမ်ခန်းတွေ့ဖို့။

သူ့အိမ်လေးမှာ ကိုယ့်အိမ်ကိုယ့်ရာလေးနှယ် အဆင်ပြေ လုံခြုံနွေးထွေးစွာ နေခွင့်ရလိုက်ချိန်က စိတ်ရောကိုယ်ပါ ချမ်းသာကြည်နူးစွာ သူ့ကိုလည်း ကျေးဇူးအထူးတလည်တင်ခဲ့တာအမှန်ပါ။ ဤသို့ ကျေးဇူးအထူးဖော်မပြတတ်အောင် တင်ခဲ့မှုကို သူ့ကိုဘာကြောင့် ဖွယ်ဖွယ်ရာရာ ပြည့်ပြည့်စုံစုံ ပြောမပြမိခဲ့တာပါလိမ့်။

ရင်ထဲမှာတော့ ရှိခဲ့သည်။ နှုတ်ကမဖွင့်ဟဖြစ်ခဲ့။ အဲဒါဆိုရင် ထိုအရာဟာ တန်ဖိုးမရှိတော့ဘူးလား မစစ်မှန်တော့ဘူးလား။ မမြင်ရတော့ဘူးလား။ သေချာတာကတော့ တစ်ယောက်တည်း အိမ်ခန်းတွေ လိုက်ကြည့်နေရင်း တစ်ချိန်လုံး ဝမ်းနည်းကြေကွဲနေမိတာပါပဲ။

သူ တစ်ခါကပြောခဲ့တဲ့ စကားလေးကိုတောင် သွားအမှတ်ရနေမိပါသေးသည်။ အိမ်ခန်းကို ဦးစားပေးမဝယ်ဘဲ ကိုယ်





ပိုင်ဖက်ရှင်ဒီဇိုင်းလုပ်ငန်းတစ်ခု ထူထောင်ဖို့အတွက် ငွေကိုသုံးပါလားတဲ့။ နွယ်ပင့် အရည်အချင်းကြောင့် အောင်မြင်တဲ့စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်မှာ သေချာနေတာမို့ အိမ်ဝယ်ဖို့ဟာ အဲဒီရဲ့နောက်မှာ အချိန်တစ်ခုစောင့်ရင်း အခက်အခဲမရှိဖြစ်လာမှာပါတဲ့။ အိမ်ခန်းမဝယ်ဖြစ်သေးလည်းပဲ သူ့အိမ်မှာ အချိန်အတိုင်းအတာအကန့်အသတ်မရှိ နေလို့ရတာပဲတဲ့လေ။

ခြံကလေး ဝင်းကလေးနဲ့ လုံးချင်းအိမ်ကလေးကနေ တိုက်ခန်းတစ်ခန်းပေါ် မဖြစ်မနေ ရွှေ့ပြောင်းရတော့မှာမို့ စိတ်မကောင်း ဖြစ်နေတယ်ထင်ရင်တော့ အားလုံးပဲ မှားပါလိမ့်မည်။ လုံးချင်းအိမ်ကလေးမှာ နေနေစဉ်က မျက်စိနှင့်မမြင်ရဘဲ လက်ခံရရှိနေခဲ့တဲ့ သူ့ရဲ့မေတ္တာစေတနာတွေဟာ ခုချိန်မှာ အရောင်ပြောင်းကျဲပါးအေးစက်သွားခဲ့ပြီကို ခံစားရတဲ့အတွက် ဖော်မပြတတ်အောင် ဝမ်းနည်းအားငယ်နေမိတာ။

ဘာကြောင့် ပြောင်းလဲသွားတာလဲလို့လည်း ကိုယ့်ဘာသာ တွေးတောနားလည်နေမိသည်မှာ နွယ်ပင်နှင့် ကိုခေါင်တို့ရဲ့ ရင်းနှီးပတ်သက်လာမှုကြောင့်ပဲပေါ့။ ကိုခေါင်နှင့် ရင်းနှီးပတ်သက်မိတဲ့အတွက် ရှင့်စေတနာတွေ ကျဲပါးယုတ်လျော့ခဲ့တယ်ဆိုရင် ရှိပါစေတော့ ဒေါင်းစိမ်း။

ဘာမှမပြောလိုတော့ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ကြည့်တာတွေ အဆင်ပြေရဲ့လား ညီမ"

"........."

"ဗားကရာရှမ်းလမ်းဘက်တွေမှာတော့ ပြစရာတွေရှိသေးတယ်၊ ဒီအချိန်နဲ့ လှိုင်ကနေ စမ်းချောင်းဘက်ကူးရမှာနဲ့ အဆင်သိပ်မပြေတော့ဘူး"

"ရတယ် အစ်မ၊ ဒီရက်ထဲပဲ ကိစ္စပြတ်အောင် ဖြတ်လိုက်မယ်၊ ရေရှည်ဆွဲပြီး အကြာကြီးမရှာချင်ဘူး၊ မနက်ဖြန် ကျွန်မအလုပ်ကခွင့်ယူပြီး ဆက်ကြည့်မယ်၊ အစ်မ ပြစရာသာ များများစုထားပေးပါ"

နွယ်ပင်သည် သူမရဲ့ပိတ်ရက်အပြီး နောက်တစ်ရက်ကိုပါ တစ်နေကုန် ခွင့်ယူပြီး အခန်းတွေ ဆက်တိုက်လိုက်ကြည့်ပါသည်။ နှစ်ရက်အတွင်း ကြည့်ထားသမျှထဲက ဆန်ခါတင်သုံးလေးခန်းကိုတော့ ပထမဦးစားပေးအဖြစ် ခေါင်းထဲထည့်ထားလိုက်ကာ မေမေ့ကိုလည်း ပြောရသည်။

"မေမေ ... သမီးတို့ ဟိုအိမ်ကပြောင်းတော့ ဒီအိမ်ကိုရောက်လာတာဆိုတော့ မေမေ့အနေနဲ့ အနေအထိုင် ဆင်းရဲကျဉ်းကျပ်သွားတာမျိုး မဖြစ်ခဲ့ရဘူးလေ၊ အခု သမီးအခန်းလေးတချို့ ဈေးဆစ်ဖို့ ရွေးထားတယ်၊ တစ်ခန်းခန်းကို အဆင်ပြေလို့ ယူဖြစ်ရင် တစ်အချက်က မေမေ အပေါ်ထပ်တွေ တက်ရမယ်၊ မြေညီထပ်မရနိုင်ဘူး မေမေ ...





ဒုတိယအချက်က မေမေ ခြေဆန့်လက်ဆန့်လေး ဆင်းလျှောက်နိုင်ဖို့ မြေကြီးမပါနိုင်တော့ဘူး မေမေ၊ တတိယအချက်က အခုလို အိမ်ဖွဲ့စည်းပုံမျိုး အခန်းခန်း အဆောင်ဆောင် မဟုတ်ဘဲ အခန်းခပ်ကျဉ်းကျဉ်းကလေးပဲ ဖြစ်လိမ့်မယ်၊ ဘာပဲဖြစ်ဖြစ် မေမေ နေရထိုင်ရ ကျဉ်းကျပ်သွားမယ်၊ ဘာပဲဖြစ်ဖြစ် သမီးတတ်နိုင်သမျှထဲကတော့ မေမေ့အတွက် သက်သောင့်သက်သာ အရှိဆုံးဖြစ်မယ် ထင်တာကို ရွေးချယ်ပေးမှာပါ"

"မေမေ့အတွက် ဒီလောက် အရေးတကြီး ထည့်မတွေးပါနဲ့ သမီးရယ်၊ မေမေ ကိစ္စမရှိပါဘူး၊ အရင်အိမ်လေး ရောင်းလိုက်ရတာကိုက မေမေ့အပြစ်ကြောင့် မဟုတ်လား"

"အဲဒါကို ပြန်မတွေးပါနဲ့တော့ မေမေ"

"တစ်ခုပဲ ပြောချင်တာက သမီးအိမ်ခန်းတစ်ခု ဝယ်တာက ဝယ်ပေါ့၊ ဒါပေမဲ့ ဒီကနေ အဆောတလျင်ပြောင်းဖို့တော့ စဉ်းစားပါဦး၊ မေမေ ဒီအိမ်ကမခွာနိုင်လို့ မဟုတ်ပါဘူး၊ ဟိုတစ်နေ့က ဒေါင်းစိမ်းက ပြောသွားတယ်၊ သမီးသူ့ကို အထင်လွဲပြီး ဒီကပြောင်းသွားမှာမျိုးကို လုံးဝ သူ လက်မခံချင်လို့ တားပေးပါတဲ့၊ တကယ်တော့ သူက သမီးကိုလည်း တွေ့ချင်လို့သာ သမီးပိတ်ရက်တွေမှာ လာတတ်တာပေါ့...



www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာလိုအပ်သမျှလေးတွေ မိသားစုဝင်လိုပဲ လာကူညီလုပ်ကိုင်ပေးသွားတတ်တာ၊ ခုဆိုရင်ပဲကြည့် ဟိုညှော်ခန်းမျက်နှာကြက်အမြင့်က မီးချောင်းအကွေးအဝိုင်းကြီးဆိုကျွမ်းနေတာ သမီးလည်း အဲဒါတော့ မီးချောင်းမလဲတတ်ဘူးလေ၊ ရိုးရိုးမီးချောင်းမှ မဟုတ်တာ ...

မေမေ့မှာ မီးအမိုန်ပဲ ထွန်းထားရတာကြည့်ပြီး ဒေါင်းစိမ်းကို ခေါ်ချင်တာ၊ အဲလိုခေါ်ပြီး လုပ်ခိုင်းရင်ပဲ သူ့ခမျာ ဝမ်းသာအားရဖြစ်ရှာတာ၊ သူ ဒီကိုလာချင်တယ်၊ မေမေတို့ သမီးတို့ရဲ့ အိမ်ဝေယျာဝစ္စလေးတွေ သူလုပ်ပေးချင်တယ်၊ မေမေနဲ့ သမီးနဲ့ သူစကားပြောချင်တယ်၊ နွေးနွေးထွေးထွေး နေချင်တယ် ...

အဲလိုနေ့တိုင်း သမီးက မင်းခေါင်မိုးနဲ့ ထွက်ထွက်နေတာကို သူ စိတ်မကောင်း ဖြစ်လာတာပေါ့ကွယ်၊ ဟိုကလေးနဲ့ သူနဲ့က ဘယ်နေရာမှ မယှဉ်သာတဲ့ အနေအထားဆိုတော့ သူ အားငယ်မယ် ဝမ်းနည်းမယ် စိတ်မကောင်းဖြစ်မယ်၊ သူပြောတဲ့စကားထဲမှာ ဒါတွေပေါ်လွင်ပါတယ်၊ စိတ်လှုပ်ရှားပြီး အပြောမှားရင် မှားမယ်၊ သမီးနဲ့မေမေ့ကို ဒီအိမ်က ဖယ်စေချင်တာ လုံးဝမဟုတ်တာ သမီးနားလည်လိုက်ပါ"





"မေမေ ... နားလည်တာ မလည်တာက တစ်ပိုင်းပါ၊ သမီးတို့က သူများအိမ်ငှားနေနေတာမို့ တစ်နေ့နေ့တော့ အဲဒီအိမ်က ဖယ်ရမှာပဲဆိုတာက အမှန်တရားတစ်ခုပဲလေ၊ စောစောဖယ်တာနဲ့ နောက်ကျမှဖယ်တာ၊ ခဏနေတာနဲ့ ကြာကြာနေတာ ဒါပဲကွာတာလေ၊ အမြဲနေရစရာမှ မဟုတ်တာ"

"ဒါပေမဲ့ ခုလို မပြေခလည် မကျေမချမ်းသဘောနဲ့ အမြန်ဆုံး ပြောင်းရွှေ့လိုက်တာကတော့ ဒေါင်းစိမ်းစေတနာကို စော်ကားရာ ကျမှာစိုးလို့ပါ"

"မေမေက ဘာဖြစ်လို့ သူ့ဘက်က ကွေးပေး ခံစားပေးနေရတာလဲ မေမေရယ်"

"သူ ဘာတစ်လုံးမှ မပြောပေမယ့် သမီးအပေါ်ထားတဲ့ မေတ္တာစေတနာကို မေမေ တွေ့နေမြင်နေလို့ပါ"

နှယ်ပင်သည် ရင်ထဲတုန်ယင်လှုပ်ရှားလာကာ ...

"မေမေ ... မေမေက ကိုယ့်သမီးကိုကိုယ် ထောင်ထွက်နဲ့ အောင်သွယ်နေတာလား"

နှယ်ပင့် အသံလေးကပါ တဖျပ်ဖျပ် ဘုန်ခါနေပါသည်။ ဒေါ်နှင်းမြတ်က ခေါင်းကို အသာအယာလေးယမ်းခါရင်း ...

"မဟုတ်ပါဘူး သမီးရယ်၊ အဲဒီ ထောင်ထွက်ဆိုတဲ့ ပညတ်ချက်၊ ဆယ်တန်းပညာအရည်အချင်းဆိုတဲ့ ဂုဏ်ဒြ



www.burmeseclassic.com

www.burmeseclassic.com



တွေအပေါ်မှာ သမီးတပ်ထားတဲ့ မျက်မှန်စိမ်းနဲ့ တခြားအခြေအနေ အချက်အလက်တွေကိုပါ အစိမ်းရောင်ခံကြည့်ပြီး အတွေးတွေ ဆုံးဖြတ်ချက်တွေ မှားမှာစိုးလို့ပါ၊ ဒေါင်းစိမ်းက လက်ရှိဘဝအခြေအနေ နိမ့်ပါးနေပေမယ့် မျိုးရိုးကောင်း မိကောင်းဖခင်သားသမီးပါ၊ စိတ်ဓာတ်အဆင့်ရှိတဲ့သူ၊ ရိုးသားဖြူစင်သူပါ သမီး၊ ဂုဏ်မရှိပေမယ့် သိက္ခာရှိတဲ့သူပါ၊ မေမေတို့သားအမိအပေါ်ဆိုရင် အထူးတလည် စေတနာမေတ္တာရှိတဲ့သူပါ၊ သမီး သူ့အပေါ် နိမ်ချဆက်ဆံမိတာမျိုး ဖြစ်မသွားစေချင်လို့ပါ၊ အဲဒါထက်ကို သမီးကိုယ်တိုင် စိတ်ပင်ပန်းနေတယ် ထင်လို့ပါ"

နွယ်ပင်က ခေါင်းမာတဲ့ရုပ်လေးနှင့် ခေါင်းခါယမ်းရင်း ...

"ဘာပဲဖြစ်ဖြစ်ပါ မေမေ၊ သူ့ကိုဆက်သွယ်ဖို့သာ မေမေလုပ်ပါ၊ ဒီလကုန် အိမ်ပြန်အပ်မယ်၊ အိမ်ပြောင်းမယ်လို့ ပြောလိုက်ပါ"

"သူ့ကို မေမေဘယ်လိုဆက်သွယ်ရမှာလဲ၊ သူ့ဟန်းဒ်ဖုန်းနံပါတ်လေးက သမီးပဲ သိတာမဟုတ်လား"

"ဩော် ... မေမေရယ်၊ သမီးပြောပြရင် မေမေသိရောပေါ့"

"သမီးဘာသာပြောလိုက်၊ မေမေ မပြောချင်ဘူး"

"မေမေကလည်းလေ၊ တကယ်ပဲ"





နွယ်ပင်က စိတ်လိုက်မာန်ပါလေးနှင့်ပင် ချက်ချင်းပဲ ဒေါင်းစိမ်းဖုန်းကို နှိပ်ကာခေါ်လိုက်ပါသည်။ အတော်ကြာကြာ ခေါ်နေရပြီးမှ တစ်ဖက်က ဖုန်းဖွင့်ကိုင်လိုက်သော်လည်း ဟယ်လို မထူးပါ။

"ဟယ်လို"

"........."

"ဟယ်လို ... ဟယ်လို"

"........."

"ဒေါင်းစိမ်း ရှင်ဘာဖြစ်လို့ မထူးတာလဲ၊ ရှင့်ကို ကျွန်မ အလကား အပျော်ဆက်နေတာ မဟုတ်ဘူး၊ အခု ကျွန်မ အိမ်ခန်းရှာနေတာ ရတော့မယ်၊ ဆန်ခါတင်ရွေးထားတဲ့ သုံးလေးခန်းထဲက တစ်ခန်းကို ဆုံးဖြတ်ဖို့ပဲ လိုတော့တယ်၊ ဆုံးဖြတ်ပြီး ကျွန်မ တစ်ပတ်အတွင်း စရန်ပေးမှာ၊ လကုန်ရင် ဒီအိမ်ကပြောင်းမယ်၊ အဲဒါ ရှင့်ကို အသိပေးအကြောင်းကြားတာပါ၊ လကုန်ရက်မတိုင်ခင် အိမ်ပြန်အပ်ဖို့ကိစ္စ အိမ်ကို နည်းနည်းပါးပါး လာစစ်ဆေးဖို့ ရှင့်ဘက်ကလုပ်ပါ"

"ဒီမှာ နွယ်ပင်ပျို"

တစ်ဖက်က ခြောက်ကပ်ကပ်အသံကြောင့် နွယ်ပင်က ထိတ်ခနဲ ရင်တုန်သွားရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘာဖြစ်လို့ သိပ်ခေါင်းမာရတာလဲ၊ ဘာဖြစ်လို့ ငါ့ကိုမှ သိပ်ပြီးမခံချင်စိတ် မာနတွေ ပြချင်ရတာလဲ၊ မင်းမှာရှိတဲ့ ပိုက်ဆံတွေကို မင်းကိုယ်ပိုင်ဒီဇိုင်နာလုပ်ငန်းတစ်ခု ထူထောင်ပြီး ဒီအိမ်မှာ အကန့်အသတ်မရှိနေပါလို့ ပြောထားတဲ့စကားကို မင်းလည်း သေချာစဉ်းစားနေခဲ့ရာက ဘာဖြစ်လို့ မေ့ပစ်ရတာလဲ ...

ငါလို အခြေအမြစ်လည်းမရှိတဲ့ မာနဆိုလို့ တစ်စက်ကလေးမှမရှိတဲ့ လူတစ်ယောက်ကို မင်းရဲ့မာနတွေပြနေတော့ မင်းမှာ ဘာအကျိုးရှိမှာလဲ"

"ဘာပဲဖြစ်ဖြစ် ရှင့်အိမ်မှာ ရှင့်ဟာရှင် တစ်နေ့ပြန်နေရမှာပဲဟာ၊ ဘယ်သူမှ တစ်သက်လုံး ငှားနေဖို့မဖြစ်နိုင်ဘူး"

"အဲဒီ ငါ့အိမ်ဆိုတာမှာ ငါတစ်ယောက်တည်း အထီးကျန်ကြီးနဲ့ တစ်သက်လုံးနေရတော့ကော အိမ်ဆိုတာရဲ့အဓိပ္ပာယ်က ဘယ်လိုလုပ်ပြီးပြည့်စုံမှာလဲ၊ အခု မင်းတို့သားအမိနေနေချိန်မှာ မိသားစုပုံစံလေးနဲ့ တစ်ပတ်တစ်ရက်လောက်ကလေး လာလည်ရင်း အတူတူ အချိန်တွေကုန်ဆုံးရတာလေးက အများကြီးပိုပြီး အဓိပ္ပာယ်ပြည့်ဝပျော်ရွှင်ဖို့ ကောင်းတာ မင်း နည်းနည်းမှ မရိပ်မိတတ်တာလား ...

အဲဒီ ငါ့အိမ်ထဲမှာ အန်တီရယ် မင်းရယ် ငါရယ် ညည့်ခန်းထဲ စကားထိုင်ပြောနေရရင်ကို ငါ့ဘဝ ဘယ်လောက်





ထိ ပြီးပြည့်စုံတယ်ဆိုတာ ငါ ဘယ်လိုပြောပြရမလဲ၊ ငါ ဘယ်လောက်တောင် အများကြီး တောင်းဆိုမိနေတာမို့လို့လဲ၊ ဒီအိမ်ကလေးကို အိမ်ကလေးကစ်လုံးနဲ့တူအောင် မင်းတို့သားအမိ လာနေပေးနေတာကိုတောင် ငါ့ဘက်က ပြန်ကျေးဇူးတင်နေတဲ့ကောင်ပါ ...

ကေတစ်မတ် ငါးမူးကျယ်တဲ့ ခြံကျယ်ကြီးထဲက ရဲတိုက်ကြီးလို ဟိန်းနေတဲ့ ကိုခေါင်တို့လို နန်းတော်လို အိမ်မျိုးကြီး မဟုတ်ပေမယ့် ဒီအိမ်လေးထဲမှာ ငါ့စေတနာ မေတ္တာတွေ ရှိပါတယ် နွယ်ပင်၊ အိမ်ထဲက နေရာအနှံ့မှာ မင်းခံစားခံယူကြည့်ပါ၊ ငါ့နေရာမှာ ကိုခေါင့်လို ကြီးကျယ်ခမ်းနားတဲ့ ယောကျ်ားတစ်ယောက်ဆိုရင် မင်း ဒီလောက်ထိ စိတ်လိုက်မာန်ပါ ဆုံးဖြတ်ပြီး ချက်ချင်းဆင်းမယ်ဆိုတဲ့အထိ မာနတွေ ထုတ်မပြမှာ သေချာပါတယ် ...

ငါ တခြားဘာတွေများ တောင်းဆိုခဲ့မိလို့ ဒီလောက်ထိ မကျေချမ်းနိုင်ရတာလဲ နွယ်ပင်ရယ်၊ မင်းဆီကမရနိုင်ပါဘူး ထင်တာတွေကို ငါ တစ်ခွန်းတလေ တစ်စွန်းတစ်စကလေးများ တောင်းဆိုခဲ့မိသလား၊ ငါမရနိုင်တာ မင်းမပေးနိုင်တာမျိုးကို တောင်းမိတဲ့ထိ ငါ ရောင့်တက်နေမိသေးလို့လား၊ ဘာဖြစ်လို့ ငါ့ကို ဒီလောက်ထိ တွန့်တိုဟာလဲဟင်၊ အဲဒီမှာ မင်းတို့သားအမိ စိတ်အေးချမ်းသာနေနေတာ



www.burmeseclassic.com

www.burmeseclassic.com



လေးကို မြင်နေရတာလေးကိုပဲ ပီတိဖြစ်နေတဲ့ကောင်ပါ နွယ်ပင်ရယ်”

နွယ်ပင်သည် နှုတ်ခမ်းလေးစေ့ မျက်ရည်လေးရစ်ဝိုင်းကာ တိတ်နေမိသည်။ ဘာပြန်ပြောရကောင်းမလဲ မှုးနောက်အောင် စကားလုံးစဉ်းစားရွေးချယ်ဆဲ သူ့ဘက်က ဖုန်းလိုင်းပြတ်တောက် ဖုန်းချသွားခဲ့သည်။

“ဘာတဲ့လဲ၊ ဒေါင်းစိမ်းက ဘာတဲ့လဲ သမီး”

မေမေက နွယ်ပင့်မျက်နှာရိပ် မျက်နှာကဲကို အကဲခတ်ကာမေးပါသည်။ မဖြေနိုင်ပါ။ ဘာရယ်လို့ ကိုယ်တိုင် ဝေဝေဝါးဝါး ထွေထွေပြားပြား ဖြစ်ဆဲမို့တည်း။

❤ ✧ ❤





## ၁၇

သူ့အတွက် အဖြေတစ်ခုရရင် ဖုန်းဆက်လိုက်ပါဆိုပြီး သူကတော့ ဒီကြားထဲ ဆက်သွယ်မလာတဲ့ မင်းခေါင်မိုးရဲ့ အပြုအမူဟာ ရိုးရိုးလည်း ဖြစ်ချင်ဖြစ်မည် အထာလည်းဖြစ်ချင်ဖြစ်မည်။ မိုးမြင့်ကောင်းကင်ထက်က မဆင်းတဲ့သူဌေးတို့ရဲ့ သူတို့ကိုယ်တိုင်ပင် သတိမပြုမိတဲ့ မာန်ဂုဏ်တစ်မျိုးလည်း ဖြစ်ကောင်းဖြစ်မည်။

သူပြောသွားတဲ့ နေ့ကတည်းက မင်းခေါင်မိုးထံ ကိုယ်ကစပြီး ဆက်သွယ်စရာအကြောင်း မရှိတော့ဘူးလို့ သတ်မှတ်ထားလိုက်တဲ့ နွယ်ပင်သည် ဖုန်းမဆက်ဘဲနေလို့ မဖြစ်အောင် ဖြစ်လာပါသည်။ အကြောင်းရင်းကတော့ ဒေါင်းစိမ်းက ဖုန်းပိတ်ထားသည်လေ။ ဘယ်အချိန်ခေါ်ကြည့်ကြည့် ဖုန်းကိုလုံးလုံးပိတ်ထားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါင်းစိမ်းထံ တစ်စုံတစ်ခု ပြောပေးနိုင်မယ့်သူဟာ ကိုခေါင် တစ်ယောက်ပဲရှိတာ မဟုတ်လား။ သူ့ထံ ဖုန်းစဆက်လို့ သူ ဘာထင်ထင် မှုမနေနိုင်တော့။ ကိုယ်က အဖြေပေးမှာလည်း ဟုတ်မှမဟုတ်တာ။

"ဟယ်လို ... ကိုခေါင်လား၊ နွယ်ပင်ပါ"

"နွယ်ပင် ... ကိုယ်ဝမ်းသာလိုက်တာကွာ၊ နွယ်ပင် ကိုယ့်ကို ဖုန်းဆက်တယ်၊ အဖြေတစ်ခု စဉ်းစားလို့ ရပြီပေါ့နော်"

မတွေ့ချိန်စပ်ကြား ဘာမှ မကြာလှသေးဘဲနှင့် နွယ်ပင် ဖုန်းစ,ဆက်တာနှင့်ပဲ ကျွန်တော်ကနေ "ကိုယ်"အဖြစ် ပြောင်းသွားတဲ့ နာမ်စားကို သတိပြုမိပါသည်။

"နွယ်ပင် အလုပ်တွေရှုပ်ပြီး အိမ်ပြောင်းဖို့ အိမ်ပြန်ရှာနေလို့ ဘာမှမစဉ်းစားဖြစ်အားပါဘူး ကိုခေါင်၊ အခု ကိုခေါင့်ကို အကူအညီလေးတစ်ခု တောင်းချင်လို့ပါ"

"အိမ်ကိစ္စလား နွယ်ပင်၊ ကိုယ် ဘယ်လိုကူညီရမလဲ ... ပြော"

"အိမ်ကိစ္စက ကိုခေါင့် အကူအညီ မလိုပါဘူး ကိုခေါင်၊ နွယ်ပင် ဒေါင်းစိမ်းကို ဖုန်းဆက်လို့မရလို့ပါ၊ ဒေါင်းစိမ်းနဲ့တွေ့မှဖြစ်မှာပါ၊ ဒေါင်းစိမ်း ဖုန်းက ဘာဖြစ်လို့လဲမသိ





ဘူး၊ တစ်ချိန်လုံး စက်ပိတ်ထားပါတယ်၊ နောက်ဆုံး ကိုခေါင့်ကိုပဲ အကူအညီတောင်းမှ ဖြစ်တော့မှာမို့ပါ၊ ကိုခေါင်တို့နဲ့က တစ်ခြံထဲနေသလို ဖြစ်နေတော့ ကိုခေါင် ပြောပေးရင် ခေါ်ပေးရင်တော့ ဒေါင်းစိမ်းနဲ့ တွေ့လို့ရမယ်မို့ပါ"

"ဩော်"

မင်းခေါင်မိုး အသံက ခုနတက်ကြွမှုတွေ လျော့လျဲ ခြောက်ကပ်သွားကာ ...

"အဲဒါလား"

"ဟုတ်ကဲ့"

"အဲဒါ ဒီအိမ်မှာလည်း အဲဒီပြဿနာဖြစ်နေတာပဲ"

"ရှင်"

"ဒေါင်းစိမ်း ဖုန်းပိတ်ထားလို့ ဘယ်လိုမှ ဆက်သွယ်မရလို့ ဦးထူးလည်း သူ့ကိစ္စတွေ ရှေ့ဆက်လို့မရဘဲ ရပ်နေတာတွေရှိနေတယ်၊ ကျွန်တော်လည်းကားတွေထဲမှာ ရုတ်တရက် လှူလိုလာတာ သူ့ကိုခေါ်သုံးလို့မရ ဖြစ်နေတယ်၊ ဟိုတစ်နေ့ကဆို နောက်တစ်နေ့ရှိတဲ့ရှုတင်မှာ မင်းပါတယ်နော်လို့ ပြောထားတာ သူ့ကိုရှာမရတော့တာနဲ့ ရုတ်တရက် တစ်ခန်း နှစ်ခန်းစပါဖို့ လူတစ်ယောက် ချက်ချင်းလက်ငင်း ရှာရတာ တော်တော် ကသီလင်တ ဖြစ်သွားတယ်



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... သူက ကိုခေါင်တို့နဲ့ တစ်ခြံထဲပဲ နေတာမဟုတ်လား"

"သူက ကျွန်တော့်ဦးလေး ဦးထူးနဲ့ အတူနေနေတာလေ၊ အခု ဦးထူးဆီမှာ မနေတော့ဘူး၊ မနေတော့ဘူးဆိုတာ အပြင်ထွက်သွားပြီး ပြန်မလာတော့တာ၊ အိမ်မှာ လနဲ့ချီ လာနေသွားပြီး ရုတ်တရက် မပြောမဆို ပျောက်သွားတယ်ဆိုတော့ ပထမတော့ ကျွန်တော်တောင် စိတ်ပူသေးတယ် ပေါ့နော်၊ သူ့ကို အထင်သေးတဲ့ သဘောတော့လည်း မဟုတ်ပါဘူး ...

မပြေးသော် ကန်ရာရှိ ဆိုသလိုပေါ့၊ မလိုလဲလိုလဲ ဦးထူးမှာ ဘာများထူးထူးခြားခြား ဆုံးရှုံးမှုရှိသေးလဲ၊ အိမ်မှာရော အပြင်ခိုင်းတဲ့ကိစ္စတွေမှာရောပေါ့၊ ကြည့်ရှုရ မေးမြန်းကြည့်ရသေးတာပေါ့လေ၊ ဒါပေမဲ့ သူ ဘာမှမဟုတ်တာ လုပ်မသွားပါဘူး၊ အိမ်မှာရော အပြင်မှာခိုင်းထားတဲ့ကိစ္စတွေမှာရော ဘာမှ အမှားအယွင်း အလွဲသုံးစားမျိုး မရှိပါဘူး"

နားထောင်ရင်း နွယ်ပင် တစ်ချက်ပြုံးမိပါသည်။ အင်းပေါ့လေ၊ ထင်စရာပေါ့။ ရုတ်တရက် အိမ်မှာလာနေရာက လပိုင်းအကြာမှာ မပြောမဆို ပျောက်ကွယ်သွားတော့ ရှင်းရှင်း





ပြောရရင် အိမ်ကဘာပစ္စည်းပျောက်သေးလဲ၊ ခိုးသွားသေးလဲ၊ အပြင်မှာရော ဦးထူးနာမည်နှင့် ဆက်စပ်၍ ဘာတွေများ ရှုပ်ရှုပ်ယှက်ယှက် လုပ်သွားသေးလဲ၊ လိမ်လည်သွားသေးလဲ ဆိုတာမျိုး ပူပန်စုံစမ်းကြပေလိမ့်မည်။

"ဦးထူးကလည်း ဒေါင်းစိမ်းကို ယုံကြည်ပြီးသားပါ။ သူနဲ့လည်း ပြဿနာမရှိတော့ ဘာဖြစ်လို့ ပြန်မလာလဲဆိုတာလည်း မသိဘူးပေါ့၊ ဘယ်လိုမှ စဉ်းစားမရဘူး၊ ဦးထူးတောင် စိတ်ပူနေတာ၊ သူ့ဖုန်းဆက်တော့လည်း စက်ပိတ်ထားတာပဲ ကြုံနေရတယ်၊ လုံးဝအဆက်အသွယ် ဖြတ်ထားတဲ့သဘောပါပဲ ...

အဲဒီတော့ နွယ်ပင် ပြောခိုင်းတာလည်း ပြောမရနိုင်ဘူး၊ ခေါ်ပေးလို့လည်း မရဘူး နွယ်ပင်၊ အခု နွယ်ပင်ကရော သူ့ကို ဘာဖြစ်လို့ အရေးတကြီး အပူတပြင်းလိုအပ်နေတာလဲ"

"အိမ်ပြောင်းတော့မယ်ဆိုရင် နွယ်ပင်တို့ ခဏငှားနေတဲ့ သူ့အိမ်ကို ပြန်အပ်ရမယ်လေ၊ အဲဒီအတွက် လိုတာပါ"

"ဪ"

"သူရှိနိုင်မယ့်နေရာကို ဦးထူးရော မမှန်းဆနိုင်ဘူးလား ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဦးထူးလည်း ဘယ်လိုမှ မမှန်းနိုင်လို့ ခက်နေတာ၊ ဒေါင်းစိမ်း ဆွေမျိုးတွေကလည်း များသောအားဖြင့် နယ်ဘက်မှာ ရန်ကုန်မှာ သူ ဝင်ထွက်ဆက်ဆံတဲ့ အမျိုးရင်းခြာ အိမ် ရှိတာမဟုတ်ဘူး၊ ဆွေမျိုးမပြောနဲ့ မိတ်ဆွေအပေါင်းအသင်းလည်း မရှိတာလေ၊ သူ့မှာ ခင်မင်ရာ ခင်မင်ကြောင်း အသိုင်းအဝိုင်းကို မရှိတာ နွယ်ပင်"

နွယ်ပင့်ရင်ထဲ နင့်ရသည်။ တကယ့်ကို တစ်ကောင်ကြွက် အထီးကျန်သမား။ ဆွေမျိုးသားချင်း အပေါင်းအသင်း မိတ်ဆွေအသိုင်းအဝိုင်းဆိုတာ လုံးဝမရှိဟဲ့ ဒေါင်းစိမ်းဟာ အပတ်စဉ် အိမ်ကိုလာတိုင်း မေမေနှင့် တူဝရီး သားအမိတွေသဖွယ် မေမေ့အလုပ်တွေကူလုပ်၊ ရယ်မောစကားတွေပြော။

မေမေကြမ်းတိုက်ရင် ကူတိုက်၊ မေမေတံမြက်စည်းလှည်းရင် ဝင်လှည်း၊ မေမေအဝတ်လျှော်ရင် ရေကူညှစ် ဆေးကြောသန့်ရှင်းရေးတွေ ကူလုပ်နဲ့ မိသားစုပုံစံမျိုးလေးကို မက်မက်မောမော ခုံခုံမင်မင် ရယူလိုရှာတာ။ ဒါကြောင့်လည်း မေမေက ဒေါင်းစိမ်းကို ကရုဏာနှင့်ယှဉ်ကာ သားလိုချစ်နေတာပါ။

"ကျေးဇူးပါပဲ ကိုခေါင်၊ ဒါဆိုရင် မတော်တဆ အဆက်အသွယ်လေး ရရင်သာ နွယ်ပင့်ကို ကျေးဇူးပြုပြီး အကြောင်းကြားပေးပါ"





"ကောင်းပါပြီ နွယ်ပင်၊ အဆက်အသွယ်ရတာနဲ့ ပြောပါ့မယ်"

"ကျေးဇူးပါပဲ ကိုခေါင်၊ ဒါပဲနော်"

တခြားအကြောင်းအရာ မပြောဖြစ်တော့ဘဲ နွယ်ပင် ဖုန်းချလိုက်ပါသည်။ ဖုန်းချပြီးတဲ့နောက် နွယ်ပင်ရင်ထဲမကောင်းပါ။ သူ ဘယ်ကိုများ ဘာကြောင့် ထွက်သွားပါလိမ့်။ ဘယ်များရောက်နေပါလိမ့်။ အန္တရာယ်မှ ကင်းပါရဲ့လား။ စိုးရိမ်ပူပန်ခြင်းဟာ ရင်ကိုတငြီးငြီး လောင်မြိုက်နေရတာ အမှန်ပါပင်။

ဘယ်လိုပင် ဖြစ်ပါစေ။ ဈေးဆစ်ဖို့ ချိန်းထားတဲ့ အိမ်ကိုတော့ နွယ်ပင် စရန်ချဈေးဆစ်ရတော့မှာပါပင်။ နောက်ဆုံး မေမေ့ကိုပါခေါ်ပြကာ မေမေ အသာတကြည်ခေါင်းညိတ်တဲ့အိမ်ခန်းကို "ဈေးနည်းနည်းလျှော့ပါမယ်၊ စရန်ကိုင်ဆစ်ပါ"ဆိုတဲ့ သူတို့စကားအတိုင်း အလုပ်က အပြန်တစ်ရက်မှာ စရန်ငွေနှင့် အတူ ဈေးဆစ်ဖို့ နွယ်ပင် ရောက်ခဲ့ရသည်။

"ညီမရယ် အားတော့နာတယ်"

"ဘာဖြစ်လို့လဲရှင်"

"သုံးရာ့ရှစ်ဆယ် ခေါ်ထားတာကို ပါးပါးပဲလျှော့မယ်လို့ အစ်မက ပြောမိတာ၊ မနေ့ကတော့ ဒီအခန်းပိုင်ရှင် တို့ အစ်မနဲ့ စကိုက်ပ်က စကားပြောဖြစ်တယ်လေ၊ ညီမအစ်မ



www.burmeseclassic.com

www.burmeseclassic.com



အရင်းပါပဲ၊ သူက မောင်နှမတွေကို ဟိုလူ့လည်းစပ်ခိုင်းထား ဒီလူ့လည်းစပ်ခိုင်းထား ဈေးကအမျိုးမျိုးပြောထားတာ ဖြစ်နေတာ ...

အစ်မက မနေ့က သုံးရာ့ရှစ်ဆယ်ကနေ ဘယ်လောက်ဆင်းပေးနိုင်မလဲမေးတော့ သူက အစ်မကိုဆူလိုက်တာ၊ ဘယ်လိုလုပ် သုံးရာ့ရှစ်ဆယ် ရောင်းနိုင်မှာလဲတဲ့ မရောင်းနိုင်ဘူးတဲ့"

"ဟင်"

"အစ်ကိုဝမ်းကွဲက လေးရာ့ငါးဆယ်ခေါ်တာ ဝယ်မယ့်သူက လေးရာ့နှစ်ဆယ် ဆစ်တာကိုတောင် သူ မပေးသေးဘူးတဲ့၊ ဆယ်သိန်းပဲ လျှော့နိုင်မယ်လို့ စကားပြန်ထားတာတဲ့"

"ဩော် ... အစ်မတို့ကလည်း ဈေးသေချာမပြောခင် သေသေချာချာ ဟိုဘက်ကို မေးမထားဘူးလားရှင်"

"ဒီအခန်းကို ဒီပွဲစားအစ်မနဲ့ အပ်ထားတာပဲ သုံးလကျော်နေပြီလေ၊ ဒီကြားထဲ အိမ်ခန်းဈေး မြေဈေးတွေက အကုန်ခုန်တက်နေတာကိုး ညီမရယ်။ အစ်မလည်း လူလာမကြည့်တာကြာတော့ သေသေချာချာ ထပ်မမေးဖြစ်တာပါ၊ အရင်ခေါ်တဲ့ဈေးပဲ ထင်နေမိတာလေ"





"ဒုက္ခပါပဲ အစ်မရယ်၊ ကျွန်မက စရန်တောင် ယူလာတာ"

"စိတ်မရှိပါနဲ့ ညီမရယ်၊ လေးရာ့နှစ်ဆယ်ဆစ်တဲ့သူကိုတောင် စရန်လက်မခံထားဘူးတဲ့"

"ကဲ ... အစ်မရယ်၊ ဈေးမဆစ်တော့ပါဘူး၊ အစ်မပြောတဲ့ ဈေးသုံးရာ့ရှစ်ဆယ်နဲ့ပဲယူပါ့မယ်၊ ရအောင်ပြောပေးလိုက်ပါ"

"မရနိုင်ဘူး ညီမရယ်၊ အစ်မ အရှမ်းအဆူခံနေရတာ၊ ဈေးသေချာအောင် ထပ်မမေးဘဲ ပြောလိုက်ရကောင်းလားဆိုပြီး ဆူနေတာလေ၊ အစ်မ စရန်တွေ ဘာတွေလဲ ယူထားသေးတာမှ မဟုတ်ဘဲ၊ ပိုင်ရှင်က ဈေးပြင်လိုက်တာ အစ်မလည်း မတတ်နိုင်လို့ပါကွယ် ...

ညီမ သိပ်စိတ်ဝင်စားရင်တော့ သူပြောတဲ့ဈေး လေးရာ့ငါးဆယ်ပေါ်မှာပဲ ပြန်စဉ်းစားလိုက်ပါ"

နွယ်ပင် စိတ်လည်းပျက် စိတ်လည်းတိုရသည်။ ဈေးပြင်လိုက်တာကလည်း ဆယ်သိန်း၊ သိန်းနှစ်ဆယ်မဟုတ်။ သိန်းခုနစ်ဆယ်တောင် ကွာခြားသွားတာ။ အဲသလောက်ကြီးတော့ မဆစ်မဆွတ်ဘဲ ချက်ချင်း လက်ခံလိုက်ဖို့ ခက်တာအပြင် အချိန်ကပ်မှ စရန်ပေးတော့မယ်ဆိုမှ ဈေးကိုကပ်ပြင်လိုက်တာကိုလည်း စိတ်ထဲ နိုးလိုးခုလု စနောင့်စနင်း ဖြစ်ရကာ ဖိလင်လည်း အောက်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဆိုလည်း ပြန်စဉ်းစားလိုက်ပါဦးမယ်"

နွယ်ပင်သည် ဒီအိမ်ကို ဆက်မစဉ်းစားတော့ဘူးလို့ တစ်ထိုင်တည်းပဲ ဆုံးဖြတ်ကာ ဒုတိယဦးစားပေးအဖြစ် စိတ်ထဲက ရွေးထားသောအိမ်ကိုပဲ ယူဖို့စဉ်းစားလိုက်ပါသည်။ ပထမအိမ်က စင်ကာပူစတိုင် အခန်းဖွဲ့ပုံမို့ အိမ်ဖွဲ့စည်းပုံလေးနှင့် ပိုတူကာ ဒုတိယအိမ်ကတော့ ကန်ထရိုက်တိုက်ခန်း အခန်းဖွဲ့ပုံမျိုးပဲ ရှည်လမျောလေးမို့ ဒုတိယနေရာ ထားခဲ့ပေမယ့် သူက ဧရိယာတောင် ပိုကျယ်သေးသည်။ သုံးရာငါးဆယ် ခေါ်ထားသည်။ လျှော့ချင် လျှော့ မလျှော့ချင်နေ မြန်မြန်ပဲ ယူလိုက်တော့မည်ရယ်လို့ ထိုအိမ်ခန်းပိုင်ရှင်ကို ချက်ချင်း ဖုန်းဆက်လိုက်ပါသည်။

မေမေ့ကိုတောင် မပြရသေး။ သို့ပေမယ့် နောက်တစ်ပတ်ကို ထပ်မဆွဲချင်တော့။ ခုကိုပဲ ပြီးခဲ့တဲ့အပတ်ကကြည့်၍ ဒီအပတ်မှာ စျေးဆစ်ဖြစ်တာ။ အားရက်မှ မေမေ့ကိုလိုက်ပြလျှင် စျေးဆစ်စရန်ချဖို့ နောက်ဆုတ်သွားဦးမည်။

"အန်တီရေ ... ဟိုတစ်ပတ်က ပွဲစားဒေါ်ခင်မာလာနဲ့ အခန်းလာကြည့်ထားတဲ့ သမီးပါ၊ နွယ်ပင်ပါ၊ အန်တို့ အခန်းလေး သမီး ယူဖြစ်မယ်ထင်တယ် အန်တီ၊ အဲဒါ အန်တီနဲ့ ဘယ်နေ့လာတွေ့ပြီး စျေးလေးညှိ စရန်လေးပေးလို့ရမလဲလို့ပါ"





"ဪ ... ဒီဖိုင်နာသမီးလေးလား၊ သမီးရယ် စိတ်တောင်မကောင်းဘူးကွယ်၊ မနေ့ကပဲ တစ်ယောက်က စရန်ငွေ သိန်းတစ်ရာ ပေးသွားပါပြီ၊ သန်ဘက်ခါတောင် ငွေအကြေ ချေလိမ့်မယ်"

"ဪ"

❤ ✧ ❤



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က တိတ်ဆိတ်စွာ အိမ်ပြန်လာပြီး ထမင်းစားဖို့တောင် စိတ်မပါ လက်မပါ ရှိလှလေသည်။ ဘာဖြစ်လို့ လက်ထဲငွေကိုင်ထားလျက်နှင့်တောင် အိမ်တစ်ခန်းဝယ်ဖို့ အလွယ်တကူ အဆင်မပြေပါလိမ့်။

နတ်သိကြားများက ဒီအိမ်ကမပြောင်းရွှေ့စေလို့လို့များ ကဖျက်ယဖျက် လုပ်နေလား တွေးမိတော့ တစ် ယောက်တည်း ကျိတ်ပြုံးမိပါသေးသည်။

အဝတ်အစားလဲပြီး ထွက်လာတဲ့အခါ မေမေ ဟင်းရည်နွေးနေဆဲ ထမင်းအိုးထဲကနေ ထမင်းအုပ်ထဲ ထမင်းခူးထည့်ဖို့ အိုးဖွင့်တော့ အိုးထဲက ညနေစာထမင်းဟာ တစ်စိတ်တစ်ပိုင်း ပဲ့နေသည်။ မေမေချထားတာ ထမင်းပန်းကန်နှစ်ချပ်မို့ မေမေ ထမင်းမစားရသေးမှာ သေချာသည်။ နွယ်ပင်က မျက်လုံးလေးကို ဝေ့ကာဝဲကာ ဟိုဟိုဒီဒီ ကြည့်လိုက်ပါသည်။





ညှော်ခန်းထဲမှာ လွှန်ခဲ့တဲ့ ဆယ်ရက်နှစ်ပတ်လောက်က မီးချောင်းဝိုင်းကြီးကျွမ်းပြီး မီးနီနီမှိန်မှိန် အလင်းရောင်သာရှိခဲ့ရာမှ အခု ထိုမီးချောင်းအဝိုင်းအခွေ အဖြူရောင်က ဖန်အုပ်ထဲ ထိန်ထိန်ငြီးငြီး လင်းလို့ပါလား။

"မေမေ"

"........"

"ဒေါင်းစိမ်း လာသွားတယ် မဟုတ်လား"

"........"

"မေမေ မှန်မှန်ပြောနော်"

"မှန်မှန်ပြောနော် ပြောရအောင် ငါကလိမ်များနေမိလို့လား အေ၊ ဘာမှတောင် မပြောရသေးပါဘူး၊ လာတော့ရော ဘာဖြစ်လဲအေ၊ မလာတော့ရော ဘာဖြစ်လဲ"

"မေမေနော် ... အဲလို ဝေ့လည်ကြောင်ပတ် ပြောနေစရာမှ မလိုတာ၊ ဟိုမှာ မီးချောင်းကြီး လင်းလို့ထိန်လို့၊ ထမင်းအိုးထဲမှာလည်း ထမင်းခူးထား စားထားတဲ့ အရိပ်အယောင်တွေ့နေတာကို သူကလွဲရင် ဘယ်သူလာတာ ဖြစ်မလဲ"

"အေးလေ ... လာလာ မလာလာ ဘာဖြစ်လဲ၊ ညည်းအတွက် ဘာထူးလို့လဲ သမီးရယ်၊ သူ့ လာသည်ဖြစ်စေ မလာသည်ဖြစ်စေ ညည်း လမကုန်ခင် အခန်းငွေချေပြီး ပြောင်းမှာပဲ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"မေမေ ... သမီးအသည်းယားအောင် လုပ်နေတာလား၊ ဘာမှ ထူးထူး မထူးထူး သူလာသွားရင် သမီးကိုတော့ မေမေ ပြောရမှာပေါ့၊ ဘယ်ရောက်လို့ ဘယ်ပေါက်မှန်း မသိ စိတ်ပူရမလို ဖြစ်နေတဲ့ဟာကို၊ သူ ဘာလို့ ဦးထူးဆီက ထွက်သွားတာလဲ၊ ဘယ်သွားနေနေလဲ၊ ဒါတွေသိရမယ်လေ၊ မေမေရော မမေးဘဲနေမလား၊ အဲဒါတွေ ပြောပြရမှာပေါ့၊ သမီးက ဘာကြောင့် သိခွင့်မရှိရမှာလဲလို့"

ဒေါ်နှင်းမြတ်က သမီးဖြစ်သူကို မျက်နှာချင်းဆိုင်လိုက်ရင်း ...

"ဟုတ်တယ်၊ ဒေါင်းစိမ်း လာတယ်၊ မေမေ ထမင်းခူးကျွေးတယ်၊ စကားတွေလည်း ထိုင်ပြောခဲ့တယ်၊ ဒေါင်းစိမ်းက ပြောတယ်၊ ဒီနေ့ သမီး ဟိုအခန်းကို စရန်ပေးခဲ့ပြီဆိုတော့ လမကုန်ခင်ပြောင်းမှာ သေချာပြီပေါ့တဲ့၊ အဲဒါဆို သူနဲ့ ပတ်သက်တာတွေလည်း ဘာမှစကားစပ်မနေပါနဲ့တော့ ဆိုလို့ မေမေက ဘာမှမပြောဘဲ နေနေတာပါ"

"မရဘူး ပြောပါ မေမေ၊ သူပြောသွားတာ အကုန်ပြောပါ၊ သမီး သိချင်တယ်"

"........."

"မေမေ ပြောနော်၊ သူ ရတ်တရက် ခုလို ကောက်ကာငင်ကာ ဟိုအိမ်က ထွက်သွားတဲ့အကြောင်းရင်းကို သမီး





စိတ်ပူနေတာလေ၊ သူ့ကို ဦးထူးတို့ ကိုခေါင်တို့ တစ်ခုခု စိတ်ဒုက္ခရာရအောင် လုပ်လိုက်တာမျိုး ရှိသလား၊ ဦးထူး ထိုးကြိတ်လွှတ်လိုက်တဲ့ ဒဏ်ရာဒဏ်ချက်မျိုးတွေရော သူ့ကိုယ်ပေါ်မှာ မေမေ တွေ့သေးလား"

"မတွေ့ပါဘူး သမီးရယ်၊ ဘာမှမရှိပါဘူး၊ ဦးထူးတို့ ကိုခေါင်တို့လည်း သူ့ကို ဘာမှမလုပ်ကြပါဘူး"

"ဒါဖြင့် သူ ဘာဖြစ်လို့ ထွက်သွားတာလဲ"

"သူ ဦးထူးဆီမှာလည်း အလုပ်မလုပ်ချင်တော့ဘူး၊ ကိုခေါင်ခေါ်ရိုက်နေတဲ့ကားတွေမှာလည်း ဝင်မပါချင်တော့ဘူးတဲ့၊ သူ ဦးထူးကိုတော့ ဒီအလုပ် ဆက်မလုပ်ချင်တာ ပြောထားပြီးသားပါတဲ့ ..."

ဖွတ်ထွက်သွားတာကတော့ အဲသလိုမှ ဖွတ်ထွက်မသွားရင် သူ ဒီဘဝ ဒီအဆင့်က ရုန်းထွက်နိုင်မှာ မဟုတ်လို့ပါတဲ့ ...

သူ ဒီနေရာမှာ ဆက်မနေချင်ဘဲ အပြီးတိုင် ရုန်းထွက်ချင်တာ သမီးစကားတွေကြောင့်တဲ့၊ သူ့တစ်ယောက်တည်းအတွက်ဆိုရင် သူ ဘယ်နေရာ ဘယ်အနေအထားမျိုးမှာမဆို ဘာကိုမှ ဂရုမစိုက်ဘဲ နေနိုင်ပေမယ့် သမီးကိုပါ ထည့်စဉ်းစားလိုက်ရင် သမီးမျက်နှာငယ်စေမယ့် အရာမျိုးတွေ ဘာတစ်ခုမှ မလုပ်ချင်ဘူးတဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



သူ့ကြောင့် သမီး ဂုဏ်သိက္ခာတက်အောင် မလုပ်နိုင်သေးရင်တောင် ဂုဏ်သိက္ခာကျဆင်းမှာမျိုးလည်း သူ ရှောင်ရမယ်၊ ဒါမှ သမီး သူ့ကိုခေါ်ရဲပြောရဲ ဆက်ဆံရဲမှာ လို့ သူ ထင်တယ်တဲ့”

နွယ်ပင်က ခေါင်းကလေး ဖြည်းဖြည်းယမ်းရင်း ...

“အဲဒါ မဟုတ်ပါဘူး မေမေရယ်၊ သူ့ကိုသိက္ခာကျမှာစိုးလို့ မခေါ်ရဲ မပြောရဲတာမျိုး သမီးမှာ မရှိပါဘူး၊ သူ့အလုပ်တွေကို မကြိုက်တာက သူ့အတွက်ပါ၊ သူ ခံနေရတာ အရာမဝင်တာတွေကို သူ့ကိုယ်စား မခံချင်လို့ပါ”

နွယ်ပင့်အသံလေးက ဆွေးမြည့်နေပါသည်။

“သူ အခု သူနဲ့သိတဲ့ ဘုန်းကြီးကျောင်းတစ်ကျောင်းမှာ နေနေတယ်၊ ပြီးတော့ သူ ငယ်ငယ်က သင်ခဲ့တဲ့ သိုင်းဆရာရဲ့သင်တန်းဆီ ပြန်ဆက်သွယ်ပြီး သူ့ဆရာက လက်ခံတော့ အဲဒီသိုင်းသင်တန်းမှာ လက်ထောက်နည်းပြ လုပ်နေတယ်တဲ့”

“ဩော် ... အဲဒါဆို ကောင်းပါတယ်လေ၊ ဒါပေမဲ့ သူ့မှာ အိမ်တစ်အိမ်လုံး ရှိနေရက်သားနဲ့ ဘုန်းကြီးကျောင်းသွားနေနေရတယ် ဆိုတာတော့ ဘယ်ဟုတ်ပါ့မလဲ မေမေ၊ သမီးတို့ မြန်မြန်ဖယ်ပေးရတော့မှာပေါ့”





“ခုလည်း နောက်အပတ်လောက် ပြောင်းမှာပဲ မဟုတ်လား၊ ဒီနေ့ စရန်ပေးခဲ့ပြီ မဟုတ်လား”

“ပျက်သွားတယ် မေမေ”

နွယ်ပင်က မျက်ရည်လေးတွေ လည်လာကာ မေမေ့ကို အဖြစ်အပျက်တွေ ပြောပြလိုက်ပါသည်။

“အဲဒီတော့ အိမ်ခန်းတွေ တစ်ခါအသစ်ပြန်ရှာရဦးမယ်၊ ဘယ်တတ်နိုင်မလဲ မေမေရယ်၊ ကိုယ့်စကားနဲ့ ကိုယ်ပဲလေ၊ လက္ကန့်ဖယ်ပေးနိုင်အောင် သမီးကြိုးစားပါ့မယ်၊ သူ့အိမ်သူ ပြန်နေပါစေ၊ သူ ဘုန်းကြီးကျောင်း သွားနေနေတယ် ကြားရတော့ သမီးလည်း စိတ်မကောင်းဘူး၊ ကိုယ့်အပြစ်မကင်းသလိုပဲ”

“ခေါင်းစိမ်းက ပြောသေးတယ်၊ သမီးကို အခု ကိုခေါင် ကူညီနေမှာပါတဲ့၊ ကိုခေါင်က သမီးကို ချစ်ခွင့်ပန်ထားတာပဲတဲ့၊ သမီး အဆင်ပြေလိမ့်မယ်လို့ သူ မျှော်လင့်ပါတယ်တဲ့”

“ကိုခေါင့် အကူအညီ မယူပါဘူး မေမေ၊ နွယ်ပင့်ဘာသာ တစ်ယောက်တည်း အိမ်ရှာနေတာပါ၊ ကိုခေါင် ဖွင့်ပြောတဲ့နေ့ကပဲ သမီး သေချာစဉ်းစားပြီးပြီ၊ သမီး ကိုခေါင့်ကို မချစ်ဘူး၊ ရင်မခုန်ဘူး၊ ကိုယ်မချစ်တဲ့ လက်မခံနိုင်တဲ့ ယောက်ျားတစ်ယောက်ဆီကအကူအညီကိုလည်း အလကား နေရင်း မယူဘူး မေမေ”



www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားခန်းဘက်ဆီသို့ကူးသော ခန်းဆီးစက ဖျတ်ခနဲ လှုပ်ခတ်သွားပါသည်။ ဘွားခနဲပေါ်လာသော လူရိပ်ကြောင့် နွယ်ပင့်လက်ထဲက ထမင်းခူးတဲ့ဇွန်းက ကြမ်းပေါ်ဒေါက်ခနဲ ပြုတ်ကျသွားရသည်။

"မင်း ကိုခေါင့်ကို တကယ်ငြင်းမှာလား"

ဒေါင်းစိမ်း အသံက တိုးတိတ် လှိုက်လှဲနေသည်။

"ရှင် ... ရှင် ... ဘယ်ကနေ ..."

"ကိုယ်မပြန်ခင် မင်း ရောက်လာလို့ ကိုယ့်ကိုမင်းတွေ့ရင် စိတ်ဆိုးမှာစိုးလို့ နောက်ဖေးပေါက်ကဆင်းပြီး ခြံထဲမှာ ရှောင်နေတာပါ၊ မင်းကိုတွေ့ရပြီးရင် ပြန်မလို့ပါ၊ ဒါပေမဲ့ မင်းပြောနေတာတွေ ကြားချင်သေးလို့ ခဏရပ်နားထောင်နေမိတယ် ...

တစ်ကြိမ်လောက် ပြန်ပြောပေးပါ၊ မင်း ကိုခေါင့်ကို တကယ်ငြင်းမှာလား"

"ရှင်နဲ့ ဘာဆိုင်လဲ"

"ကိုယ် သိပါရစေ"

"မေးပုံကိုက တကယ်ငြင်းမှာလားတဲ့၊ ရှင် ကျွန်မကို ဘယ်လိုများ ထင်နေလဲ၊ ဟုတ်တယ်၊ ကျွန်မလည်း တခြားမိန်းကလေးများနည်းတူ ပြည့်စုံသာယာတဲ့ ဘဝတစ်ခုကိုတော့ စိတ်ကူးယဉ် မျှော်လင့်မိတာပဲ၊ ဒါပေမဲ့ ခံစားချက်





ဆိုတာကိုတော့ စုံလုံးပစ်ပြီး ချမ်းသာရင်ပြီးရောဆိုတဲ့ အထိလောက်အထဲ ကျွန်မ မပါဘူး၊ အဲဒါ နားလည်ထား"

"မင်း ကိုခေါင့်ကို လက်ခံမှာပဲလို့ ထင်မိလို့ ဘာမှရှေ့ဆက်တောင်းဆိုဖို့ စိတ်မကူးရဲတော့ဘဲ လက်လျှော့ထားပေမယ့် ခုလိုဆိုရင်တော့ ကိုယ် တစ်ခု အလေးအနက်တောင်းဆိုပါရစေ၊ တောင်းပန်ပါရစေ"

နွယ်ပင် မျက်နှာလေးနီရွေးကာ ရင်တွေလည်း တဒိတ်ဒိတ် ဖိုလှိုက်ခုန်ပေါက်လာပါသည်။ မျက်နှာတင်းတင်းလေးနှင့် ...

"ဘာမှမတောင်းဆိုနဲ့"

"မင်းပဲ ကိုယ့်ကို ဘုန်းကြီးကျောင်းမှာ မနေစေချင်ဘူးဆို"

နွယ်ပင်က ခပ်အမ်းအမ်း ဖြစ်သွားရရင်း ...

"ပြော ... ဘာလဲ"

"အန်တီနဲ့ မင်းနဲ့ ဒီမှာဆက်နေပါ၊ ခုဆိုရင် ကိုယ့်မှာ အိမ်ငှားခလေးလည်း လိုအပ်လို့ပါ ... အဟင်း ဟင်း၊ ပြီးတော့ ကိုယ့်ကိုလည်း ဟိုးအနောက်က ဂိုဒေါင်စုတ်လေးမှာ ကပ်ရပ်နေခွင့်ပြုပါလို့၊ နော် ... နွယ်ပင်"

နွယ်ပင်က နှုတ်ခမ်းလေးကို ခပ်တင်းတင်းဆွဲစေ့လိုက်ရင်း မေမေ့ထံ အားကိုးအားထား အကူအညီတောင်းတဲ့ အကြည့်နှင့် တစ်ချက်ကြည့်လိုက်ပါသည်။ ကြည့်စမ်း ... သူနဲ့



www.burmeseclassic.com

www.burmeseclassic.com



မဆိုင်သလို သူ မပါသလို သူနဲ့ ဘာမှမပတ်သက်သလို မျက်နှာထားနှင့် ခပ်အေးအေး ထမင်းဆက်ရှုနေလိုက်တာ။

နွယ်ပင်သည် ရှန်းလက်တောက်ပနေသော ဒေါင်းစိမ်းမျက်ဝန်းအကြည့်များအောက်မှ မျက်တောင်းတစ်ချက်နှင့် လွှဲဖယ်ထွက်လိုက်ပြီး ပူနွေးခုန်ပေါက်နေသော ရင်ခုန်သံတို့ကို သူ မတော်တဆ ကြားသွားမှာ စိုးရိမ်စိတ်နှင့် အသက်ပင် အောင့်ထားလိုက်ချင်မိသည်။

လိုချင်တောင့်တမိလှသော အားကိုးအားထား နားခိုစရာရင်ခွင်ကို ပိုင်ဆိုင်ထားသူဟာ သူလား။ အရင်တစ်ကြိမ်လက်တစ်ကမ်းရှေ့မှောက်ကို ရောက်လာခဲ့သော ရင်ခွင်တစ်ခုဟာ ခမ်းနားလှပပြီး ပြည့်စုံလွန်းလှတာ သေချာပါရက်နှင့် နွယ်ပင်ကျောခိုင်းလျစ်လျူရှုပစ်လိုက်တယ်လေ။

ခုတစ်ကြိမ်မှာရော။

ဒီရင်ခွင်ကရော ...။ သိမ်မွေ့လှိုက်မောသော ကြည်နူးခြင်းတစ်မျိုးကို ဘာကြောင့် ပေးစွမ်းနိုင်တာပါတဲ့လဲ။

❤ ✧ ❤

လမင်းမိုမို

BURMESE CLASSIC .com

www.burmeseclassic.com